

www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၁၇၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၆၀၆၀၇
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# မြပုလဲသွယ်



# ရင်ထဲမှာ

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

“မြသွေး…မေမေ့ကို ကန်တော့ပါတယ်”

“သာဓုပါကွယ်…သာဓု…သာဓု မေမေ့သမီးလေး လိုချင်တောင့်တတဲ့ ကောင်းမြတ်သောဆုအားလုံး တစ်လုံးမကျန် ပြည့်ပါစေကွယ်”

“ပေးတဲ့ဆုနဲ့ပြည့်ပါရစေ”

မြသွေး မေမေ့ကို ကန်တော့လိုက်သည်။

ကားပေါ်မှာ ပစ္စည်းတွေအားလုံးတင်ပြီးနေပြီမို့ မေမေ့ကို မခွဲချင်ပေမယ့် မြသွေး ခွဲရဦးမည်ဖြစ်သည်။ မြသွေး အတွက် တစ်ဦးတည်းသော တွယ်တာရာမှာ မိခင်ကြီးသာရှိသော်လည်း မေမေ့တွင် ဦးလေးထွန်းမြိုင်တည်းဟူသော မြသွေး၏ပထွေး ရှိနေသဖြင့် မြသွေးမရှိတော့သည့်အချိန်မှာ အနည်းနှင့်အများ ဆိုသလို စိတ်ပြေရာ နှစ်သိမ့်ပေးမည်သူ ရှိနေခြင်းကပင် တော်သေးသည်ဟု အောက်မေ့လျက် နေရာမှ ထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း ဒီအမေနှင့် ဒီသမီး နှစ်ယောက်တည်းသာ ရှိကြသည့်ဘဝမှာ ကိုယ်စီခံစားချက်တွေနှင့် ဘာကာယ်တမ်း ခွဲခွာရချိန်မှာ မြသွေးရင်ထဲက ကျိတ်ပြီး ငိုချင်နေမိသည်။

မိခင်ကြီးရှေ့မှ ဘာမှမဖြစ်သလို ဟန်ဆောင်ရင်း ငိုချင်စိတ်ကို ကျိတ်မှိတ်မျိုသိပ်နေရသည်။ မေမေကိုယ်တိုင်ကလည်း မြသွေးကို ဆုတွေပေးနေပေမယ့် မျက်ရည်လေးဝဲစမ်းစမ်းနှင့်မို့ မြသွေးငိုရင် မေမေပို၍ ခံစားနေရမည့်အဖြစ်ကို မြသွေး မကြည့်ရက်ပါ။

"ကျန်းမာရေးကို ဂရုစိုက်နော် မေမေ၊ တစ်စုံတစ်ခု နေထိုင်မကောင်းဖြစ်ရင်လည်း မြသွေးတို့ဆေးရုံကို ချက်ချင်းဖုန်းဆက်ပါ"

"အေးပါကွယ်…မေမေ့သမီးလေးသာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ၊ မေမေ့အတွက် စိတ်ချ"

"ဟုတ်ကဲ့ပါ၊ မြသွေးလည်း ဂရုစိုက်ပြီး နေထိုင်ပါ့မယ် မြသွေးအတွက်လည်း စိတ်ချပါနော်"

မေမေက သူ့ခေါင်းလေးကို တဆတ်ဆတ် ညိတ်ပြသည်။ ပြီးတော့ မြသွေးလက်ကလေးကို ဆွဲပြီး အိမ်ပေါက်ဝအထိ မေမေကိုယ်တိုင် လိုက်ပို့ပေးသည်။

သားအမိနှစ်ယောက်စလုံး၏ ရင်မှာ စို့နင့်လှိုက်လှဲသော ခံစားချက်တွေကိုယ်စီဖြင့် မငိုမိအောင် ချုပ်တည်းနေရသည့်အတွက်





စကားကို အပိုမဆိုဖြစ်ကြ။ တစ်ယောက်ကိုတစ်ယောက် သနားငဲ့ညှာနေကြခြင်းဖြင့် ရင်ထဲမှာသာ မျက်ရည်မိုးကိုယ်စီ ရွာနေမိကြသည်။

ပခုံးလွယ်အိတ်လေးကို ပြင်လွယ်လိုက်ပြီး မိခင်ဖြစ်သူကို မြသွေး နှုတ်ဆက်လိုက်သည်။

"မြသွေး သွားတော့မယ်နော် မေမေ"

"အေး…အေး အစစအရာရာ သတိရှိပါကွယ်၊ ဘုရားတရားကိုလည်း မမေ့နဲ့နော် သမီး"

"ဟုတ်ကဲ့ပါ"

"သွားပြီနော် မေမေ"

မေမေ့ထံမှ အသံထွက်မလာတော့ဘဲ ခေါင်းလေးညိတ်ပြလိုက်တာကိုပဲ မြင်လိုက်ရသည်။ ထို့နောက် မိခင်ကြီးနှင့်တကွ ဘိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကလေးကိုပါ ကျောခိုင်းလိုက်ကာ ခြံရှေ့တွင် အသင့်ရပ်စောင့်နေသော မြသွေး၏ပဇွေး ဦးလေးမှိုင်မောင်းမည့် ကားပေါ်သို့ လေးကန်တွန့်နှေးစွာ တက်လိုက်ရ၏။

ရင်ထဲမှာ စို့နင့်ပြီး ငိုချင်နေပေမယ့် မျက်တောင်ရှည်များကို တဖျတ်ဖျတ်ခပ်ရင်း သမီးဖြစ်သူရှိရာကို ရီဝေဆွတ်ပျံ့သော အရောင်မှိုင်းမှိုင်း မျက်လုံးအစုံဖြင့် မော့ကြည့်နေရှာသော မိခင်ကြီးထံ လက်ကလေးပြလိုက်ချိန်မှာ ကားက နေရာမှ စထွက်ပါသည်။

မြသွေးနှင့် မိခင်ကြီးတို့ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြနှုတ်ဆက်နေလိုက်ကြသည်မှာ မမြင်နိုင်သည့် နေရာရောက်မှပင် မြသွေး လက်ကလေးကို အသာပြန်ရုပ်သိမ်းလိုက်သည်။ မြသွေး မျက်ဝန်းတွင်က လက်ကလေးတပြပြနှင့် ကျန်ရစ်ခဲ့သည့် မိခင်ကြီးပုံရိပ်ကို မြင်ယောင်လျက် မျက်ဝန်းတွင် စို့အိုင်လာသော မျက်ရည်များကို လက်ကိုင်ပဝါလေးဖြင့် အသာတို့ယူဖယ်ရှားလိုက်ရပါသည်။

လူမရှိသည့်နေရာမှာဆို မေမေ့ကို သနားသည့်စိတ်ဖြင့် အသံထွက်၍ ရှိုက်ငိုမိမှာ ဖြစ်ပေမယ့် ကားထဲမှာ လူအပြည့်ရှိသည့် အချိန်မှာတော့ စိတ်ထဲကရှိသည့်အတိုင်း လုပ်၍မဖြစ်ပါ။ ရင်ထဲကပဲ ကျိတ်ငိုနေမိပါသည်။

ကားက ဖြည်းဖြည်းနှေးနှေး မောင်းနေရာမှ အခုတော့ လမ်းမကြီးအတိုင်း တရိပ်ရိပ်ပြေးနေပါသည်။ ကားပေါ်က လူများအားလုံး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လိုက်ပါလာကြသလို မြသွေးကိုယ်တိုင်လည်း လူကနေရာမှာ ငြိမ်ငြိမ်ကလေး ထိုင်နေပေမယ့် အတွေးတွေကတော့ ဆုံးစမရှိ ပျံ့လွင့်နေ၏။

မြသွေးမှာ အဖေမရှိပါ။

မြသွေး ငယ်စဉ်ထဲက ဆုံးပါးသွားသည့်အတွက် မြသွေးတစ်ယောက် မေမေ့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရသည်။ တစ်ဦးတည်းသော သမီးဖြစ်သော မေမေ့တွင် သွေးသားရင်းချာမရှိပါ။ ဆွေမျိုး



နီးစပ်တော်ကြသော ဦးကြီးမောင်တို့ မိသားစုကို မေမေပိုင် ဥယျာဉ်ခြံမြေနှင့် လယ်ယာမြေများကို လုပ်ယုံအဖြစ်ပေးပြီး လုပ်ကိုင်စေခြင်းကြောင့် မြသွေးတို့သားအမိအတွက် မပူမပင် မကြောင့်မကြ နေနိုင်စားနိုင်ခဲ့ပါသည်။

မြသွေး ငါးတန်းနှစ်မှာ ဦးကြီးမောင်ဆုံးသွားတော့ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။ အဲသည်အားလုံးထဲမှာ မြသွေးတို့သားအမိက အဆိုးဆုံးဖြစ်သည်။ ဦးကြီးမောင်မရှိတော့ မြသွေးတို့ လယ်ယာဥယျာဉ်ခြံမြေကို ဦးစီးမည့်သူမရှိ။

နောက်ဆုံးတော့ စီးပွားရေးတွေ ကမောက်ကမ ဖြစ်ကုန်သည့်အချိန်မှာ မြသွေး၏ ပထွေးဖြစ်မည့်သူ ဦးလေးမြိုင်က မေမေ့ကို လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။ မိခင်အိုကြီးနှင့် တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် ရိုးသားအေးဆေးစွာ နေထိုင်ခဲ့သော ဦးလေးမြိုင် က ကလေးတစ်ယောက်အမေ မုဆိုးမ သိပ်လှသည့်မေမေ့ကို တစ်ဖက်သတ် မေတ္တာရှိနေရာမှ အများ၏ တိုက်တွန်းဖိအားပေးမှု ဖြင့် မေမေ့ဘက်က အခြေအနေအရပ်ရပ်ကို ထောက်ထားပြီး လက်ထပ်ဖို့ သဘောတူခဲ့ရခြင်းဆိုလည်း မမှားပေ။

ဦးလေးမြိုင်၏အမေ အဘွားမိက မြသွေးတို့သားအမိကို ချစ်သလို အဘွားမိကိုလည်း မြသွေးတို့သားအမိကလည်း ချစ်ခဲ့ကြသည်။ သို့သော် အဘွားမိနှင့် ကြာရှည်နေခွင့်မရလိုက်။ တစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှုနေပြီး အဘွားမီ ဆုံးသွားသည်။

ထိုအတူပင် တစ်နှစ်အတွင်းမှာ ဦးလေးမြိုင်၏ ကြီးစားအားထုတ်မှုကြောင့် မြသွေးတို့မိသားစု၏ စီးပွားရေး ပြန်လည်တည်ငြိမ်စပြုလာ၏။ ဦးလေးမြိုင်က စကားနည်းသော်လည်း အလုပ်နှင့်လက် ပြတ်သည်မရှိ။ မေမေ့အပေါ်မှာရော မြသွေးအပေါ်မှာပါ ကြင်ကြင်နာနာရှိသဖြင့် ကျေးဇူးတင်မိသည်။

မိသားစုဘဝ အေးချမ်းစွာနှင့်ပင် မြသွေး ဆယ်တန်းအောင်ခဲ့သည်။ သူမ ဝါသနာပါသည့် သူနာပြုတက္ကသိုလ်ဝင်ခွင့်ရခဲ့ပြီး မိခင်ဖြစ်သူနှင့် အချိန်အကြာကြီး ခွဲခဲ့ရသည်။ ကျောင်းပိတ်ချိန် အိမ်ပြန်ပြီး ကျောင်းဖွင့်သည်နှင့် ကျောင်းကိုပြန်ခဲ့ရသည်။

မေမေက မြသွေးဝါသနာကို မတားမြစ်ခဲ့သလို အားလည်းမပေး။ သမီးပြန်လာချိန်မှာရော အဝေးရောက်နေသည့် အချိန်မှာပါ မိဘဝတ္တရားကျေပွန်အောင် လိုအပ်သမျှ ဖြည့်ဆည်းထောက်ပံ့ခဲ့သည်။

အခုတော့ မြသွေးတစ်ယောက် ကျောင်းပြီးပြီမို့ လုပ်ငန်းခွင်ကို စတင်ဝင်ရောက်ရပေတော့မည်။ တာဝန်ကျရာ ဆေးရုံကို မသွားမီ မိခင်ကြီးထံ ပြန်လာခဲ့ခြင်းဖြစ်သည်။

မေမေကတော့ သိပ်လှသည့် မြသွေးမျက်နှာလေးကို မိတ မေတ္တာဖြင့် ကြည့်မဝနိုင်မှန်း မြသွေး သိပါသည်။ မြသွေးကိုယ်တိုင်လည်း မေမေ့ကို မခွဲချင်ပါ။ သို့ပါသော်လည်း မြသွေးတတ်သည့်



ပညာနှင့် မြသွေး၏ ဘဝရှေ့ရေးကို ကြိုးစားလျှောက်လှမ်းရပါဦးမည်။

ဖြစ်နိုင်လျှင် မေမေ့ကို မြသွေးနှင့်တစ်ပါတည်း အတူခေါ်သွားပြီး သားအမိနှစ်ယောက် အတူတကွ နေလိုပါသော်လည်း လက်တွေ့ဘဝမှာက မြသွေးစိတ်ကူးထဲကလို မဖြစ်နိုင်။

မေမေ့တွင် ဦးလေးမြိုင်ရှိသည်။ ပြီးတော့ ဥယျာဉ်မြေနှင့် ကုန်ပစ္စည်းအတိုအထွာ တင်ပို့ရောင်းချနိုင်သော ကားလေးတစ်စင်းရှိသည်။ ထိုကားကို ဦးလေးမြိုင်ကိုယ်တိုင်မောင်းသည်။ ခရီးသည်တင် ဘတ်(စ်)ကားသက်သက်မဟုတ်ပေမယ့် ထိုသဘောမျိုးဟု ဆိုရမည်။

ဦးလေးမြိုင်နှင့် သားသမီးမရ။ မြသွေးကို အခုချိန်ထိ ကလေးပေါက်စလေးတစ်ယောက်လို ထင်နေရှာသည့် မေမေ့ရင်ထဲက ကြေကွဲဝမ်းနည်းမှုကို စာနာနားလည်ခံစားမိပေမယ့် မတတ်နိုင်။

မေမေရယ်။

မြသွေးကွယ်ရာမှာ မေမေလည်း မျက်ရည်ကျနေမှာပဲဆိုတာ မြသွေး သိနေပါတယ်ရှင်။ မြသွေးကို မေမေ သိပ်ချစ်တာ မြသွေးသိပါသည်။ မြသွေးကို ဘယ်တုန်းကမှ လေသံမာမာဖြင့် မပြောဘူးသလို သက်ဖျားနှင့်ပင် မတို့ဘူးသူ။

အမြဲတမ်းပြုံးနေသော မေမေ့နှုတ်ခမ်းများက ချိုသာအေးချမ်းသော စကားတို့ကိုသာ ဆိုတတ်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး...ဟိုး ရပ်ပါဦးဗျို့"

"ကျွိး"

လမ်းပေါ်တွင် ပျက်နေသော ကိုယ်ပိုင်ကားတစ်စီးနှင့် ဒရိုင်ဘာဟုထင်ရသော လူငယ်တစ်ယောက်မှ မြသွေးတို့စီးလာသော ဦးလေးမြိုင်၏ ကားကို တားမြစ်ရပ်တန့်စေလိုက်ရာ ၄င်းနှင့်အတူရှိနေသော တည်ကြည်ခန့်ညားသော ဥပဓိရုပ်နှင့် ယောကျ်ား ပီသသော အသက်သုံးဆယ်အရွယ် အသားလတ်လတ် အရပ်မြင့်မြင့် လူတစ်ယောက်နားမှာ ဦးလေးမြိုင်က သူ့ကားကို ကျွိးခနဲမြည်အောင် ရပ်တန့်ပေးလိုက်ခြင်းဖြစ်သည်။

ထိုသူက တခြားသူမဟုတ်။ ခြံကြီးပိုင်းမှ ကျွန်းသာယာဆန်စက်သူဌေး ကိုစိုးနောင်ဆိုသူတည်း။

"ကားဘာဖြစ်လို့လဲ မောင်စိုးနောင်"

"ကျွန်တော့်ကား ဘီးပေါက်သွားလို့ခင်ဗျာ၊ စပယ်ယာဘီးအပိုကလည်း ပါမလာလို့ ကျွန်တော့်တပည့်လေး စောင့်ယူလိမ့်မယ်၊ အခု ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စလေး ချိန်းထားတာရှိလို့ ဦးကားနဲ့ပဲ ကားကြုံလိုက်ခဲ့ပါရစေ"

"ဒါဖြင့်လည်းတက်လေ၊ နောက်ခန်းမှာတော့ လူတွေကျပ်နေပြီ၊ ဒီရှေ့ခန်းမှာပဲ ဖြစ်သလိုစီးကြတာပေါ့"

"ဦးလေးလည်း အိမ်ကသမီးကို အပြန်လိုက်ပို့တာ၊ ဒါ ဦးလေးသမီး မြသွေးလေ၊ သမီး ခြံကြီးပိုင်းက ကျွန်းသာယာ ဆန်စက်ပိုင်ရှင် မောင်စိုးနောင်"

"တွေ့ရတာဝမ်းသာပါတယ် မြသွေး"

"ဟုတ်ကဲ့"

မြသွေးသည် ကျွန်းသာယာဆန်စက်ပိုင်ရှင် သူဌေးဆိုသူ၏အမည်ကို ကြားဘူးသော်လည်း လူကို အခုမှ နီးနီးကပ်ကပ် မြင်တွေ့ဘူးခြင်းဖြစ်သည့်အတွက် လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးများဖြင့် စူးစမ်းအကဲခတ်ဟန် တစ်ချက်မျှကြည့်ကာ လိုရင်းတိုရှင်း ဟုတ်ကဲ့တစ်ခွန်းသာဆိုပြီး ပါးစပ်ပိတ်နေလိုက်ပါသည်။

ကိုစိုးနောင်ဆိုသူကလည်း ရွှေအဆင်းနှယ် ဝင်းဝါနုထွတ်သောသော မြသွေးမျက်နှာလေးကို စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်လိုက်ပြီး မြသွေးအနားမှာ အတူကပ်လျက်ထိုင်လိုက်သည်။

မြသွေးသည် သူမကိုယ်လေးကို အတတ်နိုင်ဆုံး သေးကျုံ့အောင်လိုက်စဉ်မှာပင် ဦးလေးမြိုင်၏ကားက နေရာမှ စတင်ထွက်ခွာလိုက်၏။

ခြံကြီးပိုင်းရှိ သူဌေးစိုးနောင်ဆိုလျှင် မိန်းကလေးတိုင်းက ကြိတ်ဝင်စားကြသလို သမီးရှင်တိုင်းကလည်း အရောတဝင် ခင်မင်လိုကြသူတွေချည်း ဖြစ်သော်လည်း ထိုသူများထဲတွင် မြသွေးတို့မိသားစု မပါဝင်ချေ။

လောကကြီးမှာ ကိုယ်ပိုင်ဘဝလေး ရှင်သန်ရပ်တည်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုယ့်အားကိုယ်ကိုးချင်သူပီပီ မြသွေးဘဝကို ကိုယ်ပိုင်အရည်အချင်းဖြင့် တည်ဆောက်လိုသူဖြစ်သည်။ တခြားမည်သူ့အစိုးကိုမှလည်း မျှော်ကိုးစောင့်စားနေမည့်သူမျိုးလည်း မဟုတ်။

မိမိကိုယ်သာ ကိုးကွယ်ရာဟု သဘောပေါက်နားလည်လက်ခံထားသူများ ဖြစ်ကြသည့်အတိုင်း ကိုယ်ပိုင်အရေးထက် မည်သူ့ကိုမျှ စိတ်မဝင်စားကြသူများဖြစ်သည်။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့မြို့မှ မာနမင်းသားဟု နာမည်ကြီး စိုးနောင်ဆိုသည့် ကျွန်းသာယာသူဌေးနှင့် ကားတစ်စီးတည်းမှာ အတူဆုံမိကြခြင်းတည်း။

မည်းနက်သော လမ်းအတိုင်း ကားမှာ တရိပ်ရိပ်ပြေးနေသော်လည်း မည်သူမျှ စကားအပိုမဆိုမိကြဘဲ တိတ်ဆိတ်စွာ လိုက်ပါလာကြ၏။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသလို မြသွေးမှာလည်း သူမပုံစံလေးအတိုင်း မျက်နှာလှလှလေးက တည်တည်ငြိမ်ငြိမ်။

မျက်စိတည့်ရာကိုသာ ငေးမောလျက် အတွေးအာရုံထဲမှာ မျောနစ်နေဟန်လှလှလေးကိုက တစ်ဖက်သားကို မချင့်မရဲဖြစ်စေသည့် အမူအရာလေးဖြစ်နေပါသည်။

စိုးနောင်သည် သားတိုက်အနေအထားဖြင့် မြင်တွေ့နေရသော မြသွေး၏ တည်ငြိမ်လှပသော မျက်နှာလေးကို စိတ်ဝင်စားစွာ တစ်ချက်မျှ ခိုးကြည့်လိုက်၏။ မြသွေးကို အခေါ်မှာ တစ်ကြိမ်



တစ်ကြိမ်မျှသာ မြင်တွေ့ဘူးရုံမျှဖြစ်သော်လည်း ညှို့မျှဝင့်စားစွာ သူဝနေလိမ့်မည်ဟုကား တတ်အပ်သေချာမသိချေ။

လှတော့လှမှန်းသိသော်လည်း့ အနီးကပ်ကြည့်သောအခါ အပြစ်ဆိုစရာ မြူတစ်မှုန်မျှမရှိသော အလှပိုင်ရှင်မျိုးဖြစ်ကြောင်းကိုကားခုမှ ပို၍ အတွင်းကျကျသိခြင်းမျိုးတည်း။

လှလိုက်တာ။

စိုးနောင်ရင်ထဲတွင် တီးတိုးဆိုမြည်လိုက်မိခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူလိုလူတစ်ယောက်ကို အရောဝင်ဖို့ကြိုးစား။ အရေးမလုပ်သလို တည်ငြိမ်အေးစက်သော အလှရှင်မြသွေးကို စိတ်ဝင်စားသွားလျက် မြသွေးကို မကြာခဏ ခိုးကြည့်သည်။

စိုးနောင်ဘဝမှာ မိန်းကလေးပေါင်း မြောက်မြားစွာကို တွေ့ဘူးပါသည်။ မြသွေးကို တွေ့သလိုမျိုးတော့ စိတ်မဝင်စားမိ။ တည်ငြိမ်အေးချမ်းသော မြသွေးအလှက တစ်မျိုးထူးခြားပြီး ဆွဲဆောင်မှုရှိသလို ထင်မိသည်။ ရှေ့မှလာနေသည့် ကားတစ်စီးကို ရှောင်လိုက်ချိန်မှာ အရှိန်များသဖြင့် ကားပေါ်ကလူများ ယိမ်းယိုင်သွား၏။

"အို"

"အာ...ဆောရီး"

စိုးနောင်ကိုယ်ကြီးက ရုတ်တရက် မြသွေးကိုယ်လေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



...သလိုဖြစ်သွားရာ မြသွေးထံမှ အသံလေးထွက်လာသလို ...ထံမှ တောင်းပန်သံကလည်း ထပ်တူထွက်ပေါ်လာရပါသည်။

ထို့အတူ နှစ်ဦးသား အကြည့်ချင်း ဆုံစည်းသွားကြရာ မြသွေးမှ အရင်ဦးအောင် အကြည့်လွှဲလိုက်သဖြင့် စိုးနောင်ရင်ထဲမှာ တစ်မျိုးလေးဖြစ်သွားမိသည်။

"ရပြီ ဦးလေး၊ ကျွန်တော့်ကို ရှေ့နားမှာပဲ ရပ်ပေးပါ"

"ကျိုး"

"ကားခ ဘယ်လောက်ပေးရမလဲ ဦးလေးမြိုင်"

"မပူဘ်တာကွာ…သွား…သွား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခွင့်ပြုပါဦး မမြသွေး"

"ဟုတ်ကဲ့"

မြသွေးတို့ကားလေး စိုးနောင်နားက ထွက်ခွာသွားပြီး တဖြည်းဖြည်းဝေးသွားသည့်အထိ ရပ်ကြည့်နေမိသည်မှာ ဘာကြောင့်မှန်းသူလည်းမသိ။

"ကိုစိုးနောင်"

"ဩော်…ဦးတင်ကြည်"

"ခင်ဗျားကားရော"

"နောက်ကလိုက်လာလိမ့်မယ်ဗျာ၊ ဘယ်လိုလဲ…ခင်ဗျားရော အဆင်ပြေရဲ့လား"



"ဒီလိုပါပဲဗျာ…ကြိုးစားနေရတာပဲပေါ့"

ဦးတင်ကြည်နှင့် အလုပ်ကိစ္စတွေပြောရင်း မြသွေးဆိုသည့် ...လေးအကြောင်း သူ့အတွေးအာရုံထဲမှာ ပျောက်သွားသည်။

သိပ်မကြာ…စိုးနောင်ကား ရောက်လာ၍ ဒရိုင်ဘာ...ခင်တိုးနှင့်အတူ လုပ်ငန်းခွင်ရှိရာကို ထွက်လာခဲ့သည်။ လမ်းခရီး...လျှောက် ကိန်းဂဏန်းစာရင်းဇယားတွေနှင့် မပြတ်အလုပ်ရှုပ်...သဖြင့် အိမ်ပြန်ရောက်တော့ ညမိုးစုံစုံချုပ်နေပါပြီ။

ညစာစားသောက်ပြီး အိပ်ရာထဲမှာ တစ်နေကုန် ပင်ပန်း...၍ အနားယူအိပ်စက်ဖို့ပြင်တော့ သူ့အတွေးထဲကို မြသွေးဆိုသည့် ...လေး ရောက်လာသဖြင့် သူအံ့ဩသွားသည်။

ဒီအချိန်ဆို သူမ ဘာလုပ်နေမည်နည်း။ သူနာပြုဆရာမ... မြသွေးဟု သိထားသဖြင့် သူမကို ထိုဝတ်စုံဖြင့် စိတ်ကူး...ကြည့်သည်။ အသားဝါဝါအကိုဖြူ၊ လုံချည်နီနီ၊ ကတ်ဖြူဖြူ၊ ...ဖြူဖြူလေးနှင့် လှပသောခန္ဓာကိုယ်အလှမှာ ထင်းခနဲရှင်းခနဲ ...နေမည်က သေချာသည်။

မြသွေးတို့လို ဆရာမချောချောလေးတွေ၏ အပြုံးချိုချို ...ကြင်နာမေတ္တာဖြင့် ဂရုတစိုက် ပြုစုကုသပေးခြင်းခံရမည့် လူနာ...ရှာ ရောဂါတစ်ဝက် သက်သာမည်ထင်ရဲ့။

"အဟွန်း"

အတွေးဖြင့် အသံထွက်ပြီး တစ်ချက်မျှ ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြသွေးဆိုသည့် မိန်းမချောလေးကို စိုးနောင်ဆိုသည့် သူ့ရဲ့အချစ်ဆရာမလေးအဖြစ်သို့ ခန့်အပ်လိုက်မည်ဆိုရင်ရော…

"ဒေါက်…ဒေါက်"

"သားရေ"

"ဗျာ…မေမေ"

"အောက်ထပ်မှာ တင်လေးဖြူရောက်နေတယ်၊ သားကို တွေ့ချင်လို့တဲ့၊ ဆင်းတွေ့လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ"

သူ့အခန်းရှေ့မှ မိခင်ကြီး၏ အသံပျောက်သွားသည်နှင့် မှန်ရှေ့မှာရပ်ပြီး သူ့ကိုယ်သူ တစ်ချက်မျှ ကြည့်လိုက်သည်။ တည်ကြည်ခန့်ညားသော သူ့ရုပ်သွင်က ယောကျ်ားပီသစွာ ဆွဲဆောင်မှုအပြည့်ရှိသူ ဖြစ်သည့်အတိုင်း စိုးနောင်အနားမှာ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မိန်းမလှလေးတွေရှိနေသည်ကိုက ငြင်း၍မရ။

ထိုမိန်းကလေးတွေထဲမှာ မြသွေးဆိုသည့် မိန်းမချောလေး ပါဝင်ခြင်းမရှိသည်ကိုက သူ့အတွက် ထူးခြားသလိုဖြစ်နေ၏။ အောက်ထပ်ကို သူဆင်းခဲ့တော့ မိခင်ကြီးနှင့် စကားပြောနေသော တင်လေးဖြူကို တွေ့လိုက်ရသည်။

"ဟော…သားလာပြီ၊ ကဲ…သမီးတို့ချင်း ပြောကြဟုတ်လား၊ အန်တီ ဘုရားခန်းဝင်လိုက်ဦးမယ်"



"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်မာလာက စိုးနောင်တို့နားက အလိုက်တသိ ရှောင်ထွက်သွားသည်။

"တစ်ယောက်တည်းလား ဖြူ"

"ဒရိုင်ဘာပါပါတယ် ကိုစိုး၊ ကိုစိုးကို အကူအညီတောင်းစရာလည်း ရှိလို့ပါ"

"ဘာများပါလိမ့်ဗျာ"

"နက်ဖြန် ကိုစိုးအားရင် ဖြူတို့နောက်ထပ်ဝယ်မယ့် ကားတစ်စီးကို အတူလိုက်ကြည့်ပေးဖို့ အကူအညီတောင်းချင်လို့ပါ"

"ဒါများဖြူရယ်…ဖုန်းဆက်လိုက်ရောပေါ့၊ အခုတော့ ညကြီးမိုးချုပ် ဖြူတစ်ယောက်တည်း"

စိုးနောင်ဆိုသည့် ရွှေမင်းသားထံမှ သူမအတွက် စိုးရိမ်စိတ်ပူသော စကားသံကို ကြားလိုက်ရသဖြင့် မျက်နှာလှလှလေးခင်းလက်တောက်ပစွာ ပျော်ရွှင်သွားသော တင်လေးဖြူ၏ ရင်တွင်းခံစားချက်ကို စိုးနောင် သတိမထားလိုက်မိပါ။

"လမ်းလည်းကြုံလို့ ဝင်လာလိုက်တာပါ ကိုစိုးရယ်၊ ဒေါ်ဒေါ်မွေးတို့အိမ်ကို ဝင်နေတာနဲ့ ကြာသွားလို့ပါ"

"ကိုစိုးလိုက်ခဲ့မှာ မဟုတ်လားဟင်"

"လိုက်ရမှာပေါ့ဗျာ၊ ဖြူကိုယ်တိုင်က လာပြောနေမှပဲ၊ ကိုစိုးက ငြင်းလို့ရဦးမှာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဟင်း…ဟုတ်တယ်၊ ဟုတ်တယ်၊ မရဘူး"

စိုးနောင်၏ အပြုံးမျက်နှာကို နူးညံ့ရွှန်းလက်သော မျက်ဝန်းအစုံဖြင့် ခင်မင်နှစ်လိုဖွယ်ကြည့်ရင်း ချိုသာယဉ်ကျေးစွာ ရယ်မောလိုက်ပုံလေးက လှလှပပ။

စိုးနောင်ဆီက တင်လေးဖြူ လိုချင်သည်ကလည်း ဒီလို နွေးထွေးလှိုက်လှဲမှု အကြင်နာလေးတွေမျှသာ။

"ဒါဖြင့်…ဖြူ ပြန်တော့မယ်နော် ကိုစိုး"

"ကောင်းပါပြီဗျာ"

"ဠတ်နိုက်နော် ကိုစိုး"

"ဠတ်နိုက်"

တင်လေးဖြူ၏ ကားလေးထွက်သွားသည်။ ပြုံးပျော်နေသော တင်လေးဖြူ အသွင်သဏ္ဌာန်လေးက လှလှပပ ဖြူးဖြူးကြွကြွ။ မေမေ ဆန်ကာတင်ရွေးဂျယ်ထားသည့် ချွေးမလောင်းစာရင်းထဲမှာ တင်လေးဖြူဆိုသည့် မိန်းမလှလေးလည်း အပါအဝင်တစ်ယောက်ဆိုလျှင်လည်း မမှား။ သို့ပါသော်လည်း သူ့ရင်ထဲမှာ တင်လေးဖြူနှင့် ပတ်သက်ပြီး ဘာခံစားချက်မှမရှိ။

"ဖြူဖြူ ပြန်သွားပြီလား သား"

"ဟုတ်ကဲ့မေမေ"

"အေးကွယ်…မေမေ့သဘောအရဆိုရင် တင်လေးဖြူကို ချွေးမတော်ရရင်လည်း မဆိုးပါဘူးသားရယ်"



"ကျွန်တော် အိမ်ထောင်ပြုတဲ့အချိန်ကြရင် စဉ်းစားတာပေါ့ မေမေရယ်"

"သား အသက်မငယ်တော့ဘူးနော်၊ ဘယ်အသက်အရွယ်ရောက်မှ အိမ်ထောင်ပြုဖို့များ စဉ်းစားထားလို့လဲ၊ မေမေဆိုရင်လည်း အသက်ကြီးလှပြီဆိုတော့ မြေးချီချင်နေပြီသားရဲ့"

"အဟွန်း…ဟွန်း…ဟွန်း"

"တစ်နေ့တော့ ဒီလိုပဲဖြစ်လာမှာပေါ့ မေမေရဲ့"

"အဲဒီတစ်နေ့က ဘယ်တော့လဲ"

"ဟာဗျာ…မေမေကလည်း ကျွန်တော်အိပ်တော့မယ်နော်"

မိခင်ကြီးကို အပြုံးဖြင့် နှုတ်ဆက်ပြီး နေရာမှ အသာလစ်ထွက်သွားသည့် သားဖြစ်သူကိုကြည့်ကာ ကျယ်လောင်စွာ သက်ပြင်းချလိုက်သံကိုက စိုးနောင် မကြားလိုက်ပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

မိုးက တစ်ဖွဲဖွဲကျနေရာမှ သည်းသည်းမည်းမည်း ရွာလာသဖြင့် မြသွေး မျက်နှာလှလှလေး ညှိုသွားသည်။ ဖြစ်ချင်တော့ ဒီနေ့မှ မြသွေးမှာ ထီးကပါမလာ။ ဂျူတီချိန်ပြီးပြီမို့ တခြားသူငယ်ချင်းအဖော်တွေလည်း မရှိတော့။

မြသွေးတစ်ယောက်တည်း မိုးလွတ်ရာတစ်နေရာမှာရပ်ရင်း ဘတ်စ်ကားဂိတ်ကို ဘယ်လိုသွားရပါ့ဟု အကြံအိုက်နေမိသည်။ အသိမိတ်ဆွေတစ်ယောက်ယောက်တွေ့လျှင် ထီးဗွား၍ ရနိုင်မလားဟု ဟိုဒီမျှော်ကြည့်သော်လည်း မည်သူ့မျှမတွေ့။

ဒီအတိုင်းထွက်သွားလျှင်လည်း တစ်ကိုယ်လုံး မိုးရေတို့ ရွှဲရွှဲစိုကာ ကြွက်စုတ်ရေမွန်းသလို ဖြစ်ပေတော့မည်။ မိုးဘယ်အချိန်တိတ်မည်ကိုက သေချာမပြောနိုင်။ အိမ်မှာလည်း မဦးက ဖျားနေသည်။





မြသွေး အိမ်အပြန်နောက်ကျလျှင် မဦး စိတ်ပူနေမှာကို ကြိုသိနေတာမို့ လက်ကနာရီလေးကို မကြာခဏဆိုသလို ငုံ့ကြည့်မိသည်။ မိုးတိတ်သည့်အချိန်ထိ စောင့်နေလျှင် အိမ်အပြန်မိုးချုပ်မှာ သေချာသည်။

ဘတ်စ်ကားဂိတ်မှာ အိမ်အပြန်ခရီးအတွက် ခရီးသည်တွေ စုပုံနေတတ်တာကို မြင်ယောင်မိတော့ ပိုပြီးစိတ်ညစ်မိသည်။ ပခုံးလွယ်အိတ်လေးကို ရင်ခွင်မှာပိုက်ပြီး မိုက်မိုက်ကန်းကန်း မိုးရေထဲ ဖြတ်ပြေးရမည်လားဟု တွေးနေစဉ်မှာပင် ဆေးရုံပေါ်တီကိုအောက်သို့ ကားလှလှလေးတစ်စီး ဆိုးရပ်လာတာကို မြင်လိုက်ရ၏။

ဘာရယ်မဟုတ် မိုးထဲရေထဲ ရောက်လာသောကားလေးရှိရာသို့ အမှတ်မထင် လှမ်းအကြည့် ကားပေါ်မှ ဆင်းလာသည့်သူတစ်ယောက်ကြောင့် မြသွေး မျက်လုံးထဲမှာ မိုက်ခနဲပြာဝေသွားသည်။

ဘုရားရေ…။

ကျော်ပါပဲလား။

သည်မျက်နှာ၊ သည်ရုပ်ရည်ကို မြသွေးတစ်သက် ဘယ်တော့မှ မေ့လို့ရမည်မထင်ပါ။ ကားပေါ်မှာ ကျော်နှင့်အတူ သူ့အစ်မဖြစ်သူ ဖွေးကို တွေ့လိုက်ရသည်နှင့် မြသွေး ဘာမသာစဲခုမှ စဉ်းစားနေတော့ဘဲ နေရာမှ ချာခနဲ လှည့်ပြေးခဲ့သည်။

သူတို့မောင်နှမကို မြသွေး မတွေ့လိုမမြင်လိုပါ။ အလူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျော်က မြသွေးကို တွေ့မြင်သွားမှာကို စိုးရိမ်စိတ်ဖြင့် ရင်တထိတ်ထိတ်ခုန်နေမိသည်။

ကျော်တို့မောင်နှမ ဇော်အထူးကုဆေးရုံထဲကို ဝင်လာနေတာကို မြသွေး ပုန်းကွယ်နေသည့်နေရာမှ မြင်တွေ့နေရုံမက သူမရှိရာဘက်သို့ လျှောက်လာနေကြခြင်းကြောင့် ပို၍ထိတ်လန့်သွားကာ တစ်ဖက်ရှိ ဆရာများနားနေခန်းရှိရာသို့ ခွတ်ပြေးလိုက်သည်နှင့်…

"ဟာ"

"ဟိတ်"

"အင့်"

"အို…အမေ့"

ထောင့်ချိုးကွေ့တစ်နေရာမှ ဖြုန်းခနဲထွက်လာသော လူတစ်ယောက်ကို မြသွေးမှာ အရှိန်ဖြင့် ပြေးဝင်တိုးလိုက်ရာ နှစ်ဦးစလုံး လဲပြိုမယောင်ဖြစ်သွားသဖြင့် တစ်ဖက်မှလူရော မြသွေးရော တစ်ယောက်ကိုတစ်ယောက် သတိအနေအထားနှင့် ဟန်ချက်မပျက်အောင် မနည်းထိန်းသိမ်းလိုက်ကြရပါသည်။

နူးညံ့အိထွေးသည့် အတွေ့ကြောင့် မိမိရင်ခွင်ထဲ တင်းကျပ်စွာ ရောက်ရှိလာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ဒေါက်တာမိုးနိုင် သိလိုက်ရသည့်အတွက် သူနှင့်ဝင်တိုက်မိသူကို ငုံ့ကြည့်လိုက်သည်။

"အို"





ရှိန်းလက်သော မျက်ဝန်းပြာကြီးတွေနှင့် သိပ်လှသည့် မျက်နှာလေးတစ်ခုကို နီးကပ်လှပစွာ တွေ့လိုက်ရသည့်အတွက် ဒေါက်တာမိုးနိုင် အံ့ဩသွားသလို မြသွေးမှာလည်း သူစိမ်းယောကျ်ားပျိုတစ်ယောက်၏ ရင်ခွင်ထဲမှာ တင်းကျပ်သော တွေးပိုက်မှုဖြင့် ရောက်ရှိနေရသော သူမအဖြစ်အတွက် ရှက်လန့်တုန်လှုပ်စွာဖြင့် သူမကိုယ်လေးကို ခပ်ဆတ်ဆတ်လေး ရုန်းဖယ်ထွက်လိုက်မိပါသည်။

"ဟို…ကျွန်မ မမြင်လိုက်မိလို့ တောင်းပန်ပါတယ်ရှင်"

"အာ…ဆောရီး"

သူ့ရင်ခွင်ထဲက မိန်းကလေးဆီမှ တောင်းပန်သံ တိုးတိုးလေးမှာ တုန်ရီနေပြီး မျက်နှာလှလှလေး နီရဲနေပုံကို ငုံကြည့်နေရာမှ ဒေါက်တာမိုးနိုင် အလန့်တကြား ဖြေလျှော့ပေးလိုက်ပါသည်။ နုနယ်လှပလွန်းသော မျက်နှာလေးကို သူ တစ်ခါမှ မမြင်ဘူးပါ။ အနီနှင့်အဖြူ သူနာပြုဆရာမဝတ်စုံလေးကြောင့် သူတို့ဆေးရုံက ဆရာမလေးမှန်းတော့ သိလိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲကွ၊ မင်းက ဒီမှာတာဝန်ကျနေတဲ့ ဆရာမလား"

"ရှင်"

"ဟုတ်ကဲ့ပါ…ဟို…ဟို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြသွေးမှာ သူမရှေ့က အသားဖြူဖြူ၊ မျက်ခုံးထူထူ၊ အရပ်မြင့်မြင့်နှင့် ကိုလူချောကိုကြည့်ပြီး ဘာဆက်ပြောရမှန်းမသိ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေတုန်း မျက်ဝန်းထောင့်စွန်းမှာ ရိပ်ခနဲပေါ်လာသော ကျော်တို့မောင်နှမကြောင့် မြသွေး၏ လှပသော မျက်နှာလေး ကွက်ခနဲပျက်သွားကာ မြသွေးရှေ့မှလူကို ကမန်းကတန်းလေး နှုတ်ဆက်လမ်းခွဲလိုက်ရပါသည်။

"ဟို…ဟို ကျွန်မကို ခွင့်လွှတ်ပါနော်"

"ဟိတ်…ဘယ်ကိုလဲ"

"နေဦးလေ"

နောက်ပိုင်းမှ အော်ဟစ်ကားမြစ်သံကို ကြားသော်လည်း မြသွေး လှည့်မကြည့်နိုင်တော့ပါ။ ရပ်နေလျှင် ကျော်တို့နှင့် တွေ့ဆုံရတော့မည်။ မြသွေး သူတို့ကို မတွေ့ချင်။ ထို့ကြောင့် နီးရာအခန်းလွတ်တစ်ခုထဲကို စွတ်ခနဲ ပြေးဝင်ပြီး ကိုယ်ရောင်ဖျောက်ပစ်လိုက်သည်။

ဒေါက်တာမိုးနိုင်မှာ လျင်မြန်စွာ ဖြစ်ပျက်သွားသော အဖြစ်အပျက်များကို ရုတ်တရက်နားမလည်နိုင်ဘဲ ချောမောလှပလွန်းသည့် နာ့စ်မလှလှလေး ပြေးဝင်ပျောက်ကွယ်သွားသည့် အခန်းကို ကြည့်ပြီး မျက်ခုံးထူထူကြီးများကို တွန့်ကုတ်လျက် တစ်ချက်လှမ်းကြည့်လိုက်မိ၏။

ဘယ်သူပါလိမ့်။





လှတာကတော့ အတော်လှသည်။ သူတာဝန်ကျသည့် အဆောင်မှ ဒီဆရာမလှလှလေးကို တစ်ခါမှ မမြင်ဘူးပါ။ သူမနောက်ကို ကျားလိုက်သလို ထိတ်လန့်တုန်ရီစွာ ပြေးဝင်ပျောက်ကွယ်သွားပုံက သူလိုလူတစ်ယောက်ကိုတောင် ဂရုမစိုက်နိုင်အောင်ပါလား။

ဘာတွေဘယ်လိုဖြစ်လာသည်မသိ။ သူမပုံစံကို ကြည့်ရတာ တစ်စုံတစ်ယောက်တွေ့သွားမှာကို အသည်းအသန် ကြောက်လန့်နေသလိုဖြစ်နေသည်။ သူမနောက်ကို လိုက်လာသူက ဘယ်သူလဲ။

သူမချစ်သူလား…ကြွေးရှင်လား။

အတွေးဖြင့် သူ့မျက်နှာ ဖြူးတော့မယောင် ဖြစ်သွားစဉ်မှာပင်…

"ကိုကို"

"မွေးတို့ပါလား"

ချိုလွင်သာယာသော အသံလေးနှင့် သူရှိရာကို ခြေလှမ်းသွက်သွက်လေးများဖြင့် အပြေးရောက်လာသည့် မွေးကို သူမပုံစံလေးအတိုင်း ခေတ်မီလှပစွာ တွေ့လိုက်ရသည်။ မွေးနှင့်အတူပါလာသူက သူမ၏မောင်ငယ် ကျော်။

"ကိုကိုက ဒီရောက်နေတာကိုး၊ မွေးတို့က ကိုကို့ကိုလိုက်ရှာနေတာသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…ဘာကိစ္စများ အရေးကြီးလို့ပါလိမ့်ဗျာ"

မိုးနိုင်စကားကြောင့် ဖွေး နှုတ်ခမ်းလေး စူထော်သွားပုံက ချစ်စရာ။

"ကိစ္စရှိမှ လာရမှာလား ကိုကိုရ"

"ဒါက ဆေးရုံလေ၊ ကိုယ့်အိမ်မှမဟုတ်ဘဲ၊ ပြီးတော့ ကိုယ်က အလုပ်လုပ်နေတာ"

"သိပါတယ်…သိပါတယ် ကိုကို ဆရာဝန်ကြီးဆိုတာ သိပါတယ်၊ ဖွေးတို့ကိုဆို ကိုကိုက သိပ်စိမ်းကားချင်မှန်း ဖွေး သိပါတယ်"

ပြောရင်း ဖွေးမှာ ဝမ်းနည်းလာကာ အသံလေးတွေပင် တုန်ရီလာမိသလို မျက်ဝန်းထဲမှာလည်း မျက်ရည်ကြည်တွေ ချက်ချင်းလို ပြည့်တက်လာရပါသည်။ ကိုကိုနဲ့ပတ်သက်ရင် ဖွေးဘက်က အရာရာတိုင်းမှာ အလေးအနက်ထားပြီး ခံစားတွယ်တာ မြတ်နိုးတန်ဖိုးထားရသလောက် ကိုကိုကတော့ ဖွေးကို ဂရုစိုက်သလိုလို၊ မစိုက်သလိုလိုနှင့် ဖွေး နှလုံးသားကို နာကျင်စေရက်သူဖြစ်သည်။

"ဟေး…ဆေးရုံကြီးမှာ လူတွေအများကြီးရှေ့ မငိုချလိုက်နဲ့ဦးနော်၊ တော်ကြာ ကိုယ့်ကို သူများတွေ မေးစရာပြောစရာ ဖြစ်နေပါဦးမယ်"

"စိတ်ချပါ ကိုကိုရဲ့၊ ဖွေးကြောင့် ကိုကို့ဂုဏ်သိက္ခာကို





နည်းနည်းလေးမှ မထိခိုက်၊ မပွန်းပဲ့စေရပါဘူး၊ လာ…ကျော် မမတို့ပြန်ကြမယ်"

မိုးထဲရေထဲ ချစ်ရသူ၏မျက်နှာကို တွေ့လိုမြင်လိုဇောဖြင့် အပြေးအလွှား ရောက်လာခဲ့သူကိုမှ မစာနာ။ ကိုကို့ဘက်က ရက်စက်စွာ ပြောထွက်ရက်တာကို ဖွေးကိုက အမှတ်မရှိဘဲ ရောက်ရောက်လာတတ်တာမို့ ကိုကို့အတွက် ဖွေးဆိုတာ အမှိုက်တစ်စလောက်တောင်မှ တန်ဖိုးထားရဲ့လားမသိပါ။

"ဒါက ကိုယ့်ကို စိတ်ကောက်တာပေါ့ ဟုတ်လား"

မောင်ဖြစ်သူဘက်ကို လှည့်ပြောပြီး သူ့ရှေ့က ဆိုးဆိုးဆတ်ဆတ် စိတ်ဆိုးထွက်သွားဟန်ပြင်နေသည့် ဖွေးကို ပြုံးလျက် သူမေးလိုက်ခြင်းဖြစ်သည်။

"ကိုကို့လို လူတစ်ယောက်ကို စိတ်မကောက်ရဲပါဘူးတဲ့ရှင်"

"မကောက်ရင်…ကွေးတာပေါ့ ဟုတ်လား၊ ကိုယ်က ဆေးရုံအထိ လိုက်လာတယ်ဆိုလို့ တခြားကိစ္စရှိသလားလို့ မေးတာ စိတ်ဆိုးစရာလားဗျာ"

"ဟုတ်တယ်မဟုတ်လား ကျော်"

"မမက သူ့မွေးနေ့ဖိတ်စာတွေ လိုက်ဝေရင်းနဲ့ ကိုကို့ဆေးရုံနား ရောက်နေလို့ တစ်ခါတည်းဝင်လာတာကိုကို"

ကျော်က သူ့အစ်မကိုယ်စား ဒေါက်တာမိုးနိုင်ကို ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။

"ဓာဓာကပြောရောပေါ့ဗျာ၊ ဖိတ်စာကဘယ်မှာလဲ"

"ဒီမှာကိုကို"

ဖွေးက ပေးခြင်းမဟုတ်ပါ။

ကျော်က သူ့အစ်မကိုယ်စား ဖိတ်စာကဒ်လှလှလေးကို ဒေါက်တာမိုးနိုင်လက်ထဲ ထည့်ပေးလိုက်တာဖြစ်ပါသည်။

"ဒါများကွာ…ဖုန်းဆက်လိုက်ရင် ပြီးတာပဲ၊ လူကိုယ်တိုင် မိုးထဲရေထဲ လာရတာ ဒုက္ခရောက်တာပေါ့"

"ဖုန်းဆက်သားပဲ…ကိုင်မယ့်သူမရှိလို့ပေါ့၊ အိမ်ပြန်ချိန်ကြတော့လည်း မှန်တာဖြင့်မဟုတ်ဘဲနဲ့"

"လူကိုယ်တိုင်လာတွေ့ပြီး ပေးတာကိုပဲ လူကို မကျေနပ်သလိုလို ဘာလိုလို ဖြစ်နေတာမဟုတ်လား"

"သြော်…အဲဒီလိုမဟုတ်ရပါဘူးဗျာ၊ ဖွေး ဒုက္ခရောက်မှာစိုးလို့ပါ"

"ဟွန်း…အခုမှ အပိုတွေလာပြောမနေပါနဲ့နော်၊ ကိုကို့အကြောင်း ဖွေးမသိဘူး မထင်ပါနဲ့၊ ကဲ…ပြော ဖွေးမွေးနေ့ကို လာမှာလား မလာဘူးလား"

ကလေးဆိုးတစ်ယောက်လိုဆိုတော့ ဖွေးကိုကြည့်ပြီး ဒေါက်တာမိုးနိုင် ပြုံးလိုက်သည်။ ဖွေးဆိုတာ ဒေါက်တာမိုးနိုင်နှင့် လူကြီးချင်းသဘောတူထားသူ ဖြစ်သည်။ ဖွေးတို့မှာ မောင်နှမ



နှစ်ယောက်တည်းရှိကြသလို ဖွေးမိဘနှစ်ပါး၏ ချမ်းသာကြွယ်ဝမှုများက မောင်နှမနှစ်ယောက် တစ်သက်စားမကုန်နိုင်ကြသူများဖြစ်သည်။

ချမ်းသာသလောက် ဂုဏ်မောက်သော ဖွေး၏စိတ်ဓာတ်ကို သဘောမကျသဖြင့် ဒေါက်တာမိုးနိုင်စိတ်ထဲမှာ ဖွေးကို အိမ်သူသက်ထား ဇနီးမယားအဖြစ် တစ်ခါမှ မစဉ်းစားခဲ့သူဆိုလည်း မမှားပါ။

ဆိုးနွဲ့တတ်သော ညီမဆိုးလေးတစ်ယောက်အဖြစ်တော့ ဖွေးကို သူခင်ပါသည်။ ဒါကလည်း ဖွေးနှင့်ငယ်ငယ်ထဲက ရင်းနှီးပတ်သက်ခဲ့ရသော သံယောဇဉ်ကြောင့်ဖြစ်ပါသည်။

ဒေါက်တာမိုးနိုင်ကို မိဘတွေက ဖွေးနှင့်သဘောတူကြောင်း ဖွင့်ပြောတုန်းက သူ့ဘက်က လက်မခံနိုင်ကြောင်း ပြတ်သားစွာ ငြင်းပယ်ပါသေးသည်။ မိုးနိုင်၏မိခင်ကြီးက နှလုံးရောဂါသည်မို့ နောက်ဆုံး မိခင်ကြီး စိတ်ချမ်းသာရေးကို လိုက်လျောပြီး သူ့ဘက်က လက်လျှော့လိုက်ရသည်။

ဖွေးကို သူနှင့်သဘောတူထားသူအဖြစ် အသိအမှတ်ပြုလက်ခံပေးပေမယ့် ဘာတစ်ခုမှ သူ့သဘောမပါဘဲ မဆောင်ရွက်ပါဘူး မိခင်ကြီးကို ကတိတောင်းထားသည်။ မိခင်ကြီးကလည်း သူ့ဆန္ဒကို သဘောတူခေါင်းညိတ်သည်။ ဒီလိုနှင့် သူတို့ဆက်ဆံရေးက ဟန်မပျက်။



www.burmeseclassic.com

www.burmeseclassic.com

အရင်လို မိသားစုပုံသဏ္ဍာန် နွေးနွေးထွေးထွေး မိဘခြင်းလုပ်ငန်းတူ မိတ်ဆွေများမှ ဝင်ထွက်သွားလာမြဲ။ အပေါ်ယံအမြင်နှင့် ကြည့်မည်ဆိုလျှင် ချမ်းသာကြွယ်ဝသော တစ်ဦးတည်းသောသူဌေးသမီးလေးနှင့် ချမ်းသာပြည့်စုံကြွယ်ဝသည့် တစ်ဦးတည်းသော သား ဒေါက်တာမိုးနိုင်တို့ စုံတွဲက နေနှင့်လပမာ လိုက်ဖက်တင့်တယ်သော မင်္ဂလာစုံတွဲအဖြစ် အများက အားကျ ချီးကျူးချင်စရာဖြစ်သည်။

ဒါကို သူမငြင်းပါ။

အိမ်ထောင်တစ်ခုကို မည်သည့်ခံစားချက်မှမပါဘဲ တာဝန်တစ်ရပ်လို ဝတ္တရားအရ ထမ်းဆောင်ရသလိုမျိုး တစ်ယောက်ကိုတစ်ယောက် ငွေကြေးစည်းစိမ်ဂုဏ်အရှိန်အဝါနှင့် လဲလှယ်ဝယ်ယူတာမျိုး သူ့အနေနှင့် မဖြစ်ချင်။

သွေးသားဆန္ဒ စိတ်တစ်ခုတည်းနှင့်လည်း မထူထောင်လို။ အချစ်ဆိုသည့် သာယာချိုမြိန်နွေးထွေးသော စိတ်ခံစားချက်၊ နှလုံးသားဆန္ဒအလိုအတိုင်း တွယ်ငြိလိုသူဖြစ်သော်လည်း ဆန္ဒနှင့် လက်တွေ့ဘဝ တခြားစီဖြစ်နေတော့ခက်သည်။

အခုချိန်ထိ ဒေါက်တာမိုးနိုင်ဆိုသည့် သူမှာ အချစ်ဆိုသည့် အရာကို မတွေ့။ အချစ်ဆိုတာ ဘာလဲ။ ဘယ်မှာလဲလို့တောင် ပြန်မေးရမလိုဖြစ်နေသည်။ တစ်နေ့တစ်နေ့ များပြားလှသော လုပ်ငန်းတာဝန်ဝတ္တရားတွေနှင့် မအားလပ်နိုင်သူအတွက် အချစ်ဆိုလည်းအရာ



သူနှင့်အဝေးဆုံးနေရာမှာ ရောက်နေသည်။

"ပြောလေ…ကိုကို"

ဖွေးထံမှ အသံလေးထွက်လာခြင်းဖြစ်သည့်အတွက် လှပသော ဖွေး၏မျက်နှာလေးကို တစ်ချက်ကြည့်လိုက်သည်။

"လာရမှာပေါ့ဗျာ…ကိုယ့်ညီမလေးမွေးနေ့ပဲ"

"ဒီလို လွယ်လွယ်မပြောပါနဲ့နော်၊ ပြီးတော့မှ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ဘယ်တော့မှ ကတိမတည်ဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

ခြေကလေးဆောင့်ပြီး ပြောလိုက်သော ဖွေးစကားကို သဘောကျစွာ သူရယ်လိုက်မိသည်။ ဖွေးပြောတာ မှန်နေသည်ကိုး။ သူကိုယ်တိုင်ကလည်း ဖွေးနှင့်ဆုံတွေ့ချိန်းဆိုသမျှ ကတိပေးပြီးမှ ကတိပျက်ခဲ့ရသည့်အဖြစ်တွေကလည်း ရှိခဲ့သည်မို့ပါ။

"ကိုကိုနော်…လူကိုဘာရယ်တာလဲ"

"သြော်ဗျာ…ဖွေးကို မရယ်ပါဘူး၊ ဖွေးပြောတဲ့စကားကို သဘောကျလို့ ရယ်တာပါ"

"ဒီတစ်ခါတော့ စိတ်ချပါ၊ ဖွေးရဲ့မွေးနေ့ပွဲကို ကိုယ်လာဖြစ်အောင် လာခဲ့မယ် ဟုတ်ပြီလား"

"ကတိနော် ကိုကို"

"ကတိ"

"ဟေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…ရှူး ဘယ့်နှယ့် ဆေးရုံထဲ လာပြီးအော်နေရ တုန်းကွ"

ဒေါက်တာမိုးနိုင်စကားကြောင့် မွေးခများ ဇက်ကလေးပု သွားပြီး လျှာကလေးပါ တစ်လစ်ဖြစ်သွားသည်။ ချစ်သော ကိုကို့ မျက်နှာကို မြင်တွေ့ခွင့်ရသလို သူမလိုချင်သည့် ကတိစကားကိုပါ ရလိုက်သည်မို့ လှပသည့် မွေး မျက်နှာလေးမှာလည်း ကျေနပ်ခြင်း ပီတိတွေနှင့် လင်းလက်ပြုံးပျော်နေပါသည်။

"ဒါဆို…မွေး ပြန်တော့မယ်နော် ကိုကိုလိုက်ပို့"

"ဘယ်ကို့လဲ"

"ကားနားကိုပေါ့လို့"

ကျော်က သူတို့နားက မယောင်မလည်နှင့် ထွက်သွားပြီ မို့ မွေးနှင့်သူ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။

"လာတုန်းက ကိုယ့်ဘာသာလာတာ မဟုတ်လား"

မွေးကိုစ,ချင်၍ သူ တမင်ပြောလိုက်တော့ မွေးက သူ့ကို ဖျတ်ခနဲလှည့်ကြည့်ပြီး မျက်စောင်းထိုးပါသည်။

"အခုက တူမှမတူတော့ဘဲ၊ ကိုကို့ကို တွေ့နေပြီပဲဥစ္စာ၊ မွေးကို ကိုကိုကိုယ်တိုင်လိုက်ပို့မှ ဖြစ်မှာပေါ့လို့"

"လူတွေ့တာနဲ့ နှိပ်စက်ပြီကွာ"

"လာပါကိုကိုရဲ့"

"ဟိတ်…လက်ကိုမဆွဲရဘူးလေ"





မွေးက ဒေါက်တာမိုးနိုင်လက်မောင်းကြီးတစ်ဖက်ကို တွတ်တရွတ် ဆွဲခေါ်နေတာမို့ မွေးလက်ထဲက သူ့လက်ကို ကပျာ ကယာ ရုန်းဖယ်လိုက်ပုံကို မွေးက သဘောကျစွာရယ်မောရင်း အသာအယာ ဖြေလွှတ်ပေးလိုက်ပါသည်။

ကားနားအထိ မွေးကို သူလိုက်ပို့ပေးလိုက်သည်။

"ကားကို ဖြည်းဖြည်းမောင်းကြနော်၊ ကျော် ကားကို မင်းပဲ မောင်းကွာ"

"ဟုတ်ကဲ့ကိုကို"

"မွေးနေ့ကို ဆက်ဆက်လာရမှာနော် ကိုကို"

"အေးပါကွာ…လာမှာပါ"

"လာမှပဲ ကိုကိုရေ၊ ကိုကိုသာ သူ့မွေးနေ့ပွဲကို မလာရင် မောက သူ့မွေးနေ့ပွဲ ပျက်တော့မယ့်အတိုင်း ဖြစ်နေတာဗျာ"

"မွေးက ကိုကို့ကို လာစေချင်နေတာကိုးလို့ နော်ကိုကို ရာ"

"ဟုတ်ပါပြီဗျာ…ခင်ဗျားလေး မွေးနေ့ပွဲကို လာဖြစ် အောင်လာမှာပါ၊ ကဲ…ကျေနပ်ပြီလား"

"ကျေနပ်ပြီ…ကျေနပ်ပြီ၊ မောင်းတော့ ကျော်ရေ"

"ကိုကို သွားပြီနော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးတပြပြနှင့် ဖွေးမျက်နှာလှလှလေး ပျောက်သွား၊ သူမတို့ကားလေးလည်း ပျောက်သွားမှ မိုးနိုင်လည်း အဖြူရောင်ဖိတ်စာကတ်လှလှလေးကို ကိုင်ပြီး ဆေးရုံထဲကို ပြန်ဝင်ခဲ့သည်။

ကလေးဆန်လှသော ဖွေးကြောင့် သူ့နှုတ်ခမ်းအစုံ ပြုံးနေ၏။

ဩော်…ဖွေး။

မိုးနိုင်အတွက် ညီမဆိုးလေးပေပဲ။ ဖွေးရင်ထဲက ခံစားချက်ကတော့ သူနှင့်တူမည်မဟုတ်တာ သိပေမယ့် မတတ်နိုင်။

ခွင့်လွှတ်တော့ ဖွေးရယ်။

အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့ရတဲ့အရာ မဟုတ်ဘူးဆိုတာ နောက်တော့ ဖွေးသိလာတဲ့တစ်နေ့ ကိုကို့ကို စာနာနားလည်နိုင်လာလိမ့်မယ် ထင်ပါတယ်။

ဒေါက်တာမိုးနိုင်၏ စကားကို ဖွေးက မကြား။ လှပသောမျက်နှာလေးပြုံးလျက် သူမမွေးနေ့ပွဲအတွက် ကြိုတင်စိတ်ကူးတွေနှင့် ရင်ခုန်စိတ်လှုပ်ရှားနေမိပါတော့သတည်း။

× × × ×



## အခန်း (၃)

နှစ်မြိုက်စွာ အိပ်ပျော်သွားသော မဦးကိုကြည့်ကာ အခန်းထဲကို ငြိမ်းလိုက်သည်။ ပြာလဲ့လဲ့ ညအိပ်မီးသီးလေးအောက်မှ မြသွေးတစ်ယောက်တည်း အိပ်မပျော်နိုင်ဘဲ သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။

ကျော်…။

မြသွေး မျက်ဝန်းထဲမှာ ကျော်ပုံရိပ်တွေ မတွေးဘဲ နေရာသည်။ ကြာခဲ့ပြီဆိုပေမယ့် မြသွေးအတွက်တော့ စိတ်မှာ တစ်နေ့ကလိုပဲ တွေးထင်မြင်ယောင်နေမိဆဲမို့ ကျော်နှင့်မတွေ့ တမင်ရှောင်ပုန်းခဲ့ရခြင်းဖြစ်သည်။

အထူးသဖြင့် ချမ်းသာပြည့်စုံကြွယ်ဝသလောက် ငွေကြေးအဝါဖြင့် ဂုဏ်မောက်လှသော ကျော်အစ်မ ဖွေးကို မြသွေး



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ရင်မဆိုင်လိုခြင်းတည်း။

မြသွေးဆယ်တန်းနှစ်မှာ ကျော်နှင့်တစ်ကျောင်းထဲ အတန်းဖော်တွေဖြစ်ခဲ့သည်။ ထို့အတူ ကျော်ထံမှ တစ်ဖက်သတ် စွဲလမ်းခြင်းကို မြသွေး ရရှိခံစားခဲ့ရသည်။ မြသွေးကိုယ်တိုင်က ကျောင်းပညာရေးမှလွဲ၍ တခြားဘာကိုမှ စိတ်မဝင်စား။

ကျော်ကိုလည်း သူငယ်ချင်းသံယောဇဉ်ထက်လည်း မပိုခဲ့။ ဒီလိုအနေအထားမှာ ဖွေးက မြသွေးအပေါ်မှာ တစ်ဖက်သတ်ကြီး အနိုင်ယူမိုလ်ကျဖို့ ကြိုးစားခဲ့တာပဲဖြစ်သည်။

ငွေကြေးချမ်းသာသည့် ဂုဏ်အရှိန်အဝါဖြင့် ဖွေးက သူမောင် ကျော်နှင့် နောက်ဘယ်တော့မှ မပတ်သက်ပါနှင့်ဟု တင်းမာခက်ထန်စွာ ဆိုခဲ့သည့်နေ့ကို မြသွေး ဘယ်တော့မှ မေ့မည်မဟုတ်ပါ။

ထိုနေ့က ကျော် နေမကောင်း၍ ကျောင်းမလာ။ မြသွေးငိုခဲ့ရသည့် မျက်ရည်တွေနှင့် ခံစားခဲ့ရသည့် ဝေဒနာတွေက သူ့နုနယ်သော နှလုံးသားမှာ ဒဏ်ရာနက်နက် ရရှိသွားစေခဲ့သည်။

နောက်ရက်မှ ကျော်က သူ့အစ်မအတွက် မြသွေးကို အကြိမ်ကြိမ် တောင်းပန်ခဲ့တာကို ကျော်အား သနားသည့်စိတ်ဖြင့် လက်ခံခဲ့ပေမယ့် ကျော်နှင့်တော့ နောက်ထပ်ပတ်သက်ဖို့ စိတ်ကူးမရှိတော့ပါ။



ပိုက်ဆံရှိ လူချမ်းသာအသိုင်းအဝိုင်းကို မြသွေး သိပ်ကြောက်သွားသည်။ ကျော်နှင့် သူ့အစ်မတို့ မြသွေးကြောင့် စကားများရန်ဖြစ်ကြတော့ ဖွေးက မြသွေးကို ပိုမုန်းသွားသည်။

ကျော်က တစ်ချိန်လုံး မြသွေးနားမှာ တရစ်ဝဲဝဲရှိနေပေမယ့် မြသွေးက လုံးဝဂရုမစိုက်။ ထိုအချိန်မှာ ကျော်တို့ဒက်ဒီ အလုပ်အကိစ္စဖြင့် မြသွေးတို့မြို့လေးက ပြောင်းရွှေ့သွားသည်။

ထို့အတူ မြသွေးတို့လည်း ဘိုးဘွားပိုင်အိမ်ကြီးကို ရောင်းချကာ ဦးလေးမြိုင် ဆောက်ထားသည့် တိုက်အိမ်ပုလေးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်ထဲက မြသွေးနှင့် ကျော်တို့ နောက်ထပ်ပြန်မဆုံဖြစ်ကြတော့။

အခုကြမှ တိုက်တိုက်ဆိုင်ဆိုင် ကျော်တို့မောင်နှမနှင့် သာဆုံကြရခြင်းဖြစ်သည်။ ကျော်ပုံစံက ဟိုတုန်းကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲ။ အသားဖြူဖြူ လူပုံပါးပါးနွဲ့နွဲ့နှင့် ပိုးဟပ်ဖြူလေးလိုရှိနေဆဲ။ ဖွေးဆိုသည့် ကျော့်အစ်မကသာ ခေတ်မီလှပသော အပြင်အဆင် အချယ်အသတွေနှင့် ကော်ပတ်ရုပ်ကလေးလိုမြင်သူငေးချင်စရာဖြစ်နေတာပဲ ခြားနားသွားသည်။

မြသွေးနှင့် သူတို့မောင်နှမ ပြန်မဆုံလိုက်ကြရဘဲ ခပ်ဆောင်းကောင်းဟုဆိုရမည်။ နို့မို့ဆို ကျော်ကြောင့် ဖွေးနှင့်ထပ်ပြီး ရန်ဖြစ်စကားများနေကြရမှာ သေချာသည်။ ဒီလိုဒဏ်ဖြစ်မိုး မြသွေး

www.burmeseclassic.com



ဘဝမှာ ဟိုတုန်းကလည်း အလိုမရှိသလို အခုဘဝမှာလည်း မလိုချင်ပါ။

ကျော်ရယ်။

နင့်ကိုတော့ မြသွေး ခင်ပါတယ်။ ဒါပေမယ့် နင့်အစ်မဖွေးရဲ့ စိတ်ဓါတ်နဲ့ နင်တို့အသိုင်းအဝိုင်းကိုတော့ မြသွေး ကြောက်တယ်။

မြသွေး စိတ်ထဲမှ တိတ်ဆိတ်စွာဆိုညည်းလိုက်မိခြင်းဖြစ်ပါသည်။ ထို့နောက် တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့ရသမျှ စိတ်ကိုလျှော့လိုက်သည်နှင့် မကြာခင်မှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

"မဦးရေ…ခါတ်ပူးထဲမှာ ရေနွေးအသင့်ရှိတယ်နော်၊ ပြီးတော့ ဆန်ပြုတ်လည်း ပြုတ်ခဲ့တယ်၊ စားချင်ရင် မီးဖိုပေါ်မှာ ပြန်နွှေးလိုက်ရုံပဲသိလား"

"မြသွေးရယ်…ရှင်သာ မနေ့ကလို မဖြစ်ရအောင် ထီးတွေဘာတွေ ထည့်ပြီးပြီလား"

"ဒီမှာလေ…ဒီတစ်ခါတော့ လုံးဝမမေ့တော့ဘူးသိလား"

လက်ထဲက အသင့်ကိုင်ထားသော ခေါက်ထီးဝါဝါလေးကို မဦးမျက်စိရှေ့မှာ ထောင်ပြလိုက်တော့ မဦးထံမှ အပြုံးနွမ်းနွမ်းကို မြင်ရသည်။ အဖျားရောဂါက ကင်းကင်းမပျောက်သေးတာမို့





သူငယ်ချင်းအတွက် စိတ်ပူပေမယ့် မတတ်နိုင်။

လုပ်ငန်းခွင်ကို ဝင်ရဦးမည်မို့ မဦးကို နှုတ်ဆက်လမ်းခွဲပြီး ဘတ်စ်ကားဂိတ်ကို ထွက်ခဲ့သည်။ မဦးက မိဘနှစ်ပါးစလုံးမရှိတော့။ အစ်မဖြစ်သူကလည်း သူ့အိမ်ထောင်နှင့်သူမို့ သားသမီးတွေနှင့် မဦးကို ပြန်မကြည့်နိုင်။

ကြည့်နိုင်သည့်တိုင်အောင်လည်း အစ်မ၏ ခင်ပွန်းဖြစ်သူက မဦးအပေါ်မှာ မရိုးသားတာမို့ မဦးကလည်း အားမကိုးပါ။ ဘဝတူများအဖြစ် သူငယ်ချင်းနှစ်ယောက် တစ်ယောက်အပေါ်မှာ တစ်ယောက် ငဲ့ညှာစာနာစိတ်တွေနှင့် တကယ့်ညီမရင်းသဖွယ် ခင်မင်တွယ်တာမိကြသည့်အဖြစ်လေ။

ကားတစ်စီး ထိုးရပ်လာသည်နှင့် သူ့ထက်ငါ ကားပေါ်ရောက်အောင် တိုးဝှေ့တက်လိုက်သည်။ တစ်လမ်းလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ လိုက်ပါလာသည်။ ကျော့်ကို နောက်ထပ်ဆေးရုံမှာ ထပ်ဆုံရမှာတွေးပြီး စိုးရိမ်နေ၏။

ကျော်တို့မောင်နှမနှစ်ယောက် ဆေးရုံကို ဘာကိစ္စလာတာသည်း၊ ဘယ်သူ့ဆီလာတာလဲဆိုတာ သိချင်နေ၏။ ကြိုတင်သိခွင့်ရထားတော့ ရှောင်နိုင်၊ တိမ်းနိုင်သည်။ အတွေးနှင့် ဆေးရုံဝင်းထဲကိုလှမ်းအဝင်မှာ မြသွေးနားက ကားတစ်စင်း ဝေါခနဲဖြတ်သွားတာကိုသတိမထားလိုက်မိ။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ"

"ဗွမ်း"

"အိုး"

ကားဘီးချိုင့်ထဲ ကျသွားသည့်အရှိန်ဖြင့် လမ်းပေါ်ရှိ ရွှံ့ဗွက်ရေတွေက မြသွေးကိုယ်လေးကို ကြုံးပက်လိုက်သလို တစ်ကိုယ်လုံး ညစ်ပေသွားသဖြင့် ကားပိုင်ရှင်ရှိရာကို လှမ်းကြည့်လိုက်မိစဉ်မှာ မြသွေးနှင့် မလှမ်းမကမ်းမှာ ကားလေး ကျိုးခနဲရပ်တန့်သွားတာကို မြင်လိုက်ရ၏။

သူမကိုယ်ပေါ်မှ ရွှံ့ရေများကို လက်ထဲရှိ ပဝါလေးဖြင့် အသာတို့သုတ်ဖယ်ရှားနေစဉ်မှာ ကားလေးက ရပ်နေရာမှာ ဆဝါခနဲ မြသွေးရှေ့ကို နောက်ပြန်ဆုတ်လျှက် ရောက်လာပြီး ရပ်လိုက်သည်။

"ဆောရီးဗျာ…ရှေ့မှာ ရေအိုင်ရှိနေတာ လုံးဝသတိမထားလိုက်မိဘူး"

"ရပါတယ်ရှင်…မတော်တဆဖြစ်တာပဲ၊ ကျွန်မနားလည်ပါတယ်၊ စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ကျွန်မမှာ လဲစရာဝတ်စုံ အပိုပါပါတယ်"

လှပသောမျက်နှာလေးကို ကြည့်ရင်း ဒေါက်တာမိုးနိုင် စိတ်ထဲမှာ ဒီမျက်နှာလေးကို မြင်ဘူးပါတယ်ဟု တွေးရင်း မျက်ခုံးကိုအတွန့်…



"ဟင်"

"မင်း…မနေ့က ကိုယ့်ကို ဝင်တိုက်ပြီး ထွက်ပြေးသွားတဲ့ ဆရာမမဟုတ်လား"

"ရှင်"

"ဟုတ်ပါတယ်၊ မင်းပါပဲ၊ ကိုယ်သေချာမှတ်မိပြီ"

"အို"

ဒေါက်တာမိုးနိုင် တိကျပိုင်နိုင်စွာ ဆိုလိုက်တော့ မြသွေးကိုယ်လေးမှာ တွန့်ခနဲဖြစ်သွားပြီး ကားထဲမှာရှိနေသူကို လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးတွေနှင့် ထိတ်လန့်တကြားလေး လှမ်းကြည့်လိုက်မိသည်။

တင်းတင်းစေ့နေသော နှုတ်ခမ်းအစုံနှင့် စူးရှတောက်ပသည့် မျက်ဝန်းအစုံဖြင့် အဆုံမှာ မြသွေးရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ကြုံပဲကြုံနိုင်လွန်းသည့်အဖြစ်ပါလား။

မနေ့က ကျော်တို့မောင်နှမနှင့် မတွေ့ချင်လို့ နေရာကတစ်အားပြေးအထွက်မှာ လူတစ်ယောက်နှင့် ဝင်တိုက်မိတာကို သိပေမယ့် ထိုလူကို မြသွေး သေချာရေရာစွာ မမှတ်မိလိုက်ပါ။

ဖြစ်ချင်တော့ တစ်ဖက်ကလူက မြသွေးကို ကောင်းကောင်းကြီး မှတ်မိနေသည့်အတွက် မနေ့ကအဖြစ်အတွက် မျက်နှာလေးချပြီး အားတုံ့အားနာဖြင့် ကမန်းကတန်းလေး တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ဖောဒ်ဆိုလိုက်ရသည်။

"မနေ့ကက်ဆ္စကို ကျွန်မ ထပ်ပြီးတောင်းပန်ပါတယ်ရှင်"

"မလိုပါဘူးဗျာ…ကိုယ်လည်း မင်းကို အပြစ်လုပ်ခဲ့မိပြီ ဝဲ၊ ကျေပြီပေါ့"

သူ့စကားကြောင့် မြသွေး ပြုံးလိုက်မိ၏။ နုပျိုလှပသော မျက်နှာလှလှလေးပေါ်က အပြုံးလေးကို ဒေါက်တာမိုးနိုင်ကိုယ်တိုင် ငေးခနဲ တစ်ချက်မျှကြည့်လိုက်မိသည်။

"ကိုယ့်နာမည် မိုးနိုင်၊ ဒေါက်တာမိုးနိုင်ဆိုပါတော့၊ ပင်းနာမည်ကရော"

"ကျွန်မနာမည် မြသွေးပါဆရာ၊ ဒီဆေးရုံမှာပဲ တာဝန်ကျတဲ့ သူနာပြုဆရာမပါ"

ကိုယ့်အထက်က အရာရှိတစ်ယောက်မို့ လေးစားစွာ မြသွေး ဖြေလိုက်သည်။

"အရင်က မင်းကို ဒီမှာ တစ်ခါမှမမြင်ဖူးပါဘူး"

"ကျွန်မ အလုပ်ဝင်တာ ရက်ပိုင်းပဲရှိပါသေးတယ် ဆရာ"

"ဒါကြောင့်ကိုး…ကဲ ကိုယ့်ကိုခွင့်ပြုဦး ဟုတ်လား၊ လိုအပ်တဲ့အကူအညီရှိရင်လည်းပြောပါ"

"ဟုတ်ကဲ့"



မြသွေးနားက ဒေါက်တာမိုးနိုင်ကားလေး ဝေါခနဲ ပြေး ထွက်သွားသည်။ ကားနောက်ကြည့်မှန်မှတစ်ဆင့် မြသွေးဆိုသည့် မိန်းမချောလေး သူ့ကားနောက်မှ အေးဆေးတည်ငြိမ်စွာ လျှောက် လာနေတာကို မြင်တွေ့နေရ၏။

မြသွေးတဲ့လား။

နာမည်လေးက လှသလို လူကလည်းလှသည်။ ပြီးတော့ မြသွေး အသွင်သဏ္ဌာန်လေးက ရိုးသားတည်ကြည်ကာ ဣန္ဒြေရှိရှိ နှင့် ရင်ကိုအေးမြစေသော အလှပိုင်ရှင်မျိုးဖြစ်ကြောင်း သိလိုက် သည်။

ဆေးရုံတစ်ရုံထဲမှာ အလုပ်အတူတွဲလုပ်ရသည့်အချိန်မှာ တော့ မြသွေးဆိုသည့် မိန်းမလှလေးကို သူသတိမထားဘဲ မနေ နိုင်အောင်ဖြစ်လာသည်။

မြသွေးက ရုပ်ရည်ချောမောလှပသလောက် စိတ်ရင်း ဆေတနာ ဖြူစင်လှပသူလေးဖြစ်သည်။ လူနာများအပေါ်မှာ စိတ်ရှည် သည်းခံပြီး အဆင့်အတန်းမခွဲခြားဘဲ ဂရုတစိုက် ပြုစုကုသတာကို မြင်တွေ့နေရသည်။

လှပသော မျက်နှာလေးပေါ်မှာလည်း အပြုံးလှလှလေး အမြဲရှိနေတတ်တာမို့ မြသွေးမျက်နှာလေးကို မြင်လိုက်ရသော လူမမာမှာ ရောဂါတစ်ဝက် သက်သာသွားမှာသေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ သူ့စိတ်ထဲမှာ မချင့်မရဲဖြစ်မိတာ ရှိသည်။ ထိုအရာက တခြားမဟုတ်။ တခြားသူတွေက ဒေါက်တာမိုးနိုင်ကို အရောတဝင် ခေါ်ပြောဆက်ဆံမှုတွေနှင့် အရေးပေးအလေးထား နေချိန်မှာ မြသွေးကတော့ သူမအလုပ်တာဝန်ဝတ္တရားတွေနှင့်သာ အချိန်ကုန်နေသူဖြစ်သည်။

သူနှင့်ပြောဆိုဆက်ဆံရာမှာလည်း လုပ်ငန်းသဘောအရ မေးထူးခေါ်ပြောခြင်းထက် ဘာတစ်ခုမှမပို။ လုပ်ငန်းခွင်အပြင်မှာလည်း ဒေါက်တာမိုးနိုင်နှင့် မြသွေးတို့မှာ တရင်းတနှီး ပြောဆိုဆက်ဆံမှုမရှိ။

သူ့ကိုမှမဟုတ်။

တခြားသော အမျိုးသားဆရာတွေအပေါ်မှာလည်း မြသွေးပုံစံလေးက ထိုအတိုင်းပဲမို့ သူမအဲလိုနေတာလေးကိုပဲ သဘောကျရမလိုလို ဘာလိုလိုနှင့် ခက်တော့အခက်သားပင်။ မာနကြီးသည်လို့ ပြောရအောင်ကလည်း မြသွေး နေထိုင်ပြောဆိုပြုမူပုံလေးတွေက ထိုသို့မဟုတ်။

"မြသွေး"

"ဗြော်…ဆရာ"

"အလုပ်အားရင် ကိုယ်နဲ့ကော်ဖီလိုက်သောက်ပါလား ပြောစရာလည်းရှိလို့"



"ရှင်"

"ဟုတ်ကဲ့"

မြသွေးသည် သူမရှေ့မှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားနှင့်ပြီဖြစ်သော ဒေါက်တာမိုးနိုင်နောက်သို့ အပြေးလေး အတူလျှောက်လိုက်ခဲ့ရပါသည်။

"မြသွေး ဘယ်လဲ"

"ကိစ္စလေးရှိလို့ မဦး၊ ပြန်လာခဲ့မယ်သိလား"

အရေးထဲ မဦးက လှမ်းမေးနေသဖြင့် မြသွေးမှာ ဆရာ့ကို မျက်လုံးလေးတစ်ချက် ဖွေကြည့်ရင်း မဦးကို နှုတ်ဆက်ကာ ဆရာ့ခြေလှမ်းကို အမှီလိုက်နိုင်အောင် ကြိုးစားရပါသည်။

ဒေါက်တာမိုးနိုင်ဆိုသည့် ဆရာက နာမည်ကြီး သမားတော်တစ်ယောက်ဖြစ်သလို ဖိုဘိုင်းကြိုက်နှင်းဆီမိုင်ဆိုလည်း မမှားချေ။ အားလုံးက ဒေါက်တာမိုးနိုင်ဆိုသည့် ဆရာနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဖို့ ကြိုးစားနေသည့်အချိန်မှာ မြသွေးက ဆရာနှင့် တတ်နိုင်သမျှ ကင်းရှင်းအောင်နေသူဖြစ်သည်။

ကိုယ့်ဘဝကိုယ်သိပြီး ကိုယ့်အလုပ်တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်နေသည့်ကြားက မြသွေးကို စကားတင်းဆိုသည့်လူတွေကလည်း ရှိသေးသည်။

ဒေါက်တာမိုးနိုင်လို လူတစ်ယောက်ကို စိတ်မဝင်စားနိုင်

www.burmeseclassic.com



အောင် သူ့ကိုယ်သူ သိပ်လှတယ်ဆိုပြီး မာနကြီးဘဝင်မြင့်နေတာဟု ဆိုသည့် လူတွေကိုလည်း မြသွေး စိတ်မဆိုးမိပါ။

လူဆိုတာက ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်သည်။ ကျော်နှင့် ပတ်သက်ပြီးနောက် မြသွေးက လူတွေကို ကြောက်သွားသည်။ ဘယ်သူနှင့်မှ ပတ်သက်ဖို့မကြိုးစားတော့။ ကိုယ့်ဥခွံလေးထဲမှာ လုံခြုံအောင် ကြိုးစားပြီးနေသည်။

"ဘာသောက်မလဲ"

"လိမ္မော်ရည်ရရင် သောက်ချင်ပါတယ်ဆရာ"

ဒေါက်တာမိုးနိုင်က မြသွေးအတွက် လိမ္မော်ရည်နှင့် သူ့အတွက် သံပရာရည်တစ်ခွက်မှာသည်။

"ဘယ်နှယ့်တုန်း အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ . . ပြေပါတယ်ဆရာ၊ မြသွေး ဝါသနာပါတဲ့ အလုပ်မို့လို့လည်း ပျော်ပါတယ်"

ပထမဆုံးအကြိမ် ဒေါက်တာမိုးနိုင်နှင့် လုပ်ငန်းပြင်ပမှာ စကားပြောဘူးခြင်းဖြစ်သည်။ တည်ကြည်ခန့်ညားသော ဆရာ့ရုပ်သွင်က မိန်းကလေးတိုင်းအတွက် အိပ်မက်မင်းသားတစ်ပါး သဖွယ် ဖြစ်နေသည်ကိုက ငြင်းပယ်မရနိုင်ချေ။

ဘဝတွင် ရည်မှန်းချက်အတိုင်း ပြီးပြည့်စုံသော ဆရာ့ဘဝက အားကျဖွယ်ရာ၊ အတုယူဖွယ်ရာအဖြစ်ထက် မပိုချေ။



ဆရာက လူအများလေးစားကြည်ညိုကြသော လူစားမျိုးဖြစ်ပြီး အနေအထိုင်တည်ကြည်သဖြင့် တော်ရုံလူက ဆရာ့နားကို အလွယ်တကူမချည်းကပ်နိုင်သူလည်း ဖြစ်သည်။

အထူးသဖြင့် စူးရှတောက်ပသော ဆရာ့မျက်ဝန်းအစုံမှာ လူအများဆုံးစိတ်ဝင်စားခံရကြောင်း မဦးထံမှ မကြာခဏ ကြားနေရသဖြင့် မြသွေးကိုယ်တိုင်လည်း ဆရာ့မျက်ဝန်းအစုံကို ဖျတ်ခနဲ ကြည့်ပြီး ချက်ချင်းပင် မျက်လွှာချ အကြည့်လွှဲလိုက်၏။

"မြသွေးမှာ မိသားစုမရှိဘူးလား"

"ရှိပါတယ်ဆရာ၊ မြသွေးမိဘတွေက နယ်မြို့လေးမှာ ပါ"

"ဪ"

"မောင်နှမရော ဘယ်နှစ်ယောက်ရှိလဲ"

"မြသွေးတစ်ယောက်တည်းပါ"

"ကိုယ်နဲ့အတူတူပေါ့"

ဆရာ့စကားကို မြသွေး မည်သို့မျှ မတုံ့ပြန်ဘဲ ပြုံးပြီး နေလိုက်ပါသည်။ ဘာအတွက် အခုလို သူမနှင့် တရင်းတနှီး စကားတွေဆိုနေသည်ကို မြသွေး နားမလည်ပါ။

"အအေးတွေ သောက်လိုက်ဦး"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုးနိုင်ရှေ့မှာ ဘာအတွက်နှင့်မှ မြသွေး တစ်ယောက်တည်း ကြာရှည်ရှိမနေချင်ပါ။ ဤသည်မှာ ဆရာ၏ ဂုဏ်သိက္ခာကို မယုံကြည်၍မဟုတ်။ သူမနောက်ကွယ်မှာ ပြောကြဆိုကြမည့် စကားတင်းများကြောင့်ဖြစ်ပါသည်။

ခန့်ညားကြီးကျယ်၍ ပြီးပြည့်စုံသော ဆရာလိုလူ တစ်ယောက်အတွက် မြသွေးလို ဘာမှမဟုတ်သည့် မိန်းကလေး တစ်ယောက်ကြောင့် ဂုဏ်သိက္ခာထိခိုက်ရမည့်အဖြစ်ကိုလည်း အလိုမရှိသဖြင့် ဆရာ့ရှေ့မှ အမြန်ဆုံး ထွက်ခွာသွားချင်နေမိသူက မြသွေး ဖြစ်ပါသည်။

"ကိုယ်နဲ့ မြသွေးလည်း လုပ်ငန်းခွင်ထဲကလွဲပြီး အပြင်မှာ စကားပြောဖြစ်ကြတာ ဒါ ပထမဆုံးပဲနော်"

"ဟုတ်ကဲ့"

"မြသွေး သတင်းတွေကိုတော့ ကိုယ်ကြားပါတယ်၊ လူနာတွေအပေါ်မှာ စိတ်ရှည်သည်းခံနိုင်တာရော၊ တကယ်စိတ်ရင်းနဲ့ ကြင်ကြင်နာနာ ပြုစုလုပ်ကိုင်ပေးနေတာရော၊ ကိုယ်ကိုယ်တိုင်မြင်တွေ့နေရတာပဲ"

ဆရာက နှုတ်မှ ထုတ်ဖော်ချီးကျူးလာသဖြင့် မြသွေး အနေခက်သွား၏။

"တခြားသူတွေလည်း မြသွေးလိုပါပဲဆရာ၊ ဝါသနာရော၊ စေတနာပါ ပါကြသူတွေချည်းပါပဲ"



ဆရာက ဘာမှမပြောဘဲ ပြုံးနေသည့်အတွက် မြသွေး ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ မြသွေးအနေဖြင့် ဤဆေးရုံမှာ အလုပ်ဝင်သည်မှာ လပိုင်းမျှသာရှိပါသေးသည်။ ဒေါက်တာမိုးနိုင်နှုတ်မှ ထုတ်ဖော်ချီးကျူးသလို အလုပ်တာဝန်ပေါ်မှာ မခိုမကပ် အာရုံစူးစိုက်လုပ်သည်မှန်သော်လည်း ဒေါက်တာမိုးနိုင်ကိုယ်တိုင် အလေးတယူ ထုတ်ဖော်ပြောဆိုလာတော့ အနေရခက် မျက်နှာပူမိသည်။

ဒေါက်တာမိုးနိုင် အသွင်ကတော့ ပကတိ တည်တည်ငြိမ်ငြိမ်ရှိနေရုံမက သက်သောင့်သက်သာ အနေအထားမျိုးဖြစ်ပါသည်။

"ကိုယ့်မာမိရဲ့ ကျန်းမာရေးက အခုတလော စိတ်မချရဘူးလေ၊ ကိုယ်ကလည်း မာမ့်အနားမှာ နှစ်ဆယ့်လေးနာရီ အမြဲအတူရှိပေးနိုင်ဘူးဆိုတော့ မာမီ့အနားမှာ အနီးကပ်နေပြီး ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးမယ့် လူတစ်ယောက် လိုနေတယ်၊ အဲဒီအတွက် မြသွေးအနေနဲ့ ကိုယ့်မာမီအနားမှာ နေပေးနိုင်မလားဆိုတာ သိချင်တယ်"

"ရှင်"

"ကိုယ့်မာမီအတွက် မြသွေးကို စပါယ်ရှယ်နာ့စ်အဖြစ် နေပေးဖို့ ပြောနေတာပါ မြသွေး၊ အဲဒီအတွက် မြသွေးရဲ့ လစာ

www.burmeseclassic.com



ခတို့လည်း မနစ်နာစေရပါဘူး၊ ကိုယ့်မာမီက ဆီးချိုရောဂါ၊ သွေးတိုး နှလုံးရောဂါရှိတာဆိုတော့ အစားအသောက် အနေအထိုင်ကအစ အထူး ဂရုစိုက်မှဖြစ်မယ်''

''လောလောဆယ် ရေချိုးခန်းမှာ ချော်လဲထားလို့ လမ်းမ လျှောက်နိုင်ဘူး''

''အို''

''မြသွေးသဘောကို ဒီတစ်ရက်နှစ်ရက်ထဲမှာပဲ သိချင် တယ်၊ သွားကြစို့''

''ဟုတ်ကဲ့''

မြသွေးက အမိန့်ကိုနာခံတတ်သော ကလေးငယ် တစ်ယောက်လိုပင် ဒေါက်တာမိုးနိုင်ရှေ့က တိတ်ဆိတ်စွာ ထွက်လာ ခဲ့ပေမယ့် ဦးခေါင်းထဲမှာ အတွေးပေါင်းစုံ ရီးလေးခိုလိုက်ပါလာပါ သည်။

မြသွေးကိုယ်တိုင်လည်း ဘာဆုံးဖြတ်ရမှန်းမသိ။ စိတ်ညစ် ညစ်ပင် ထိုနေ့က စောစောအိပ်ရာဝင်လိုက်မိသည်။

× × × ×

## အခန်း (၄)

''ဆရာကိုယ်တိုင်က မြသွေးကို သူ့အမေအတွက် စိတ်ချ ယုံကြည်လို့ ပြောနေပြီပဲ၊ သူပြောတဲ့အတိုင်း ခေါင်းညိတ်ရုံပေါ့''

မဦးက မြသွေး ပြောသည့်စကားအဆုံးမှာ အခုလို ပြော လိုက်ခြင်းဖြစ်သည်။ မြသွေးအတွက် တခြားရွေးချယ်ရန် လမ်းက မရှိ။ ဒေါက်တာမိုးနိုင်လို လူတစ်ယောက် နှုတ်မှ ဖွင့်ထုတ်ပြော လာသည်ဆိုတော့ ဒေါက်တာကို လေးစားသည့်အနေနှင့် သူပြော သည့်အတိုင်း လုပ်ပေးရုံသာ။

ဒါကို မြသွေးလည်း မငြင်းပါ။

ဒေါက်တာမိုးနိုင် တောင်းသည့် အကူအညီကိုလည်း ဆေးချင်ပါသည်။

''တစ်ခုတော့ ပြောစရာရှိတယ်၊ မူမူတို့အုပ်စုဘက်က မြသွေးကို ဘာတွေပြောကြမယ်မသိဘူး''

www.burmeseclassic.com



ခဦးနှင့် မြသွေး အကြည့်ချင်းဆုံသွားမိကြပါသည်။ ခဦးဆီက စကားအဓိပ္ပါယ်ဆိုလိုရင်းကို ပါးစပ်က ထုတ်ဖော်ပြောစရာမလိုတဲ့ သူ့အလိုလို နားလည်နေကြသဖြင့် သက်ပြင်းကိုယ်စီ ကျိတ်မှိုက်လိုက်မိကြသည်။

ဒီဆေးရုံမှာ မူမူက အချောဆုံး၊ အလှဆုံး သူနာပြုဆရာမတစ်ယောက်အဖြစ် နာမည်ကြီးသူဖြစ်သည်ကို မြသွေး မငြင်းပါ။ ဆရာမလှလှလေးဆိုလျှင် အားလုံးက မူမူမှန်း ချက်ချင်းသိကြသည်။ တကယ်လည်း မူမူက လှပါသည်။ ခေတ်ပေါ်ပစ္စည်းအသုံးအဆောင်တွေကို ထည်လဲသုံးစွဲနိုင်သော မူမူမှာ တခြားသူနာပြုဆရာမလေးတွေလိုမဟုတ်။

ယူနီဖောင်းဝတ်စုံကိုပင် ခပ်လတ်လတ်အဟောင်းကိုပင် ဝတ်သူမဟုတ်။ လှပသစ်လွင်သော ဝတ်စုံလေးများကိုသာ ကျော့ရှင်းလှပသော သူမကိုယ်လေးပေါ်မှာ ဆင်ယင်ဝတ်ဆင်တတ်သူဖြစ်သည်။

"ဆရာနဲ့မူမူလည်း အရမ်းရင်းနှီးကြတဲ့သူတွေပဲ၊ ဆရာက ဘာဖြစ်လို့ မူမူကိုမခေါ်တာလည်း မသိဘူးနော် မဦး"

"မူမူထက် မြသွေးကို ပိုစိတ်ချလို့နေမှာပေါ့"

"ပိုစိတ်ချတယ် ဟုတ်လား"

"အင်းလေ…မူမူက ဆရာ့ကို တစ်ဖက်သတ်ကြီး ဖြစ်နေတာ. အားလုံးသိနေတာပဲ၊ အဲဒီလိုလူတစ်ယောက်ကို ဘယ်သူက အမိုက်ခံပြီး သူ့အိမ်ပေါ်ကို တင်မှာတဲ့လဲ"





"ဒါပေမယ့်ဟယ်"

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့တော့ မြသွေး ဟိုမှာ ဆရာမိုးလာနေပြီ၊ ခေါင်းညိတ်လက်ခံဖို့သာ အသင့်ပြင်ထားလိုက်တော့"

ပြောပြောဆိုဆို မဦးက မြသွေးနားက ထွက်သွားပြီမို့ မြသွေးတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ထို့နောက် ဆေးရုံမှာ ခွင့်စာတင်လိုက်ရ၏။

"အားလုံးအသင့်ဖြစ်ပြီလား မြသွေး"

"ရှင်"

"ကိုယ်ပြောထားတဲ့ကိစ္စလေ"

"ဟုတ်ကဲ့"

"မနက်ဖြန်လာကြိုဖို့ ကားလွှတ်လိုက်မယ်၊ ကိုယ့်မာမိကိုလည်း ပြောပြီးပြီ"

"ဆရာ"

"ဩော်…မူမူ ဆရာ လူနာသွားကြည့်လိုက်ဦးမယ်"

နေရာကထွက်သွားပြီဖြစ်သော ဒေါက်တာမိုးနိုင်ကို ဘာတစ်ခွန်းမှ ပြောချိန်မရလိုက်ပါ။ သူ့အစီအစဉ်အတိုင်း လုပ်ရုံမှတစ်ပါး တခြားမရှိတော့တာမို့ သက်ပြင်းကိုသာ လေးပင်စွာချလိုက်မိပါသည်။

"မြသွေး"



www.burmeseclassic.com

www.burmeseclassic.com



"မှုမှု"

လှပကျော့ရှင်းသော အသွင်ဖြင့် မှုမှုတစ်ယောက် မြသွေးနား ရောက်လာသဖြင့် ထူးခြားပြီး အံ့သြစိတ်မဖြစ်မိပါ။

"ဆောဆောက ဆရာဦးမိုးနိုင် မြသွေးကို ဘာတွေလာပြောတာလဲဟင်"

"အလုပ်ကိစ္စပါ"

"ဩော်"

နှုတ်ခမ်းအစုံကို ပြုံးထားပေမယ့် မှုမှုမျက်လုံးတွေက စူးရှတောက်ပစွာ မြသွေးတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုနေတာကို မြသွေး သိနေပါသည်။

တစ်ဆေးရုံထဲမှာ အလုပ်အတူလုပ်နေကြသည်ဆိုပေမယ့် မြသွေးနှင့် မှုမှုတို့က ခင်မင်ရင်းနှီးသူတွေ မဟုတ်ကြပါ။

မှုမှုက သူမအလှအပအတွက် ဝတ်မောက်သလို သုံးနိုင်ဖြုန်းနိုင်သူပီပီ သူမနားမှာ အတူရှိနေကြသူတွေကိုလည်း သူမဘက်တော်သား ဖြစ်မည့်သူတွေလောက်ကိုသာ စည်းလုံးသိမ်းသွင်းပေါင်းသင်းထားသူဖြစ်ပါသည်။

တစ်ဆေးရုံလုံးက ဒေါက်တာမိုးနိုင်ကို မှုမှု သဘောကျနေတာ သိကြသလို ဒေါက်တာမိုးနိုင်လည်း သိမှာသေချာပါသည်။ အားလုံးကို အလိုက်အထိုက် ပြောဆိုဆက်ဆံပေမယ့် မည်သူနှင့်မှ အရောတဝင်မနေသော ဒေါက်တာမိုးနိုင်ကြောင့် မှုမှုခမျာ သူမဖြစ်





ချင်တာတွေကို စိတ်ထင်သလောက် ဖြစ်ခွင့်မရ။

ဒီလိုအနေအထားမှာ မြသွေးက မှုမှုရှိရာ ဆေးရုံကို ရောက်လာခြင်းဖြစ်သည်။ ရောက်ရောက်ခြင်းပင် ဆရာမမြသွေး၏ အလှသတင်းက မှုမှုထံ တစ်ဆင့်စကားဖြင့် ရောက်လာသည်။

စိတ်ထဲမှာ မြသွေးကို ပြိုင်ဘက်အဖြစ် သူ့အလိုလို သတ်မှတ်လိုက်မိတာကို ကိုယ်ကိုယ်တိုင်ပင်မသိ။ မြသွေးကို မသိမသာရော၊ သိသိသာသာပါ အကဲခတ်ကြည့်လိုက်တော့ မှုမှုရင်ထဲမှာ နည်းနည်းတော့ စိုးရိမ်သလိုဖြစ်မိသည်။

မှုမှုလှသည်ဆိုတာက ပြင်နိုင်ဆင်နိုင်လွန်း၍ ဖြစ်သော်လည်း မြသွေး၏အလှကတော့ မှုမှုနှင့် ဆန့်ကျင်ဘက် မပြင်မဆင် ရိုးရိုးယဉ်ယဉ်နှင့်ပင် နှစ်လိုဖွယ်ရာ အလှရှင်ဖြစ်နေခြင်းကြောင့် ကိုယ့်ကိုယ်ကို ပိုပြီး ဂရုတစိုက်နှင့် ပြင်ဆင်ချယ်မှုန်းမိသည်။

အစားအသောက် အနေအထိုင်ကိုလည်း အထူးဆင်ခြင်သည်။ မှုမှုကို မြသွေး လိုက်ယှဉ်၍မရနိုင်သည်က မှုမှု၏ အချိုးအစား ပြေပြစ်ကျနသော ကိုယ်လုံးအလှဖြစ်သည်။

တစ်နေ့ ဆရာဝန်ကတော်ဖြစ်ရမည်။ ဆေးရုံတစ်ခုလုံးကို ဦးစီးချုပ်ကိုင်နိုင်သော ပိုင်ရှင်သူဌေးမအဖြစ် အမြဲစိတ်ကူးယဉ်နေသူပီပီ ဒေါက်တာမိုးနိုင်အပေါ်မှာ ပိုရင်းနှီးအောင် ကြိုးစားမိသည်။

ဒေါက်တာမိုးနိုင်က မှုမှုထင်သလိုမဖြစ်။ မြသွေးဆိုသည့်မိန်းမအပေါ်မှာတော့ သူ့ဆက်ဆံရေးတွေက ခန့်မှန်းရခက်သလို



www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။

ယော…အခုတော့ မူမူထင်သည့်အတိုင်း ဒေါက်တာမိုးနိုင်နှင့် မြသွေး ပတ်သက်မှုရှိနေပြီ။ ဟိုတစ်နေ့က အအေးဆိုင်မှာ နှစ်ယောက်ထဲ အတူတွေ့ဆုံကြသည်ကို တစ်ဆင့်ပြန်ကြားပြီးထဲက မူမူ့ရင်တွေ ပူနေခဲ့သည်။ ဒီနေ့ကြပြန်တော့လည်း တိုးတိုး တိုးတိုးနှင့် ဘာတွေပြောနေကြသည်မသိ။

ဒေါက်တာမိုးနိုင်က မူမူကိုမြင်တာနှင့် မြသွေးကို နှုတ်ဆက်ပြီး ထွက်သွားသလို မြသွေးကလည်း မူမူကိုတွေ့တော့ ဘာမှမဖြစ်သလိုလို ဘာလိုလိုနှင့် တမင်ဟန်ဆောင်နေသလို ထင်မိသည်။

"မြသွေး သွားတော့မယ်"

"ကောင်းပြီ"

မူမူကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာသွားသည့် မြသွေး နောက်ကျောပြင်ပြည့်ပြည့်လေးကို ကြည့်ကာ မူမူ အကြံထုတ်နေမိသည်။

ဒီပုံအတိုင်းဆိုမလွယ်။

မူမူ့လက်ထဲက ဒေါက်တာမိုးနိုင်ကို မြသွေးဆိုသည့် မိန်းမ လုယူသွားမှာတွေးပြီး အလိုလိုရင်ပူလာသည်။ မြသွေး ရောက်လာပြီးကတည်းက အားလုံးပါးစပ်ဖျားမှာ မြသွေးနာမည်က ရေပန်းအစားဆုံးဖြစ်နေသည်။





လုပ်ငန်းတာဝန်ဝတ္တရားများကို အားကြိုးမာန်တက် လုပ်ကိုင်တတ်သူအဖြစ်လည်းကောင်း၊ လူနာများအပေါ်မှာ သည်းခံစိတ်ရှည်ပြီး ကြင်ကြင်နာနာ ပြောဆိုဆက်ဆံရုံမက လိုအပ်လျှင် သူ့အိတ်ထဲမှ ငွေကိုပင် စိုက်ထုတ်ပေးတာမျိုးကအစ မြသွေး သတင်းက သင်းပျံ့နေ၏။

ကြားကာစက နှုတ်ခမ်းကိုမဲ့မိသည်။ သူ့ကိုယ်သူ ဘာထင်နေလဲမသိဘူးဟု တွေးကာ မရယ်ချင်ရယ်ချင် ဟက်ခနဲ ရယ်ခဲ့သည်။

မူမူက ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် သူနာပြုဆရာမ လုပ်နေရပေမယ့် သူမဝါသနာပါတာက ဒါတွေမဟုတ်။ သူမဘဝ၏ ရည်မှန်းချက်က မြင့်မြင့်မားမား နေထိုင်ရှင်သန်ရေးကိုသာ ဦးတည်ပြစ်မှတ်အဖြစ် ထားခဲ့သူဖြစ်သည်။

မိဘတွေက အထည်ကြီးပျက်တွေမို့ သူဌေးသမီးဘဝတွင် တစ်သက်လုံး လိုတရပြည့်စုံခဲ့ရသော မူမူ့ဘဝကို အရင်လိုဘဝမျိုး ပြန်ရောက်အောင် ဖွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မည့် ပြည့်စုံချမ်းသာကြွယ်ဝသည့် ယောကျ်ားတိုင်းကို မူမူ စိတ်ဝင်စားသည်။

တိုတောင်းလှသော လူ့ဘဝကြီးကို အဆင့်အတန်းမြင့်မြင့်မားမား ဂုဏ်ယူဝံ့ကြွားစွာ မပူမပင် ဖြတ်သန်းချင်သည်။ စိတ်ဆင်းရဲစရာတွေ၊ စိတ်ညစ်စရာတွေအားလုံးကို ငွေကြေးဖြင့် ဖုံးလွှမ်းထိုက်လျှင် အလုံးစုံပြည့်စုံပြီဟုထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအကြံတွေနှင့် မူမူအတွက် သူဌေးဖြစ်မည့်သူမျိုးကို လိမ္မာပါးနပ်စွာ ရွေးချယ်ခဲ့တာဖြစ်သည်။

အခု မူမူမှာ ပြိုင်ဘက်က ရှိနေပြီ။

ထိုသူက တခြားသူမဟုတ်။ မြသွေးဆိုသည့် မိန်းမဖြစ်သည်။

"မူမူ"

"ဪ…သီတာ"

"ညွှန့်သည်တစ်ယောက် မူမူကို တွေ့ချင်လို့ဆိုပြီး လာရှာနေတယ်၊ ကားအကောင်းစားကြီးနဲ့ပဲ သွားတွေ့လိုက်ပါဦး"

"ကျေးဇူးပဲ သီတာ၊ မူမူ အခုပဲ သွားတွေ့လိုက်ပါ့မယ်"

အပြုံးလှလှဖြင့် သီတာကို ကျေးဇူးတင်စကားဆိုပြီး နေ့ရာက လှည့်အထွက်မှာ ကားအကောင်းစားကြီးနှင့် မူမူကို လာရှာနေသူကို စိတ်ဝင်စားသွားသည်။

ဆေးရုံရောက်လာသည့် လူနာတွေထဲက ပိုက်ဆံရှိသူဌေးတွေကို မူမူက သူမ ပြစ်မှတ်အဖြစ်ထားသူဖြစ်သည်။ မရှိဆင်းရဲသားလူနာတွေကို စိတ်မဝင်စား။

သူဌေးတွေဆိုတော့ မူမူအတွက် ငွေရေးကြေးရေး အဆင်ပြေပြေရသည့်အပြင် လက်ဆောင်ပစ္စည်းတွေလည်း ရသည်။

ဒီကြားထဲက လူနာအမျိုးသား လူပျိုလူလွတ်တွေအတွက် သိပ်လှသည့် မူမူအလှက ဆေးစွမ်းတစ်လက်အဖြစ် ပြောင်းလဲသွားကတ်သည်။ ဆေးရုံကဆင်းပြီး မူမူထံကို ဝင်ထွက်သွားလာပြီး ချစ်ခွင့်ပန်ကြသူတွေ၊ ပိုးပန်းလာကြသူတွေကို မူမူက အပြုံးလေးဖြင့် လက်ခံထားပြီး ကြိုးရှည်ရှည်နှင့် လှန်ထားလိုက်သည်။



ဒီနည်းဖြင့် မူမူမှာ လက်ဆောင်ပဏ္ဏာ ဆက်သသူ ကိုကိုမောင်မောင်တွေ ကောင်းမှုဖြင့် ဤမျှ လှပကျော့ရှင်းစွာ နေနိုင်ခြင်းဖြစ်သည်။

"မူမူ"

"ဦးတင်ထွန်း"

မျှော်လင့်မထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် မူမူ ခြေအစုံမှာ တွန့်ခနဲဖြစ်သွားရသော်လည်း ဦးတင်ထွန်းစီးလာသည့် ကားနှင့် အဖိုးတန်လက်ဆောင်များကိုကြည့်ကာ စိတ်ဆိုကမပါသော်လည်း လှပသောမျက်နှာလေးကို အကြည်သာအချိုမြဆုံးဖြစ်အောင် ဟန်လုပ်ပြီး ပြုံးလိုက်ရပါသည်။

"ရှာလိုက်ရတာ မူမူရယ်၊ တစ်နေရာသွားပြီး အအေးသောက်ရင်း စကားပြောကြစို့လား"

"မူမူ တာဝန်ချိန်ဖြစ်နေလို့ အဝေးကြီးသွားလို့တော့ မရဘူး ဦးတင်ထွန်းရဲ့၊ ဒီနားက ဆိုင်တစ်ဆိုင်မှာ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ထိုင်မယ်ဆိုရင်တော့ ဖြစ်ပါတယ်"

"ကိုယ်က မူမူမျက်နှာလေးကို အချိန်အကြာကြီး ကြည့်ချင်နေတာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်မှလာလေ"

အသက်အရွယ်နှင့်မမျှ မူမူကို ညှုနေသူကို စိတ်ထဲက သဘောမကျတာကို လူသိမခံဘဲ ပြုံးပြုံးလေးဆိုလိုက်တော့ ဦးတင်ထွန်းကိုယ်ကြီး တွန့်သွားတာကို မြင်လိုက်ရသည်။

"နောက်မှ သက်သက်တစ်ခေါက် လာခဲ့မယ်ကွာ၊ အခု မူမူအတွက် လက်ဆောင်ပစ္စည်းတွေလည်း ဝယ်လာတာဆိုတော့ အဲဒါတွေကို အရင်လိုက်ယူလိုက်ဦး"

"ဦးတင်ထွန်း ဒီနားက ဆုံစည်းရာ အအေးဆိုင်လေးမှာ သွားစောင့်နေလိုက်ပါ၊ မူမူ ခဏနေရင် လိုက်လာခဲ့ပါ့မယ်"

"သွားနှင့်လိုက်နော်"

"ကောင်းပြီလေ...မူမူ မလာမချင်း ကိုယ်စောင့်နေမယ် ဟုတ်လား"

မူမူ မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်ပြီး ဦးတင်ထွန်း ကားပေါ်တက်သွားသည်နှင့် မူမူလည်း ဆေးပတ်ဝန်းကျင်ကို ကမန်းကတန်းလေး အကဲခတ်ကြည့်ရှုလိုက်ရသည်။ အနားမှာ ဘယ်သူမှရှိမနေမှ ရင်ထဲကအလုံးကြီး ပြုတ်ကျသွားသည်။ နောက် ဘယ်တော့မှ ဆေးရုံကိုလိုက်မလာဖို့ ပြောရမည်ဟုတွေးရင်း ဘယ်သူမှမရိပ်မိခင် နေရာက အသာလေးလစ်ထွက်လာခဲ့လိုက်သည်။

× × × ×

အခန်း (၅)

"မာမီ...သူက မြသွေးတဲ့၊ မာမို့ကျန်းမာရေးအတွက် စောင့်ရှောက်သွားပါလိမ့်မယ်၊ သူက ကျွန်တော်တို့ဆေးရုံမှာ စိတ်အချရဆုံးနဲ့ အတော်ဆုံးဆရာမပဲဗျာ"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး ဆရာရယ်၊ တော်ကြာ တခြားဆရာမတွေကြားသွားလို့ မြသွေးကို အလှောင်ခံနေရပါဦးမယ်"

"တခြားသူ မကြားနိုင်တဲ့နေရာမှ တမင်ရွေးပြောတာမို့ စိတ်ချပါဗျာ၊ ကျွန်တော့်မာမီကလည်း မြသွေးကို လှောင်မှာ မဟုတ်ပါဘူး၊ ဟုတ်တယ်မဟုတ်လား မာမီ"

"ဟုတ်ပါတယ်ကွယ်...ဟုတ်ပါတယ်၊ အဟင်း... ဟင်း...ဟင်း"

"အဟွန်း...ဟွန်း...ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်စလုံး သူတို့စကားကို သူတို့ဘာသာ သဘောကျပြီး အတူရယ်မောလိုက်ကြတာမို့ မြသွေးလည်း ဒေါက်တာမိုးနိုင်တို့ သားအမိနှင့်အတူ ရောရောင်ပြုံးလိုက်မိပါသည်။

နောက်ဆုံးတော့ ဒေါက်တာမိုးနိုင် အလိုကျအတိုင်း သူ့အိမ်ကို လိုက်ပါကာ သူ့မိခင်ကြီး၏ ကျန်းမာရေးကို အနီးကပ် တာဝန်ယူပြုစုစောင့်ရှောက်ရမည့်ကိစ္စမှာ မြသွေးအတွက် ဖြစ်လာခဲ့ရခြင်း ဖြစ်ပါသည်။

"ကိုယ့်အိမ်လိုပဲ သဘောထားပြီး လွတ်လွတ်လပ်လပ် နေပါ ဆရာမ၊ အိပ်ခန်းကိုတော့ မာမီနဲ့ ကပ်လျက်အခန်းကိုပဲ ပြင်ထားပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒါဖြင့် ကျွန်တော့်မှာ အလုပ်ကိစ္စလေးရှိသေးလို့ သွားလိုက်ဦးမယ် မာမီ၊ ခွင့်ပြုပါဦး ဆရာမ"

"ဟုတ်ကဲ့ဆရာ"

ဒေါက်တာမိုးနိုင် အခန်းထဲက ထွက်သွားသဖြင့် မြသွေး သူ့မာမီ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဇရာ၏ ထုထောင်း နှိပ်စက်မှုဖြင့် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဒေါက်တာ မိုးနိုင်၏ မိခင်ကြီးမှာ မကျန်းမာသဖြင့် စကားပင် များများမပြော





နိုင်ရှာဘဲ သူ့ဘာသာ ပုတီးတစ်ကုံးကို အဖော်ပြုကာ ငြိမ်သက် နေတတ်သူမျိုး ဖြစ်ပါသည်။

သို့ပါသော်လည်း ထက်မြက်ပါးနပ်မှုနှင့် လှပခြင်းတို့က ဒေါက်တာမိုးနိုင်၏ မိခင်ကြီးထံမှ မျက်လုံး၊ နှုတ်ခမ်းများကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်ပါသည်။

သူ့ခေတ်သူ့အခါတုန်းက အဘယ်မျှ ဩဇာအာဏာ သက်ရောက်ခဲ့မည်ဆိုသည်ကိုက အခုအမြင်မှာပင် တွေးကြည့်ရုံ နှင့် သိနိုင်ပါသည်။

"ဆရာမလည်း နားနားနေနေနေပါ၊ အန်တီ ကိစ္စရှိတဲ့ အခါ ဒီဘဲလ်လေးကို နှိပ်လိုက်ရင် ဆရာမအခန်းမှာ အသံမြည်ပါ လိမ့်မယ်"

"ဟုတ်ကဲ့ပါရှင်၊ အန်တီလိုအပ်ရင် ခေါ်လိုက်ပါ"

"ကောင်းပါပြီကွယ်"

သူမအတွက်ပေးထားသော အခန်းထဲကို မြသွေး ရောက် လာသည်။ ပြည့်စုံချမ်းသာသူတို့၏ အပြင်အဆင်အတိုင်း အိမ်ဖွဲ့ ရည်းမှုနှင့် အသုံးအဆောင်ပစ္စည်းတွေအားလုံး အကောင်းစားတွေ ချည်းဖြစ်သည်။

အခန်းပြတင်းမှာ ရပ်ရင်း မြသွေးသည် အပေါ်စီးမှမြင် တွေ့နေရသော ဒေါက်တာမိုးနိုင်တို့ ခြံကြီးကို ငေးကြည့်ငေးမော



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိမ်းမြသော ဂျပန်မြက်ခင်းနှင့် ရောင်စုံပန်းများ ဝေဆာပွင့်နေပုံက မျက်စိအေးစရာဖြစ်သလို ရေကူးကန်နှင့် ရောင်စုံထီးလေးတလည်း နွမ်းနယ်သောစိတ်အစဉ်ကို လန်းဆန်းတက်ကြွစေသည်က အမှန်ဖြစ်သည်။

ဒေါက်တာမိုးနိုင်သည် တစ်ဦးတည်းသောသား ဖြစ်ရုံမက ဤမျှပြည့်စုံချမ်းသာသူ ဖြစ်ပါလျက် အခုချိန်ထိ အိမ်ထောင်မပြုဘဲ တစ်ယောက်တည်း လွတ်လပ်စွာ နေထိုင်နေခြင်းကိုလည်း အံ့သြနေမိသည်။

ဆရာ့တွင် ချစ်သူမရှိလို့တော့ မဖြစ်နိုင်။ ရွေးချယ်ရမှာများလွန်း၍ပဲ ဖြစ်မည်ထင်သည်။ ဒါမှမဟုတ် တစ်ကိုယ်တည်းမည်သည့်အနှောင်အဖွဲ့မှ မရှိဘဲ နေထိုင်ရခြင်းကိုပဲ နှစ်ခြိုက်သဘောကျသည်လား။ သိပ်တော့ မဖြစ်နိုင်။

ဒါလည်း သူ့အကြောင်းနှင့်သူ ဖြစ်မည်ထင်သည်။ မြသွေးသည် ဒေါက်တာမိုးနိုင်အကြောင်း တွေးရင်းက သူမအကြောင်း ခေါင်းထဲကို ဖျတ်ခနဲရောက်လာသည်။

မွမ္မသာ မြသွေး ဒေါက်တာမိုးနိုင်အိမ်ကို ရောက်နေသည့်အကြောင်းကို သိလျှင် ဘာတွေဘယ်လို ဖြစ်ကုန်မည်ဆိုသည်ကိုက ပြောစရာမလိုချေ။

မြသွေးကို အကြီးအကျယ် ရန်လုပ်မှာ သေချာသည်။





ကိုယ်နှင့်လည်း ဘာတစ်ခုမှ သက်ဆိုင်ပတ်သက်ခြင်းမရှိသော ယောကျ်ားတစ်ယောက်အတွက် မိန်းမချင်း ရန်လိုမုန်းထားခံရမည့် အဖြစ်ကို စိတ်အညစ်ဆုံးဖြစ်သည်။

သို့သော် အခြေအနေတွေကို ပြောင်းလဲချင်တိုင်း ပြောင်းလဲခွင့်မရ။ လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အချိန်တွေကုန်သည်က လျင်မြန်လွန်းလှသည်။ ရေချိုးခန်းဝင်ပြီး ရေချိုး၊ သနပ်ခါးလူး အဝတ်လဲပြီးနောက် လူနာမခေါ်သော်လည်း လူနာခန်းကို သွားရသည်။

ရေချိုးချိန်၊ ဆေးသောက်ချိန်၊ ထမင်းစားချိန်၊ လမ်းလျှောက်ချိန်၊ အနားယူချိန်များအားလုံး စာရင်းဇယားလုပ်ရန် ဆုံးဖြတ်ထားသော်လည်း လောလောဆယ် လူနာကို ရေနွေးစပ်ထားသော ရေလေးဖြင့် တစ်ကိုယ်သန့်ရှင်းမှု စိတ်ရှည်လက်ရှည် ပြုလုပ်ပေးလိုက်သည်။

ပြီးမှ သနပ်ခါးလူး၊ ပေါင်ဒါလိမ်း မနက်စာအတွက် အာဟာရပြည့်မည့်အစားအသောက်ကို စိစစ်ရွေးချယ်ပြီး လူနာကို သင့်တင့်ရုံကျွေးမွေးပြီး ဆေးတိုက်ရသည်။

လူနာနားချိန်မှာ တရားစာများဖတ်ပြပြီး လုံးဝနှစ်ခြိုက်စွာ အိပ်ပျော်သွားမှ သူမအခန်းကို မြသွေး ပြန်ခဲ့သည်။

"ဘယ်နှယ့်လဲ....ဆရာမ နေရထိုင်ရတာ အဆင်ပြေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား''

အပြင်မှပြန်လာသော ဒေါက်တာမိုးနိုင်နှင့် ခြံထဲမှာ ဆင်းထိုင်နေသော မြသွေးတို့ ဆုံမိကြချှင် ဒေါက်တာမိုးနိုင်က ပြုံးရွှင်စွာ မေးလိုက်ခြင်းဖြစ်သည့်အတွက် ထိုင်ရာမှ မြသွေး ကမန်းကတန်းလေး ထလိုက်မိသည်။

''မြသွေးအတွက် အဆင်ပြေပါတယ်ဆရာ၊ အန်တီအတွက်သာ အဆင်ပြေမှုရှိမရှိ ပိုအရေးကြီးတာပါ''

''မာမီ့အတွက် ဆရာမက အဆင်ပြေမှာပါဗျာ၊ ညစာကို ခုနစ်နာရီလောက်ကျမှ အတူစားကြတာပေါ့၊ အခု မာမီဆီ ကိုယ်သွားလိုက်ဦးမယ်''

''ဟုတ်ကဲ့ ဆရာ''

လန်းဆန်းတက်ကြွသောအသွင်၊ တည်ကြည်ခန့်ညားသော ဥပဓိရုပ်နှင့် ဒေါက်တာမိုးနိုင်ပုံစံက မည်မျှပင် အလုပ်ပင်ပန်းပါစေ လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးရှိလှသည်ကလည်း အမှန်ပင်။

မြသွေးသည် လက်ထဲက အပ်နှင့် ချည်လုံးလေးကို ကြည့်ကာ ထိုးလက်စချည်ခင်ကို ဆက်လိုက်သည်။ ဒီနှစ်ဆောင်းဆိုလျှင် မေမေ့အတွက် မြသွေးကိုယ်တိုင် ထိုးပေးသည့် အနွေးထည်လေးကို မေမေကိုယ်ပေါ်မှာ မြင်လိုတွေ့လိုသူဖြစ်သည်။

ဒေါက်တာမိုးနိုင်၏ မာမီကို မြင်နေရတော့ မြသွေးမိခင်





ကို သတိရသည်။ အမေတစ်ယောက်၏ စိတ်ခံစားချက်ကို နားလည်သည့်အတွက် လူနာအပေါ်မှာ အစွမ်းကုန် စိတ်ရှည်သည်းခံဖို့ ဆုံးဖြတ်ထား၏။

''မာမီအိပ်နေပြီနော် ဆရာမ''

''ဟုတ်ကဲ့...ဆရာ ဒီနေ့တစ်နေ့လုံး မအိပ်တော့ စောစောအိပ်ရာဝင်သွားတာပါ၊ တခြားစိုးရိမ်စရာကြောင့် မဟုတ်ပါဘူး''

''အေးဗျာ...မာမီ့နားမှာ ဆရာမရှိနေတော့ အလုပ်လုပ်ရတာ နောက်ဆံတင်းနေစရာမလိုဘူးပေါ့''

''စားနော်ဆရာမ...ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေပါ၊ စားချင်တာရှိရင်လည်း ဒေါ်ညဏ်တို့ကို ချက်ခိုင်းပါ''

''ဟုတ်ကဲ့ ဆရာ''

ထမင်းဝိုင်းမှာ ဟင်းအမယ်စုံလှသော်လည်း မဦးတို့လို သူငယ်ချင်းနှစ်ယောက် အတူစားရချိန်နှင့် မတူ လွတ်လပ်မှုမရှိ။ ဒေါက်တာမိုးနိုင်ရှေ့မှာမို့ သတိထားနေရသည်။

သူကတော့ မြသွေးကို ဂရုစိုက်မနေ။ သူစားနေသောက်နေပုံမှာ အားပါးတရရှိလှသလို အစားအသောက်စားသောက်ပုံကလည်း အဆင့်အတန်းရှိရှိ ကျွမ်းကျင်သေသပ်လှသည်။

''တော်ပြီလား ဆရာမ၊ ထမင်းထပ်ယူဦးလေ''



www.burmeseclassic.com

www.burmeseclassic.com



"မြသွေး ဒီလောက်ပဲ စားလိုပါတယ်ဆရာ"

ဒါပဲပြောပြီး ထမင်းပွဲကို လက်စသတ်လိုက်တော့ သူက ဘာမှမပြော။ ညစာစားပြီး လူနာအိပ်ခန်းကို မြသွေး ဝင်ကြည့်သည်။ လူနာက နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲမို့ စာအုပ်တစ်အုပ်နှင့် ငြိမ်သက်စွာ လူနာနားမှာ ငြိမ်နေမိသည်။

မတတ်သာ၍ ဒေါက်တာမိုးနိုင်နှင့် အတူတွဲ အလုပ်လုပ်နေရပေမယ့် မြသွေးစိတ်ထဲမှာ ဘာကိုမှန်းမသိ ထိတ်လန့်ချင်နေသည်။

အများအမြင်မှာ မြသွေးကို ဘာတွေပြောကြဦးမည်မသိ။ ဒေါက်တာမိုးနိုင်လိုလူပျိုတစ်ယောက်အိမ်မှာ မြသွေးလို အပျိုချောချောလေး ရှိမနေသင့်တာက အမှန်ဖြစ်သော်လည်း အခြေအနေအရ ငြင်းဆန်ဖို့ကြတော့လည်း မဖြစ်နိုင်။

အတွေးပေါင်းစုံဖြင့် ညဥ့်အတော်နက်မှ နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

× × × ×



အခန်း (၆)

အချိန်တို့ လျင်မြန်စွာ ကုန်ဆုံးသွားသဖြင့် ဆယ်ရက်ဆိုသည့်အချိန်မှာ ဘာမှမကြာလိုက်ချေ။ စေတနာမေတ္တာအပြည့်ဖြင့် ဒေါက်တာမိုးနိုင်၏ မိခင်ကြီးကို ကိုယ့်မိခင်ပမာ ပြုစုစောင့်ရှောက်သော မြသွေးက လူမမာနှင့် ဆရာမ ဆက်ဆံရေးချည်းမဟုတ်သဖြင့် ဒေါ်မိုးမြင့်မှာ မြသွေးနှင့်အတူ ရှိနေရခြင်းအပေါ်မှာ ကျေနပ်လျက်ရှိသည်။

"ဒီနေ့ မာမီမျက်နှာလေး လန်းနေပါလားဗျာ၊ အမြဲတမ်း အခုလိုလေး ပြုံးနေနိုင်ရင် သိပ်ကောင်းမှာပဲဗျာ"

"ပြုံးနေချင်တာ သားရယ်၊ ခန္ဓာရှိတော့ ဝေဒနာနဲ့လည်း တောင်းနိုင်တော့ အခုလို အမြဲတော့ ဘယ်ပြုံးနေနိုင်ပါ့မလဲ"

"ကျွန်တော်ကလည်း သဘောပြောတာပါ မာမီရဲ့၊ ဘယ့်နှယ်လည်းမာမီ ကျွန်တော်ခေါ်လာတဲ့ ဆရာမလေးကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျရဲ့လား''

ဒေါက်တာမိုးနိုင်က မိခင်ကြီး၏ ကျန်းမာရေးကို ဂရုတစိုက်စစ်ဆေးပေးရင်း မြသွေးအလစ်မှာ မိခင်ကြီးကို မေးလိုက်ခြင်းဖြစ်သည်။

''ကျပါတယ်ကွယ်...မာမီတွေ့သမျှ ဆရာမတွေထဲမှာတော့ ဒီဆရာမလေး အတော်ဆုံးလို့ ဆိုရမှာပဲ၊ လုပ်တာကိုင်တာလေးတွေကလည်း တကယ့်စေတနာပါတယ်၊ သားမျက်နှာကြောင့်လားတော့မသိဘူး''

''မဟုတ်ဘူး မာမီ၊ မြသွေးကိုယ့်တိုင်က ဆင်းရဲချမ်းသာမရွေး ဒီပုံအတိုင်းပဲ လူမမာတွေအပေါ်မှာ ပြုစုဆက်ဆံတာပါ၊ ကျွန်တော် မျက်နှာကြောင့်မဟုတ်ပါဘူး''

''အမှန်အတိုင်းပြောရရင် သူက ကျွန်တော် မာမီအတွက် ခေါ်တာတောင် လိုက်ချင်တာမဟုတ်ဘူး၊ မကောင်းတတ်လို့သာ လိုက်လာရတာပါဗျာ''

''ဟုတ်လား...မာမီတော့ သူနဲ့နေရတာ စိတ်ချမ်းသာပါတယ်ကွယ်''

''မာမီ စိတ်ချမ်းသာတယ်ဆိုရင် ဝမ်းသာပါတယ်ဗျာ၊ အခု သူဘယ်သွားလဲမာမီ''

အလုပ်ကပြန်လာချိန်မှာ မြသွေးကို မမြင်ရဘဲ မိခင်ဖြစ်သူကိုသာ သနပ်ခါးအဖွေးသားနှင့် ပုတီးစိပ်လျက်သား တွေ့မြင်ရ





သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

''နောက်ဘက် မီးဖိုချောင်ကို အခုလေးတင်ပဲ ဝင်သွားတယ်သားရဲ့၊ မာမီအတွက် ညစာကို သူကိုယ်တိုင်စီစဉ်နေကြလေ''

''ဟုတ်လား''

''ဒါဖြင့် ကျွန်တော်လည်း ရေချိုးလိုက်ဦးမယ်နော် မာမီ''

''ကောင်းပါပြီကွယ်''

ကျေနပ်နှစ်သိမ့်စွာ ဒေါက်တာမိုးနိုင် အပေါ်ထပ်ရှိ သူ့အခန်းကို တက်လာခဲ့သည်။ မြသွေးကို မာမီအတွက် ရွေးချယ်လိုက်ခြင်းက လုံးဝမမှားကြောင်း လက်တွေ့သက်သေပြနေသည်။

တခြားသူတစ်ယောက်ဆို မြသွေးလိုနေမည်မဟုတ်။ ဒေါက်တာမိုးနိုင်ဆိုသည့် သူနှင့် တစ်နည်းနည်းနှင့် ပတ်သက်ဖို့ ကြိုးစားကြမှာကို ကြိုသိနေသည်။ မူမူဆိုသည့် ကလေးမဆိုလျှင် ပို၍မလွယ်။ မူမူက သူ့အပေါ်မှာ တစ်ဖက်သတ်မေတ္တာရှိနေတာကို သိနေရတော့ အိမ်ပေါ်ကိုမခေါ်ရဲ။

မြသွေးကြတော့ တစ်မျိုး။

ဒေါက်တာမိုးနိုင်ဆိုသည့် သူ့ကို စိတ်ဝင်စားဖို့မဆိုထားနှင့် သူလိုလူတစ်ယောက်နှင့် ရင်းရင်းနှီးနှီးပတ်သက်ရမှာကိုပင် ရှိုးကြောက်နေသူ။

လူ့သဘာဝအရ ကိုယ့်ကို စိတ်ဝင်စားနေသူအပေါ်မှာ ပြန်၍ စိတ်မဝင်စားတတ်။ ကိုယ့်ကို လုံးဝစိတ်မဝင်စားသူ၊



www.burmeseclassic.com

www.burmeseclassic.com



ဘနေ့ခနိုက်တဲ တွေ့သည့်နေရာမှာ ခပ်တည်တည်လေးလုပ်ကာ ရှောင်ပြေးဖို့ ကြိုးစားတတ်သူမျိုးကို ပို၍အလေးထား စိတ်ဝင်စားတတ်တာမျိုးဖြစ်သည်။

ဒေါက်တာမိုးနိုင်ကိုယ်တိုင်လည်း လူသားထဲက တစ်ယောက်အပါအဝင်မို့ သူ့ကို လုံးဝစိတ်မဝင်စားသော မြသွေးကို စိတ်ဝင်စားနေမိသည်။ မြသွေးက သူခေါ်၍ မာမီကိုပြုစုဖို့ တာဝန်တစ်ရပ်အနေနှင့် ရောက်လာသော်လည်း အလုပ်တာဝန်မှအပ သူနှင့်အဝေးရောင်ဖို့ မကြိုးစား။ တစ်အိမ်ထဲ အတူနေရသည်ဆိုပေမယ့် မာမီနားမှာသာ အချိန်ကုန်တတ်သူဖြစ်သည့်အတိုင်း သူမနှင့် နှစ်ယောက်ထဲ လွတ်လပ်စွာ ဆုံတွေ့ခွင့်မရအောင် အနေအထိုင်ကျစ်လစ်သိပ်သည်းသူဖြစ်သည်။

"တူ…တူ…တူ"

ရေချိုးခန်းက အထွက်မှာ ဖုန်းသံမြည်လာသဖြင့် သူကောက်ယူနားထောင်လိုက်တော့ တခြားသူမဟုတ်ဘဲ မွေးဖြစ်နေသည်။

"ဟဲလို"

"ကိုကို မွေးပါ"

"ပြောပါဦး"

"ကိုကိုနဲ့အတူ ညစာသွားစားမလို့ မငြင်းနဲ့နော်ကိုကို

မွေး အခုပဲရောက်တော့မှာ ဒါပဲနော်"

"ဟိတ်…မွေး"

သူလှမ်းခေါ်ပေမယ့် မရတော့။

မွေးက သူပြောချင်တာပြောပြီး ဖုန်းချသွားပြီမို့ မတတ်သာသည့်အဆုံး မွေးနှင့် အပြင်သွားဖို့ အသင့်အဝတ်လဲပြီး အောက်ထပ်ကို ဆင်းခဲ့ရသည်။

မွေးနှင့်တော့ တကယ်မလွယ်။ သူ့ကိုတွေ့ရင် အမျိုးမျိုးဂျီကျတတ်သူ ကလေးဆိုးဖြစ်သည်။ ဒေါက်တာမိုးနိုင်မှာလည်း အလုပ်တာဝန်များသူမို့ စိတ်သွားတိုင်းကိုယ်မပါနိုင်။ မွေး ဂျီကျဆိုးနွဲ့သမျှ အလုံးစုံမလိုက်လျောနိုင်တာတွေလည်း ရှိသည်။

ချိန်းထားပြီးမှ ရောက်မသွားနိုင်တာမျိုး ခဏခဏဖြစ်သည်။ မွေးကမမှတ်။ သူ့ဘာသာ စိတ်ဆိုးစိတ်ကောက်ပြီး နောက်တစ်ခါ သူ့ဘာသာပင် စိတ်ကောက်ပြေသွားကာ သူ့နားပြန်ရောက်လာမြဲဖြစ်သည်။

ဒီတစ်ခါတော့ သူကိုယ်တိုင်လည်း တခြားကိစ္စမရှိသဖြင့် မွေးဆန္ဒကိုလိုက်လျောမည်ဟု ဆုံးဖြတ်ထားသည်။ မွေးကိုယ်တိုင်မောင်းလာသည့် ကားလေးအိမ်ရှေ့မှာ အရပ် ဒေါက်တာမိုးနိုင်ကလည်း အပေါ်ထပ်ကဆင်းအလာ နှစ်ယောက်အတူ ဆုံမိကြသည်။

"ကိုကို"

www.burmeseclassic.com



"ဖွေးတစ်ယောက်တည်းလား"

အနက်ရောင်ဝတ်စုံလေးဖြင့် လှပသော ဖွေးကိုကြည့်ပြီး သူမေးလိုက်တော့ ဖွေးက သူ့ကို မျက်စောင်းဝင့်ပါသည်။

"နှစ်ယောက်ပါ ကိုကို၊ ဒီမှာလေ ကိုကိုနဲ့ နှစ်ယောက် အတူသွားမှာ၊ အန့်တီရောကိုကို"

"ထမင်းစားခန်းမှာထင်တယ်"

"ဟုတ်လား…အန့်တီ့ကို ဖွေး သွားနှုတ်ဆက်လိုက်ဦး မယ်နော်၊ ကိုကိုလာ၊ ကိုကိုပါလိုက်ခဲ့"

"တူ…တူ…တူ"

"ဖွေး သွားနှင့်လေ ကိုကို ဖုန်းပြောလိုက်ဦးမယ်"

"ဟဲလို"

ချောမောခန့်ညားသော ကိုကို အသွင်ကို ရင်ခုန်စွာ တစ်ချက်ရူးစိုက်ကြည့်လိုက်ပြီး ဖွေးတစ်ယောက်တည်း ထမင်းစား ခန်းဘက်ကို လျှောက်ခဲ့သည်။ ဖွေးအတွက် ကိုကိုအိမ်က ဝင်ထွက် သွားလာနေကြ စားအိမ်သောက်အိမ်မို့ မစိမ်းပါ။

"အန့်တီ"

"ဟော…သမီးလေး ဖွေးပါလား၊ သမီးကိုကိုကို မတွေ့ ခဲ့ဘူးလားကွယ်"

"တွေ့ခဲ့ပါတယ် အန့်တီ၊ ကိုကိုနဲ့ ဖွေး ညစာအတူသွား



စားမလို့လေ၊ အန့်တီရော ဘာစားချင်လဲ၊ ဖွေး ဝယ်ခဲ့မယ်လေ"

"တော်ပါပြီသမီးရယ်"

ခုံတစ်လုံးကို ဆွဲယူထိုင်ချလိုက်သံ။ ရင်းနှီးနွေးထွေးစွာ ပြောဆိုနေကြသံများနှင့်အတူ ဖွေးဆိုသည့်အမည်နှင့် လှုပ်ရှားသံများ က ကျောခိုင်းအနေအထားနှင့် ဟင်းရည်ပူပူကို ပန်းကန်ထဲခပ်ထည့် နေသော မြသွေး၏လက်အစုံကို တန့်သွားစေပါသည်။

ဘုရား…ဘုရား။

ဖွေးဆိုပါလား။

မြသွေး နားကြားလွဲခြင်းတော့မဟုတ်ပါ။ အမည်ရော အသံပါ ကျော်အစ်မဖွေးပဲ ဖြစ်ရမည်ဟု အတတ်ကြီးသိလိုက်ပေ မယ့် မြသွေးမှာ ရှောင်ပြေးစရာမြေကမရှိ။

"ဘာဖြစ်လို့လဲ အန့်တီရဲ့၊ ဖွေးကို အားမနာပါနဲ့"

"အားနာလို့မဟုတ်ဘူးကွယ်၊ အန့်တီကျန်းမာရေးက ကောင်းတော့ ဖွေးကိုကိုကိုယ်တိုင် စပါယ်ရှယ်နာ့စ်နဲ့ အနေအထိုင် အစားအသောက်ကအစ ဂရုစိုက်ပြုစုပေးနေတာလေ၊ အပြင်စာတွေ နဲ့ အန့်တီနဲ့ မတည့်လို့ပါကွယ်"

"ဟုတ်လား…ဖွေးမသိလို့ပါ အန့်တီ၊ အန့်တီ စပါယ် ရှယ်နာ့စ်ဆိုတာရော အခုဘယ်မှာလဲ"

"ဟိုမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အို"

ဟင်းရည်ထည့်ထားသည့် ပန်းကန်ပြားလေး လက်ထဲက လွတ်ထွက်မသွားအောင် တင်းကျပ်စွာ ဆုပ်ကိုင်ရင်း မြသွေး မျက်နှာလုလုလေးထံ စူးရဲစွာ စိုက်ကြည့်နေသော ဖွေး မျက်ဝန်း အကြည့်များကို မသိဟန်ဆောင်နေလိုက်ပါသည်။ တိုက်တိုက်ဆိုင် ဆိုင် ကျော့အစ်မ ဖွေးကိုယ်တိုင်ပဲဖြစ်နေတာမို့ မြသွေးကိုယ်တိုင် လည်း သူမနှင့် ရေစက်မကုန်နိုင်သည့် ကျော့တို့မောင်နှမကို အံ့ဩ နေမိပါသည်။

"ဆရာမလေး နာမည်က မြသွေးတဲ့၊ အန်တီ့အတွက် အနေအထိုင် အစားအသောက်တာဝန်ကို သူပဲတာဝန်ယူထားလေ"

"ဆရာမနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ...သားနဲ့ချစ်သူ ဖွေးတဲ့ မကြာခင်လက်ထပ်ကြတော့မှာ"

"ဟုတ်ကဲ့"

ပညာသားပါပါ ဖွေးဘက်က ရယ်တည်ပြီး ရဲရဲတင်းတင်းဆိုလိုက် သော ယောက်ျားမလောင်းကြီးကို ဖွေးစိတ်ထဲက ကျိတ်ပြီး ကျေးဇူး တွေတင်နေမိသည်။ မြသွေးဆိုသည့် မိန်းမနှင့် ဖွေးတို့ အခုလိုပုံဖြင့် ပြန်တွေ့ရခြင်းကို ဖွေးစိတ်ထဲ ခါးနေအောင်မုန်းတီးသွားသဖြင့် လှပ သော မျက်နှာလေးမှာ ချက်ချင်းလို တင်းမာခက်ထန်သွား၏။



"သူ့ကို ဖွေး သိပါတယ်အန်တီ"

"အို...ဟုတ်လား မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ ကြတာ ပျော်စရာပေါ့ကွယ်"

"မာမီ"

"ဟော...သားလာပြီ"

"ကျွန်တော်တို့အပြင်မှာ ညစာသွားစားမလို့ မာမီ"

"သွားကြလေ...မာမီလည်း အခုပဲ ဖွေးပြောလို့ သိပြီး ပြီ၊ သွားစရာရှိတာသွားကြ သွားကြ"

"ဒါဖြင့် ကျွန်တော်တို့သွားတော့မယ်နော် မာမီ"

"ဖွေးကို ခွင့်ပြုပါဦး အန်တီ"

"ကောင်းပါပြီကွယ်"

ဖွေးက မြသွေးမျက်နှာကို စူးရဲရန်လိုစွာ စူးစိုက်ကြည့်ပြီး ဒေါက်တာမိုးနိုင် နောက်ကလိုက်သွားရပေမယ့် မြသွေးလို မိန်းမ တစ်ယောက် ဖွေးအသက်မက ချစ်မြတ်နိုးရသော ချစ်သူ အိမ်ပေါ် ထိ ကျူးကျော်စော်ကားစွာ ရောက်နေရသည့်အဖြစ်ကို စိတ်မှာ ဘယ်လိုမှ ခွင့်လွှတ်လို့မရအောင် ဖြစ်နေပါသည်။

သိပ်မုန်းစရာကောင်းတဲ့ မိန်းမပဲ။

ကိုကိုတို့သားအမိရှေ့မှာ ဘာမှမသိသလို ပုံစံလေးဖမ်း ကာ တမင်ရိုးသားချင်ဟန်ဆောင်ပြနေတဲ့ ကိုကိုတို့မသိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဖွေးတတော့သိသည်။

ကျော်နှင့်တုန်းကလည်း မြသွေးဆိုသည့် မိန်းမကြောင့် မောင်နှမနှစ်ယောက် မခေါ်နိုင်မပြောနိုင်ဖြစ်ခဲ့ကြတာကို ပြန်အမှတ်ရတော့ ဖွေးရင်ထဲမှာ ပူလာသည်။ အခုချိန်ထိ ကျော်ကိုယ်တိုင် ချစ်သူရည်းစားမရှိခြင်းက အခုမှ မြသွေးဆိုသည့် မိန်းမကို စောင့်မျှော်နေခြင်းလားဟု တွေးပူစရာဖြစ်လာသည်။ ကျော်လိုလူတစ်ယောက်နှင့် မြသွေးလို မိန်းကလေးတစ်ယောက်ကို ဖွေး လုံးဝ သဘောမတူသလို ဖွေးတို့မိဘတွေကလည်း သဘောတူကြမှာ မဟုတ်တာသေချာသည်။

ဒါက မောင်ဖြစ်သူ ကျော်အတွက် စိတ်ပူပင်ရတာဖြစ်သလို ဖွေးချစ်သော ကိုကို အိမ်ပေါ်အထိ ရောက်လာအောင် စွမ်းဆောင်နိုင်သော မြသွေးဆိုသည့်မိန်းမကို ဖွေးစိတ်မှာ ပိုမုန်းမိသည်။

သေချာတာကတော့ မြသွေးဆိုသည့် မိန်းမသိပ်လှနေသည်။ ကျော်နှင့်တွေ့သည့်အချိန်တုန်းကထက် အဆပေါင်းများစွာသာသော အလှပိုင်ရှင်ဖြစ်နေသည်ကိုက ငြင်းမရ။

ကိုကိုကရော မြသွေးကို ဒီလိုအလှအပတွေကြောင့် အနံ့ကျန်းမာရေးကို အကြောင်းပြပြီး အိမ်ပေါ်ခေါ်တင်ထားတာလား။

"ကိုကို"





"ဟင်"

"မြသွေးဆိုတဲ့ဆရာမ ကိုကို့အိမ်ပေါ် ဘယ်လိုရောက်လာတာလဲဟင်"

ညစာကို ဆက်မစားနိုင်တော့ဘဲ လက်ထဲက ဇွန်းနှင့်ခက်ရင်းကို ပြစ်ချရင်း ဖွေး မေးလိုက်မိသည်။

"မာမီ့အတွက် ကိုကိုခေါ်လာတာလေ၊ ဘာဖြစ်လို့လဲ"

"သူ့အကြောင်း ကိုကိုက ဘယ်လောက်သိလို့ အိမ်ပေါ်အထိ ခေါ်တင်ထားရတာလဲလို့"

ဖွေးစကားအဆုံးမှာ ကိုကိုက ဖွေးကို နားမလည်သလို ကြည့်သည်။

"မြသွေးက ဘာဖြစ်နေလို့လဲ၊ ဖွေးက မြသွေးကို သိလို့လား"

"သိပ်သိတာပေါ့"

"ဟင်"

"အဲဒီမြသွေးက သိပ်လည်တာ"

ထူးထူးခြားခြား ဖွေး နှုတ်ဖျားက မြသွေးအကြောင်း ပြောလာတာမို့ ဒေါက်တာမိုးနိုင် ပို၍စိတ်ဝင်စားသွားသည်။

"ဘယ်လိုလည်တာလဲ၊ ဖွေး သိသလောက် မြသွေးအကြောင်းတွေ ကိုယ့်ကို ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပါ…ပြောချင်လွန်းလို့ ထမင်းတောင် ဆက်စားနိုင်တာကြည့်ပါလား၊ လူပုံကိုကြည့်ရင် ရိုးသလို အသလိုနဲ့ သိမ်လည်တဲ့မိန်းမ၊ ကိုကိုသိလား၊ အဲဒီ မြသွေးဆိုတဲ့ မိန်းမက ရုပ်ကလေးလှတာကို ဇန်းပြုပြီး ကိုကိုတို့လို ပိုက်ဆံရှိတဲ့ယောကျ်ားတွေကိုမှ ရွေးပြီး အပိုင်ကြံတတ်တဲ့မိန်းမ သိလား"

"ဖွေးက ဘယ်လိုအသောက်အစားနှင့် သူတစ်ဖက်သားကို ဒီလောက်နှစ်နှစ်နာနာ ပြောနေရတာလဲ ဖွေး၊ ကိုကို့အမြင်မှာ မြသွေးဟာ ဖွေးပြောသလောက် ဆိုးတဲ့ မိန်းကလေးမျိုး မဖြစ်နိုင်ဘူးလို့ထင်တယ်"

"အဟင်း…ဟင်း…ဟင်း"

မြသွေးဘက်က ခုခံကာကွယ်ပြောနေသော ဖွေးချစ်ရသူ၏ မျက်နှာကိုကြည့်ကာ အခံရခက်ခက်နှင့် ရယ်မောပစ်လိုက်သည်။ မြသွေးဆိုသည့် မိန်းမနဲ့ ပတ်သက်လာရင် ကျော်သာမဟုတ် ကိုကိုလိုလူတစ်ယောက်ကလည်း ဒီလိုစကားမျိုးတွေ ပြောနိုင်သားပဲဟု တွေးပြီး စိတ်ထဲမှာ မြသွေးကို ပိုမုန်းသွားမိသည်။

"ဒါက ကိုကို့အထင်ကိုး၊ ဖွေးတို့က ကိုယ်တွေ့မို့ ဒီစကားတွေပြောနေရတာ၊ ကျော်နဲ့တုန်းကလည်း အဲဒီမြသွေးဆိုတဲ့ မိန်းမကြောင့်ပဲ ဖွေးတို့မောင်နှမ အကြာကြီးမခေါ်မပြော ဖြစ်ခဲ့ကြတာ၊ ကိုကိုမှတ်မိလား"





"မိန်းကလေးတစ်ယောက်ကြောင့်ဆိုတာ ဖွေးပြောလို့ ကိုယ်သိသားပဲ"

"ဟုတ်တယ်၊ အဲဒီမိန်းကလေးဟာ တခြားသူမဟုတ်ဘူး အခု ကိုကို့အိမ်ပေါ်ရောက်နေတဲ့ မြသွေးပဲကိုကို"

"ဟင်"

"အဲဒီမိန်းမကို ကိုကို့အိမ်ပေါ်မှာ တွေ့တွေ့ချင်း ဖွေးရင်တွေ ဘယ်လောက်ပူသွားတယ်ဆိုတာ ကိုကို စဉ်းစားမိရဲ့လား ဟင်၊ ကိုကို့ကို ဘယ်လိုနည်းနဲ့မှ ဖွေးဖက်က အဆုံးရှုံးမခံနိုင်ဘူး ကိုကို"

"ကျေးဇူးပြုပြီး အဲဒီမိန်းမကို ကိုကို့အိမ်ပေါ်က ချက်ချင်းနှင်ထုတ်ပစ်လိုက်ပါ ကိုကို"

"ဖွေး"

"ဖွေး တကယ်ပြောနေတာကိုကို၊ ကိုကိုကိုယ်တိုင် ပြောရခက်နေရင် မြသွေးဆိုတဲ့မိန်းမကို ဖွေးကိုယ်တိုင်ပြောမယ်"

ကိုကိုက ဖွေးမျက်နှာကို အကြာကြီး စိုက်ကြည့်နေသလို ဖွေးသာလည်း ကိုကို့မျက်နှာကို တုံ့ပြန်ရူးစိုက်ကြည့်နေပါသည်။ ဖွေးရင်ထဲမှာ ချစ်သူကြောင့် ပူလောင်စိုးရိမ်နေသလို မြသွေးဆိုသည့် ချောသီးလှသော မိန်းမကြောင့်လည်း နာကျင်နေပါသည်။

ကိုကိုကတော့ ဖွေးရင်ထဲက ခံစားချက်တွေကို သိသည် ထွက်။ ဖွေးကသာ ကိုကို့ကို ချစ်ရသူမို့ ဖွေးချစ်တဲ့ ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးရှောစိုးကြောက်နေမိသူဖြစ်သည်။

"ဖွေးထင်သလို တစ်ဖက်သတ်တွေ လျှောက်ပြောနေလို့ မဖြစ်ဘူး ဖွေး၊ အဖြစ်မှန်ကို ကိုကိုကိုယ်တိုင် သိရမှဖြစ်မယ်၊ ဒီကိစ္စ ကျော်နဲ့ပတ်သက်တယ်ဆိုရင် ကျော်ကို ကိုကိုကိုယ်တိုင် မေးမှဖြစ်မယ်"

"ကျော့်မှ ဒီမှာမရှိဘဲ ကိုကို၊ ကိုကိုက နိုင်ငံခြားရောက်နေတဲ့ ကျော်ကို အနှစ်နှစ်အလလက မေ့ထားတဲ့ မြသွေးဆိုတဲ့ မိန်းမအကြောင်းကို ပြန်ပြောပြီး သတိရအောင်လုပ်ဦးမလို့လား"

"ကျော် ဘယ်တော့ပြန်ရောက်မလဲဆိုတာပဲ ကိုယ့်ကို ပြောပါ"

"သြော်…ကိုကိုက ဖွေးပြောတာကို မယုံဘူးလို့ ပြောတာပေါ့လေ ဟုတ်လား"

ဒေါက်တာမိုးနိုင်ထံမှ ဘာတစ်ခွန်းမှ ပြန်မဖြေသဖြင့် ဖွေးရင်ထဲ အခံရခက်သွားသည်။

မြသွေးနဲ့ပတ်သက်တဲ့ ယောကျ်ားတိုင်းဟာ ဒီလိုပဲလား။ အဲဒီမိန်းမကို ဖွေး မုန်းတယ်။ သိပ်မုန်းတယ်ဟု နာကျင်စွာ ဟစ်အော်လိုက်သော ဖွေးရင်ထဲက အသံကို မည်သူမျှ မကြားလိုက်ချေ။

× × × ×

အခန်း (၇)

မြသွေးသည် ဖွေးကို ဒေါက်တာမိုးနိုင်၏ ချစ်သူ မကြာခင်လက်ထပ်တော့မည့် ချစ်သူအဖြစ် ဒေါ်မိုးမြင့်မှတစ်ဆင့် သိရှိခွင့်ရပြီးနောက် အတွေးပေါင်းစုံဖြင့် မကြာခဏ သက်ပြင်းကျိတ်ချနေမိသူဖြစ်သည်။

ဖွေးရင်ထဲတွင်ရှိနေသော ကျော်နှင့် ပတ်သက်သည့် အမုန်းနှင့် အညှိုးကို လှမ်းမြင်တွေ့နေရသူဖြစ်သည့်အတိုင်း မြသွေး အပေါ်မှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ပြဿနာရှာတော့မည်ကို စိတ်ကအလိုလိုကြိုသိနေ၏။

ဘယ်လိုပြဿနာမျိုး ဖြစ်မည်ကိုက မြသွေးမသိ။ ဖွေးတို့ အောင်နှမနှင့် အကျွမ်းတဝင်ရင်းနှီးပတ်သက်နေသူများဖြင့် မြသွေး ကိုယ်တိုင် လာရောက်သက်ဆိုင်ပတ်သက်နေရခြင်း အပေါ်မှာသာ စိုးထုပ်ဝန်ပိုးကြီးတစ်ခုလို ဖြစ်နေမိသည်။

ဖွေးထံမှ ပြဿနာတစ်ခုခုမရှာခင် ဒေါက်တာမိုးနိုင်ထံသို့

www.burmeseclassic.com



မှ အမြန်ဆုံးထွက်ခွာသွားရန်သာလျှင် မြသွေးအတွက် အသင့်တော် အမှန်ကန်ဆုံး ဆိုသည်ကိုက ငြင်းမရချေ။

အကြောင်းက ဖွေးကိုယ်တိုင် ဒေါက်တာမိုးနိုင်တို့အိမ်ကို မြသွေးနှင့် တွေ့ဆုံပြီးနောက်ပိုင်း သိသာစွာ အဝင်အထွက်စိပ်လာခြင်းကြောင့်ဖြစ်သည်။

တစ်ခါတလေ အချိန်ပိုင်းမျှ နေသလို တစ်ခါတလေ နေ့တစ်ဝက်အထိ အကြောင်းမရှိ အကြောင်းရှာနေပြီး မြသွေးကို ဘယ်လိုပုံစံမျိုးဖြင့် သူတို့ဝန်းကျင် အသိုင်းအဝိုင်းက လွင့်ထွက်သွားအောင် လုပ်ရမလဲဟု နေ့စဉ်အကြံထုတ်လျက်ရှိသည်။ ဖြစ်နိုင်လျှင် မြသွေးဆိုသည့်မိန်းမကို ဒီအိမ်မှ အမြန်ထွက်ခွာသွားရန်ဖြစ်သည်။

"ဒီမယ်"

"ဩော်"

မြသွေးမှာ သူမတစ်ယောက်တည်း အေးဆေးစွာ အနားယူနေသည့် ခြံနောက်ဖက် ဝိတောက်ပင်အထိ လိုက်လာသော ဖွေးကို ကြည့်ကာ အသံတိုးတိုးပြုကာ အသိအမှတ်ပြုရင်း လက်ထဲက သိုးမွေးချည်ခင်ကို ခြင်းပြာပြာလေးထဲသို့ အသာချလိုက်သည်။

"မနက်ဖြန်ကစပြီး ဒီမှာအလုပ်ဆင်းစရာမလိုတော့ဘူး။ ဒါကြောင့် ကိုယ့်ပစ္စည်းကိုယ်သိမ်းပြီး ဒီနေရာက ထွက်သွားပါ"

"ဟောဒီမှာ…ပိုက်ဆံ"





"ဘုတ်"

မြသွေးကိုယ်ပေါ်သို့ ငွေစက္ကူတစ်ထပ်ကို ပြစ်ချပေးလိုက်ပုံမှာ အင့်မတန် မောက်မာရိုင်းပျလှသဖြင့် သူ့ကိုယ်သူ တကယ့်အိမ်ရှင်မကြီးစတိုင်လ် ဖမ်းထားသော ဖွေးကိုကြည့်ကာ မြသွေးခန္ဓာကိုယ်ထဲရှိ သွေးတို့မှာ မဟုတ်မခံစိတ်ဖြင့် ဟုန်းခနဲ ပွက်ပွက်ဆူလာရပါသည်။

ထို့ကြောင့် ထိုင်နေရာမှ ဝုန်းခနဲထကာ ဖွေးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမှာ…ရှင့်ငွေရှင် ပြန်ယူပါဖွေး၊ ကျွန်မ အလုပ်ထွက်ခြင်း၊ မထွက်ခြင်းကိစ္စဟာလည်း ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မကို ဒီမှာဆက်ပြီး အလုပ်မလုပ်စေချင်ရင် ဒေါက်တာမိုးနိုင်ကိုယ်တိုင် ပြောပါလိမ့်မယ်"

"ကျွန်မ သွားမယ်"

မြသွေးလက်ထဲက ငွေစက္ကူတစ်ထပ်ကို ဖွေးလက်ထဲကို ပြန်ထည့်ပေးလိုက်ပြီး နေရာက မြသွေး ထွက်ခဲ့သည်နှင့် တဖျုတ်ဖျုတ်ခြေသံနှင့်အတူ ဖွေးက မြသွေးရှေ့ကို ရောက်လာသည်။

"မင်း မရှက်ဘူးလားဟင်၊ ကျော်တုန်းကလည်း ဒီအတိုင်းပဲ၊ ပိုက်ဆံချမ်းသာတဲ့ သူဌေးသားဆိုပြီး အပိုင်ဖမ်းဖို့ ကြိုးစားတာ ငါမသိဘူးထင်လို့လား၊ အခုလည်း ငါနဲ့မကြာခင် လက်ထပ်တော့မယ့် ခင်ပွန်းလောင်းကို ပိုက်ဆံချမ်းသာမှန်းသိတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အိမ်ပေါ်အထိ တက်ပြီး မရှက်မကြောက် ရုပ်ကလေးဗန်းပြပြီး အပိုင်အမ်းဖို့ ကြံနေတာမဟုတ်လား''

''ရှင် သိပ်လွန်နေပြီနော် ဖွေး၊ ရှင့်မောင် ကျော်နဲ့တုန်းက လည်း ကျွန်မဘက်က ဘာမှမဖြစ်ခဲ့ဘူး၊ ကျော့်ဘက်ကသာ အသည်းအသန်ဖြစ်ခဲ့တာသိလား''

''ဖြစ်မှာပေါ့…ညည်းကိုက ငါတို့ကွယ်ရာမှာ ငါ့မောင် ကို ပလီပလာလုပ်ပြနေတာကိုး''

''ဟင်''

''အခုလည်း ငါနဲ့လက်ထပ်မယ့် ခင်ပွန်းလောင်းကို အိမ် ပေါ်အထိတက်ပြီး''

''တော်တော့ ဖွေး''

''ဟင်…ဆရာ''

''ကိုကို''

လုံးဝထင်မှတ်မထားသော ဒေါက်တာမိုးနိုင်ကို သူတို့ နှစ်ယောက်နောက်ပါးမှာ မားမားကြီးတွေ့လိုက်ရသဖြင့် ဖြူဖွေးနေ သော မြသွေးမျက်နှာလေးမှာ ရှက်စိတ်ဖြင့် ရဲရဲနီသွေးသွားသလို ဖွေးမှာလည်း သူမထံမှ ကြမ်းရိုင်းသော စကားအသုံးအနှုန်းနှင့် အပြုအမူများကြောင့် မျက်နှာပျက်လျက်ရှိပါသည်။

''ကျွန်မကိုခွင့်ပြုပါ ဆရာ''

မြသွေးက ဒေါက်တာမိုးနိုင်ကို နှုတ်ဆက်ပြီး နေရာက





ချာခနဲ လှည့်ပြေးထွက်ခဲ့သလို ပါးမို့မို့တစ်လျှောက် စီးဆင်းကျလာ သော မျက်ရည်ပူများကိုလည်း တားဆီးနိုင်ခြင်းမရှိခဲ့ပါ။

''မင်း…ဘာဖြစ်လို့ ကိုယ့်ကိစ္စထဲမှာ ဝင်ပါချင်ရတာလဲ ဖွေး''

မြသွေးနှင့် ဖွေးတို့၏ တင်းမာခက်ထန်လှသော အခြေ အတင်ကိစ္စကို ကြားသိလိုက်ရသော ဒေါက်တာမိုးနိုင်မှ သူ့ရှေ့တွင် ငွေစက္ကူတစ်ထပ်နှင့်အတူ ရှိနေသော ဖွေးကိုကြည့်ကာ တင်းမာ ခက်ထန်စွာ ဆိုလိုက်မိရခြင်းဖြစ်သည်။

''ဖွေးကို ခွင့်လွှတ်ပါ ကိုကို၊ မြသွေးဆိုတဲ့မိန်းမနဲ့ ဖွေး အိပ်ချစ်တဲ့ ကိုကို့ကို လုံးဝစိတ်မချနိုင်လို့ပါ''

''မင်းက ကိုယ့်သိက္ခာကို စော်ကားချင်တာလားဖွေး''

''မြသွေးဆိုတဲ့ မိန်းမကို မယုံတာ ကိုကို၊ သူ့ရုပ်ကလေး ရှိတယ်ဆိုပြီး ပိုက်ဆံရှိတဲ့ ယောကျာ်းတွေကိုမှ ရွေးပြီး အပိုင်ကြံ ဖို့ ကြိုးစားနေတာ ကိုကို နည်းနည်းမှ မရိပ်မိဘူးလားဟင်''

''တော်စမ်း ဖွေး၊ ဖွေးနဲ့ကိုယ် ဘာမှအခြေအတင် ပြော နေချင်ဘူး၊ နောက်ကို ဘယ်တော့မှ ကိုယ့်ကိစ္စထဲ ဝင်မပါပါနဲ့''

''ကိုကို''

ဖွေးက ဒေါက်တာမိုးနိုင်ထံမှ ပြတ်သားတင်းမာမှုကို မခံ နိုင်သလို မျက်ရည်ပြည့်သော မျက်ဝန်းအစုံဖြင့် ချစ်သူအမည်ကို အသည်းနာနာဖြင့် ဟစ်အော်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုးနိုင်က ဖွေးကို စိတ်ရှုပ်သောအမူအရာဖြင့် သဘောမတွေ့သလို တစ်ချက်လှမ်းကြည့်သည်။

"ကိုကို့ကို ဖွေး ဘယ်လောက်ချစ်တယ်ဆိုတာ နည်းနည်းလေးမှ ထည့်မတွေးတော့ဘူးပေါ့ ဟုတ်လား ကိုကို"

"ပြီးတော့ ကိုကို့နဲ့ ဖွေးက ဘာလဲ"

"အခုချိန်မှာ ဖွေးနဲ့ကိုယ် ဘာမှမပြောချင်သေးဘူး ဖွေး၊ အကောင်းဆုံးက ဖွေး အရင်ပြန်လိုက်ပါ"

"ကိုကို"

ဒေါက်တာမိုးနိုင် ဘာမှထပ်မပြောတော့ဘဲ ဖွေးရှေ့က ချာခနဲ လှည့်ထွက်ခဲ့သည်။ ရင်ထဲမှာတော့ ဖွေး၏ နိုင်လိုမင်းထက် ဆန်သော အပြုအမူကို သဘောမကျနိုင်ဘဲဖြစ်နေ၏။

မြသွေးကို ဖွေး၏အပြုအမူတွေအတွက်လည်း အားနာနေမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဖွေးအနေနှင့် ဒီလိုမလုပ်သင့်တာ သေချာသည်။

"ကျွီး"

"ဝူး"

"ဝရော"

ကျယ်လောင်သော ကားဘရိတ်ဖမ်းသံ ကြမ်းတမ်းသော ကားလီဗာသံများဖြင့် အရှိန်ပြင်းစွာ ထွက်ခွာသွားသော ဖွေး၏ပုံစံကိုကြည့်ခြင်းဖြင့် သူမရင်ထဲက မနာလိုမှုနှင့် ခံပြင်းဒေါသကို



သိလိုက်ပါသည်။

"သား…ဖွေး ပြန်သွားပြီလား"

"ဟုတ်ကဲ့ မာမီ"

မာမီ့နားမှာ မြသွေးကို ဣန္ဒြေမပျက် တွေ့လိုက်ရသည့်အတွက် ဒေါက်တာမိုးနိုင် ကျိတ်ပြီး သက်ပြင်းရှိုက်လိုက်သည်။ သူတို့သားအမိရှေ့မှာ မြသွေး ဟန်ဆောင်နေပေမယ့် ဖွေးကြောင့် သူမရင်ထဲမှာ ဘယ်လောက်ခံစားနေရမည်ဆိုတာကို သူ စာနာနားလည်နိုင်ပါသည်။

"မြသွေး"

"ဆရာ"

"ကိုယ်တို့ စကားနည်းနည်းပြောကြရအောင်လား"

"ဟုတ်ကဲ့ပါ ဆရာ"

မာမီ့အခန်းထဲ မြသွေး ထွက်လာချိန်ကို စောင့်ပြီး ဒေါက်တာမိုးနိုင် ခေါ်လိုက်ခြင်းဖြစ်ပါသည်။ သူ့ကိုမြင်တော့ အံ့ဩသလိုလေး ဖြစ်သွားသော်လည်း မြသွေးအသွင်က တည်တည်ငြိမ်ငြိမ်ပင် သူ့နောက်က တိတ်ဆိတ်စွာ လိုက်ပါလာသည်။

"နေ့လယ်က ကိစ္စအတွက် ဖွေးကိုယ်စား မြသွေးကို ကိုယ်တောင်းပန်ပါတယ် မြသွေး"

"မြသွေးကို ဆရာကိုယ်တိုင် တောင်းပန်စရာမလိုပါဘူးရှင်၊ မြသွေးကသာ ဆရာ့ကို အားနာစိတ်နဲ့ တောင်းပန်ချင်နေတာ

www.burmeseclassic.com



ဝါ''

''မြသွေးကို ခွင့်လွှတ်ပါဆရာ''

''ကိုယ့်အပေါ်မှာ မြသွေးက ဘာအပြစ်လုပ်လို့ ကိုယ်က မြသွေးကို ခွင့်လွှတ်ရမှာလဲဗျာ''

လှပသော မြသွေးမျက်နှာလေးကို ကြည့်ပြီး ဒေါက်တာမိုးနိုင်ရင်ထဲမှာ ထူးဆန်းသော ဝေဒနာတစ်ရပ် နူးညံ့သိမ်မွေ့စွာ ဖြစ်ထွန်းလာသည်။ ရွှန်းမြစွာသာနေသော လရောင်အောက်မှာ နူးညံ့သိမ်မွေ့လှပသော မြသွေး၏အလှကို ထင်းရှင်းဝင်းပစွာ မြင်တွေ့နေရသည်။

အထူးသဖြင့် မြသွေး၏ မျက်ရည်ရောင်သန်းသော မျက်ဝန်းအစုံဖြင့် မိုးပေါ်က လမင်းကြီးကို ငေးမောကြည့်နေဟန်က ဒေါက်တာမိုးနောင်ရင်ထဲကို အမှတ်မထင် ခွဲကျန်ရစ်စေသော လှပသက်ဝင်လွှမ်းသည့် ပုံရိပ်လေးဖြစ်နေခြင်းတည်း။

''မြသွေးကြောင့် ဆရာ့ကို ထိခိုက်သွားစေမယ်ဆိုရင် အဲဒါဟာ မြသွေးရဲ့အပြစ်ပဲပေါ့ ဆရာ''

''မွေးနဲ့ ဆရာတို့က မကြာခင်လက်ထပ်ကြတော့မယ့် ချစ်သူတွေပဲ၊ မြသွေးကြောင့် ဆရာတို့နှစ်ယောက် စကားများကြရတာ မြသွေး စိတ်မကောင်းပါဘူးဆရာ''

''မြသွေးထင်သလို မဟုတ်ပါဘူးလေ''

''ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဆရာ၊ မြသွေးကို အလုပ်က





ထွက်ခွင့်ပြုပါ၊ အခုဆိုရင် အန်တီကျန်းမာရေးကလည်း အတိုင်းအတာတစ်ခုအထိ စိတ်ချရပြီလို့ ထင်ပါတယ်''

သူ မြသွေးမျက်နှာကို စိုက်ကြည့်လိုက်သည်။ မြသွေးက သူ့ကိုမကြည့်ဘဲ ဟိုးမမြင်ရသည့် အဝေးတစ်နေရာကို မျှော်ငေးလျက် ကြည့်နေ၏။

''ကိုယ်...မြသွေးအကြောင်း မသိရဘူးလား''

''ရှင်''

''မွေးနဲ့မြသွေး ပြီးတော့ ကျော်နဲ့ဆက်နွယ်ပတ်သက်မှု၊ အဲဒါတွေကို ကိုယ် သိခွင့်ရမယ်ဆိုရင် သိချင်ပါတယ်''

''မြသွေးအကြောင်းကတော့ စိတ်ဝင်စားစရာ မကောင်းလှပါဘူးဆရာ၊ မြသွေးမှာ အဖေ မရှိတော့ပါဘူး၊ အမေကလည်း တစ်ဦးတည်းသောသမီးဆိုတော့ ဆွေမျိုးသားချင်းမရှိဘူးလေ၊ အိမ်ရှင်မဝတ္တရားကလွဲပြီးလို့ တခြားဘာမှလည်း မလုပ်တတ်တော့ ရှိသမျှ လယ်မြေဥယျာဉ်တွေကို ဆွေမျိုးနီးစပ်တော်တဲ့ ဦးလေးကို ပေးပြီး လုပ်ခဲ့တယ်ဆိုပါတော့လေ၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ လို့ ဆိုရမလားမသိပါဘူး၊ မြသွေးတို့ မှီခိုအားထားနေရတဲ့ ဦးကြီး ဆုံးသွားတော့ သားအမိနှစ်ယောက် ဘာမှမလုပ်တတ်ဘဲ ကျန်ရစ်ခဲ့တယ်''

''အဲဒီတုန်းက မြသွေး ငါးတန်းကျောင်းသူဘဝရောက်နေခဲ့တယ်၊ အားလုံးရဲ့ တိုက်တွန်းအားပေးမှုကြောင့် ဦးလေးမြင့်နဲ့ အမေ



www.burmeseclassic.com

www.burmeseclassic.com



လတ်ထပ်လိုက်တယ်၊ မြသွေးလည်း ကျောင်းကောင်းကောင်းတက်ရတယ်၊ အမေလည်း ပြည့်ပြည့်စုံစုံနေရတယ်ပေါ့ ဒေါက်တာ။

မြသွေးတို့ရဲ့ပထွေးက အလုပ်သိပ်ကြိုးစားတာကိုး။ အဲဒီလိုနဲ့ နေလာရင်း မြသွေးကိုးတန်းနှစ်မှာ ကျော်နဲ့တွေ့တယ်"

"ဒေါက်တာကို ဖွေးလည်းပြောပြထားပြီးပြီ ထင်ပါတယ်"

ဒေါက်တာမိုးနိုင်ဘက်ကို ရုတ်တရက်လှည့်ကြည့်ပြီး မေးလိုက်သောအခါ လှပသော မြသွေး၏မျက်နှာလေးကို ငေးနေသော ဒေါက်တာမိုးနိုင်၏ အကြည့်များ ရှောင်တိမ်းရန် အခွင့်မရလိုက်ပါ။

မြသွေးက သူမရင်ထဲက ခံစားချက်တွေနှင့် ဒေါက်တာမိုးနိုင်အကြည့်ကို သတိမထားမိ။

"ဒါပေမယ့် ကိုယ်က မြသွေးပြောတာကို ကြားချင်တာပါ မြသွေး"

သူစကားအဆုံးမှာ လှပသော မြသွေးနှုတ်ခမ်းအစုံ ကော့ညွတ်စွာ ပြုံးသွားတာကို မြင်လိုက်ရသည်။ ဘယ်လိုအဓိပ္ပါယ်ဆိုသည်ကို ဒေါက်တာမိုးနိုင် မသိပါ။ သို့သော်လည်း လှပသောမျက်နှာလေးမှာ နာကျင်မှုကို မြင်တွေ့လိုက်ရသည့်အတွက် သူ့ရင်မှာလည်း ဘာကြောင့် သူမနှင့်ထပ်တူ ခံစားနာကျင်ရပါသည်လည်း။

သူလည်း မသိတော့ပါ။



"မြသွေး ပြောတော့ရော ဆရာက ယုံမှာမို့လားရှင်၊ ဖွေး ပြောတာတွေနဲ့ တခြားစီဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ"

"ဘာပဲဖြစ်ဖြစ် မြသွေးကို ကိုယ်ယုံပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ တကယ်တော့ ကျော့်အပေါ်မှာ အခုချိန်ထိ သူငယ်ချင်းတစ်ယောက်အဖြစ်ကလွဲပြီး တခြားဘယ်လိုခံစားချက်မှ မရှိခဲ့တဲ့ မြသွေးပါ ဆရာ"

"ကျော်ကသာ မြသွေးအပေါ်မှာ တစ်ဖက်သတ်အချစ်တွေနဲ့ အရူးအမူးဖြစ်ခဲ့တာပါ၊ ကျော့်ကို မြသွေးကပဲ အရိုးသားဆုံးဆက်ဆံခဲ့တယ်ဆိုတာကို ကျော်အသိဆုံးမို့ မြသွေး အမြဲလိပ်ပြာသန့်နေပါတယ်ရှင်"

"ဒါကို ဖွေးမသိဘူးလား မြသွေး"

"ဖွေးလည်းသိမှာပါ ဆရာ၊ သိလျက်နဲ့ မြသွေးအပေါ်မှာ တစ်ဖက်သတ် အနိုင်ယူပြောဆိုဖိနှိပ်ခဲ့လို့ ကျော်ကိုယ်တိုင် သူ့ကိုခေါ်မပြောဘဲ အကြာကြီးနေခဲ့တာမဟုတ်လား ဆရာ"

"ဒါကို မြသွေးကြောင့်ဆိုရင် ဆရာလက်ခံမှာလား"

"လက်ခံနိုင်စရာမှ မရှိဘဲ မြသွေးရယ်၊ ဖွေးစိတ်ကို ကိုယ်လည်းသိနေတာပဲ၊ ဖွေးဟာ ငွေကြေးအရှိန်အဝါနဲ့ လူတွေအပေါ်မှာ မောက်မာလွန်းတယ်"

"ဖွေးကို ကိုယ် သဘောမကျတာလည်း အဲဒါပဲ"

ဖွေးအပေါ်မှာ သူသဘောမကျသည့်အချက်ကို မြသွေးရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ထုတ်ဖော်ပြီး ဖြေလိုက်ရသည့်အတွက် နောင်တမရမိပါချေ။

"ဖွေးနဲ့ပတ်သက်ပြီး မြသွေးမှာ တခြားပြောစရာမရှိပါဘူး ဆရာ၊ မြသွေး ကံအကျိုးပေးကိုက ဒီလိုပဲဖြစ်ခဲ့တာဆိုတော့ ဘာတတ်နိုင်မှာလဲ"

"ဆရာ…ပြောစရာကုန်ပြီဆိုရင် မြသွေးကို သွားခွင့်ပြုပါ၊ မနက်ဖြန်အတွက် အခုထဲက ပစ္စည်းတွေကြိုသိမ်းချင်လို့ပါရှင်"

"ကောင်းပြီလေ…မြသွေး သဘောအတိုင်း ဖြစ်ရပါစေမယ်၊ ဒါဟာ ကိုယ်က မြသွေးကို စာနာစိတ်နဲ့ လိုက်လျောခွင့်ပြုတာပါ၊ ကိုယ့်ဆန္ဒအတိုင်းဆိုရင် မြသွေးကို ဒီနေရာက ထွက်သွားခွင့်ပြုမှာမဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

"ဂွတ်နိုက် မြသွေး"

"ဂွတ်နိုက်"

သူ့အနားက တရွေ့ရွေ့ထွက်ခွာသွားသော မြသွေး၏ နောက်ကျောပြင်လေးကို ကြည့်ကာ ဒေါက်တာမိုးနိုင်ရင်ထဲမှာ ညင်ညင်သာသာ လှုပ်ခတ်သွား၏။

ထို့နောက်…ပြာစင်ရွှန်းလဲ့သော မိုးပေါ်က လမင်းကြီးကို သူအကြာကြီး ငေးစိုက်ကြည့်နေမိရာမှ ဟင်းခနဲ ကျယ်လောင်စွာ သက်ပြင်းရှိုက်လိုက်၏။

× × × ×



## အခန်း (၈)

"ဖြစ်မှဖြစ်ရလေ မြသွေးရယ်၊ ဖွေးဆိုတဲ့ မိန်းမနဲ့မှ ကြုံကြုံဖန်ဖန်လာကြုံရတယ်လို့ဟယ်"

"ကံတရားအတိုင်းပဲပေါ့ မဦးရယ်၊ ဒီလိုပဲ ကြုံလာဆုံလာတော့လည်း ခံနိုင်ရည်ရှိအောင် ကြိုးစားရတာပေါ့"

လှပသော မြသွေးမျက်နှာလေး ပြုံးနေနိုင်ပေမယ့် မဦးကတော့ မြသွေးပြောပြ၍ ဖွေးဆိုသည့် မိန်းမ၏ မောက်မာရိုင်းပျစော်ကားမှုများကို ခံပြင်းဒေါသဖြစ်နေပါသည်။

မဦးနဲ့မြသွေးက ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်ပြီး မြသွေးနှင့် ဆယ်တန်းနှစ်ဝက် အတူတက်ပြီးမှ မိဘများပြောင်းသွားရာသို့ လိုက်ပါသွားရသူဖြစ်သည်။

ထို့ကြောင့်ပင် ကျော်တို့မောင်နှမနှင့် မြသွေးတို့ ဖြစ်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စကို မဦး အစအဆုံးသိနေခြင်းဖြစ်သည်။ အမှန်တရား ဘက်က ရပ်တည်သော မဦးက ရပ်ကလေးနှင့်မလိုက်အောင် ဖွေးဆာရုထ်မောက်မှုကို မုန်းနေသူဖြစ်သည်။

မမျှော်လင့်ဘဲ ဖွေးနှင့် ဒေါက်တာမိုးနိုင် အိမ်မှာပြန်ဆုံရတာကို ပြောပြတော့ မဦးက မြသွေးကိုယ်စား ဖွေးကို ဒေါသတွေ ပွက်နေခြင်းဖြစ်သည်။

အခုဆိုလျှင် မြသွေးလည်း သူ့ဓတာဝန်ကျရာ လူနာ အဆောင်မှာ ပြုံးနေသော မျက်နှာလှလှလေးနှင့် လူမမာများအပေါ် လိုက်လံနွေးထွေးခြင်းတွေဖြင့် ဆေးကုသမှု ပြုနေပါပြီ။

လှပသော မျက်နှာလေးတွင် အမုန်းမရှိသလို နာကျင် ခံပြင်းခြင်း သောကဝေဒနာကိုလည်း မတွေ့မြင်ရပါ။ မြသွေးရင်ထဲ က ခံစားချက်တွေကို ဘယ်နေရာမှာများ သွားသိမ်းထားသလဲဟု မြသွေးမျက်နှာလှလှလေးကို ကြည့်ပြီး တွေးနေမိသည်။

မဦးက သူငယ်ချင်းမလှလှလေး၏ ဘဝကို စာနာသနား ချိန်မှာ မြသွေး၏ လှပသောအပြုံးမျက်နှာလေးကို ကြည့်မရအောင် မုန်းနေသူတစ်ယောက်ကတော့ မြသွေး ဘာပဲလုပ်လုပ် အမုန်း မျက်လုံးများဖြင့် ဝင်းတောက်စွာ စူးစိုက်ကြည့်နေသူက မူမူ။

ပုံစံကြည့်တော့ ဘာကိုမှစိတ်မဝင်စားသလိုလိုနဲ့ ဒေါက်တာမိုးနိုင် အိမ်ပေါ်အထိ ရောက်သွားသူဆိုတော့ မူမူရင်ထဲ





မှာ မနာလိုမှုတွေနှင့် ဗလောင်ဆူနေရသည်။

ဖြစ်နိုင်လျှင် မြသွေးဆိုသည့် မိန်းမကို ဒေါက်တာမိုးနိုင် မမြင်မတွေ့နိုင်သည့်အရပ်မှာ သွားပို့ထားလိုက်ချင်သည်။

အိုလေ…မြသွေးကိုမှမဟုတ်ပါ။ မူမူထက်သာသူမှန်သမျှ အားလုံး မူမူ့အနားမှာမရှိလျှင် ပိုကောင်းမည်ဟု ထင်သည်။ ဤသို့ဆို လျှင် မူမူသည်လည်း အခုလို ဒေါသဖြစ်နေစရာလိုမည်မဟုတ်ချေ။

အခုတော့ မူမူမှာ မြသွေး၏ ပြုံးရယ်နေသော မျက်နှာ လေးကိုမြင်လေ ပို၍ ခံပြင်းဒေါသတွေနှင့် ပူလောင်ရလေဖြစ်ကာ ထောင့်ချိုးအကွယ်တစ်နေရာမှ စောင့်ပြီး တမင် အရှိန်နှင့်ဝင်တိုက်ပစ် လိုက်သည်။

"ဒုန်း"

"အမယ်လေး"

"အို…အမေ့"

မူမူ အကြံအစည်ကို မရိပ်မိသော မြသွေးမှာ အရှိန်ဖြင့် ဘမင်သက်သက် ပစ်ဝင်တိုက်လိုက်သော မူမူကြောင့် အရှိန် မထိန်းနိုင်ဘဲ ဖြစ်လဲကျတော့မည်အပြု…

"မြသွေး"

"အို"

"ဟင်…ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



မြသွေးနောက်မှ ရောက်လာသော ဒေါက်တာမိုးနိုင်က အဖြစ်အပျက်အားလုံးကို အစအဆုံး တွေ့မြင်ထားသူပီပီ ရုပ်ပျက် ဆင်းပျက် လူ့ပြိုကျသွားတော့မည့် မြသွေးကိုယ်လေးကို အချိန်မီ ဆွဲယူဖမ်းထိန်းလိုက်ခြင်းဖြင့် အိထွေးထွေးမြသော မြသွေးတစ်ကိုယ်လုံး ဒေါက်တာမိုးနိုင်ရင်ခွင်ထဲကို ထွေးခနဲ ရောက်သွားရရှာပါသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ မူမူ"

"ရှင်"

"မူမူ တမင်လုပ်တာမဟုတ်ပါဘူးဆရာ၊ မြသွေး လာနေမှန်းမသိဘဲ ရုတ်တရက်ဝင်တိုးမိတာပါ"

"ဟုတ်ပါတယ်ဆရာ၊ မြသွေးလည်း မူမူ့ကို မမြင်လိုက်လို့ပါ၊ တောင်းပန်ပါတယ်ဆရာ"

မြသွေးက ဘာမှမသိပေမယ့် ဒေါက်တာမိုးနိုင်ကတော့ မူမူ အကျင့်ကို သိနေတာမို့ စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် မူမူမျက်နှာကို အဓိပ္ပါယ်ပါပါ တစ်ချက်စိုက်ကြည့်ပြီး နေရာက ထွက်သွားပါသည်။

"ဆောရီးနော် မြသွေး"

"ရပါတယ် မူမူ၊ မတော်တဆဖြစ်တာပဲ၊ မြသွေး နားလည်ပါတယ်"



မြသွေးစကားကြောင့် မူမူအပေါ်ယံ နှုတ်ခမ်းအစုံမှာ ပြုံးနေသော်လည်း စိတ်ထဲကတော့ အမြင်ကပ်စရာကောင်းအောင် မဲ့ရွဲ့ပစ်နေမိသည်။

မူမူကြောင့် ဒေါက်တာမိုးနိုင်ရင်ခွင်ထဲ အားပါးတရ ရောက်သွားရသည့်မိန်းမက တွေးကြည့်ရင် မူမူကိုတောင် ကျေးဇူးတင်ရဦးမည့်အဖြစ်ပါ။ မူမူသာ မြသွေးလို ဒေါက်တာမိုးနိုင်ရင်ခွင်ထဲ ရောက်သွားပြီး တင်းတင်းကျပ်ကျပ်လေး ထွေးပွေ့ခံရမည်ဆိုလျှင် ဒါမျိုး ဆယ်ခါပြန်တိုက်စေချင်မိမည်မှာ သေချာသည်။

"ဘယ်နှယ့်လည်း…မြသွေး၊ ဆရာ ဦးမိုးနိုင် အိမ်မှာ သွားနေရတာမို့"

"ဆရာ့အမေ့ကို ပြုစုပေးရတာပါ မူမူ"

"ဟုတ်လား…ဒါမျိုးက တော်ရုံကုသိုလ်နဲ့ ရတာမျိုးမဟုတ်ဘူးနော်၊ မြသွေး တကယ်ကုသိုလ်ထူးလို့ ဆရာနဲ့အတူ တစ်အိမ်ထဲအတူ နေခွင့်ရတာသိလား"

"မြသွေးမှာ အဆောင်ကောင်းလေး ဘာလေးရှိရင် ပေးပါဦးဟယ်၊ မူမူလည်း မြသွေးဆီက နည်းလမ်းလေးတွေ လိုချင်လို့ပါ"

"အဟင်း…ဟင်း…ဟင်း"

ကျောချမှ ဓားပြမှန်းသိသူက မြသွေး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေရှည်း ရယ်ပြီး အေးစက်စက် မျက်လုံးတွေနှင့် မောလို ခြင်း ပြင်းထန်နေသော မူမူကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

အခုမှပဲ အခြေအနေကို မြသွေး သဘောပေါက်လိုက်သည်။ စောစောက မူမူတစ်ယောက် မြသွေးကို တမင်ဝင်တိုက်တာပဲဟု သိလိုက်မှ ဆရာဦးမိုးနိုင်စကားကို သွားသတိရသည်။

အပေါ်ယံဟန်ဆောင်ကောင်း၍ ကြောက်စရာကောင်းလှသော မူမူ အတွင်းစိတ်ကို ပြေးမြင်လိုက်မိသည်။

"ဆရာအိမ်မှာ···ဆရာနဲ့အတူနေရတာဆိုတော့ မြသွေးတော့ သိပ်ပျော်မှာပဲနော်"

"တို့က အလုပ်လုပ်ဖို့သွားတာပါ မူမူ၊ ဆရာနဲ့လည်း တွေ့ဖို့အချိန်မရှိပါဘူး၊ လူမမာနားမှာ နေ့ရော ညရော နေနေရလို့ အပျော်ဆိုတာ တွေးချိန်တောင်မရှိပါဘူး"

မူမူ့ကို အားမနာဘဲ မြသွေး အပြတ်ပြောပစ်လိုက်သည်။ ဒီလိုမိန်းမတွေက အားနာလို့မရမှန်း သိပါသည်။

"မူမူသာ မြသွေးနေရာမှာဆို သိပ်ပျော်မှာသိလား"

"ဒါဖြင့်လည်း မူမူကိုယ်တိုင် ဆရာကိုပြောပြီး ဆရာ့အိမ်မှာ အတူလိုက်နေလိုက်ပေါ့၊ မြသွေး သွားတော့မယ်"

စကားစကို အပြတ်ဖြတ်ပြီး မူမူနားက မြသွေး ထွက်လာခဲ့လိုက်သည်။ နှုတ်ခမ်းကိုက်ပြီး ဒေါသဖြင့် ရန်လိုစွာကျန်ရစ်ခဲ့





သော မူမူအဖြစ်ကို မြသွေးမသိ။

နေရင်းထိုင်ရင်း ရန်အလိုခံနေရသည့်အဖြစ်ကိုသာ စိတ်ညစ်မိသည်။ မိန်းမသားခြင်း ကိုယ်ချင်းမစာနာနိုင်ကြတာကလည်း စိတ်ပျက်စရာ။

"မြသွေး"

"ဆရာပါလား"

"ဂျူတီပြီးချိန်မှာ မပြန်နဲ့ဦး ကိုယ့်ကိုစောင့်နေပါ"

"ဆရာ"

မြသွေး လှမ်းခေါ်လိုက်သော်လည်း ဒေါက်တာမိုးနိုင်က သူမကို လှည့်မကြည့်တော့ဘဲ တောက်လျှောက်ထွက်သွားတာမို့ မြသွေးမှာ ငိုချင်သွားပါသည်။

ဖြစ်ချင်တော့ မူမူနှင့် သူမအဖော် သီတာတို့က မြသွေးနှင့် ဒေါက်တာမိုးနိုင်တို့ ပြောဆိုနေသံကို ကြားသွားကြပြီး မြသွေးရှေ့က တမင်ဖြတ်လျှောက်ကာ···

"သိလား သီတာ၊ တချို့က လူရှေ့မှာ မခုက်တတ်တဲ့ ကြောင်လိုပဲ ဘာလိုလိုနဲ့ လူကွယ်ရာလည်းရောက်ရော ဘယ်လိုနည်းတွေ သုံးလိုက်သလဲမသိဘူး တစ်ခါတည်း အိမ်ပေါ်ကို ရောက်သွားရော"

"မူမူကတော့ အဲဒီလိုမလုပ်ရဲပါဘူး၊ လူရှေ့မှာရော



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ ကွယ်ရာမှာရော ဒီပုံက ဒီပုံပဲသိလား''

''သိတာတို့လည်း မှုမှုလိုပါပဲနော်''

အတိုင်အဖောက်ညီညီနှင့် မြသွေး မကြားကြားအောင် တခင်ပြောတာမို့ မြသွေး အားလုံးကြားနေရပေမယ့် စကားနည်းရန့်စဲ ရှောင်နှုတ်ပိတ်နေလိုက်ပါသည်။

မည်သူနှင့်မျှ စကားများလိုစိတ်လည်း မရှိပါ။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့်ဘဝကိုယ် အေးအေးချမ်းချမ်း ကျော်ဖြတ်ရင်း မြသွေးဝါသနာပါသည့် အလုပ်ထဲမှာ စိတ်ရောကိုယ်ရော နှစ်ထားဖို့ ဆုံးဖြတ်ထားပေမယ့် မြသွေး ရည်ရွယ်သည့်အတိုင်း ဖြစ်မလာတော့ ခက်သည်။

အလုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်နေရပေမယ့် မြသွေးစိတ်မှာ ခါတိုင်းလို မပျော်ရွှင်နိုင်တော့ပါ။ မြသွေးကို အခုဆိုရင် မူမူက ပြောင်ပြောင်တင်းတင်းပင် ရန်စစော်ကားလာပြီမို့ ဘယ်အချိန်ထိ ဒီလိုကိစ္စမျိုးတွေကို မကြားသလို မသိသလို နေပြရမှာလဲဆိုတာကလည်း တွေးစရာဖြစ်လာသည်။

မြသွေးဆိုတာက သူတော်စင်မဟုတ်၊ သူလိုကိုယ်လို သွေးနဲ့သားနဲ့ တည်ဆောက်ထားသူဆိုတော့လည်း တစ်နေ့မဟုတ်တစ်နေ့ ထိပ်တိုက်ရင်ဆိုင်စရာတွေ ဖြစ်လာလျှင် လွယ်မည်မထင်။

သူမဘက်က ဘယ်လောက်သည်းခံနိုင်သည်ထားဦး





တစ်ဖက်က ဇွတ်အတင်း ရန်လိုလာလျှင် မြသွေး၏ သည်းခံခြင်းဆိုသည့် အတိုင်းအတာမှာလည်း ကျိုးပျက်ရမှာ သေချာသည်။

ဂျူတီပြီးချိန်မှာ မြသွေးအလာကို စောင့်နေသည့် ဒေါက်တာမိုးနိုင်ကို တွေ့လိုက်ရခြင်းကလည်း မြသွေးရင်ကို မောပန်းသွားစေသည်။

''ဆရာ''

''ဪ . . မြသွေးလာလေ''

''မြသွေးကို ပြောစရာရှိတာ ဘာများလဲဆိုတာ သိပါရစေ''

''တစ်နေရာသွားပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့ မြသွေး''

မြသွေး မလိုက်ချင်ပါဘူးဟု ဆရာ့ကို ပြောချင်သည့်စကားကို စိတ်ထဲကပဲ ပြောလိုက်တာကို ဆရာ ကြားမည်မဟုတ်ပါ။

''သွားကြစို့ မြသွေး''

''ဆရာ''

မြသွေး ခေါ်လိုက်ခြင်းမဟုတ်ပါ။

ပြုံးချိုသောမျက်နှာဖြင့် မြသွေးတို့နား ရောက်လာသည့် မူမူထံမှ ခေါ်သံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲဆရာ၊ မှုမှုရော လိုက်လို့ရရဲ့လား"

"လှူနာတစ်ယောက် သွားကြည့်ကြမှာ မှုမှု၊ နောက်ကြို့မှလိုက်ပေါ့၊ သွားကြမယ် မြသွေး"

"ဟုတ်ကဲ့ဆရာ"

မှုမှုရှေ့မှာ ဆရာက မြသွေး၏ ဂုဏ်သိက္ခာကိုထိန်းပြီး ပြောလိုက်တာမို့ စိတ်ထဲကဆရာကို ကျေးဇူးတင်မိပေမယ့် မှုမှုကတော့ ဆရာကိုရော မြသွေးကိုရော ဘယ်လောက်ဒေါသဖြစ်နေမည်ဆိုတာကို စိတ်ထဲက အလိုလိုသိနေပါသည်။

"တက်...မြသွေး"

"ဟုတ်ကဲ့"

သော့ခတ်ထားသည့် ကားတံခါးကိုဖွင့်ပြီး ဆရာက မြသွေးကို တက်စေလိုက်တာမို့ ဆရာ့အမိန့်ကို နာခံပြီး ဆရာ့ကားပေါ် အသာဝင်ထိုင်လိုက်ပါသည်။

မြသွေး ကားတံခါးကို ဆွဲပိတ်လိုက်ချိန်မှာ ဆရာကလည်း သူ့ဘက်က ကားတံခါးကို ဆွဲပိတ်လိုက်ပြီး နေရာမှ ကားကို စထွက်ပါသည်။

"စောစောက မှုမှုကို လှူနာကြည့်သွားမယ်လို့ ပြောလိုက်တာ ကိုယ့်ကို တစ်မျိုးမထင်နဲ့နော် မြသွေး၊ မှုမှုအကြောင်းသိလို့ ကိုယ်တမင်ပြောလိုက်တာပါ"



"မြသွေး သိပါတယ်ဆရာ"

တိုးတိတ်ညင်သာသော မြသွေးစကားအဆုံးမှာ ဆရာ့ထံက သက်ပြင်းရှိုက်သံသွဲ့သွဲ့ ကြားလိုက်ရသည်။ ဆရာကိုယ်တိုင်လည်း မှုမှုရဲ့ အလိုက်ကမ်းဆိုးမသိတတ်မှုတွေအောက်မှာ စိတ်ကျဉ်းကျပ်စရာ ဖြစ်ခဲ့ရသလားဟု မြသွေး တွေးကြည့်မိသည်။

ဆရာ့အိမ်ကို လိုက်သွားမိတာ မြသွေး၏အမှားဖြစ်ကြောင်း အခုမှ တစိမ့်စိမ့်တွေးပြီး နောင်တတွေရနေမိသည်။ မြသွေးသာ ဆရာ့ဆန္ဒကို လက်မခံဘဲ ငြင်းပယ်ခဲ့မည်ဆိုလျှင် မြသွေး မတွေ့ချင်သော ကျော့်အစ်မ ဖွေးနှင့်လည်း ဆုံရမည်မဟုတ်။

ထို့အတူ မှုမှု၏တစ်ဖက်သတ် ရန်မူခြင်းကိုလည်း ခံရမည်မဆင်။ အခုတော့ ဆရာ့ကို အကြောင်းပြုပြီး မြသွေးမှာ မထင်မှတ်ဘဲ ရန်သူတွေများလာသည့်အဖြစ်မို့ ရင်မောပင့်သက်ဖြာနေမိသည်။

မြသွေး၏ မဆုံးနိုင်သော အတွေးဝဲဂ်ဘာကြောင့် ဆရာ့ကား၏ ဦးတည်ရာလမ်းကြောင်းကိုလည်း သတိမထားမိပါ။

မြသွေး သတိထားလိုက်မိသည့်အချိန်မှာတော့ မြသွေး စီးလာသော ဆရာ့ကားလေးမှာ သန့်ရှင်းသပ်ရပ်သော ကော်ဖီဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပြီဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကိုယ်အခုပြောမယ့်စကားကို မြသွေး သေချာအလေးအနက်ထားပြီး နားထောင်စေချင်တယ်၊ ဒါက ကိုယ့်အတွက်ရော မြသွေးအတွက်ပါ အင်မတန် အရေးကြီးတဲ့ကိစ္စဆိုလည်း မမှားဘူး"

တည်ကြည်လေးနက်သော အသွင်အပြင်နှင့် ခန့်ညားချောမောသော ဒေါက်တာမိုးနိုင်၏ မျက်နှာကို မြသွေး ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

မြသွေးအတွက်ရော၊ ဆရာ့အတွက်ရော အင်မတန် အရေးကြီးသည့်စကားဆိုသည်မှာ အဘယ်နည်း။ မြသွေးနှင့် ပတ်သက်သော အကြောင်းအရာ တစ်ခုခု ဆရာတွင် ရှိနေသည်က သေချာလေပြီ။

ထိုအကြောင်းအရာက ဘယ်လိုအကြောင်းအရာမျိုးဖြစ်၍





ဆရာ ဒေါက်တာမိုးနိုင်၏ မျက်နှာမှာ ဤမျှလေးနက်နေရသည်ကို အဖြေရှာစဉ်းစားကြည့်သော်လည်းမရ။

"မြသွေး"

"ပြောပါဆရာ...မြသွေး နားထောင်နေပါတယ်"

ဆရာ့ထံမှ နူးညံ့သိမ်မွေ့သော မျက်ဝန်းအကြည့်များကို မြင်ရသည့်တိုင် မြသွေးရင်မှာ ထူးခြားစွာ မခံစားမိပါ။

"ကိုယ်...မြသွေးကိုချစ်တယ်"

"ရှင်"

မြသွေး အခုမှ ဒေါက်တာမိုးနိုင်၏ ရည်ရွယ်ရင်း စကားအဓိပ္ပါယ်ကို သဘောပေါက်နားလည်သွားရကာ သူ့မျက်နှာကိုလည်း အံ့သြမယုံကြည်နိုင်သော မျက်ဝန်းအကြည့်များဖြင့် တုံ့ပြန်ငေးမောကြည့်နေမိသည်။

ဒေါက်တာမိုးနိုင်လို ဘဝမှာ အစစအရာရာ ပြည့်စုံချမ်းသာ ကြွယ်ဝသူတစ်ယောက်က မြသွေးလို မိန်းကလေးတစ်ယောက်ကို ချစ်သည်ဆိုခြင်းမှာ အလွန်မဖြစ်သင့်သောကိစ္စဟု ထင်သည်။

အထူးသဖြင့် ဒေါက်တာမိုးနိုင်တွင် နှစ်ဖက်လူကြီးခြင်းသဘောတူထားသော ချစ်သူဖွေးဆိုတာကလည်း အနားမှာ အတူရှိနေပါလျက် ဘာအတွက် မြသွေးလို ဘဝခရီးလမ်းကြမ်းကြမ်းပေါ်က သာမန်မိန်းကလေးတစ်ယောက်ကို ဘယ်လိုစိတ်ကူးဖြင့် ချစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုလာသည်ကို စဉ်းစားမရ။

တစ်ခုခုတော့ မှားနေပြီထင်သည်။ ထိုတစ်ခုခုမှာ ဘာဆိုသည်ကိုက မြသွေးကိုယ်တိုင်လည်း မသိပါချေ။

"မြသွေးကိုကြည့်ရတာ ကိုယ်ပြောတဲ့စကားကို သိပ်အံ့သြနေသလိုပဲ၊ ဘာလဲ ကိုယ်က မြသွေးကို ချစ်တယ်ဆိုတာ မယုံကြည်နိုင်လောက်စရာမျိုး ဖြစ်နေလို့လား"

"ဟုတ်ကဲ့"

တိုးတိတ်စွာပင် ဝန်ခံစကားဆိုမိတော့ သူက လှပသော မြသွေးမျက်နှာလေးကို သဘောကျသလို စူးစိုက်ကြည့်ကာ တိုးဖွဖွ ညင်သာစွာ ရယ်မောလိုက်ပါသည်။

တည်ကြည်ခန့်ညားသော ဆရာ့ရုပ်သွင်က အခုလို နှစ်ခြိုက်စွာရယ်မောလိုက်သောအခါ ရှိရင်းအသက်ထက် များစွာ နုပျိုသွားတာကို အမှတ်မထင် ငေးခနဲ ကြည့်လိုက်မိပြီးမှ အကြည့်ကိုလွှဲပြီး မျက်လွှာကို ချလိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း"

"ဖြစ်မှဖြစ်ရလေ မြသွေးရယ်၊ ကိုယ်က မြသွေးကို ချစ်တယ်ဆိုတာ ဘာများအံ့သြစရာဖြစ်နေလို့လဲဗျာ"

"အံ့သြစရာပဲပေါ့ ဆရာ၊ တကယ်ဆို ဆရာလို လူ တစ်ယောက်အနားမှာ မြသွေးထက် အဆပေါင်းရာထောင်မက





သာတဲ့လူမှု အများကြီးထဲက မြသွေးလို ဘာမှမဟုတ်တဲ့ သာမန်အညတရမိန်းကလေးတစ်ယောက်ကို မေတ္တာထားတယ်ဆိုတာ မြသွေးအတွက်ရော တခြားကြားရတဲ့သူတွေအတွက်ရော အံ့သြမယုံကြည်နိုင်စရာ ဖြစ်နေမှာပါဆရာ"

မှန်သောစကားကို ဆိုလိုက်ခြင်းအတွက် မြသွေးမှာ နောင်တမရှိပါ။ ဒေါက်တာမိုးနိုင်က မြသွေး၏ အပြစ်ကင်းစင်ရိုးသားသော မျက်နှာလေးကို မြတ်နိုးစိတ်ဖြင့် ငေးစိုက်ကြည့်လျက် နှုတ်ခမ်းအစုံမှာ ပြုံးနေ၏။

"ကိုယ့်ကိုယ်ကိုလည်း မြသွေး အံ့သြသလို အံ့သြမိတယ် ဆိုရင်ရော"

"မဖြစ်နိုင်ပါဘူး ဆရာရယ်"

"ဘာဖြစ်လို့လဲ"

"ဆရာ့ဘဝနဲ့ မြသွေးဘဝက မိုးနဲ့မြေလို ကွာခြားပါတယ် ဆရာ"

"အဲဒီအကြောင်းပြချက်တစ်ခုတည်းနဲ့ ဆိုရင်တော့ မြသွေး ကိုယ့်ကြောင့် မြသွေး ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ ကတိပေးပါတယ်ဗျာ၊ ကိုယ့်ကတိစကားကို မြသွေး ယုံတယ် ဆိုရင် ကိုယ့်ကို ပြန်ချစ်မယ်မဟုတ်လား"

ထိုစကားကို ရိုးရိုးမေးခြင်းမဟုတ်ပါ။ ဆရာက သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မြသွေးနားသို့ တိုင်းညွှတ်လျက် တိုးတိုးတိတ်တိတ် မေးခြင်း ဖြစ်ပါသည်။

ပြုံးနေသော ဆရာ့မျက်နှာနှင့် လန်းဆန်းတက်ကြွနေသော ဆရာ့မျက်ဝန်းအကြည့်များက မြသွေး၏ ဖြူနုဝင်းဝါသော အဖို့စင်၏ ပါးပြင်နုနုနှစ်ဖက်ကို ဖြန်းခနဲ ပူနွေးသွားစေသည်။

ငွေကြေးချမ်းသာပြည့်စုံကြွယ်ဝ၍ ဂုဏ်ပကာသန မြင့်မားသူများနှင့် ပတ်သက်ရမည်ကို မြသွေး ကြောက်နေမိပါသည်။ ကျော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသော ထိုစိတ်ခံစားချက်မှာ မြသွေးထံတွင် အခုချိန်ထိ ခံစားဖြစ်တည်နေရဆဲမို့ ဒေါက်တာမိုးနိုင်၏ ချစ်စကားအပေါ်မှာလည်း တစ်စုံတစ်ရာ သာယာစိတ်မဖြစ်မိပါ။

"ကိုယ့်ကို တစ်ခုခုပြောဦးလေ မြသွေး"

ငြိမ်သက်တိတ်ဆိတ်နေသော မြသွေး၏ လှပတည်ငြိမ်သော မျက်နှာလေးကို စိုက်ကြည့်ကာ ဒေါက်တာမိုးနိုင်မှ ဆိုလိုက်ခြင်းဖြစ်သည်။

"မြသွေးမှာ ဘာမှပြောစရာမရှိပါဘူးဆရာ"

"ဒါဖြင့် ကိုယ်ပြောတာပဲ နားထောင်မယ်ပေါ့ ဟုတ်လား"

မြသွေးထံမှ မည်သည့်စကားသံမှ ထွက်မလာတာကို



ကြည့်ပြီး ဒေါက်တာမိုးနိုင်ရင်ထဲမှာ ယားကျိကျိဖြစ်လာသည်။ ဒီကလေးမလေးက တခြားသူတွေနှင့်မတူမှန်း သူ အစောကြီးကတည်းက ကြိုသိထားခဲ့သားပင်။

အခုတော့ လက်တွေ့ကြုံနေရပြီမို့ မြသွေး ပုံစံလေးကို ချစ်မြတ်နိုးစွာ သူစိုက်ကြည့်နေမိ၏။

"မြသွေးကို ကိုယ်ချစ်တယ်ကွယ်"

"ဆရာ"

"ဟင်"

"ဆရာ့ကို မြသွေး မချစ်နိုင်ပါဘူးရှင်၊ မြသွေးကို ခွင့်လွှတ်ပါ"

"ဟင့်အင်း…ခွင့်မလွှတ်နိုင်ဘူး"

"ရှင်"

"ကိုယ့်ကို မြသွေးချစ်တယ်ဆိုမှ ခွင့်လွှတ်နိုင်မယ်"

"အို"

နူးညံ့ရွှန်းလဲ့သောအကြည့် ညင်သာသိမ်မွေ့သော အပြုံးနှင့် စကားလုံးများက မြသွေးရင်ကို အနည်းနှင့်အများဆိုသလို လှုပ်ရှားသွားစေသည်ကိုတော့ မြသွေး မငြင်းပါ။

ဆရာ့မှာ မကြာခင် လက်ထပ်ရတော့မည့် ချစ်သူ မွေးမြူခြင်းကို ဘာကြောင့် မေ့ပစ်ရသနည်းဟု မြသွေး မေးချင်စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



နေညီးမျိုးသိပ်ထားရပါသည်။

"မြသွေး"

"ဆရာ"

ရုတ်တရက် ဒေါက်တာမိုးနိုင်၏ ပူနွေးသောလက်တစ်ဖက်က မြသွေး၏ အေးစက်စက်လက်ကလေးတစ်ဖက်ပေါ် အုပ်မိုးဆုပ်ကိုင်လာသဖြင့် မြသွေးမှာ ဒေါက်တာမိုးနိုင်မျက်နှာကို အလန့်တကြား မော့ကြည့်ရင်း သူမလက်ကလေးကို သူ့လက်ထဲမှ အလန့်တကြားလေး ရုန်းဖယ်ရန် ကြိုးစားလိုက်သည်။

ဆရာက မလွှတ်။

ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် မြသွေး အနေရခက်စွာ ရှက်မွှန်နေမိသည်။

"ကိုယ့်ကို ပြန်ချစ်ဖို့ စဉ်းစားပါ မြသွေး၊ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ချစ်မိတာ ဒါပထမဆုံးပဲ"

"ကိုယ်ပြောတာ မြသွေး နားလည်တယ်မဟုတ်လားဟင်၊ ကိုယ့်ကို ချစ်တယ်ဆိုတာကလွဲပြီး တခြား ဘာကိုမှ မြသွေး မတွေးနဲ့၊ ကိုယ်က မြသွေးကိုချစ်တယ်၊ မြသွေးက ကိုယ့်ကိုချစ်တယ်၊ ဒီလောက်ပဲတွေး ဟုတ်ပြီလား"

ဒေါက်တာမိုးနိုင်က သူ့ရင်ထဲက ဖြစ်ချင်တာကိုပဲ အဓိက ဦးစားပေးပြောလိုက်ပြီး မြသွေးလက်ကလေးကို တစ်ချက်ဖျစ်ညှစ်



ကာ အသာအယာ ဖြေလွှတ်ပေးလိုက်ပါသည်။

မြသွေးလည်း ဒေါက်တာမိုးနိုင်လက်က လွှတ်သည်နှင့် သူမလက်ကလေးကို စားပွဲပေါ်မတင်တော့ဘဲ လက်ကလေးပိုက်ပွေ့လျက် ဖွက်ထားပုံကို သူ သဘောကျစွာ ပြုံးလိုက်သည်။

"မြသွေး ပြန်ချင်ပြီ ဆရာ"

"ကိုယ်ကတော့ မပြန်ချင်သေးဘူး ကလေးမ"

မြသွေး စိတ်ထဲက ကျိတ်ပြီး ငိုချင်သွားသည်။ အမြဲတမ်း တည်ငြိမ်ခန့်ညားသော အသွင်ဖြင့် အမြဲလို မြင်တွေ့နေရသော ဒေါက်တာမိုးနိုင်လို လူတစ်ယောက်ကို အခုလို တဇွတ်ထိုးသူဖြစ်ချင်ရာကို လုပ်တတ်သူတစ်ယောက်အဖြစ် တစ်ခါမှပင် တွေးမကြည့်ခဲ့ဘူးပါ။

"ဖြစ်နိုင်ရင် ကိုယ်ချစ်တဲ့ မြသွေးမျက်နှာလေးကို အခုလိုပဲ အမြဲငေးကြည့်နေချင်တယ်၊ ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ မြသွေး၊ မြသွေးဆီက အဖြေကို ကိုယ်အမြန်ဆုံးသိချင်တယ်"

"မြသွေး တောင်းပန်ပါတယ်ဆရာ"

"ကိုယ်ကြားချင်တာ မြသွေးဆီက အဲဒီစကားမျိုး မဟုတ်ဘူးဆိုတာ မြသွေးသိပါတယ်လေ၊ တစ်လ အချိန်ပေးမယ် ဟုတ်လား"

"ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာမှမပြောနဲ့ မြသွေး၊ ကိုယ်ပြောတာကိုပဲ နားထောင်ပါ"

"မြသွေး ပြန်ချင်နေပြီမဟုတ်လား၊ ကိုယ် မြသွေးအိမ်အထိ လိုက်ပို့ပေးမယ်"

"မြသွေးဘာသာပဲ ပြန်ပါ့မယ်ဆရာ၊ မြသွေးကို ကားဂိတ်တစ်ခုခုမှာပဲ ချထားပေးခဲ့ပါ"

ဒေါက်တာမိုးနိုင်က မြသွေးကို တစ်ချက်စိုက်ကြည့်ပြီး ဘာစကားမှမဆို။ အနားရောက်လာသည့် စားပွဲထိုးလူငယ်လေးကို ကျသင့်ငွေရှင်းပေးပြီး မြသွေးရှေ့မှ ဦးဆောင်ထွက်သွားတာမို့ မြသွေးလည်း သူ့နောက်က စိတ်ရှုပ်ထွေးစွာ အတူလိုက်ပါလာခဲ့ရသည်။

အခုမှ တကယ့်ပြဿနာပါလား။

နဂိုကထဲကမှ ဖွေးက မြသွေးအပေါ်မှာ အမြင်ကြည်တာမဟုတ်။ ကျော်အတွက်နှင့် အမြဲရန်လိုချင်နေသူ။ ဖွေးရဲ့ချစ်သူလက်ထပ်မည့်သူက ဖွေးရှိလျက်နှင့် မြသွေးကို ချစ်ပါရစေဟုဆိုနေသည်။

မြသွေး ဘာလုပ်ရမည်နည်း။

ဖွေးကို အကျိုးအကြောင်း ပြောပြပြီး ကိုယ့်ချစ်သူကိုယ်နိုင်အောင်ထိန်းလို့ ပြောရမည်လား။ ဒါမှမဟုတ် ရှင်တို့ချစ်သူနှစ်ယောက် အမြန်ဆုံးလက်ထပ်ပါလို့ တိုက်တွန်းရမည်လား။



ဖွေးက မြသွေးကို ပိုပြီးရွံရှာမုန်းတီးဦးတော့မှာ သေချာသည်။ ဒီကြားထဲ မူမူဆိုသည့် မိန်းမကတစ်မျိုး။ မြသွေးကိုပဲ ရန်လုပ်နေတော့ခက်သည်။

မြသွေးအဖြစ်က ဆူးကြားက ဖူးခါးဟု ဆိုရမည်ထင်သည်။ မြသွေး ရင်ဆိုင်နေရသည့် ပြဿနာကို မည်သူ့ကို ရှင်းပြအကူအညီတောင်းရမည်မသိ။

"ဟင်း"

တိုးတိတ်စွာ သက်ပြင်းကျိတ်ရှိုက်လိုက်၏။ ဒေါက်တာမိုးနိုင်ကားလေးက မည်းနက်သောလမ်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။ သူ့အတွေးထဲမှာ ဘာတွေဘယ်လိုရှိနေသည်ဆိုတာကို မြသွေးမသိ။

သူမနှင့် ဒေါက်တာမိုးနိုင်တို့ကြားက မထင်မှတ်သောပြောင်းလဲမှုကိုသာ တွေးမရအောင်ဖြစ်နေသည်။

မြသွေးအပေါ်မှာ ဒေါက်တာမိုးနိုင်ဘက်က အခုလိုသဘောထားတွေ ထူးထူးဆန်းဆန်း ပြောင်းလဲလာလိမ့်မည်ဟု တွေးမကြည့်မိဘူးပါ။ ထင်လည်းမထင်ခဲ့။

ဤသည်မှာ မြသွေးကပဲ လူကဲခတ်ညံ့ခြင်းလား။ သူကပဲ အနေအထိုင် တည်ငြိမ်ရင့်ကျက်လွန်းသည်လားဆိုတာ မြသွေးလည်း ခွဲခြားတတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုယ်ကိုယ်တိုင်က ဒေါက်တာမိုးနိုင်ဆိုသည့် လူတစ်ယောက်ကို အထင်ကြီးလေးစားဖွယ်ရာ ယောကျ်ားအဖြစ်ထက် တခြားဘာကိုမှ ပိုမမြင်မိခြင်းကလည်း သူ့ထံမှ အပြောင်းအလဲတစ်စုံတစ်ရာကို ရိပ်မိမို့ ခက်ခဲခြင်းဟု ဆိုရမည်ထင်သည်။

"ရှေ့နားက ဘတ်(စ်)ကားဂိတ်မှာ မြသွေးကို ကားရပ်ပေးပါဆရာ"

"ဘာလုပ်ဖို့လဲ"

"အဲဒီကနေ ကားပြောင်းစီးမလို့ပါ"

"ဘာအတွက်လဲ"

"ရှင်"

"မြသွေးကို ကိုယ်ကိုယ်တိုင် လိုက်ပို့နေပြီပဲ၊ ကိုယ်ခွင့်မပြုဘဲ နောက်ကို ဘာမှမလုပ်ရင် ပိုကောင်းမယ်"

"အို"

ပိုင်စိုးပိုင်နင်းရှိလာသော သူ့စကားကို တခြားသူတစ်ယောက်ကသာ ကြားသွားရင် မြသွေးဟာ သူ့ချစ်သူလို့ ထင်မှာအသေအချာပါပဲလား။

ဒီလိုပုံနှင့်သာ ရှေ့ဆက်သွားရမည်ဆိုလျှင် မြသွေးအတွက် အဘယ်မျှ ခက်ရဦးမည်ဆိုသည့်အတွေးပင် မတွေးဝံ့တော့လောက်အောင် ဖြစ်သည်။





"ဆရာ့ကို မြသွေး တစ်ခုလောက်ပြောပါရစေဆရာ"

"တစ်ခုမဟုတ်ဘူး…အခုတစ်ရာ အခုတစ်ထောင် ကြိုက်သလောက်ပြော၊ မြသွေးပြောသမျှ ကိုယ်နားထောင်မယ်"

ပြုံးနေသော ဒေါက်တာမိုးနိုင် မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း အခုရုပ်မှနောင်ရှင်း ပြောစရာရှိတာ အခုထဲက အပြတ်ပြောထားမှဖြစ်မည်ဆိုသော အတွေးက မြသွေး အသိတရားထဲကို ဖျတ်ခနဲ ဝင်လာသည်။

"မြသွေးမှာ ချစ်သူရှိပါတယ်ဆရာ"

"ကိုယ်နားလည်ပါတယ်၊ မြသွေးလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်မှာ ချစ်သူရှိနေနိုင်တာပဲ၊ အဲဒါ ကိုယ့်အတွက် သိပ်ခက်ခဲတဲ့ ပြဿနာမဟုတ်ပါဘူး"

"အခုလက်ရှိ အခြေအနေမှာ မြသွေးမှာ ပိုင်ဆိုင်သူမရှိဘူး၊ လွှတ်လပ်သူ၊ ကိုယ်စိတ်ဝင်စားတာ အဲဒီလောက်ပဲ၊ တခြားအကြောင်းအရာတွေ ကိုယ်စိတ်မဝင်စားဘူး"

သူကလည်း မြသွေး ဘာကိုရည်ရွယ်တာကို သိထားပုံဖြင့် မြသွေး ပြောမည့်စကားတွေကို ကြိုပိတ်ပြောလိုက်တာမို့ မြသွေး ရင်မောသွားသည်။

သို့သော်လည်းပေါ့…။

မြသွေး ပြောရန်စဉ်းစားထားသည့် စကားများကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အခုထဲက သူ့ကိုပြောရမည်။ ဒီလိုမှ မလုပ်လျှင် ဒေါက်တာမိုးနိုင် သဘောက ခန့်မှန်းရခက်သည်။

"မြသွေး . . . သူ့ကိုပဲချစ်တယ်ဆရာ"

"ဘယ်သူ့ကိုလဲ"

"မြသွေး ချစ်သူကိုပါဆရာ"

"မြသွေးချစ်သူ ဟုတ်လား၊ ဒါဖြင့် ကိုယ့်ကိုချစ်တယ်ပေါ့"

"ဆရာ"

"အဟွန်း . . . ဟွန်း . . . ဟွန်း"

"ဘာဖြစ်လို့ ကိုယ့်ကို ညာချင်ရတာလဲ ကလေးမရယ်၊ မြသွေးမှာ ချစ်သူရည်းစားမရှိတာ ကိုယ်သိပါတယ်ဗျာ၊ ဘာလဲ မြသွေးက ကိုယ့်ကို အခုထဲက စိတ်ပျက်ပြီး နောက်ဆုတ်သွားအောင် ကြိုးစားတာပေါ့ ဟုတ်လား"

မြသွေး အကြံညာဏ်တွေကို သူ ကြိုတင်ရိပ်မိသွားတာမို့ မြသွေးလည်း ဘာဆက်ပြောရမှန်းမသိတော့ဘဲ ခပ်အမ်းအမ်း အမူအရာလေးဖြင့်သာ ဒေါက်တာမိုးနိုင်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်မိသည်။

"ကိုယ့်သဘောထားကို မြသွေးသိအောင် အရင်ကြိုပြောထားမယ်၊ ကိုယ်က ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာဆိုရင်





ဘယ်လောက်ပဲခက်ခဲပင်ပန်းပါစေ၊ မဖြစ်ဖြစ်အောင် လုပ်တတ်သလို မရရအောင် ယူတတ်တာ ကိုယ့်အကျင့်ပဲ"

"ကိုယ်ချစ်တာ ကိုယ်စိတ်ဝင်စားတာက မြသွေး တစ်ယောက်တည်းပဲ၊ ပြီးတော့ မြသွေးနားလည်အောင် အခုထဲက စကားကို ရှင်းအောင်ပြောထားမှဖြစ်မယ်၊ အဲဒါက ဘာလဲဆိုတော့ ဖွေးကိစ္စပဲ"

ဖွေးအမည်ပါလာသဖြင့် မြသွေး စိတ်ဝင်စားသွားသည်။

"တကယ်တော့ ဖွေးက ကိုယ့်ချစ်သူမဟုတ်ဘူး၊ အဲဒီလိုပဲ လူကြီးတွေ စိတ်ချမ်းသာအောင် အလိုက်အထိုက် ပြောဆိုဆက်ဆံနေရတာကလွဲရင် ကိုယ်လက်ထပ်မယ့်သူကလည်း ဖွေးမဟုတ်ဘူး"

"ဟင်"

"ဖွေးကို ကိုယ်ခင်ပါတယ်၊ ညီမလေးတစ်ယောက်လို သဘောထားနိုင်ပေမယ့် အိမ်သူသက်ထား ဇနီးမယားတော့ မဖြစ်နိုင်ဘူး၊ အဲဒီအတွက် မြသွေး စိတ်ထဲမှာ အမြင်ရှင်းအောင် အခုထဲက ကြိုပြောထားတာ"

"မြသွေးဆီက ချစ်အဖြေရတဲ့နေ့မှာ မြသွေးဟာ ကိုယ့်ချစ်သူဖြစ်ကြောင်း အားလုံးသိအောင် ကြော်ငြာဖို့လည်း ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

မြသွေးရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။ သူ့ဘက်က မြသွေးကို သူချစ်သူဖြစ်ရမယ်လို့ အပိုင်တွက်ထားပုံပါလား။

"ကဲ…မြသွေးတို့အိမ်ကိုရောက်ပြီ၊ မနက်ဖြန်မှ ပြန်ဆုံကြမယ်ဟုတ်လား"

"ဂွတ်နိုက် မြသွေး"

"ဂွတ်နိုက်ပါ ဆရာ"

အိမ်ရှေ့ဝရန်တာလေးမှာ မြသွေးပြန်အလာကို ထွက်ကြိုနေသော မဦးကို လှမ်းမြင်လိုက်ရသည်။ ကားတစ်စီးပေါ်မှ ဆင်းလာသော မြသွေးကို လှမ်းမြင်တွေ့လိုက်ဟန်ဖြင့် သူမရှိရာကို ဆင်းလျှောက်လာ၏။

ဒေါက်တာမိုးနိုင် ကားလေး ညအမှောင်ထုထဲကို တိုးဝင်ပျောက်ဝင်သွားသည်ကို ရပ်ကြည့်နေဆဲ မြသွေးနားကို မဦးရောက်လာသည်။

"ဘယ်သူ့ကားလဲ မြသွေး"

"ဆရာဦးမိုးနိုင်ကားပါ"

"ဟယ်…စောစောက ဆရာလား၊ အိမ်ပေါ်လေးဘာလေး ခေါ်တာမဟုတ်ဘူး မြသွေးရယ်၊ မဦးက တခြားပေးရှင့်ကား ထင်နေလို့ ဒီအတိုင်းကြည့်နေတာ၊ အားနာစရာဖြစ်ကုန်ပါပြီကွာ"





မဦးက ဒေါက်တာမိုးနိုင်ဆိုတာနှင့် ပြာသွားသလို မြသွေး ကိုယ်တိုင်လည်း ဒီနေ့ သူမကြုံတွေ့ဖြစ်ပျက်သမျှကို နားမလည်နိုင်အောင် ဖြစ်နေမိပါသည်။

"ရှင်နဲ့ဆရာနဲ့ ဘယ်မှာ တွေ့လာတာလဲဟင်"

"ဒီလိုပဲ လမ်းမှာတွေ့တာနဲ့ ဆရာက မြသွေးကို လမ်းကြုံ လိုက်ပို့တာပါ"

"ဟုတ်လား…အဟင်း…ဟင်း မူမူသာကြားရင် နေရာမှာတင် လဲကျသွားနိုင်တဲ့သတင်းပဲ"

"တို့တော့ မူမူဆိုတဲ့ မိန်းမကို နည်းနည်းမှ ကြည့်မရဘူးသိလား၊ ဆရာဦးမိုးနိုင်ဆိုရင် သူပိုင်ပစ္စည်းလို့ကိုထင်နေ တာ"

မြသွေးသည် မဦးစကားကို ထောက်ခံစကားမဆိုသလို ကန့်လည်းမကန့်ကွက်မိပါ။ တစ်နေကုန် ပင်ပန်းနွမ်းနယ်လာ သမျှကိုသာ အနားယူချင်နေပါသည်။

"မြသွေး ရေချိုးလိုက်ဦးမယ်နော်"

"ချိုးလေ…မဦးလည်း ဟင်းတွေပြန်နွှေးထားလိုက်မယ်"

ရေချိုး၊ သနပ်ခါးလူးပြီးချိန်မှာ သူငယ်ချင်းနှစ်ယောက် ငါးလေးအိုးကပ်ဟင်း ဆီပြန်၊ ငါးပိရည်၊ တို့စရာ အစုံ ဖရုံရွက် ဟင်းချို၊ ငါးခြောက်ဖုတ်၊ လက်ဖက်သုပ်၊ ကြက်သားကြော်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းချိုင့်မြိုင်မြိုင်စားဖြစ်ကြသည်။

"ဟင်းတွေစုံလှချည်လား မဦးရယ်"

"ဟိုဘက်အိမ်က ကြက်သားကြော် ပို့ထားတာလေ၊ မဦးလည်း ဟင်းပြန်ပို့လိုက်တယ်၊ ဒီမှာ သရက်ကင်းလေးစားဦး"

ဟင်းအမယ်စုံပေမယ့် ထင်သလောက် စားမဝင်နိုင်။ အတွေးထဲမှာ ဒေါက်တာမိုးနိုင်ကြောင့် အာရုံတွေ စုပေါင်းရှုပ်ထွေးနေ၏။

"ထမင်းလည်း သိပ်မစားပါလား၊ ဘာဖြစ်လို့လဲ မြသွေး"

"ခေါင်းနည်းနည်းကိုက်လို့ပါ မဦးရယ်၊ ဆေးသောက်ပြီး အနားယူလိုက်ရင် ကောင်းသွားမှာပါ"

"ဒါဖြင့်လည်း စောစောအိပ်ရာဝင်လေ၊ မဦးတော့ တီဗီ အစီအစဉ်ပြီးအောင် ကြည့်လိုက်ဦးမယ်သိလား"

မဦးကို နှုတ်ဆက်ပြီး အိပ်ရာထဲကို ဝင်ခဲ့ပေမယ့် လူက သာ ငြိမ်နေသော်လည်း မြသွေး အတွေးတွေက ဆုံးစမရှိ လွင့်ချင် တိုင်းလွင့်နေသည်။

ညင်သာသော သက်ပြင်းရှိုက်သံက တိုးတိတ်စွာ မြသွေး အခန်းလေးထဲမှာ စီးမျောသွား၏။

× × × ×



အခန်း (၁၀)

"ကိုကို"

"သြော်…ဖွေး"

လှပသောဖွေးကို အဖြူရောင်ဝတ်စုံလေးဖြင့် ခေတ်မီလှပ စွာ တွေ့လိုက်ရ၏။ ပန်းပင်တွေကို ကိုယ်တိုင်မြေဆွ ပေါင်းသင်နေ သော သူ့ကို ဖွေးက မျက်လုံးလေးဝင့်ပြီး တစ်ချက်ကြည့်လိုက် သည်။

"ဖွေးကို ရေစိုကုန်လိမ့်မယ်၊ အိမ်ထဲသွားထိုင်နေလေ"

"ဟင့်အင်း…ဒီနားမှာပဲနေမယ်၊ ဒီနေ့ ကိုကို ဆေးရုံ မသွားရဘူးလား"

"အော့ဖ်လေ…ကိုကို့နားရက်"

"သြော်"

ဒေါက်တာမိုးနိုင်က ပန်းအိုးအဟောင်းတွေနှင့် ပန်းအိုး



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေကို သူကိုယ်တိုင် စနစ်ကျကျ လှလှပပဖြစ်အောင် ကွန့်ခိုင်ပြီး လဲနေတာကို ကြည့်ပြီး ဖွေးက သဘောမကျသလို မျက်ခုံးလေးတွန့်နေ၏။

"ကိုကိုကလည်း ဘာလို့ အလကားအပင်ပန်းခံနေရတာလဲ၊ မာလီမူတူးတို့ရှိတာပဲ သူ့ကို ဒါတွေလုပ်ခိုင်းလိုက်တာမဟုတ်ဘူး"

"ဒါလည်း စိတ်အပန်းဖြေနည်းတစ်မျိုးပဲ ဖွေးရဲ့၊ ကိုကိုက သစ်ပင်ပန်းပင် စိုက်ရတာ ဝါသနာပါတယ်၊ ပျော်လည်းပျော်တယ်"

"အသက်ကြီးလို့ အလုပ်ကအနားယူရင် ကိုယ်ပိုင်ဥယျာဉ်ခြံမြေတစ်ခုဝယ်ပြီး သီးပင်စားပင်တွေ စိုက်ပျိုးပြီးနေမယ်လို့တော့ စိတ်ကူးထားတာပဲ"

ဒေါက်တာမိုးနိုင်က သူ့စိတ်ကူးကို ပြောပြနေချိန်မှာ ဖွေးကတော့ ဤမျှရိုးအလှသော စိတ်ကူးအတွက် လှပသောမျက်နှာလေးကို မဲ့လိုက်သည်။

"ဖွေးတို့ကတော့ ကိုကိုလို မနေနိုင်ပါဘူးနော်၊ အသက်ကြီးမှများ သစ်ပင်စိုက်ဦးမလို့လား၊ ကိုကိုက ကိုယ့်ဗုက္ခကိုယ်ရှာချင်တဲ့လူပဲ၊ ကိုကို့နေရာမှာ ဖွေးသာဆို အခုထဲက ငွေတွေအပြတ်ရှာထားပြီး အသက်ကြီးလာတော့ တစ်ကမ္ဘာလုံးအနှံ့ လျှောက်လည်ပစ်မယ်သိလား"

"ဖွေးက ခရီးသွားရတာ ဝါသနာပါတယ်ပေါ့ ဟုတ်လား"

"ဒါပေါ့...ကိုကိုရော ဖွေးနဲ့အတူ ခရီးမသွားချင်ဘူးလား"

"ဖွေးက ကိုကို့ညီမလေးပဲဗျာ၊ ဖွေးနဲ့အတူ ခရီးသွားရမယ်ဆိုလည်း မဆိုးပါဘူး"

ကိုကို့စကားက ဖွေးအပေါ်မှာထားသည့် သူ့သဘောထားကို တိတိကျကျ ဖော်ညွှန်းပြောဆိုနေတာမို့ ဖွေးရင်ထဲမှာ နင့်ခနဲနာကျင်သွား၏။

ဖွေးက ကိုကို့ကို ချစ်မြတ်နိုးရသလောက် ကိုကိုကတော့ ဖွေးကို နည်းနည်းလေးမှ ဂရုမစိုက်ပါလား။ မြသွေးဆိုသည့် မိန်းမနှင့်တုန်းကလည်း ကိုကိုက ဖွေးဘက်ကမပါ။ မြသွေးရှေ့မှာပင် ဖွေးကို လေသံမာမာနှင့် တုံ့ပြန်ဒေါသတွေဖြစ်နေခဲ့တာ ဖွေးမမေ့။

ကိုကို့အိမ်မှာ မြသွေးကို နောက်ထပ် ဆက်မမြင်ရတာကိုတော့ ဖွေးစိတ်ထဲမှာ ကျိတ်ပြီး ကျေနပ်သည်။ မြသွေးဆိုသည့် မိန်းမကိုသာ ဖွေးချစ်သူနဲ့ တစ်အိမ်ထဲအတူတူနေတာ ဆက်မြင်တွေ့နေရရင် ဖွေး သေနိုင်သည်။

မြသွေးကိစ္စ ဖြစ်ပြီးကတည်းက ကိုကိုက ဖွေးအပေါ်မှာ ခပ်တန်းတန်းဖြစ်သွားတာမို့ ဖွေးရင်ထဲမှာ ကြေကွဲဝမ်းနည်းစိတ်နဲ့ ကျိတ်ပြီး မျက်ရည်ကျခဲ့ရတာ ကိုကိုသိမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သိလည်း ဂရုစိုက်ချင်မှ စိုက်ပေလိမ့်မည်။ ဒီလိုဖြစ်စရာ အကြောင်းကလည်း ကိုကို့မှာ ရှိနေတာ ဖွေးသိသည်။ မြသွေးဆိုသည့် မိန်းမက ကိုကို့လို လူတစ်ယောက်ကို လွယ်လွယ်နှင့် လက်လျှော့မည့်သူမဟုတ်မှန်း ဖွေးထက် ဘယ်သူမှ ပိုမသိနိုင်။

ဖွေးကြောင့် ကိုကို စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာမို့ ကိုကို့အိမ်မှာ မြသွေးဆိုသည့် မိန်းမမရှိတာ သေချာသည်နှင့် ကိုကို့ ရှေ့ကို ထပ်မရောက်အောင် ဖွေးစိတ်ကို ချုပ်တည်းထားခဲ့ရသည်။

ဒါကလည်း ကိုကို့ကိုသိပ်ချစ်လို့။

ကိုကိုနှင့် မဝေးချင်လို့ဆိုတာ ဖွေးပဲသိသည်။ ကိုကိုနှင့် မြသွေးတို့ ဆေးရုံမှာ အတူရှိနေမည့်အချိန်တွေကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ရင်း ဖွေးရင်ထဲတွေ ပူကျမ်းလောင်မြိုက်လာတော့ မြသွေး ဆိုသည့် မိန်းမကို ဖွေးနှင့် ကိုကို့ကြားက အဝေးဆုံးတစ်နေရာသို့ ထွက်သွားအောင် ဘယ်လိုလုပ်ရမည်နည်းဟု အကြံတွေ အပြတ် ထုတ်ခဲ့သည်။

ကျော်ကလည်း မကြာခင် နိုင်ငံခြားက ပြန်လာတော့မည် ဆိုတော့ မြသွေးဆိုသည့် မိန်းမကို ကြည့်မရအောင် မုန်းပေမယ့် ကျော့်ဘက်ကို မြှားဦးလှည့်ပြီး ကိုကိုနှင့်ဝေးအောင် ဖန်တီးဖို့ စဉ်းစား မိသည်။

ကမ္ဘာမီးလောင်တော့လည်း သားကောင်ချနင်းရသေးသည် ဆိုတော့ ကိုကို့ကို မစွန့်လွှတ်ရဲတော့ မောင်ဖြစ်သူကျော်ကို ဓါးစာခံ





အဖြစ် အသုံးချဖို့ ဖွေးမှာ အကြံဉာဏ်တွေ ဖြစ်လာခဲ့ရသည်။

မြသွေးဆိုသည့် နာမည်ကြားသည်နှင့် ကျော်ဆိုသည့် မောင်ကလည်း အဲဒီမိန်းမရှိရာကို အပြေးသွားရောက်တွေ့ဆုံမှာကို စိတ်က အလိုလိုသိနေတော့လည်း ဖွေးမှာ အခုံရတော့ ခက်မိသား ဝင်။

ဘာဖြစ်လို့များ မြသွေးလို အဆင့်အတန်းမရှိလှတဲ့ မိန်းမ တစ်ယောက်နားမှာ ဖွေးနဲ့ပတ်သက်တဲ့ အချစ်ဆုံးယောကျ်ားတွေ က ဒူးထောက်ခစားချင်နေကြတာလဲ။

အံ့သြစရာတော့ အကောင်းသားပင်။

တစ်ခါတစ်ရံမှာ ယောကျ်ားတွေဟာ ဒီလိုပဲ ရူးကြောင် ကြောင်ဖြစ်ကြသည်ထင်ရဲ့။

မြသွေးနား ကျော်ရောက်နေသည့်အချိန်မှာ ကိုကိုက မြသွေးကို စိတ်ပျက်သွားအောင် ဖန်တီးရမည်က ဖွေးတာဝန်။ ကိုယ်လိုချင်သည့် အနေအထားရောက်အောင် ဆွဲယူပြီးမှ ကိုကိုနှင့် ဖွေးတို့ အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားမည်။

ပြီးမှ…ကျော်နှင့် မြသွေးဆိုသည့် မိန်းမကို ခွဲပြစ်လိုက် မည်။

ဒါ ဖွေးရဲ့အကြံဉာဏ် စိတ်ကူးတွေပါ။ ဒီစိတ်ကူးတွေ အမြန်ဆုံးအကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ချက်ကိုလည်း ရခဲ့သည် မကြာသေး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဖွေးချစ်တဲ့ ကိုကို့ကို ပိုင်ဆိုင်ရမည်ဆိုလျှင် ကျေနပ်ပါပြီလေ။ ဒါကြောင့်လည်း ဖွေးကို ညီမလေးတစ်ယောက်လို ချစ်ပါသည်ဆိုသော စကားအပေါ်မှာလည်း ဖွေးရင်မှာ နာပေမယ့် ကိုကို့ရှေ့မှာ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးလေး နေပြလိုက်သည်။

ကိုကိုက ဖွေးကို ညီမလေးလိုချစ်တာ မှန်ပေမယ့် ဖွေးဆိုသည့် သူမကတော့ ကိုကို့အပေါ်မှာ အစ်ကိုရင်းတစ်ယောက်လို သဘောမထားနိုင်တာ သေချာသည်။

ကိုကို့ကို ဖွေးချစ်သည်။

ထိုအချစ်မှာ ချစ်သူတစ်ယောက်ကိုချစ်သော အချစ်မျိုးဖြစ်ပြီး ဖွေးချစ်သူကို ရယူပိုင်ဆိုင်လိုသည်က ဖွေးတွင်ရှိနေသော အပြင်းပြဆုံး စိတ်ဆန္ဒဆိုလည်း မမှား။

"ကိုကို"

"ဟင်"

"မနေ့က ကော်ဖီဆိုင်မှာ ကိုကို့နဲ့အတူရှိနေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ဘယ်သူလဲဟင်"

ဖွေးစကားအဆုံးမှာ ကိုကို့မျက်ဝန်းအကြည့်များက ဖွေးထံ ဖျတ်ခနဲရောက်လာသည်။

"အသိတစ်ယောက်ပါ ဘာဖြစ်လို့လဲ"

"မြသွေးဆိုတဲ့ မိန်းမဟုတ်မဟုတ် သိချင်လို့ပါ"





စိတ်ထဲရှိတာကို မကွယ်မဝှက် ရဲရဲ့စွာဝန်ခံလိုက်သည့် ဖွေးထံမှ ပွင့်လင်းမှုက ဒေါက်တာမိုးနိုင် နှုတ်ခမ်းအစုံကို တင်းတင်း စေ့သွားစေပါသည်။

"ဟုတ်တယ်ဆိုရင် ဖွေးက ဘာလုပ်မလို့လဲ"

"ဖွေးဟာ ကိုကို့နဲ့ မကြာခင်လက်ထပ်တော့မယ့် ဇနီးလောင်းဆိုတာ ကိုကို့မာမီကိုယ်တိုင် ဖွေးရှေ့မှာ သူ့နဲ့မိတ်ဆက်ပေးတုန်းက တစ်ခါထဲ ထည့်ပြောခဲ့တာပဲ ကိုကို"

"ဖွေး"

"မြသွေးဆိုတဲ့ မိန်းမလက်ထဲကိုလည်း ကိုကို့ကို အပါ မခံနိုင်ဘူး"

"မင်းဘာတွေလျှောက်လုပ်ဦးမလို့လဲ ဖွေး၊ မြသွေးကိစ္စက ဖွေးနဲ့မဆိုင်ဘူး၊ အဲဒါ ကိုယ့်ကိစ္စ"

"ကိုကို့ကိစ္စက ဖွေးကိစ္စဖြစ်နေလို့ အခုလို ဝင်ပါနေရတာပေါ့ကိုကို၊ အဲဒီမိန်းမကို ဖွေး ဘယ်လောက်မုန်းတယ်ဆိုတာ ကိုကို သိရဲ့သားနဲ့၊ ဖွေးအသည်းကို ရက်ရက်စက်စက်ခွဲဖို့ ကြိုးစားတာ ကိုကို တရားတယ်ထင်နေလား"

ပြောရင်း ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသော ဖွေးပုံစံက စိတ်သက်သာစရာမရှိတာမို့ ဒေါက်တာမိုးနိုင် စိတ်ရှုပ်သွားသည်။ ဖွေးစိတ်ကို သူသိသည်။

လိုချင်တာ၊ ဖြစ်ချင်တာကို မရရအောင်ယူတတ်သည်က



www.burmeseclassic.com

www.burmeseclassic.com



ဖွေးအတွက်။ ပြီးတော့ လူတွေအပေါ်မှာ စာနာစိတ်ကင်းကင်းနှင့် နိုင်လိုမင်းထက်ပြုတတ်သူ။ ဒီလိုဖြစ်အောင်လည်း ဖွေးဘဝမှာ လိုတရပြည့်စုံသူ။

မြသွေးနှင့် ဖွေးဘဝက ဘာတစ်ခုမှမတူ။ ဆန့်ကျင်ဘက် အနေအထားမှာ ဖွေးကြောင့် မြသွေးကို နောက်ထပ်တစ်ကြိမ် အနာတရမဖြစ်စေလိုသည်မှာ သူ့ဆန္ဒဖြစ်ပါသည်။

"ဖွေးကို ညီမလေးတစ်ယောက်လိုပဲ ချစ်တယ်လို့ ကိုယ် ပြောပြီးပြီပဲ"

"ဖွေးက ကိုကို့ကို အစ်ကိုတစ်ယောက်လို မချစ်နိုင်ဘူး၊ ဖွေးမှာ အစ်ကိုလည်းမရှိဘူး"

"ဖွေး"

"ဖွေးကို မအော်ပါနဲ့ကိုကို၊ မကြာခင် ကျော်လည်း နိုင်ငံခြားက ပြန်လာတော့မှာ၊ ကိုကိုက ကျော်နဲ့အပြိုင် အဲဒီမြသွေးဆိုတဲ့ ဘာမှတန်ဖိုးမရှိတဲ့ မိန်းမကို လုဦးမလို့လား"

"ဟင်"

"ဖွေးပြန်မယ် ကိုကို"

သူ့နားက ချာခနဲ ကျောခိုင်းလှည့်ထွက်သွားသော ဖွေးကို ဒေါက်တာမိုးနိုင် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ဖွေးနောက်ကျောပြင်ကိုသာ ငေးငေးကြီး စူးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။





"ကိုကိုက…ကျော်နဲ့အပြိုင် အဲဒီမြသွေးဆိုတဲ့ ဘာမှတန်ဖိုးမရှိတဲ့ မိန်းမကို လုဦးမလို့လား"

ဖွေးစကားက ဒေါက်တာမိုးနိုင်ရင်ထဲမှာ လျှံသွားသည်။ မြသွေးနှင့် ကျော်ကို ဟိုတုန်းထဲက သဘောမတူခဲ့သော ဖွေးက အခုတော့ သူမောင်နှင့်မြသွေးကို သဘောတူလိုက်ပြီလားဟု သူ တွေးကြည့်သည်။

လုံးဝမဖြစ်နိုင်။

ဖွေးက မြသွေးကို ကြည့်မရအောင်မုန်းတာ သူသိသည်။ ဖွေးကိုယ်တိုင်ကလည်း သူ့မ စိတ်ခံစားချက်ကို ဖွင့်ပြောပြီးသားမို့ သူ့မသဘောထားကို ဒေါက်တာမိုးနိုင်သိသည်။

သူ့ကို ချစ်သည့်စိတ်နှင့် ကျော်ကို မြသွေးနှင့် ပြန်ဆက်ပေးဦးမည်လား။ သူကြည့်နေဆဲမှာပင် ဖွေးကားလေး နေရာမှ ဝေါခနဲ မောင်းထွက်သွားတာကို မြင်လိုက်ရသည်။

ဖွေးနှင့်တော့ နည်းနည်းမှမလွယ်။ ခမှန်ဘူးသော စာသူငယ်ဘဝလို မြသွေးက ဒေါက်တာမိုးနိုင်တို့လို ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းကို စိုးကြောက်ထိတ်လန့်နေရှာသူ။ သူ့ထံမှ ချစ်ခွင့်ပန်စကားကိုပင် လက်ခံနာကြားလိုသူမဟုတ်။

ဒီလိုအခြေအနေကြားမှာ ဒေါက်တာမိုးနိုင်က မြသွေး သဘောထားကို သိသိနှင့် ဖွတ်နှစ်ပြီး သူဖြစ်ချင်တာကို ပြောခဲ့ရတာမို့ မြသွေးနှင့် သူတို့နှစ်ယောက်ကြား ဖွေးတို့ မောင်နှမကြား

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာမှာကို တွေးပြီးရင်မောသွားသည်။

ဖွေးအကြောင်းကို သူသိသည်။

မြသွေးအပေါ်မှ ပြဿနာရှာမှာ သေချာသည်။ ငွေကြေးအရှိန်အဝါသုံးပြီး မြသွေးကို နည်းမျိုးစုံသုံးပြီး သူနှင့်အဝေးဆုံးထွက်သွားအောင် လုပ်ကြံဖန်တီးလာလျှင် သူဘာလုပ်ရမည်နည်း။

ချစ်သော မြသွေးဘက်မှ ရဲရဲဝံ့ဝံ့ရပ်တည်သည်ပဲထားဦး သူမက လက်ခံမည်မဟုတ်။ မြသွေး၏မာနကို သူစာနာနားလည်ပေးနိုင်ပေမယ့် ဖွေးကတော့ သူလိုမဟုတ်။ မြသွေးအပေါ်မှာ ထားရှိသော အမုန်းနှင့် အညိုးကြောင့် ပိုပြင်းထန်သော တိုက်စစ်ဆင်မှုတွေ ပြုလုပ်မှာ သေချာသည်။

မျက်ဝန်းထဲမှာ လှပသော မြသွေးမျက်နှာလေး ဖျတ်ခနဲပေါ်လာသည်။ မဖြစ်နိုင်ပါဘူး၊ မချစ်နိုင်ပါဘူးဟု တွင်တွင်ငြင်းပယ်နေရှာသော ကလေးမ၏ သဘောထားက ဒါတွေကိုများကြိုသိနေလို့ပဲလား။

သနားစရာ ကောင်းလိုက်တဲ့ ကိုယ့်ရဲ့ မြသွေးလေးရယ်။

သူ့ဘဝမှာ ပထမဆုံး ရင်ခုန်လှုပ်ရှားခဲ့ရသော မိန်းကလေးတစ်ယောက်အဖြစ် မြသွေးအပေါ်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေနှင့် တန်ဖိုးထားရသည်ကို ဖွေး နားလည်မည်မဟုတ်။

တစ်ဖက်သတ်အချစ်ဖြင့် အိမ်ထောင်ရေးတစ်ခုကို ဖွတ်





အတင်း တည်ဆောက်ဖို့ ကြိုးစားလျှင် မှားပေလိမ့်မည်။ ဒါကို ဖွေးသိအောင် သူပြောပြချင်သည်။

မြသွေးကို သူချစ်သည်။ သိပ်ချစ်သည်။ ထိုအချစ်က လုပ်ကြံဖန်တီးထားသော အချစ်မျိုးမဟုတ်။ ရင်ထဲ နှလုံးသားထဲက မတွေ့မမြင်နိုင်သော စိတ်ခံစားချက်မှတစ်ဆင့် ရှင်သန်ပေါက်ဖွားလာသည့်အရာဖြစ်သည်။

လောကမှာ အချစ်ထက် အရေးကြီးတာတွေ အများကြီးဆိုပေမယ့် ချစ်ခြင်းမေတ္တာဆိုသည့် အရာကလည်း တစ်ထောင့်တစ်နေရာမှာ ပါဝင်ပတ်သက်နေသည်ကိုက ငြင်းမရ။

နှလုံးသားမှ လိုလားတောင်းတသည့် ချစ်သူကိုသာ ရယူပိုင်ဆိုင်ချင်ကြသည်မှာ ချစ်သူတို့၏ ဘာသာဘာဝဟု ဆိုပြန်တော့ သူ့အပေါ်မှာ တစ်ဖက်သတ် တွယ်ငြိနေသော ဖွေးအတွက် စာနာစိတ်ဖြင့် သနားကြင်နာမိသော်လည်း မတတ်နိုင်။

သူချစ်သည်က မြသွေးတစ်ယောက်တည်း။ ကိုယ့်ကို ခွင့်လွှတ်တော့ ဖွေးရယ်။

မြသွေးကိုပဲ ကိုယ်ချစ်တယ်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

မြသွေးမှာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းမောတစ်ခုကို ညင်သာစွာ ရှိုက်လိုက်မိရပြန်ပါသည်။ ဒေါက်တာမိုးနိုင်ကို ဒီနေ့ အဖြေပေးရတော့မည်။ ထိုအဖြေက သူသဘောကျနှစ်ခြိုက်မည့်အဖြေ ဖြစ်၍ မနေခြင်းကို စိတ်မကောင်းပေမယ့် မတတ်နိုင်။

မမိုတဲ့ပန်းကို မလှမ်းခြင်းသည်သာ မြသွေးအတွက် နောင်တွင် ဖြစ်ပေါ်လာမည့် သောက၊ ဒုက္ခများ၏ ကင်းဝေးရာ အစစ်ဖြစ်သည်ကိုတော့ မြသွေးကိုယ်တိုင် သေချာဆန်းစစ် ဝေဖန်ပိုင်းခြားပြီးမှ ရရှိလာသော အဖြေဆိုလျှင်လည်း မမှားပ။

ပြီးတော့ ဖွေးကြောင့် မြသွေး၏ ဆုံးဖြတ်ချက်တို့ ပိုမိုခိုင်မာခဲ့ရခြင်းကိုက ဒေါက်တာမိုးနိုင် သိမည်မဟုတ်။ သိစရာလည်း မလိုဟုထင်သည်။ ဖွေးကိုယ်တိုင် မြသွေးအိမ်ကို ရောက်လာတော့





မြသွေးမှာ အံ့သြသင့်နေခဲ့ရသည်။

အိမ်မှာ မဦးကလည်းမရှိ။ ဈေးဝယ်သွားနေသဖြင့် မြသွေးတစ်ယောက်တည်း ရှိနေသည့်အချိန် မြသွေး တစ်ခါမှ မမြင်ဘူးသည့် ကားလှလှလေးပေါ်က စိမ်းရောင်ရွှေရောင် တစ်ဖျတ်ဖျတ်တောက်နေသော ဖွေးကို တွေ့လိုက်ရတာပဲဖြစ်သည်။

ဒရိုင်ဘာမပါ။ ဖွေးကိုယ်တိုင် မောင်းလာသော ကားပေါ်က ကြွကြွရွရွလေး ဆင်းလာသော ဖွေးကို မြသွေး ငေးကြည့်နေခဲ့ရသည်။

အဖိုးတန် အသုံးအဆောင်ပစ္စည်းတွေနှင့် သိပ်လှသည့် သူဌေးမလေး ဖွေးနှင့် နေစရာကိုယ်ပိုင်အိမ်ပင် မရှိ၍ ရသည့်ငွေလေးထဲမှ ခြစ်ချုပ်ပြီး သူငယ်ချင်းနှစ်ယောက် စုပေါင်းငှားထားသည့် အိမ်သေးသေးလေးရှေ့မှာ ဖွေး၏ ကားလှလှလေး ရပ်ထားပုံက ဖွေးအတွက် ရယ်စရာဖြစ်နေမည်ထင်သည်။

"ဒီအိမ်မှာ မင်းတစ်ယောက်တည်းနေတာလား မြသွေး"

"သူငယ်ချင်းနဲ့နေတာပါ၊ ကိစ္စရှိလို့လားဖွေး"

မြသွေးတို့ ငှားနေသည့် အိမ်လေးကို မျက်လုံးလေးဝင့်ခနဲ ဝင့်ခနဲ ကြည့်လိုက်တိုင်း ဖွေးမျက်နှာပေါ်မှာ အထင်မြင်သေးခြင်း၊ ရွံရှာစက်ဆုပ်ခြင်းတို့ မပြတ်ဖြစ်ပေါ်ခံစားနေရသည်ကို မြသွေးကိုယ်တိုင် မြင်တွေ့နေရပါသည်။

မြသွေးအပါအဝင် မြသွေးအိမ်ကလေးကို နှစ်မြို့ခြင်းမရှိ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သော ဖွေးကဲ့သို့ပင် မြသွေးကလည်း ဖွေးဆိုသည့် ပစ္စည်းရှိန်၊ ဘုဏ်ရှိန်ဖြင့် ခက်ထန်မောက်မာလှသော ဖွေးကို အလိုမရှိပါ။

မြသွေးကိုယ်တိုင် မပြည့်စုံသူတစ်ယောက်ဖြစ်နေ၍ တစ်ဖက်သား ချမ်းသာပြည့်စုံခြင်းအပေါ်မှာ မနာလိုဝန်တိုသော စိတ်ဖြင့်ကမဟုတ်။ ပုလောင်သောကများဖြင့် ကင်းဝေးရာနေရာမှာ ကိုယ့်ဘဝနှင့်ကိုယ် နေလိုခြင်းမျိုးမျှသာဖြစ်ပါသည်။

"ဖွေးနဲ့ ဒေါက်တာဦးမိုးနိုင်တို့ မကြာခင် လက်ထပ်တော့မယ်ဆိုတာ မြသွေးသိမယ်ထင်ပါတယ်"

ဖွေးစကားကို မြသွေး ထောက်ခံခြင်းလည်းမပြုသလို ငြင်းပယ်ခြင်းလည်းမပြုပါ။ ဖွေးနှင့်ပတ်သက်ပြီး ဒေါက်တာမိုးနိုင်က သူ့သဘောထားတွေအားလုံး မြသွေးကို ပြောပြသွားသည်မို့ ဖွေး ပြောမည့်စကားကိုသာ နားစွင့်နေမိပါသည်။

"အခု ကိုကိုက မင်းအလှကို မက်ပြီး တို့အပေါ်မှာ အချိုးပြောင်းဖို့ ကြိုးစားလာတာကို တို့မခံနိုင်ဘူး၊ ပြီးတော့ မင်းဘက်က အလိုက်တသိနဲ့ ကိုကို့ဆန္ဒကို ငြင်းပေးပါ"

"အဲဒီအတွက်ဆိုရင် ရှင့်ဘက်က စိတ်ပူမနေပါနဲ့၊ ဒေါက်တာမိုးနိုင်ကို အဲဒီနေ့က မြသွေးဘက်က လုံးဝလက်မခံနိုင်တဲ့အကြောင်း အပြတ်ငြင်းပြီးပါပြီ"

"ဟင်"

ဒီလိုဆိုပြန်တော့လည်း ကိုကို့လို လူတစ်ယောက်ကို ဘာ



မဟုတ်သည့် မိန်းမတစ်ယောက်က ပြတ်သားစွာ ငြင်းပယ်လိုက်သည်ဆိုတော့ ဖွေးရင်ထဲမှာ ခံပြင်းစိတ်နှင့် ဒေါသလေးဖြစ်မိပေမယ့် ထိုစိတ်ကို ချက်ချင်းမျိုသိပ်ပစ်လိုက်သည်။

ဖွေးလို မိန်းကလေးတစ်ယောက်တောင်မှ ကိုကို့ကို ပိုင်ဆိုင်ရယူချင်လွန်းလို့ ရှေ့မျက်နှာနောက်ထားပြီး အပြတ်ကြိုးစားနေတာတောင် မရနိုင်လို့ စိတ်ညစ်နေရတဲ့ကြားထဲ မြသွေးလို ဘာမှမဟုတ်တဲ့ မိန်းမက ကိုကို့လို လူတစ်ယောက်ကို အပြတ်ငြင်းလိုက်သည်တဲ့။

နားရှိလို့သာ ကြားလိုက်ရသည်။

ပြောနေသည့်စကားတွေနှင့် လူက နည်းနည်းမှမလိုက်။ ကိုကို့လို လူတစ်ယောက်ကရော မြသွေးလို ဘာအဆင့်အတန်းမှမရှိတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ယူရဲတဲ့အထိ သတ္တိရှိနိုင်မှာတဲ့လား။

ရုပ်ကလေးလှတာမက်ပြီး အပျင်းပြေဆော့ကစားသွားမှာထက်မပို။ ဒါကို…

"အဟွန့်"

"အဟင်း…ဟင်း…ဟင်း"

မရယ်ချင့်ရယ်ချင် တစ်ချက်မျှရယ်လိုက်ပြီးမှ ကိုယ့်အတွေးကိုယ် သဘောကျစွာ အားပါးတရလေး ရယ်လိုက်မိသူက ဖွေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ့်ဘဝကိုယ်သိပြီး အမိုက်မခံဘဲ စောစောငြင်းလိုက်တာလည်း ကောင်းပါတယ်၊ ယောက်ျားတွေက မိန်းမလှလှမြင်ရင် မနေနိုင်ကြဘူးလေ၊ မင်းကိုလည်း သူ့စိတ်ကြိုက် အသုံးချပြီးရင် ပစ်ထားခဲ့မှာပဲလေ"

"ကိုကို့လို လူတစ်ယောက်က မင်းလို ဘာမှမရှိတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီး သူ့ဘဝထဲ ဆွဲခေါ်ရဲတဲ့အထိ သတ္တိမရှိပါဘူး၊ ဂုဏ်ရှိ ငွေရှိ ယောက်ျားတစ်ယောက်ရဲ့ အသုံးချခံပစ္စည်း မဖြစ်ချင်ရင် အခုထဲက ဝေးဝေးကရှောင်ပါလို့ လာပြောတာ"

"တို့သွားမယ်"

ဖွေးက အောင်နိုင်သူကစ်ယောက်၏ မျက်နှာဖြင့် မြသွေးကို တစ်ချက်ကြည့်လိုက်ပြီး သူမကားလေးပေါ်တက်ကာ ဝေါခနဲမောင်းထွက်သွားသည်။

မြသွေးမှာ ဖွေးစကားကို နားထောင်ပြီး နေရာမှာရပ်လျက်ကျန်ရစ်ခဲ့သည်။ မြသွေးကို တမင်သက်သက် အိမ်အထိ လာရောက်စော်ကားရဲသော ဖွေးကိုယ်တိုင် မိန်းမသားတစ်ယောက်ဆိုသည်ကိုမေ့နေပုံရသည်။

ဒေါက်တာမိုးနိုင်ကို သူမ အပိုင်ရလိမ့်မည်ဟု ဖွေးက





သူမကိုယ်သူမ စိတ်ချယုံကြည်နေလျှင် မြသွေး ရှေ့မှောက်အထိရောက်လာစရာအကြောင်းမရှိ။

မိမိချစ်သူ၊ မိမိခင်ပွန်းလောင်းကို သိပ်ချစ်နေလျှင်လည်း အမြန်ဆုံးလက်ထပ်ရန် စဉ်းစားဆုံးဖြတ်သင့်သူဖြစ်သည်။

ဒေါက်တာဦးမိုးနိုင်ကို ဖွေး ပိုင်ပုံမရ။ ဖွေးဖြစ်ချင်သလိုတစ်ဖက်ကမဖြစ်တော့ ဖွေးက မြသွေးကို လာမဲနေသည်မှာလည်း အထင်အရှားပင်။

"စောစောက ကားနဲ့လာတဲ့ အမျိုးသမီးက ဘယ်သူလဲဟင် မြသွေး၊ မဦးစိတ်ထဲမှာ တစ်နေရာမှာ မြင်ဘူးသလားလို့ပါ"

ဈေးခြင်းတောင်းနှင့်အတူ ပြန်ရောက်လာသော မဦးက ဖွေးကို မေးလိုက်ခြင်းဖြစ်သည်။ မဦးလက်ထဲက ဈေးခြင်းကို မြသွေး လှမ်းယူကူဆွဲလိုက်သည်။

"အဲဒါ ... ဖွေးပဲ မဦး"

"ဟင်"

"ဒီမိန်းမက မဦးတို့အိမ်ထိအောင် လိုက်လာပြီး မြသွေးကို ဘာတွေလာပြောနေတာလဲ၊ ပုံစံကိုက ကျွတ်ဆတ်ဆတ်ကြွေးဆောင်းစောင်းနဲ့ နည်းနည်းမှကို အချိုးမပြေဘူးသိလား"

"သူတို့က ငွေရှိဂုဏ်ရှိသူတွေကိုး၊ ဒီလိုပဲ မရှိဆင်းရဲသားတွေအပေါ်မှာ အနိုင်ယူဗိုလ်ကျချင်ကြတာပေါ့ မဦးရယ်"

www.burmeseclassic.com



"အခု ဒီကိုလာတာ ဘာကိစ္စလဲ"

"ဆရာဦးမိုးနိုင် ကိစ္စလေ"

ဈေးခြင်းကို စားပွဲမှာချရင်း မြသွေးက ဖွေး ဘာအတွက် ရောက်လာရသည်ကို မဦးသိအောင် ရှင်းလင်းပြောပြလိုက်သည်။

"သြော်…ဒါကြောင့် ဆတ်ဆတ်ခါနေတာကိုး၊ ဆရာ့ကို သူလည်း မပိုင်သေးဘဲနဲ့ လာပြီးမောက်မာပြနေလိုက်တာ၊ မြသွေးမို့ လို့သာပေါ့ မဦးသာဆိုရင် အဲဒီဖွေးဆိုတဲ့ မိန်းမကို ကောင်းကောင်း ပညာပေးလိုက်မှာသိလား"

"မဦးက ဘယ်လိုပညာပေးမှာလဲ"

"အိုး…သူ ဒီလောက် ဆရာကို ကဲကဲဆတ်လိုချင်နေတာ သူ့ရှေ့မှာ ဆရာနဲ့အပြတ်တွဲပြီး ကဲပြပစ်လိုက်မှာပေါ့လို့"

"မဦးရယ်"

မြသွေးကိုယ်စား မခံချင်ဖြစ်နေသော သူငယ်ချင်းကိုကြည့်ကာ မြသွေး ပြုံးလိုက်မိပါသည်။ မြသွေးနေရာမှာ တခြားတစ်ယောက်ဆိုလျှင် အခု မဦးတွေးသလို တွေးကြမည်ထင်သည်။

ပြီးတော့ ပိုအရွဲ့တိုက်ပြကြမည်။

ထိုအတွက် ရရှိလာမည့် အကျိုးအမြတ်က ဘာဖြစ်မည်နည်း။ ဆုံးရှုံးနစ်နာစရာရှိလျှင် မြသွေးတို့လို မိန်းမသားတွေပဲ နလန်မထူနိုင်အောင် ဖြစ်ရသည်။



ပူလောင်သောကတွေ၊ ဒေါသမာန်မာနတွေနှင့် ယောကျ်ား တစ်ယောက်အတွက် မိန်းမနှစ်ယောက် ယှဉ်ပြိုင်ထိုးနှက် တိုက်ခိုက်ကြရမည့်အရေးက တွေးကြည့်ရုံမျှနှင့်ပင် စိတ်ချမ်းမြေ့စရာ ဘာတစ်ခုမှမရှိ။ ပြီးတော့ ဂုဏ်ရှိငွေရှိသူနှင့် ကျောထောက်နောက်ခံမရှိ ဂုဏ်မဲ့ငွေမဲ့သူတို့ ဘာအတွက် ယှဉ်ပြိုင်မည်နည်း။

"အခု…မြသွေး ဘယ်လိုလုပ်မယ်စိတ်ကူးထားလဲဟင်"

"ဘာလုပ်ရမှာလဲ မဦးရယ်၊ အစထဲကမှ မဖြစ်နိုင်တာပဲ၊ မဖြစ်နိုင်ပါဘူးပေါ့"

မဦးက မြသွေးအဖြေကို သဘောမကျဟန်ဖြင့် မြသွေး မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်သည်။ နူနယ်လှပသော မျက်နှာလေးက အပြစ်ဆိုစရာ ဘာတစ်ခုမှမရှိ။

ပြုံးယောင်သန်းနေသည့် နှင်းဆီဖူးနှုတ်ခမ်းအစုံ ဆေးမကူဘဲ သွေးရောင်လွှမ်းနေသည်မှအစ ဖင်ရော်တောင်မျက်ခုံးစိမ်းအောက်မှ မည်းနက်ကော့ရှန်းသော မျက်တောင်များ ဝန်းရံထားသည့် မျက်ဝန်းပြာတစ်စုံနှင့် နှာတံလေး စင်းကျသွားပုံမှာ တစ်ဖက်လူ အသက်ရှူမှားချင်စရာ ငြိမ်းအေးသောအလှပိုင်ရှင်ဖြစ်သည်။

ပိုးသားလို နက်မှောင်သော ဆံပင်ရှည်ကြီးမှာ ခေါင်းလျှော်ပြီး ဖြန့်ချထားသဖြင့် ပေါင်လယ်မှာဝဲနေကာ မဆူမကြဲ့ မနိမ့်မမြင့် ပန်းပုဆရာ စိတ်ကြိုက်ထုနက်ထားသော ကိုယ်ဟန်မှအစ မြသွေးက

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ထဲက မင်းသမီးလေးပမာတည်း။

ဆရာဦးမိုးနိုင်ကလည်း ဖြူဖြူဖြင့်မြင့် ယောကျ်ားပီသ တည်ကြည်ခန့်ညားသူ။ မြသွေးနှင့် ဆရာက နေနှင့်လလို လိုက်ဖက်ညီသော စုံတွဲလေးတစ်တွဲဖြစ်ကြောင်းကိုက မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်။

"မြသွေး"

"ဟင်"

"မြသွေးကိုယ်တိုင်ရော ဆရာဦးမိုးနိုင်ကို နည်းနည်းလေးမှ ရင်မခုန်မိဘူးလား၊ မချစ်မိဘူးလားဟင်"

ရုတ်တရက် မြသွေးထံမှ အာသံမထွက်မလာ။ တကယ်တော့ မြသွေးကိုယ်တိုင်လည်း မဦးမေးသလို မေးခွန်းမျိုး သူမကိုယ်သူမ တိတ်တိတ်လေး မေးခဲ့ပြီးပါပြီ။ ဒေါက်တာဦးမိုးနိုင်ဆိုသည့် ဆရာ့ကို အထင်ကြီးလေးစားပါသည်။ ဆရာဦးမိုးနိုင်လို လူတစ်ယောက်ကို ဘယ်လိုမိန်းကလေးကမှ စိတ်မဝင်စားဘဲ နေနိုင်ကြမည်မဟုတ်။

မြသွေးအနေနှင့် အစတုန်းကတော့ ဆရာ့အပေါ်မှာ ဘာတစ်ခုမှ ထူးခြားဆန်းပြားသည့်စိတ်မျိုး မဖြစ်ခဲ့ဘူးသည်မှာလည်း အမှန်ဖြစ်ပါသည်။

အခုလို ဆရာ့ဘက်က ချစ်ရေးဆိုချစ်ခွင့်ပန်လာချိန်မှာတော့



ဆရာ့အမူအရာ အပြောအဆို လှုပ်ရှားဟန်များက မြသွေး၏နှလုံးသားကို သိမ်မွေ့ညင်သာစွာ လှုပ်ရှားစေခဲ့ပါသည်။

ဆရာ့ကို ချစ်မိပြီဟူ၍က တတ်အပ်မဆိုရဲ။

ဆိုလည်း မဆိုဝံ့ပါ။ ဆရာနှင့် မြသွေးကြားမှာ တံတိုင်းအထပ်ထပ် ပိုင်းခြားထားသည်ကို အမှန်အတိုင်း မြင်တွေ့ထားသူပီပီ ဆရာဦးမိုးနိုင်လို လူတစ်ယောက်ကို မေတ္တာစစ်ဖြင့် နှင့်သည်းစူးရှ နက်ရှိုင်းစွာ ချစ်မြတ်နိုးခဲ့မိလျှင်တောင်မှ ထိုချစ်ခြင်းမေတ္တာကို မည်သူတစ်ဦးတစ်ယောက်မျှ မမြင်မတွေ့နိုင်သည့် နှလုံးသားထောင့်တစ်နေရာတွင် ကွယ်ဝှက်သိမ်းဆည်းထားရန်မှတစ်ပါး တခြားမရှိပါချေ။

"မဦးမေးတာ ဖြေဦးလေ မြသွေး၊ ဆရာ့ကို မြသွေး မချစ်ဘူးလားဟင်"

"ဆရာ့မှာ မိဘချင်း သဘောတူထားတဲ့ လက်ထပ်ရမယ့် မိန်းကလေး အသင့်ရှိနေပြီပဲ မဦးရယ်၊ အညတြရ မိန်းကလေးတစ်ယောက်နဲ့ ရွှေမင်းသားလေးတို့ ဆုံစည်းကြလေသတည်းဆိုတာ ပုံပြင်တွေ၊ ဝတ္ထုတွေထဲမှာသာ ရှိတာပါလေ၊ တကယ့်လက်တွေ့ဘဝမှာ စိတ်ကူးယဉ်ဘဝနဲ့ လက်တွေ့ဘဝဆိုတာ တခြားစီပါ"

"မဦးမေးတဲ့အထဲမှာ အဲဒါတွေမပါဘူး၊ မြသွေးကိုယ်တိုင် ဆရာ့ကို ချစ်မချစ် သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပြီးတော့ရော ဘာလုပ်မှာလဲ မဦးရယ်၊ လောကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ အလေးပေးဆုံးဖြတ်ရတာကိုက တကယ့်လက်တွေ့ဘဝပဲ မဟုတ်လား"

"ဒါဆို မြသွေးကလည်း ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"မြသွေးတို့ တတ်နိုင်တာက ဒါပဲလေ၊ ဆရာနဲ့ပတ်သက်ပြီး မြသွေးဘဝမှာ ဒါထက်ပိုပြီး ဘာတစ်ခုမှ မတတ်နိုင်ဘဲ"

"သြော်…မြသွေးဆိုတဲ့ သူငယ်ချင်းရယ်"

မဦးထံ၏ တိုးတိုးညည်းညူသံထဲမှာ ဘယ်လိုခံစားချက်တွေ ပါဝင်နေမည်ကို မြသွေး မစဉ်းစားလိုတော့ပါ။ ဖွေးကို အရှုံးတိုက်ပြီး ကိုယ့်ကိုယ်ကို ဒုက္ခနွံထဲ ဆွဲမနစ်ချင်။

ဆရာ့ကိုလည်း မြသွေးနှင့်အတူ ဒုက္ခ၊ သောကတွေထဲလည်း ဆွဲမခေါ်ရက်။ လနှင့်နေ၊ မြနှင့်ရွှေ လိုက်ဖက်ညီသောဘဝမှာ ပန်းခင်းလမ်းထဲမှာပဲ ပျော်မွေ့ကုန်လွန်စေလိုပါသည်။

"မြသွေး"

"သြော်…ဆရာ"

အတွေးကမ္ဘာထဲမှာ ဝဲလည်နေသော မြသွေးရှေ့သို့ ဆရာဦးမိုးနိုင် ရောက်လာသည်ကိုပင် ရုတ်တရက် မမြင်လိုက်မိပါ။ ဆရာက အံ့ဩသွားဟန် မြသွေး မျက်နှာလှလှလေးကို ပြုံးလျှက်



စိုက်ကြည့်နေရာမှ မြသွေးမှာ ဆရာမျက်လုံးအကြည့်ဒဏ်ကို မခံနိုင်ဘဲ ရှက်အမ်းအမ်းအမူအရာလေးနှင့် မျက်လွှာချကာ စားပွဲပေါ်ရှိ ဇက္ကဇင်းစာအုပ်လေးကို လုပ်မိလုပ်ရာ တဖျတ်ဖျတ် လှန်လှောနေမိပါသည်။

"မြသွေး"

"အိုး…ဆရာ"

ရုတ်တရက် ဆရာက မြသွေးလက်ကလေးတစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့် ဖမ်းယူဆုပ်ကိုင်လိုက်တာမို့ မြသွေးမှာ သူ့မသက်ကလေးကို အလန့်တကြားရုန်းရင်း ဘေးပတ်ဝန်းကျင်ကိုပဲ မျက်လုံးအဝိုင်းသားဖြင့် လှည့်ပတ်ကြည့်လိုက်မိသည်။

တော်ပါသေးရဲ့…မြသွေး အနီးပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိ။

"မြသွေးလက်ကို လွှတ်ပါဆရာ၊ တစ်ယောက်ယောက်မြင်သွားရင် မကောင်းပါဘူး"

"ချစ်လား"

"အို"

"ချစ်တယ်လို့ပြောလေ"

ဆရာ့အသံက တိုးတိုးလေးဖြစ်သော်လည်း မြသွေးနားထဲ၌ကျယ်လောင်လွန်းသည်ဟု ထင်မှတ်ပြီး ဘေးပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားလေး လှည့်ကြည့်လိုက်ပါသည်။

"ဘယ်တွေလိုက်ကြည့်နေတာလဲ၊ မြသွေး ကြည့်ရမယ့်လူက ဒီမှာလေ"

"ဆရာ"

ဆရာ့မျက်နှာက မြသွေးထံသို့ ငုံ့ဆင်းကျလာတာမို့ မြသွေး အလန့်တကြားလေး အော်လိုက်မိခြင်းပါ။

"ရှူး...တိုးတိုးခေါ်လေ၊ ဘယ့်နှယ့် ဒီလောက်အကျယ်ကြီးခေါ်နေရတာလဲ"

"လွှတ်ပါဆရာရယ်"

ရယ်မြူးရိပ်သန်းနေသော နူးညံ့ရွှန်းလက်သည့် ဆရာ့မျက်လုံးများကို မြသွေး ရင်မဆိုင်ရဲတော့ပါ။ နီးကပ်လွန်းသည့် အနေအထားကြောင့် ဆရာ့ထံမှ ကိုယ်သင်းနံ့မွှေးမွှေးကို ရှူရှိုက်နေရသလို တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ဆရာ့လက်ထဲမှ သူမလက်ကလေးကိုလည်း ရုန်းထွက်ရခက်နေပါသည်။

တိုးတိတ်တုန်ရီသော အသံလေးဖြင့် သူမလက်ကလေးကို ကျိတ်ရုန်းတော့ ဆရာက မရယ်မပြုံးမျက်နှာဖြင့် မြသွေး၏ ပန်းနုရောင် ရှက်အမ်းအမ်းမျက်နှာလေးကို စိုက်ကြည့်သည်။

"မောင်လို့ခေါ်"

"ရှင်"



"ချစ်တယ်လို့ပြော"

"အို"

"ဘာလို့ ဒီလောက်ချစ်စရာကောင်းနေရတာလဲ၊ ပြောစမ်းပါဦးကွယ်"

"ဟော"

အပြင်မှ ခြေသံများကြောင့် မြသွေးမျက်နှာမှာ ဖွေးခနဲဖြစ်သွားပြီး ဆရာ့မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်တော့ ဆရာက မြသွေး နှဖူးလေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်ခြင်းကြောင့် မြသွေးရင်တွေ တဒုတ်ဒုတ်ခောင့်ခုန်သွားသည်။

"သိပ်ချစ်တယ်...ဂျူတီပြီးရင် စောင့်နေနော်"

"မောင်သွားမယ်"

"အို"

လှစ်ခနဲ မြသွေးနားက ဆရာထွက်သွားလျှင် တစ်ကိုယ်လုံး တုန်ရီလျက် စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့သူက မြသွေးဖြစ်သည်။

လက်နှင့်နီးရာ ရေပုလင်းကို အဖုံးဖွင့်ပြီး ဖန်ခွက်ထဲ လောင်းထည့်ပြီး သောက်လိုက်သည်။ ဒီနေ့မှ အေးမြသောရေက ဆူးထူးခြားခြား လည်ချောင်းဝမှာ ပူဆင်းသွားသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ဆရာ"

"ဘယ်သူ့ကိုခေါ်တာလဲ"

"ရှင်"

"မောင်လေ"

"အို"

အပျော်မျက်နှာမှာ ဝေနေသောအပြုံးတို့က နူးညံ့သိမ်မွေ့မှု တွေနဲ့ ဖြစ်သလို မြသွေးမျက်နှာလေးကို စူးစိုက်ကြည့်ငေးနေသည့် မျက်ဝန်းအစုံကလည်း ရွှန်းရွှန်းလက်လက် ပြုံးရယ်ကြည်နူးခြင်း တွေနဲ့မို့ မြသွေးမှာ ငိုချင်လာပါသည်။

မြသွေး ဂျူတီပြီးချိန်မှာ ဆရာ ကားနှင့်အတူ အေးချမ်း တိတ်ဆိတ်သော ကန်တော်ကြီးဥယျာဉ်ထဲမှာ ဆရာ့အလိုဖြင့် ရောက်ရှိနေရသည့်အဖြစ်ပါ။





ရေစပ်မှာ နှစ်ယောက်အတူ ထိုင်မိသည့်အချိန်ကစပြီး မြသွေးက သူမပြောသင့်ပြောထိုက်သည့် စကားများကို ပြောကြားရန် စကားစလိုက်သည်နှင့် ဆရာက အခုလို တုံ့ပြန်နေခြင်းမို့ မြသွေးမှာ ရှေ့စကားကို ဘယ်လိုဆက်ရမှန်းမသိအောင် အနေရခက်နေပါသည်။

"မြသွေး…ပြောပါရစေဦး ဆရာရယ်"

"မောင်လို့ပြောလေ"

အခုမှ သိပ်ကိုခက်နေရသည့် အဖြစ်ပါ။

"ကိုယ့်ချစ်သူကို ရှက်စရာလား ကလေးမရယ်၊ နောက်တော့ မောင့်ကို မောင်လို့ခေါ်ရတာ ရှက်စရာမဟုတ်ဘဲ ချစ်စရာဆိုတာ မြသွေး သိလာလိမ့်မယ်"

"ပြောလေ…မောင့်ကိုချစ်တယ်လို့"

"အဲ…အဲဒါကိုပဲ မြသွေး ပြောချင်နေတာပါရှင်၊ မြသွေး စကားကို ဆုံးအောင်နားထောင်ပါဦးနော်"

ဆရာခေါ်တာ မကြိုက်ပါဆိုသဖြင့် မည်သည့်နာမ်စားမှ မပါဘဲ သူမပြောလိုသည့်စကားကို မနည်းကြိုးစားပြောလိုက်ရသည်။ မြသွေးနှင့်အတူ အလုပ်တွဲလုပ်လာခဲ့ရစဉ် တစ်လျှောက်လုံး ဆရာဦးမိုးနိုင်ကို ညှိမှုပျော်ရွှင်တက်ကြွနေသော ပုံစံကို မြသွေး တစ်ခါမှ မမြင်တွေ့ဘူးခြင်းဆိုလည်း မမှားပါ။

"မောင်က မြသွေးချစ်သူနော်၊ ကိုယ့်ချစ်သူ စိတ်ထင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ထော့တား၊ စိတ်ညစ်မယ့်စကားမျိုး မဟုတ်ဘူးဆိုရင် မြသွေး ကြိုက်သလောက်ပြော၊ မောင်နားထောင်မယ်''

''ဟင်''

ချည်နှောင်ပြီးသား ဆရာ့စကားနှင့် ပြုံးပျော်နေသော ဆရာ့ အသွင်သဏ္ဌာန်က မြသွေး ရှေ့ဆက်ပြောရမည့်စကားများကို နှုတ်တွန့်ငြိမ်သက်သွားစေသဖြင့် ဆရာ့မျက်နှာကို အလန့်တကြား လေး မော့ကြည့်လိုက်မိသည်။

ရွှန်းလဲ့နူးညံ့သော မျက်ဝန်းအကြည့်များနှင့် အဆုံးမှာ ဘယ်လိုမှ ရင်ဆိုင်လိုစိတ်မရှိစွာ မျက်လွှာချ ခေါင်းငုံ့အကြည့်လွှဲ လိုက်မိသူက မြသွေးပါ။

''မြသွေးကို ခွင့်လွှတ်ပါဆရာ''

''မောင်မကြိုက်တဲ့ နာမ်စားကို သုံးတဲ့အတွက် အဲဒီနှုတ် ခမ်းလေးကို ဒဏ်တပ်မှာနော်၊ ဆက်ခေါ်ရင် အကြိမ်တိုင်း အကြိမ် တိုင်း မောင်က ဒဏ်ခတ်ရလိမ့်မယ်''

''အို''

''ကြိုတင်သတိပေးထားတာနော်၊ နောက်မှ မောင့်ကို အဆိုးမဆိုနဲ့''

ဆရာရယ်...။

မြသွေး စိတ်ထဲကပဲ တိုးတိတ်စွာ ဆိုညည်းလိုက်တာမို့ ဆရာ ကြားမည်မထင်ပါ။





''ဘယ်လိုမှ မဖြစ်နိုင်လို့ပါရှင်''

''ဘာကိုမဖြစ်နိုင်တာလဲ''

''မြသွေးတို့ ချစ်သူတွေဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်ဘူးလို့ ပြောတာပါ''

''မဖြစ်နိုင်ဘူးဟုတ်လား''

''ဟုတ်ကဲ့''

ပြုံးနေသော ဆရာ့မျက်နှာ တည်သွားပေမယ့် ဆရာ့မျက် ဝန်းထဲမှာ ရယ်မြူးရိပ်တွေ ရှိနေမှန်း မြသွေး သိပါသည်။ မြသွေး ပြောနေတဲ့ စကားတွေက ဆရာ့အတွက် ရယ်စရာတွေလား။

''အကြောင်းပြချက် ပြောဦးလေ''

''မြသွေး...နေဦး မြသွေးမှာ ချစ်သူရည်းစားရှိလို့ပါ ဆိုရင် တော့ မောင် ဂရုမစိုက်ဘူးလို့ ပြောပြီးပြီနော်''

''ကဲ...တခြားအကြောင်းပြော''

ပွင့်လင်းသော ဆရာ့စကားကြောင့် မြသွေး အခက်တွေ့ နေသည်။ ဆရာက သစ်ပင်ပေါ်သို့ ကိုယ်ကို ပျော့ပျောင်းစွာ နွဲ့မှီရင်း လက်နှစ်ဖက်ကို ပိုက်ကာ လှပသော မြသွေးမျက်နှာလေး ကို စိုက်ကြည့်နေပုံက သက်သောင့်သက်သာရှိလှသည်။

မြသွေး ဘာပြောပြော ဆရာ့ပုံစံက ဂရုစိုက်မည်မဟုတ် ကြောင်း စိတ်ကအလိုလိုသိနေပေမယ့် ဆရာရှေ့မှာ သူမပြောရမည့်

www.burmeseclassic.com

www.burmeseclassic.com



ခထားကို ကြိုးစားရှာဖွေရင်း ခေါင်းလေးကို တစ်ချက်မျှ ငုံ့လိုက်သည်။

"မြသွေးတို့က ဆင်းရဲပါတယ်ဆရာ၊ ပြီးတော့ အဆင့်အတန်းခြင်းလည်း မိုးနဲ့မြေလို ကွာခြားပါတယ်၊ ဆရာနားမှာ ဆရာနဲ့ လိုက်ဖက်သင့်တော်တဲ့သူ တခြားတစ်ယောက်ယောက်ကိုပဲ ရွေးပါလို့ ပြောပါရစေ"

"ဒါပဲလား"

"ရှင်"

"မြသွေးဘက်က ပြောစရာ ဒါအကုန်ပဲလားလို့ မေးတာ"

"ဆရာ့ကိုလည်း မြသွေး လုံးဝမချစ်နိုင်ပါဘူး"

"မချစ်ရဲဘူးလို့ ပြောပါ"

ဆရာ့စကားကြောင့် မြသွေးပါးလေးတွေ ဖြန်းခနဲ ထူပူနီမြန်းသွားသည်။ တကယ်အဖြစ်မှန်ကလည်း သူပြောသည့်အတိုင်းပဲမို့ မြသွေးဘက်က ကန့်ကွက်စကားဆိုရန် အကြောင်းမရှိ။

"ဆရာပြောတဲ့အတိုင်းလို့ပဲ မှတ်ထားလိုက်ပါဆရာ၊ မြသွေး ဆရာ့ကို ခင်ပါတယ်၊ လေးလည်းလေးစားပါတယ်"

"မောင်လိုချင်တာ အဲဒါတွေမှမဟုတ်ဘဲ"

"မြသွေးကို ဒီနေရာကပဲ ပြန်ခွင့်ပြုပါ"





"လုံးဝခွင့်မပြုနိုင်ပါဘူး"

"ရှင်"

"မြသွေး ပြောပြီးရင် မောင်ပြောတာကို မြသွေး နားထောင်ရဦးမယ်လေ၊ ဒါမှ တရားမျှတမှာပေါ့"

"မြသွေးကို မောင်ချစ်တယ်"

"သိပ်ချစ်တယ်"

"အဲဒါကို မြသွေးယုံလား"

မြသွေးထံမှ ဘာသံမျှထွက်မလာ။ ဖြစ်နိုင်ရင် ဆရာ့နားက အဝေးဆုံးတစ်နေရာကို ထွက်ပြေးပျောက်ကွယ်သွားချင်လှပါပြီ။ ဆရာ့ရှေ့မှာ မြသွေး ဆက်မနေလိုတော့ပါ။

"မောင့်ကို မြသွေး မုန်းလား"

မြသွေး ဘယ်သူ့ကိုမှ မမုန်းပါဘူးဆရာ"

"ဒါဖြင့် ချစ်တယ်ပေါ့"

"မြသွေး ပြန်ပါရစေတော့ ဆရာရယ်"

"သတ္တိရှိရင် ပြန်လေ"

"ဟင်"

ကြောက်ရိပ်ဝိုင်းသော မျက်ဝန်းများဖြင့် ဆရာ့မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်မိသည်။ စူးစိုက်ကြည့်နေသော မျက်ဝန်းအကြည့်တွေက မြသွေး ရင်ခုန်သံတွေကို ပိုမြန်လှယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သက်ဝင်လာစေသည်ထင်။

ဆရာက မြသွေးကို တစ်ခုခုနှင့် ညှို့ငင်ဖမ်းစားတော့မလို ထင်မြင်လာသဖြင့် ဆရာ့ရှေ့မှာ မြသွေး မနေချင်တော့ဘဲ ဖြစ်လာသည်။

"မြသွေးကို မောင်လက်ထပ်မယ်"

"အို"

"မြသွေး"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ ဆရာရယ်၊ မြသွေး ဆရာ့ကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ပါဘူး"

"စောစောက အကြောင်းပြချက်တွေကြောင့်ပဲပေါ့ ဟုတ်လား"

မြသွေး မဖြေ။

ဆရာ့နားကသာ ပြေးထွက်ချင်နေမိသည်။ ဆရာက မြသွေးနားကို ရောက်လာသည်။

"ပြန်ကြမယ်"

"ရှင်...ဟုတ်...ဟုတ်ကဲ့"

လုံးဝထင်မှတ်မထားသော စကားကြောင့် မြသွေး မျက်နှာလေးမှာ အကျဉ်းအကျပ်ထဲမှ လွတ်မြောက်ခွင့်ရလိုက်သော ယုန်သူငယ်လို ပြုံးပျော်ဝင်းလက်သွားတာကို ဟန်ဆောင်ထိန်းချုပ်ဖို့ပင်





သတိမရ။

သွက်လက်စွာ နေရာမှထလိုက်တော့ ဆရာက မြသွေးနားမှာ အတူပါလာသည်။ ဆရာက ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်တာမို့ မြသွေးလည်း လှမ်းတက်လိုက်သည်နှင့် ဆရာက မြသွေးနှင့်အတူ ကားနောက်ခန်းမှာ ဝင်ထိုင်ပြီး ကားတံခါးကို ဆွဲပိတ်လိုက်တာမို့ မြသွေးရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

"မြသွေး"

"ဆရာ"

"အို"

"ချစ်တယ်ကလေးရယ်"

"ဟင့်အင်း...မြသွေးကို ဒီလိုမလုပ်ပါနဲ့ဆရာ"

"မြသွေး မကြိုက်ဘူးဆို"

"အိုး"

"ချစ်တယ်နော်"

တိုးရှိုက်နှင့်မောသော အမေးစကားကို မြသွေး မည်သို့မျှ မတုံ့ပြန်ဘဲ သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေသူကို မြတ်နိုးခြင်းနှင့် အသည်းယားစွာ ကျိတ်ပြုံးလိုက်တာကို သူမ မမြင်။

"မောင့်အပေါ် ဘယ်လောက်ဆိုးဦးမှာလဲ မြသွေးရယ်"

"မြသွေး ပြန်ပါရစေတော့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြားချင်တာ အဲဒီစကားမှမဟုတ်ဘဲ"

"ခက်လိုက်တာရှင်"

"ဘာမှမခက်ပါဘူးဗျာ...မြသွေး မောင့်ကိုချစ်တယ် မဟုတ်လား"

"ဘယ်လိုမှ မဖြစ်နိုင်တာကို မြသွေးထက် ဆရာက ပိုသိပါတယ်ရှင်"

"မောင့်ကိုချစ်လား"

"မေးရင်ဖြေလေ"

"မြသွေး မဖြေနိုင်တာကို မမေးပါနဲ့လားရှင်"

"ဒါဖြင့် မြသွေးကိုယ်စား မောင်ပဲဖြေရမလား"

မျက်ဝန်းအကြည့်များ ဆုံစည်းသွားကြသလို ရင်ခုန်သံတွေလည်း ပေါင်းစပ်သွားအောင် ဆရာက ချစ်ခြင်းဖြင့် ညှို့ငင်ပါသည်။

"မြသွေး"

"ဆရာ"

အပြန်လမ်းတစ်လျှောက်လုံး ဆရာ့မျက်နှာကို မြသွေး လုံးဝမကြည့်တော့ပါ။

အိမ်ရှေ့မှာ ကားရပ်သည်နှင့် ဆရာ့ကိုပင် နှုတ်မဆက်ဘဲ ကားပေါ်မှ ဆင်းပြေးဖို့ ကြိုးစားသော မြသွေး၏အကြံကို ကြိုသိထားပုံရသော ဆရာက မြသွေးရှေ့မှာ အရင်ကြိုရောက်နေတော့ မြသွေး သွားရမည့်လမ်းမှာ ပိတ်ရပ်ပစ်လိုက်ပါသည်။



"မောင့်ကို နှုတ်ဆက်ဦးလေ"

"ဪတ်နိုက်"

မြသွေးအသံက တိုးတိုးလေးဖြစ်သလို သူ့ကို တစ်ချက်မော့ကြည့်ဖော်မရတာကို သဘောကျစွာ သူပြုံးရယ်လိုက်မိသည်။

"ဒီပုံနဲ့ဆိုရင် ရှေ့လျှောက် သိပ်ခက်ဦးမယ်ထင်တယ်၊ မနက်ဖြန် အလုပ်ဆင်းရင် မောင့်ကို မမြင်သလို၊ မတွေ့သလို လုပ်မနေရဘူးနော်"

မြသွေးထံမှ ဘာသံမှထွက်မလာ။

"မောင့်ကို သိပ်အသည်းယားအောင် မလုပ်နဲ့နော် မြသွေး၊ ကြာရင် အားလုံးခက်ကုန်မယ်သိလား"

"ပြန်ပါတော့ရှင်...ဘေးပတ်ဝန်းကျင်ကလူတွေ ပြောစရာ ဖြစ်နေပါ့မယ်"

"ကောင်းပြီလေ...ဒီတစ်ခါတော့ မောင့်အချစ်ဆန္ဒကို လိုက်လျောပါ့မယ်၊ နောက်တစ်ကြိမ်မှာ မြသွေးကလည်း မောင့်ဆန္ဒကို လိုက်လျောဖို့ ကြိုးစားထားပါ"

"မောင်သွားတော့မယ်"

"အို"

အမှောင်ရိပ်အားကိုးနှင့် မြသွေးပါးလေးကို အနမ်းသူခိုးလုပ်သွားသူကို မည်သည့်ရန်တွေ့စကားမှဆိုရန် အခွင့်မရလိုက်ပါ။ မြသွေး မြင်ကွင်းထဲက ကားလေးပျောက်သွားမှ ခြံဝင်းတံခါးကို

www.burmeseclassic.com

www.burmeseclassic.com



သော့ဖွင့်၍ ဖြည်းလေးစွာ ဝင်ခဲ့မိသည်။

အိမ်မှာ မဦးမရှိ။

နိုက်ဂျူတီကျနေသဖြင့် မြသွေးတစ်ယောက်တည်း အိမ်သော့ကို ဖွင့်ဝင်လိုက်သည်။ တံခါးမကြီးကို ပြန်ပိတ်ပြီး သူမ အိပ်ခန်းထဲက မှန်တင်ခုံရှေ့မှာ ရပ်လိုက်သည်။

လှပသောပုံရိပ်က မြသွေးကို ပြန်လည်ငေးကြည့်နေ၏။

ဆရာ အကြားချင်ဆုံး အလိုချင်အတောင့်တဆုံး ချစ်စကားကို မဆိုခဲ့သော မြသွေးကို ဆရာက မကျေနပ်ပါ။

မဖြစ်နိုင်ကြတဲ့ဘဝ၊ မတူညီတဲ့အကြောင်းတရားတွေကို ဘာဖြစ်လို့ ဖွတ်အတင်း ဖန်တီးချင်နေရတာလဲ ဆရာရယ်။ ကျေးဇူးပြုပြီး မြသွေးကို မချစ်ပါနဲ့လားရှင်။

မြသွေးတို့ နှစ်ယောက်စလုံး ကိုယ့်ဘဝနဲ့ကိုယ် နေကြတာ အကောင်းဆုံးဆိုတာ မြသွေးသိသလို ဆရာလည်း သိနေမှာပါရှင်။

မြသွေးကို ခွင့်လွှတ်ပါ။

ထိုတစ်ညလုံး မြသွေး အိပ်မပျော်။ ရှေ့ဆက်ရမည့် သူမ၏ အနာဂါတ်ခရီးကိုသာ တွေးနေမိသည်။ အမြင့်ကိုမှန်းလွန်း၍ အကျနာသူတွေရှိသည်။ မြသွေးက ကိုယ့်ဘဝနှင့်ကိုယ် နေချော်လိုသူမျှသာ။

ထို့ကြောင့် ဆရာ့အချစ်ကို ရသော်လည်း ဝမ်းသာခြင်း



မဖြစ်မိ။ ရင်ထဲမှာ လေးလံမောလျှနေတာပဲ သိသည်။ ညဥ့်နက်မှ အိပ်ပျော်ပေမယ့် မနက်စောစောထပြီး ချက်ပြုတ်သိမ်းဆည်းလုပ်ကိုင်ပြီး အသင့်ပြင်ပြီးချိန်မှာ မဦး ရောက်လာသည်။

သူငယ်ချင်းနှစ်ယောက် နှုတ်ဆက်ပြီး အလုပ်ခွင်ကို ဝင်လာခဲ့ရပေမယ့် မြသွေးစိတ်ထဲမှာ အရင်နေ့တွေလို တက်ကြွခြင်းမရှိ။ ဆရာနှင့် မျက်နှာချင်းဆိုင်ရမှာ ဝန်လေးနေသည်။

“မောနင်း မြသွေး”

“မောနင်းပါ ဆရာ”

မြသွေးက ဆရာ့ကို မြင်သော်လည်း ဝေ့ဝေ့ဝဲဝဲလေး တစ်ချက်သာကြည့်သည်။ လှပသောနှုတ်ခမ်းအစုံကို ပြုံးထားပေမယ့် ထိုအပြုံးက သူ့အတွက် မဟုတ်တာကို ဒေါက်တာမိုးနိုင် သိပါသည်။

မြသွေးက သူတွေ့ဘူးသော မိန်းကလေးတွေနှင့် မတူတာကိုပဲ ကျေနပ်သဘောကျမဆုံး၊ မြတ်နိုးချစ်မဝနိုင်အောင် ဖြစ်နေသည်။

သူထင်သည့်အတိုင်း မြသွေးက သူ့ကို တရှောင်ရှောင် ခြားနေတာကို သူပြုံးပြီး ကြည့်နေလိုက်သည်။ သူမတစ်ယောက်သာရှိသည့် အချိန်မရှိ။ လူနာ သို့မဟုတ် လူနာရှင်တစ်ယောက်ယောက် သို့မဟုတ် တခြားလုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို သူမအနားမှာ ရှိနေသည်။

www.burmeseclassic.com



"ဆရာမ ခဏ"

နောက်ဆုံး သူ ဘယ်လိုမှမနေနိုင်ဘဲ လှေနားစောင့်နှင့်အတူ ရှိနေသော မြသွေးကို ခပ်တည်တည်နှင့် လှမ်းခေါ်လိုက်တော့ မြသွေးတစ်ယောက် သူ့ရှေ့ကို ရောက်လာသည်။

"ပြောပါဦး…မောင့်ကို ဘာလို့ ဒီလောက်အသည်းယားအောင် လုပ်နေတာတုန်း"

"မြသွေး ဘာလုပ်လို့လဲဆရာ"

"ဘာလုပ်လို့လဲ ဟုတ်လား"

"ကောင်းပြီလေ…ဘာမှမလုပ်ဘူးဆိုရင်လည်း မလုပ်ဘူးပေါ့၊ မြသွေး သွားနိုင်ပါပြီ"

"ခွင့်ပြုပါဆရာ"

မြသွေးက သူ့ရင်ထဲကအခေါသကို မတွေ့မမြင်သလိုပင် နှုတ်ဆက်ကျောခိုင်း ထွက်ခွာသွားတာကို သူငေးကြည့်ရင်း မျက်နှာအစုံကို တွန့်လိုက်သည်။

မောင့်ကို…မင်းက ဂရုမစိုက်ဘူးပေါ့။ ကောင်းပြီ…။

မောင်ဘယ်လိုလူလဲဆိုတာ မကြာခင် မင်းလေးကိုယ်တိုင် သိလာရလိမ့်မယ်။

× × × ×

အခန်း (၁၃)

"မြသွေး"

"ဟင်"

"ကျော်"

"ဝမ်းသာလိုက်တာ မြသွေးရယ်"

ကျော်ကို ရုတ်တရက် တွေ့လိုက်ရသည့်အတွက် မြသွေး အံ့သြမှင်သက်သလို ရှောင်မပြေးသာဘဲ ကြောင်ငေးကြည့်စဉ် ကျော်တာ မြသွေးနားကို နီးကပ်စွာ ရောက်လာသည်။

အံ့သြကျေနပ်ခြင်းနှင့် ပြုံးပျော်နေသော ကျော်က ဟိုတုန်းကထက် အနည်းငယ်ပို၍ ပြည့်တင်းလာသည်မှအပ ဘာတစ်ခုမှ မပြောင်းလဲ။

လှပသော မြသွေးမျက်နှာလေးကို စိုက်ကြည့်ရင်း အမှန်တကယ် ဝမ်းသာနေရှာသော ကျော်ကို မြင်တွေ့နေရပေသည့် သူ့လို

www.burmeseclassic.com

www.burmeseclassic.com



မြသွေး ဝမ်းမသာနိုင်ပါ။

"ကျော့်ကို မမှတ်မိတော့ဘူးလားဟင်"

"မဟုတ်ပါဘူး"

"ဒါဖြင့် ကျော့်ကို ဘာလို့ စကားတစ်ခွန်းမှ မပြောတာလဲ မြသွေးရယ်၊ မြသွေး ဒီမှာရှိနေဟယ်လို့ သိလိုက်ရတော့ ကျော် ဘယ်လောက်ဝမ်းသာရတယ်ဆိုတာ မြသွေး သိရဲ့လား"

ကျော်ပုံစံက ဟိုတုန်းကအတိုင်း မြသွေးအပေါ်မှာ အကျွမ်းတဝင် လှိုက်လှိုက်လှဲလှဲရှိလှသလို မြသွေးပုံစံကလည်း ဟိုတုန်းကအတိုင်း၊ ကျော်နှင့်ပတ်သက်သမျှ အေးစက်တည်ငြိမ်မှုတွေနှင့်သာ ဖြစ်ပါသည်။

ထိုအခြေအနေတွေကို ချက်ချင်းရိပ်မိ သဘောပေါက်သွားပုံရသော ကျော် မျက်နှာမှ အပြုံးတို့က လမ်းခုလတ်မှာ ရပ်တန့်သွားပြီး မြသွေးမျက်နှာကို အကဲခတ်သလို ကြည့်လာသည်။

"ကျော့်ကို တွေ့လိုက်ရလို့ မြသွေး စိတ်ညစ်သွားလားဟင်"

"မဟုတ်ပါဘူး၊ ရုတ်တရက်ကြီးဆိုတော့ အံ့သြနေမိလို့ပါ"

အမှန်လည်း မြသွေး အံ့သြနေမိပါသည်။ မြသွေးရှိရာကို ကျော် ရောက်လာပုံက ထူးဆန်းနေ၏။

"အေးပေါ့လေ…မြသွေးနဲ့ ကျော်တို့ ပြန်မဆုံခဲ့ကြတာ





ဘယ်လောက်တောင်ကြာပြီလဲ၊ ကျော်ကတော့ မြသွေးကို တစ်နေ့မှ မမေ့ပါဘူးဗျာ"

အစိမ့်ပါယ်တစ်မျိုး သက်ရောက်သည့် ကျော့်စကားကို မြသွေး မည်သို့မျှ မတုံ့ပြန်ပါ။ ကျော့်မျက်ဝန်း အကြည့်တွေက မြသွေးအပေါ် သံယောဇဉ်မကုန်တာ မြင်ရုံနှင့်သိနိုင်ပါသည်။

"ဒီမှာ…မြသွေးရှိနေတယ်ဆိုတာ ကျော် ဘယ်လိုလုပ်သိတာလဲ၊ ဖွေးပြောတာလား"

"မြသွေးနှင့်မမတို့ ဆုံပြီးပြီဆို၊ မမလည်း မြသွေးအပေါ်မှာ သဘောထား အတော်ပြောင်းသွားပြီထင်တယ်၊ နှစ်တွေလည်း ကြာခဲ့ပြီဆိုတော့ ဒီလိုပဲဖြစ်ရမှာပေါ့"

"ဒါဖြင့် မြသွေး ဒီမှာရှိတယ်ဆိုတာ ဖွေး ပြောတာပဲ ပေါ့"

"ဟုတ်တယ်…ကျော်တောင် မမကို အံ့သြနေတာ၊ မြသွေးနဲ့ရော အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

အဖြစ်မှန်ကို ပြောရှုမဖြစ်သဖြင့် ပြုံးလျက် မယုတ်မလွန် ဖြေလိုက်သည်။ ဖွေးက သူမ အင်မတန်မုန်းတဲ့ မြသွေးရှိတဲ့နေရာကို သူမရဲ့မောင် ကျော်ကို တမင်လွှတ်ပေးလိုက်သည်ဆိုတာ ဘာသဘောလဲ။

ကျော်ပြောသလို ဖွေး၏ သဘောထားတွေ အခိုးကြာလို့



www.burmeseclassic.com

www.burmeseclassic.com



မြသွေးအပေါ်မှာ ပြောင်းသွားခြင်းမဟုတ်သည်မှာ မြသွေးကိုယ်တွေ့ဖြစ်ပါသည်။

"ကျော့်နဲ့ တစ်ခုခုလိုက်သောက်ပါလား မြသွေး၊ ကျော့်တို့ ပြန်ဆုံကြတဲ့ အထိမ်းအမှတ်ပေါ့"

လက်ကနားရီလေးကို မြသွေး တစ်ချက်ငုံ့ကြည့်လိုက်သည်။ မကြာခင် ဂျူတီဝင်ရတော့မည်မို့ ကျော့် တောင်းဆိုတာကို မလိုက်လျောနိုင်ဘဲ ဖြစ်သွားသည်။

"နောက်ရက်မှ မြသွေးတို့ ပြန်ဆုံကြတာပေါ့ ကျော့်၊ အခု မြသွေး ဂျူတီဝင်ရတော့မှာမို့ပါ"

"နိုက်ဂျူတီပေါ့"

"အင်း"

"ဒါဖြင့် ညအိပ်ချင်ပြေစားဖို့ စားစရာဝယ်ပြီး လာပို့ပေးမယ်"

"ဒုက္ခမရှာပါနဲ့ကျော့်ရယ်၊ ဘာမှဝယ်မပို့ပါနဲ့နော်"

မြသွေးစကားအဆုံးမှာ ကျော့်က ရယ်သည်။

"မြသွေးလည်း အရင်တုန်းကအတိုင်းပဲ ဘာမှမပြောင်းလဲဘူးနော်၊ အားတဲ့ရက်မှာ ဆုံကြမယ်၊ ဒီမှာ ကျော့် လိပ်စာကဒ်၊ မြသွေးရဲ့အိမ်နဲ့ ဖုန်းနံပါတ်လည်း ရေးပေးပါဦး"

မြသွေးလက်ထဲကို ကျော့် လိပ်စာကဒ်လေး ရောက်လာသလို ဒိုင်ယာရီစာအုပ်ပေါက်စလေးထဲမှာ မြသွေးလိပ်စာနှင့်





ဆက်သွယ်လို့ရမည့် တစ်ဆင့်ဖုန်းနံပါတ်ကို ရေးပေးလိုက်ရသည်။

"ကျော့်...သွားတော့မယ်နော် မြသွေး"

"ဘာမှဝယ်မပို့နဲ့နော် ကျော့်"

"စိတ်ချ...စားစရာအစုံဝယ်ခဲ့မယ်"

"ကျော့်"

ကျော့်က ရယ်မောလျက် မြသွေးကို လက်တစ်ဖက်မြှောက်ပြပြီး ကားကို မောင်းထွက်သွားရာ စိတ်ရှုပ်ထွေးသည့် အမူအရာဖြင့် ရင်မောကျန်ရစ်ခဲ့သည်။

"ကျွီး"

"မြသွေး"

"ဆရာ"

ကားတစ်စီး မြသွေးရှေ့ရပ်လာပြီး သူမအမည်ကို ခေါ်လာသဖြင့် လှမ်းကြည့်လိုက်တော့ ဆရာ ဒေါက်တာမိုးနိုင်ကား ဖြစ်နေ၏။

"စောစောကကားက ကျော့်မဟုတ်လား"

"ဟုတ်ကဲ့"

သူတို့ချင်း ရင်းနှီးကျွမ်းဝင်နေကြသူများ ဖြစ်ရုံမက မကြာခင် ခွေမျိုးတော်ကြမည့်သူများမို့ မြသွေး ခေါင်းညိတ်ပြလိုက်တော့ နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသော ဆရာ့အမူအရာကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"မြသွေးဆီကို လာတာလား"

"ဟုတ်ပါတယ်"

"စိတ်မပြောင်းသေးပါဘူးနော်"

"ရှင်"

"ကျော်နဲ့ပတ်သက်ပြီး ဟိုတုန်းကအတိုင်းပဲ မြသွေးဘက်က ဘာတစ်ခုမှ သဘောထားမပြောင်းသေးပါဘူးနော်လို့ မေးတာပါ"

နှစ်ယောက်သား အကြည့်ချင်းဆုံသွားကြသည်။

"မြသွေးကို ခွင့်ပြုပါဆရာ"

"မောင်မေးတာ ဖြေဦးလေ"

"မြသွေးမှာ ကျော်နဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ဖြေစရာ မရှိပါဘူး၊ မြသွေးကို ခွင့်ပြုပါ"

နေရာမှ ချာခနဲ လှည့်ထွက်သွားသော မြသွေး၏ နောက်ပိုင်းအလှကိုကြည့်ကာ မြတ်နိုးစွာ ပြုံးရယ်လိုက်သံကို သူမ မကြားလိုက်ပါ။

လှတဲ့သူများကြတော့လည်း စိတ်ဆိုးနေတော့လည်း တစ်မျိုးချစ်စရာကောင်းအောင် လှနေတာပင်။

"အဟွန်း...ဟွန်း...ဟွန်း"





ချစ်တယ်...မြသွေးရယ်။

မင်းလေးရဲ့စိတ်ကိုသိလို့ မောင်ကလည်း မောင့်ချစ်သူကို တမင်စိတ်ဆိုးအောင်စတာပါဗျာ။

နေရာမှ ကားကို မောင်းထွက်ရင်း စိတ်ထဲက တီးတိုးဆိုလိုက်ခြင်း ဖြစ်ပါသည်။ ကျော်ကို ဖွေး လွှတ်လိုက်တာပဲဖြစ်မည်ဟု သူတွေးလိုက်သည်။

ကျော်က မြသွေး ဒီမှာရှိနေတာ သိသူမဟုတ်။ ဖွေးပဲ သိသူ။ ပြီးတော့ သူမောင်နှင့် ပတ်သက်ပြီး မြသွေးကို ကြည့်မရအောင်မုန်းနေသူက သူမမောင်ကို မြသွေးရှိတဲ့နေရာကို ဘာကြောင့်ပြောပြပြီး တမင်ပေးလွှတ်လိုက်ရသနည်း။

ဖွေးတွင် အကြံအစည်တစ်ခုခု ရှိနေသည်မှာ သေချာသည်။ ထိုအကြံအစည်မှာ တခြားမဖြစ်နိုင်။ သူနှင့်မြသွေးတို့ အချစ်ရေးကို ကျော်နှင့်လူစားထိုးပြီး ဖျက်ဆီးပစ်ဖို့အပြင် တခြားဘာမှမရှိ။

ဒီလိုဆိုရင်တော့ မြသွေးအပေါ်မှာ ဖွေးဘက်က သိပ်ပြီး အထင်အမြင်သေးလွန်းသည်။ ဒေါက်တာမိုးနိုင်ဆိုသည့် လူတစ်ယောက်အပေါ်မှာလည်း ဖွေးက လျှော့တွက်ထားပုံရသည်။

မြသွေးရော၊ သူရော ဖွေးဖြစ်ချင်တိုင်း ဘာတစ်ခုမှ ဖြစ်ခွင့်ရမည်မဟုတ်ကြောင်း ဖွေးသိအောင် သူပြောလိုက်ချင်သည်။ နုနယ်တဲ့ ဖွေးအတွေးတွေက သိပ်ပြီး ကလေးဆန်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီည နိုက်ဂျူတီတာဝန်ကို ယူရမည့်သူက မြသွေးသိလျှင် အဘယ်မျှ စိတ်ရှုပ်နေရှာမည်မသိ။ အတွေးဖြင့် ကျေနပ်နှစ်သိမ့်စွာ သူပြုံးပြီး ဆေးရုံအဆောက်အဦးထဲ လှမ်းဝင်လိုက်သည်။

မြသွေးကတော့ ဂျူတီချိန်းရန် လက်မှတ်ထိုးပြီးထဲက စိတ်ညစ်နေပါသည်။ ဒီနေ့မှ မျှော်လင့်တာတွေချည်း ဖြစ်နေသည်။ ကျော်က မြသွေးရှိရာကို မြန်းစားကြီး ရောက်လာသည့်အတွက် အံ့သြရသလို နိုက်ဂျူတီမှာ တာဝန်အတူတွဲကျသူက ဒေါက်တာဦးမိုးနိုင်ဖြစ်၍ ပိုစိတ်ရှုပ်သွားသည်။

အခုမှတော့ ဘာမှမတတ်နိုင်။

ရှောင်ပြေးချင်လို့လည်း လွတ်မည်မဟုတ်။ လာမဲ့ဘေး ပြေးတွေ့ရန်သာရှိသည်။ ဒီကြားထဲ ကျော်ကတစ်မျိုးဖြစ်သည်။ တခြားလုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေနှင့်အတူ ပြုံးရယ်ကာ စကားဆိုနေသော ဆရာ့ပုံစံက အဝါနုရောင် ခပ်ဖျော့ဖျော့ဝတ်စုံ၊ အရောင်မှိုင်းစိမ်းပုတ်ပုတ်ရင့်ရင့် မုဆိုး၊ ကတ္တီပါခြေညှပ်ဖိနပ်နှင့် ဖြူသော မြင့်သော ဆရာ့သဏ္ဌာန်က ရှင်းသန့်ခန့်ညားနေ၏။

မြသွေးနားက တခြားသူတွေ ဖြတ်သွားချိန်မှာပင် သူမကို တစ်ချက်လှည့်မကြည့်။ သူ့အလုပ်သူလုပ်နေပုံက သူ့နားမှာ မြသွေး ရှိနေတာကိုပင် သတိမရသည့်ပုံစံမို့ စောစောက မြသွေး၏ ပြတ်သားသည့် ပြုမူပြောဆိုခြင်းအပေါ်မှာ စိတ်ဆိုးနေခြင်းလားဟု တွေး





လိုက်မိသည်။

တစ်ပြိုင်နက်တည်းမှာပင် ဒီလိုမျိုး စိတ်ဆိုးပြီး မြသွေးကို နောက်ထပ်ဘယ်တော့မှ မခေါ်ဘဲနေမည်ဆိုလျှင် အဘယ်မျှကောင်းမည်နည်းဟု တွေးရင်း ခေါင်းထဲမှာ အကြံတစ်ခု လက်ခနဲရလိုက်သည်။

ဆရာ့ပုံစံက မြသွေးနှင့် ကျော်တို့ ပြန်ဆက်သွယ်မိကြတာကို သဘောမကျနိုင်တာ သေချာသည်။ သူ့လက်ထဲက အချစ်ကို ကျော် လုယူသွားမှာ စိုးရိမ်နေသည်။

ဒါကြောင့် စောစောက စကားတွေ ပြောတာဖြစ်မည်။ မြသွေးက ဆရာ့ကို ခင်မင်လေးစားပေမယ့် ချစ်သူဖြစ်ဖို့အထိ မစဉ်းစားပါ။ အခုလို မတင်မကျ အနေအထားမျိုးနှင့်လည်း မနေချင်။

တစ်ခါတည်း ဆရာ့ဘက်က မြသွေးအပေါ် စိတ်ကုန်ပြီး သူမ မလိုချင်သော အနေအထားက တစ်ခါထဲ ကင်းပြတ်ရှင်းလင်းသွားစေလိုသည်။ ဖြစ်နိုင်ရင် မြသွေးလို မိန်းကလေးတစ်ယောက်ကို မုန်းသွားစေလိုသည်။

ထိုအတွက် ကျော့်ကိုပဲ အသုံးချရမည်လားဟု တွေးနေမိသည်။

ဒေါက်တာဦးမိုးနိုင်ကတော့ မြသွေးနှင့် ဆန့်ကျင်ဘက်

www.burmeseclassic.com



အတွေးတွေနှင့် သူမအချစ်ကို ဘယ်လိုဘယ်နည်းဖြင့် ရယူရမည်လည်းဟု ကြံစည်နေတာကို မြသွေးမသိ။

ကိုယ့်အတွေးနှင့်ကိုယ်မို့ သူမအလစ်မှာ ဒေါက်တာဦးမိုးနိုင်က သူမလှပ်ရှားမှုတိုင်းကို သူမ မသိအောင် ခပ်တည်တည်ခိုးကြည့်နေလိမ့်မည်ဟုလည်း မတွေးမိ။ မြသွေးစိတ်ထဲမှာ ဒေါက်တာဦးမိုးနိုင် သူမကို မုန်းသွားအောင် ဘယ်လိုလုပ်ရပါ့ဟုပဲ တွေးနေသည်။

"ဆရာမ မြသွေး၊ ဒီမှာ ဆရာမသူငယ်ချင်းက ကျွန်မကို လူကြုံပေးလိုက်လို့ ယူခဲ့ပြီ"

ဆရာမ နော်ဖောစေးလက်ထဲမှာ ကျွတ်ကျွတ်အိတ်နှင့် အပြည့်ပါသော စားစရာတွေကိုကြည့်ပြီး မြသွေး ဘာမှမတတ်နိုင်ဘဲ ဖြစ်သွားသည်။

ပေးသည့်လူက ပေးလိုက်၍ ယူသည့်လူက ယူလာပြီဆိုတော့ အသာတကြည် လက်ခံလိုက်ရုံရှိသည်။ အိတ်ထဲမှာ မုန့်မျိုးစုံ စားစရာစုံပါလာတာ နော်ဖောစေးလည်း သိမှာသေချာသည်။

ပြီးတော့ မြသွေးတို့နှင့် မလှမ်းမကမ်းမှာ လူနာရှင်တစ်ယောက်နှင့် စကားရပ်ပြောနေသော ဆရာရှိနေသည်။ နော်ဖောစေး ပြောနေသည့်စကားတွေကို ဆရာလည်း ကြားနေမည်ထင်သည်။





"ကျေးဇူးပဲနော် ဖောစေး"

"ရတယ်...ရတယ်"

"ဘာတွေရနေတာလဲ ဆရာမရဲ့"

"ဩော်...ဆရာ ဒီမှာလေ၊ ဆရာမ မြသွေးကို လူချောချောတစ်ယောက်က မုန့်တွေအများကြီး ပေးသွားတယ်၊ ဆရာမ မြသွေး သူငယ်ချင်းတဲ့"

"ဟုတ်လား"

"ဒီညဂျူတီမှာ ဆရာမ မြသွေးမျက်နှာနဲ့ ဆရာတို့လည်း မုန့်ကောင်းကောင်းစားရမှာပေါ့ ဆရာမနော်ဖောစေးရေ"

"အား...ဟုတ်တယ်ဆရာ၊ ဟုတ်တယ်"

အတိုင်အဖောက်ညီညီ ပြောဆိုရယ်မောလိုက်သည့် ဆရာဦးမိုးနိုင်ပုံစံက ဘာခံစားချက်မှ မရှိသလို လွတ်လပ်ပေါ့ပါးလှချည်လား။

ဒီမုန့်တွေကို ကျော်လာပေးသွားတယ်ဆိုတာ ဆရာလည်း သိနေပြီးသားပါ။

"ဘယ်နှယ့်လည်း ဆရာမ၊ ကိုယ်တို့ကိုလည်း ကျွေးမယ်မဟုတ်လား"

"ဆရာစားချင်ရင် ကျွေးပါတယ်ဆရာ"

"စေတနာနဲ့ ကျွေးရင် စားပါတယ်ဗျာ၊ ဆရာမကိုယ်တိုင် ယူလာပေးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကိုယ်သွားဦးမယ်"

"ဟုတ်ကဲ့ဆရာ"

မြသွေးတို့နားက သူထွက်သွားသည်နှင့် သက်ပြင်းကိုတ်ချလိုက်သူက မြသွေးဖြစ်သည်။

"ဆရာက အရမ်းသဘောကောင်းတယ်နော် မြသွေး"

"အင်း"

"ကျွန်မလေ သဘောဆိုးတဲ့ဆရာနဲ့ တွေ့မှာ အားကြီးကြောက်တယ်သိလား၊ သူတို့စိတ်ဆိုးရင် ကျွန်မမှာ နေစရာရှိမှာမဟုတ်ဘူး"

"သဘောဆိုးတဲ့ဆရာ မရှိပါဘူး ဖောစေးရယ်၊ ဆရာတွေ၊ ဆရာမတွေရော ဒီမှာရှိတဲ့ ဝန်ထမ်းတွေရော အားလုံးသဘောကောင်းကြပါတယ်"

နော်ဖောစေးမှာ ဝန်ထမ်းအသစ်အဖြစ် ရောက်လာသည်မှာ ရက်ပိုင်းပဲရှိသေးတာမို့ မြသွေးက ရှင်းပြလိုက်သည်။ အပြုံးချိုချိုနော်ဖောစေးက ကလေးမျက်နှာလေးနှင့် ချစ်စရာကောင်းသလိုစိတ်သဘောထား ဖြူစင်ရိုးသားသဖြင့် မြသွေးလည်း ခင်မင်ပါသည်။

ကျော်ဝယ်ပေးလိုက်သည့် စားစရာတွေထဲက နော်ဖောစေးကို တချို့တစ်ဝက် ခွဲပေးလိုက်သည်။ ကျန်သည့်မုန့်ထဲက လက်ဖက်သုပ်နှင့် တခြားစားစရာတွေကို ဆရာဦးမိုးနိုင်ဆီ မြသွေး



ကိုယ်တိုင်သွားပို့ဖို့ ခက်နေသည်။

ကိုယ်တိုင်သွားမပေးလို့ကလည်း မဖြစ်။ ဆရာကိုယ်တိုင်က မြသွေးကိုယ်တိုင် ယူလာပေးပါဟု ဆိုထားသည်။ လူကြုံနှင့်ဆရာကို သွားပေးဖို့ကြတော့လည်း မြသွေးအနေနှင့် ဆရာ့သိက္ခာကိုစော်ကားသလိုမျိုး ဖြစ်နေတော့ ကိုယ်တိုင်သွားရုံပဲရှိသည်။

ဒီလိုနှင့် အချိန်လေးတွေ အတော်ကြာသွားသည်။ နောက်ဆုံး လက်ဖက်ပွဲလှလှလေးပြင်ပြီး တခြားစားစရာတွေနှင့် ဆရာ့နားနေခန်းကို မြသွေး ထွက်လာခဲ့သည်။

စေ့ရုံစေ့ထားသော တံခါးရှေ့မှာ ရပ်ပြီး အခန်းတံခါးကိုခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

ဆရာ့အသံကြောင့် မြသွေးရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ အခန်းတံခါးကို တွန်းဖွင့်လိုက်တော့ စားပွဲပေါ်မှာ စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေသော ဆရာ့ကို တစ်ယောက်တည်း တွေ့လိုက်ရသည်။

"ဆရာ့အတွက် အိပ်ချင်ပြေ စားစရာလာပို့တာပါဆရာ"

"ထားခဲ့လေ"

ဆရာက မြသွေးကို မော့မကြည့်ဘဲ ဆိုလိုက်တာမို့ မြသွေးလည်း ဆရာ့အခန်းထဲဝင်လာပြီး ဆရာ့စားပွဲစွန်းမှာ လက်ဖက်ပွဲကိုအရင်ချလိုက်ပြီး တခြားစားစရာမုန့်တွေကိုတော့ ကျွတ်ကျွတ်အိတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးဖြင့် ထည့်ယူလာသည့်အတိုင်း နံရံထောင့်မှာ ကပ်ထားသည့် ဗီရိုပုလေးပေါ်သို့ လှမ်းတင်ထားလိုက်သည်။

"ကိုယ့်အတွက် ရေနွေးဂေါက်ထည့်ပေးခဲ့ပါဦး"

"ဟုတ်ကဲ့"

ဗီရိုပေါ်မှာ အသင့်ရှိနေသည့် ရေနွေးဂေါက်ကို ဆေးကြောပြီး ရေသန့်ဗူးထဲကရေ ထည့်ပြီး လျှပ်စစ်အပေါက်မှာ ထည့်ပြီး မီးခလုတ်ဖွင့်ပေးလိုက်သည်။

သူလုပ်ခိုင်းတာတွေ ပြီးပြီမို့ နေရာကလှည့်ထွက်လိုက်တော့ မြသွေးနောက်မှာ မားမားကြီးရပ်နေသော ဆရာ့ကြောင့် မြသွေး လန့်သွားသည်။

"ဆရာ"

"ဘယ်သူ့ကိုခေါ်တာလဲ"

"ရှင်"

"မင်း ဒီမှာခဏနေဦး"

ဆရာက မြသွေးနားက ဖြတ်ခနဲထွက်သွားပြီး အခန်းတံခါးကို ဖျတ်ခနဲ ချက်ချလိုက်တော့ မြသွေး မျက်နှာလှလှလေး ဖွေးခနဲ ဖြစ်သွားသည်။

"ကဲ…ပြော လူကို ဘယ်အချိန်ကြမှ မောင်လို့ခေါ်မှာလဲ"

"ဟင်"



ကြောက်ရိပ်ဝိုင်းသော မျက်ဝန်းပြာကြီးတွေနှင့် အလန့်တကြား မော့ကြည့်လာသူကို ခေါက်တာဦးမိုးနိုင် စိုက်ကြည့်ပစ်လိုက်သည်။

သူမရဲ့ ဒီလိုပုံစံတွေကပဲ သူ့အတွက် မြတ်နိုးစွဲလမ်းစရာဖြစ်ရခြင်းပဲထင်ပါရဲ့။

"မောင်လို့ခေါ်"

"အို"

ပါးလေးတွေရဲပြီး ခေါင်းငုံ့သွားပုံက သူ ဒီအတိုင်းလက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"မြသွေး"

"ဟင့်အင်း…မြသွေး မကြိုက်ဘူးဆရာ"

"မြသွေး မကြိုက်ပေမယ့် မောင်က ကြိုက်တယ်"

"သိပ်ချစ်တယ် မြသွေးရယ်"

"ဟင့်အင်းဆို"

"အို…အို"

"မောင့်ကို ဘယ်လောက်အထိ နှိပ်စက်ဦးမှာလဲ ပြောလေ"

ညင်သာတိုးရှသော အသံက လိုက်နေသလို တုန်ရီလှုပ်ရှားနေသော မြသွေးမှာလည်း သူ့ရင်ခွင်ထဲမှာ နာကျင်နေပါသည်။

"ပြောင်းပြန်တွေ မပြောပါနဲ့ရှင်၊ မြသွေးကို ဒီထက်ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အနိုင်မယူချင်ပါနဲ့တော့လို့ ပြောပါရစေ"

"အနိုင်ယူတာ မြသွေးပါ၊ မောင်သိပ်ချစ်မှန်းသိလို့ တမင် အနိုင်ယူနေတာ မဟုတ်လား"

"ဆရာ"

"မောင်လို့မခေါ်မချင်း ဒီည မင်းဘယ်မှမသွားရဘူး"

"ဟင်"

"အပြင်မှာလူတွေနဲ့ဆရာ"

"အဲဒါဘာဖြစ်လဲ၊ အားလုံးသိသွားတော့ ကြော်ငြာပြီးသား ဖြစ်သွားတာပေါ့၊ မောင်လက်ထပ်မှာ မင်းပဲ"

"မဖြစ်နိုင်တာ မပြောပါနဲ့ရှင်ရယ်"

"ပြောပြန်ပြီလား ဒီစကား၊ ဘယ်လောက်အထိ ဖြစ်နိုင် တယ်ဆိုတာ လက်တွေ့သက်သေပြမှဖြစ်မယ်"

"အို"

"ဆရာရယ်"

နောက်ဆုံး ဆရာ့ကို မြသွေးပဲ လက်မြှောက်အရှုံးပေးလိုက် ရပါပြီ။ ဖွတ်တရွတ် ဆရာက သူ့အလိုရှိရာကို မဖြစ်ဖြစ်အောင် ရယူပိုင်စိုးချင်သူပေပဲ။

"ချစ်တယ်နော်"

"ဟင့်အင်း"

"ဒါဖြင့်မုန်းတယ်ပေါ့"





"ဟင့်အင်း"

"အဟွန်း...ဟွန်း...ဟွန်း"

မြသွေးအဖြေကို မြတ်နိုးသဘောကျစွာ တိုးတိုးဖွဖွရယ်လျှင် သူ့ရင်ခွင်ထဲမှာ သူမမျက်နှာလေးကို တိုးဝင်ကွယ်ဝှက်ထားမိသည်။

"သိပ်ချစ်တာပဲ မောင့်သက်ရယ်"

"မြသွေးလည်း မောင့်ကိုချစ်တယ်လို့ပြောလေ"

"ဆရာ သိနေပြီပဲရှင့်"

"အခုချိန်ထိ ဆရာပဲလား"

"မြသွေး အရှုံးပေးပါပြီရှင်ရယ်၊ မောင့်ကို မြသွေး ချစ်ပါတယ်"

"မြသွေးရယ်"

နွေးထွေးသော ရင်ခွင်မှာ မှေးစက်မှိန်ဝင်မိသူ့ရင်မှာ လေးပင်စူးရှနက်ရှိုင်းသော ဝေဒနာတစ်ရပ် ခံစားတိုးဝင်လာခြင်းကိုဖြင့် မတားဆီးနိုင်ခဲ့ပါ။

မှားသွားပြီဟု ထင်မြင်မိသော မြသွေး၏ သံသယအတွေးမှာ ချစ်သူက လှိုက်လှဲသော အနမ်းများအောက်မှာ မှိန်ဖျော့တိုးဝင် ပျောက်ဆုံးသွား၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မြသွေးကို မာမီနဲ့တွေ့ပေးမယ်"

"ရှင်"

"ဒါ…ကျွန်တော်လက်ထပ်မဲ့ ကျွန်တော့်ချစ်သူပါလို့ ပြောလိုက်တော့မယ်"

"မဖြစ်ပါဘူးမောင်ရယ်"

"ဘာကိုမဖြစ်ရမှာလဲ၊ မောင်လက်ထပ်မယ့်သူက မြသွေးပဲ၊ လူကြီးတွေနားလည်လက်ခံလာအောင် ပြောရမှာက မောင့်တာဝန်ပါ၊ မြသွေးသာ မောင့်ကို လက်ထပ်ဖို့ စဉ်းစားထား"

စိတ်အားထက်သန်စွာ ပြောနေသော ချစ်သူကိုကြည့်ပြီး မြသွေး နှုတ်ဆိတ်ငြိမ်သက်နေလိုက်ပါသည်။ ရွှတ်တရွှတ် အချစ်တွေနဲ့ မြသွေးအချစ်ကို ရယူပိုင်ဆိုင်နိုင်သူ၏ မျက်နှာကို မြသွေး





ငေးခနဲ့ကြည့်ပြီး သက်ပြင်းချလိုက်သည်။

မတတ်သာ၍ နှလုံးသားအလိုကို လိုက်မိပေမယ့် မြသွေး စိတ်ထဲမှာ စိုးရိမ်သောကတွေနဲ့ ရင်မောပင့်သက်ဖြာနေရသည်။

"ဟိတ်…တစ်ယောက်တည်း ဘာတွေတွေးပြီး သက်ပြင်းကျိတ်ချနေတာလဲ၊ မာမီနဲ့တွေ့ရမယ်ဆိုတာနဲ့ မျက်နှာလှလှလေးကို ညှိုးသွားတာပဲဗျာ"

"ဘာမှမစိုးရိမ်ပါနဲ့ အချစ်ရယ်၊ မြသွေးဘက်မှာ မောင်တစ်ယောက်လုံးရှိနေတာပါ"

"မာမီသဘောမတူဘူးဆိုရင်လည်း နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးလိုက်ကြတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

"မောင့်မာမီက ရောဂါသည်ဆိုတာလည်း ထည့်တွက်စဉ်းစားဦးမှပေါ့ မောင်ရယ်၊ မတော်တဆ တစ်ခုခုဖြစ်သွားရင် မောင်ရော မြသွေးပါ တစ်သက်လုံး နောင်တရနေရတာမျိုး မဖြစ်ပါရစေနဲ့"

မြသွေးစကားအဆုံးမှာ တွေဝေငေးငိုင်သွားသော မောင့်ကို ကြည့်ကာ မြသွေးလည်း စိတ်မကောင်းပါ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ မြသွေးဆိုတာ မောင့်ချစ်သူဖြစ်ခဲ့ရပါပြီ။

ဒီတော့ ချစ်သူတို့သဘာဝ ကိုယ့်ချစ်သူကို ပျော်နေပြီးနေတာပဲ မြင်ချင်တွေ့ချင်သည်။ ချစ်သူအလိုဆန္ဒကို လိုက်လျောချင်

www.burmeseclassic.com



ဝေမထိ လက်တွေ့မှာ မြသွေးတို့နှစ်ယောက်ကြားက တံတိုင်းကြီး တွေခြားနေတာ မောင်ရော မြသွေးရော သိနေကြသည်။

စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြသည့်အဖြစ်ကို မောင်နှင့် ဒချစ်ခင်ထဲက မြသွေး ကြိုတင်နားလည်ထားသည်။

"ဆန္ဒတွေ သိပ်မစောပါနဲ့ မောင်ရယ်၊ ချစ်သူဖြစ်တာမှ မကြာသေးဘူး ချက်ချင်းလက်ထပ်မယ်ဆိုတော့ သူများတွေက ဘာပြောကြမလဲ"

"ဘယ်သူတွေဘာပြောပြော မောင်ဂရုမစိုက်ဘူး မြသွေး၊ မောင် အခုစဉ်းစားနေတာကလည်း အဲဒါတွေမဟုတ်ဘူး၊ မြသွေးနဲ့ မောင့်ကိစ္စကို မာမီ နားလည်လက်ခံလာအောင် ဘယ်လိုပြောရမလဲ စဉ်းစားနေတာ"

"ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ မောင်"

"မောင့်အသက်အရွယ်ကိုလည်း ကြည့်ရဦးမယ်လေ၊ မောင်က အဘိုးကြီးဖြစ်နေပြီဗျာ"

"ဟုတ်လည်း မဟုတ်ဘဲနဲ့"

"ဘယ့်နှယ့် မဟုတ်ရမှာလဲ၊ မောင့်အသက်အရွယ်ဆို ကိုယ့်မိသားစုနဲ့ကိုယ် သီရိဂေဟာလေးတွေ အများကြီး မတွေ့ဘူး လား"

"တွေ့သားပဲ"



"မောင်လည်း မောင်ချစ်တဲ့မြသွေးနဲ့ သီရိဂေဟာလေး ဖြစ်ချင်တယ်"

"မောင့်ကို သားသားမီးမီးတွေ အများကြီးမွေးပေးရမယ် နော် မြသွေး"

"မောင်ကလည်း"

မျက်နှာလှလှလေး ပန်းနုရောင် ရှက်အမ်းအမ်းလေး ဖြစ်သွားတာကို သဘောကျစွာ သူပြုံးလိုက်သည်။

"တကယ်ပြောနေတာဗျာ၊ မောင်က တစ်ဦးတည်းသော သား ဖြစ်ခဲ့ရတော့ သိပ်အဖော်မက်တာ၊ မောင့်သားသမီးတွေကြ ရင် မောင့်လိုမဖြစ်စေရဘူးလို့ ဆုံးဖြတ်ထားပြီးသား"

"ဒါကြောင့် သားသမီးရသလောက်ယူမယ်လို့ စဉ်းစား ထားတာ"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

မပြုံးမရယ် ခပ်တည်တည်ပုံစံနှင့် မြသွေးမျက်နှာလှလှ လေးကို ကြည့်နေသူကြောင့် မြသွေး လန့်သွားသည်။ သားသမီး တွေ အများကြီးကို လူလားမြောက် ကြီးပြင်းရှင်သန်အောင် အပင် ပန်းခံပြုစုကျွေးမွေးရမည့်ကိစ္စက အပြောလွယ်သလောက် လက်တွေ့ မှာမလွယ်။

www.burmeseclassic.com

www.burmeseclassic.com



"အပြောသာလွယ်တာပါ၊ ကိုယ့်သားသမီး တစ်ယောက်တည်းကိုပဲ အဆင့်အတန်းမြင့်မြင့်မားမားနဲ့ လူလားမြောက် ကြီးပြင်းအောင် မွေးရတာ တကယ့်လက်တွေ့မှာ ဘယ်လောက်ခက်ခဲပင်ပန်းလည်းဆိုတာ မောင်မှမသိဘဲ"

"အဲဒီလောက်တော့ မောင်လည်းသိပါတယ်ဗျာ၊ မြသွေးက သားသမီးတွေအများကြီး မမွေးပေးနိုင်မှတော့ တခြားတစ်ယောက်ကိုပဲ ရှာမွေးခိုင်းရတော့မှာပေါ့"

ဒေါက်တာမိုးနိုင်စကားအဆုံးမှာ လှပသောမျက်နှာလေးတင်းမာသွားကာ အခုထဲက သစ္စာမဲ့ဖောက်ပြန်ချင်သူ မျက်နှာကိုဖျတ်ခနဲ မော့ကြည့်လိုက်ပါသည်။

"ဒါကတော့ မောင့်သဘောပါ၊ မြသွေးဘက်က ဘာမှတန့်ကွက်စရာမရှိပါဘူး"

"နောက်အသစ်တစ်ယောက်ရှာလည်း မြသွေးက သဘောထားကြီးနိုင်တယ်ပေါ့ ဟုတ်လား"

"အခုလက်ရှိမှာလည်း တခြားတစ်ယောက်ရှိနေတာသိသိနဲ့ ချစ်နေရသေးတာပဲ၊ ဒါလည်း သဘောထားကြီးခြင်းတစ်မျိုးပဲ မဟုတ်ဘူးလား"

"ဖွေးက မောင့်ချစ်သူမှမဟုတ်ဘဲ"

"ဒီလိုပဲပြောတာပဲလေ...ဘယ်သိနိုင်မှာလဲ"



"အဟွန်း...ဟွန်း...ဟွန်း"

"ကောင်မလေးတစ်ယောက် မောင့်ကို သဝန်တိုနေပြီပဲ၊ ဝမ်းသာလိုက်တာဗျာ"

မြသွေး စိတ်ဆိုးနေပုံလေးကို ကြည့်ပြီး ဒေါက်တာမိုးနိုင်ကြည်နူးရွှင်ပျစွာ ရယ်မောနေသည်။ မြသွေးက သူ့ကိုကြောက်ပြီးပြန်ချစ်တာဟု စိတ်ထဲမှာစွဲနေသမျှ အခုမှ ကျေနပ်ပေါ့ပါးသွားသည်။

"ဖွေးအကြောင်းပြောလို့ သိပ်ပျော်နေပြီထင်တယ်"

မျက်စောင်းလေးဝင့်ကာ မြသွေးက သူ့ကို ရိုတိုတိပြန်ပြောသည့် စကားအဆုံးမှာ သူပြုံးလိုက်သည်။

"နိုး...နိုး မြသွေးက မောင့်ကို တကယ်ချစ်တာပဲတွေးပြီး ဝမ်းသာလွန်းလို့ပါဗျာ၊ သိတယ်မဟုတ်လား ချစ်တယ်ဆိုမှ သဝန်ကြောင်တာလေ"

"ချစ်ပါဘူး"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဖြင့်...ချစ်တတ်အောင် သင်ပေးမှဖြစ်မှာပေါ့"

"မောင်နော်"

"အိုး"

အချစ်လှူဆိုး မောင့်ရင်ဘတ်ကို လက်သီးဆုပ်လေးလေးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထုရိုက်တော့ သူက တိုးတိုးဖွဖွရယ်ပါသည်။

"သိပ်ချစ်တာပဲ မြသွေးရယ်၊ မောင်တို့ အမြန်ဆုံးလက်ထပ်ကြစို့နော် အချစ်"

"ဖြည်းဖြည်းပေါ့ မောင်ရယ်၊ နောက်တော့ ဖြစ်လာမှာပေါ့"

"နောက်ကျတယ်ဆိုတာ သေချာတာမဟုတ်ဘူးဗျာ၊ မာမီ့ကို အမြန်ဆုံးဖွင့်ပြောမှဖြစ်မယ်"

ဒေါက်တာမိုးနိုင်က သူတွက်ကိန်းနှင့်သူ လက်ထပ်ဖို့ကိစ္စ အမြန်ဆုံးစီစဉ်နိုင်ရန် စဉ်းစားနေချိန်မှာ မြသွေးကတော့ ဖွေးမျက်နှာကိုသာ ပြေးမြင်နေမိပါသည်။

ဖွေးက ဒီကိစ္စကို အလွယ်တကူနှင့် အလျှော့ပေးလိမ့်မည်ဟု မြသွေးမထင်ပါ။ ပြီးတော့ မောင့်မာမီကလည်း မြသွေးလိုမိန်းကလေးထက် ဖွေးလိုမိန်းကလေးကိုသာ ချွေးမတော်ချင်ရှာပေလိမ့်မည်။

မိခင်တစ်ယောက်၏ ခံစားချက်ကို မြသွေး စာနာနားလည်ပါသည်။ မောင့်မာမီ၏ ရောဂါအခြေအနေကလည်း ရှိသေးသည်။ ဘယ်လိုပဲ မောင့်ဘက်က တဖွတ်ထိုးလုပ်ချင်ချင် မိခင်ကြီးကို ငဲ့ညှာထောက်ထားရပေလိမ့်မည်။

မြသွေးနှင့် ဒေါက်တာမိုးနိုင်တို့ ချစ်သူတွေဖြစ်နေကြတာ



မည်သူမျှ မရိပ်မိကြ။ ကျော်ကလည်း မြသွေးထံ ရက်ခြားဆိုသလို လာနေရုံမက စားစရာမုန့်မျိုးစုံ ဝယ်လာတော့ မြသွေး ဘယ်လိုပဲ ငြင်းငြင်းမရ။

မြသွေးကို ဒေါက်တာဦးမိုးနိုင်နှင့် ကျော်က ပြန်မိတ်ဆက်ပေးနေတော့ မြသွေးတို့က လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများဖြစ်၍ ခင်မင်ရင်းနှီးကြောင်း ပြောပြရသည်။

"မြသွေးကလည်းကွာ မောင်နဲ့ချစ်သူတွေပါလို့ ပြောလိုက်တာမဟုတ်ဘူး"

"ဖြစ်မလား မောင်ရဲ့၊ တော်ကြာ မောင့်ရဲ့ဖွေး သိသွားမှခက်မယ်"

"ဘာမောင့်ရဲ့ဖွေးလည်း၊ မောင့်ရဲ့မြသွေးက ဒီမှာ"

"အို"

လူအလစ်မှာ အသာခိုးနမ်းလိုက်တာမို့ ပါးလေးတွေ ရဲခနဲဖြစ်သွားကာ ဘေးပတ်ဝန်းကျင်ကို မလုံမလဲ ခိုးကြည့်မိသူက မြသွေးပါ။

"ဘယ်သူမှ မရှိပါဘူးဗျာ၊ ဒီလောက်တော့ မောင်လည်း သိပါသေးတယ်"

"မောင် သိပ်ဆိုးတာပဲ"

"ချစ်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ"

"တော်ပါပြီဗျာ"

အနေအထိုင် ဘယ်လောက်ပဲ ဝိရိယပါစေ အမှန်တရားဆိုသည်က တစ်နည်းမဟုတ် တစ်နည်းဖြင့် ပေါ်ပေါက်လာရသည် ဖြစ်သည့်အတိုင်း တစ်နေ့ ချစ်သူနှစ်ဦး အတူလျှောက်လည်ရင်း ဖွေးနှင့် ရင်ဆိုင်တိုးမိကြသည်။

"ကိုကို"

"ဖွေး"

"ဒါက ဘယ်လိုဖြစ်ကြတာလဲဟင်"

ဖွေးမှာ သိသာစွာ မျက်နှာပျက်နေသလို မြသွေးကိုကြည့်လိုက်သည့် မျက်ဝန်းအစုံမှာလည်း ဒေါသဖြင့် ဝင်းဝင်းတောက်နေပါသည်။

"မြသွေးလေ ဖွေး၊ မှတ်မိတယ်မဟုတ်လား"

"သေတောင် ဒီမျက်နှာကို မမေ့ပါဘူး ကိုကို"

"အို"

"မြသွေးက ကိုယ့်ချစ်သူပဲ"

"ဘာ"

"မောင်"

"ဟင်"



မြသွေးနှုတ်ဖျားက သူမချစ်သော ကိုကို့ကို ပိုင်စိုးစွာ မောင်လို့ အသည်းယားဖွယ် ခေါ်လိုက်သံက ဖွေးနားထဲမှာ အင်အားပြင်းထန်သော ဗုံးတစ်လုံး ပေါက်ကွဲသွားသကဲ့သို့ နှလုံးသွားတစ်ခုလုံး သိမ့်သိမ့်တုန်ခါသွားပါသည်။

"နင်ကများ ဖွေး ကိုကို့ကို ဘယ်လိုခေါ်လိုက်တယ်၊ မောင်...ဟုတ်လား၊ နည်းနည်းမှ အရှက်မရှိတဲ့မိန်းမပါလား မြသွေး၊ ဟိုတုန်းကလည်း ဖွေးမောင်လေးကို အပိုင်ကိုင်ဖို့ ကြိုးစားတာမရလို့ အခု ဖွေးနဲ့ မကြာခင်လက်ထပ်မယ့် ခင်ပွန်းလောင်းကို ဖွေးလက်ထဲက ခိုးယူတာပေါ့လေ ဟုတ်လား"

"ဖွေး"

"ဖွေးကို ဘာမှမပြောနဲ့ကိုကို၊ ဒီမိန်းမ ဘယ်လောက်အရှက်မဲ့တယ် မျက်နှာပြောင်တိုက်တယ်ဆိုတာ ဖွေး သိတယ်"

"မင်း သိပ်လွန်နေပြီနော် ဖွေး၊ မြသွေးဟာ ကိုကို့ချစ်သူလို့ ပြောထားတယ်မဟုတ်လား"

"ကိုကို့ချစ်သူပဲဖြစ်ဖြစ်၊ မုန်းသူပဲဖြစ်ဖြစ် ဖွေး ဂရုမစိုက်ဘူးကိုကို"

"မြသွေး"

"နေဦးလေ"

"ကိုကို...အဲဒီမိန်းမနောက်ကို လိုက်မသွားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဖဝါးဖြင့်အုပ်ပြီး ရှက်လန့်တကြား ငိုယို ထွက်ပြေးသွားသော မြသွေးနောက်ကို ဒေါက်တာမိုးနိုင် ပြေးထွက်သွားချိန်မှာ ဖွေးကလည်း ရင်ကွဲသံကြီးဖြင့် သူမချစ်သော မြတ်နိုးသော ကိုကို့ကို လှမ်းအော်လိုက်ခြင်းဖြစ်ပါသည်။

ကန်တော်ကြီးထဲတွင် လူရှင်းနေ၍ ဖွေးတို့အဖြစ်ကို တော်ရုံ သတိမထားလိုက်မိပါ။ ဖွေးမျက်စိရှေ့မှာပင် ဒေါက်တာမိုးနိုင်က မြသွေးလက်တစ်ဖက်ကိုဆွဲကာ ကားပေါ်တက်စေပြီး နေရာမှ ကားကို ဝေါခနဲမောင်းထွက်သွားမှုက ဖွေးအသည်းနှလုံးတွေကို မြေမှာနင်းသွားသကဲ့သို့ ဆတ်ဆတ်ခါသွားရပါသည်။

ဒက်ဒီ၊ မာမီတို့နဲ့အတူ နိုင်ငံခြားကို လိုက်မသွားမိတာကို က ဖွေးအမှားပဲထင်ရဲ့။ ဒါတောင် ကျော်ကို ဖွေးအနားမှာ ထားရစ်ခဲ့ သေးတာ။ အခုတော့ အခြေအနေတွေက ဖွေး ထင်ထားတာထက် တောင် ဆိုးနေခဲ့ပါပြီကော။

ဖွေးကတော့ ကျော်နှင့် မြသွေး ပြန်တွေ့ပြီး ဇာတ်လမ်း အသစ်ပြန်စနေမည်ဟု ထင်ခဲ့သမျှ အခုတော့ ဖွေးချစ်သော ကိုကို့ ကို လက်လွှတ်ဆုံးရှုံးဖို့ ဖြစ်နေ၏။

ဟင့်အင်း…။

ကိုကို့ကို ဖွေး အဆုံးရှုံးမခံနိုင်ဘူး။

ကိုကို့ကို ဖွေးချစ်တယ်။





ဖွေးချစ်တဲ့ ကိုကို့ကို ဖွေး ပိုင်ဆိုင်ရမှဖြစ်မယ်။ မြသွေးဆို တဲ့ မိန်းမလက်က လွှတ်မြောက်စေမယ့် တစ်ခုတည်းသောနည်းက ကိုကို့ကို အမြန်ဆုံးလက်ထပ်စေဖို့ပဲ မဟုတ်လား"

"ဖွေး"

"ဟင်…တာရာ"

"နင်ပဲ မိတ်ဆွေခိုး၊ သွားနှုတ်ဆက်မလို့ဆိုပြီး ထွက်သွား တာ တွေ့ပြီလား"

"ဟင့်အင်း"

"မတွေ့ပါဘူး…လာ သွားကြစို့တာရာ"

သူငယ်ချင်းပခုံးကို ဖက်ပြီး ထွက်လာခဲ့ပေမယ့် ဖွေးရင်ထဲ မှာ နေဆယ်စင်းအပြိုင် ထွန်းလင်းနေသလို ထင်မိသည်။

ကိုကိုရယ်။

ဖွေးကို သိပ်ရက်စက်လွန်းပါတယ်ကွယ်။

ကိုကို့ကို ဖွေးသိပ်ချစ်တာ သိရက်နဲ့။

မြသွေးဆိုတဲ့ မိန်းမကို ဖွေး သိပ်မုန်းတယ်။

သိပ်မုန်းတယ် ကိုကို။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"ဘယ်လိုလုပ်လိုက်တာလဲ သားရယ်၊ ကြားရတာ မာမီ ဖြင့် ရင်တုန်လိုက်တာကွယ်၊ ဒါကြောင့် ဒီမိန်းကလေး မရှိးသားဘူးလို့တော့ ထင်သားပဲ၊ အခုတော့ကြည့်ပါဦး ရုပ်ကလေးလှတာကို ဖန်းပြပြီး မွေးရဲ့မောင်လေး ကျော်ကိုရော၊ သားကိုရော အပိုင်ဖမ်းရဲလိုက်တာကွယ်"

မာမီ့စကားကို ကြားလိုက်ထဲက ဒါတွေအားလုံး မွေး လက်ချက်ဆိုတာ ဒေါက်တာမိုးနိုင် သိလိုက်ပါပြီ။ မာမီ့ကို မြသွေး မကောင်းကြောင်းတွေ အပြတ်ပြောထားခဲ့သည်။

သူ အိမ်ပြန်ရောက်တာနှင့် မာမီက သူ့ကို အဝတ်လဲရန်ပင် ခွင့်မပြုတော့။ မွေး ပြောသွားသည့် စကားများအတိုင်း မြသွေးကို စက်ဆုပ်ဖွယ်ရာ မုန်းတီးဖွယ်ရာ အဖြစ်သာ ထင်မြင်နေတော့





ရှုတ်တရက် ရှင်းပြဖို့ ခက်သွားသည်။

"မွေးခများ ငိုလိုက်တာကွယ်၊ မာမီ့ဘဝမှာ ဒီလောက်စိတ်ဆင်းရဲစရာအဖြစ်မျိုး မကြုံဘူးပါဘူးကွယ်၊ မာမီ့ကို ချစ်ရင် အဲဒီမိန်းကလေးကို ဖြတ်လိုက်ပါကွယ်၊ မွေးကိုသာ အမြန်ဆုံးလက်ထပ်ဖို့ စဉ်းစားပါ၊ မာမီ အသက်ကြီးမှ စိတ်မဆင်းရဲပါရစေနဲ့ သားရယ်"

"မြသွေးက မွေးပြောသွားသလို မဟုတ်ပါဘူး မာမီရယ်"

"ဒါပဲနော် မာမီ့သဘောကတော့ သားကို မွေးနဲ့လွဲပြီး တခြားဘယ်မိန်းကလေးနဲ့မှ သဘောမတူနိုင်ဘူးကွဲ့၊ မွေးလေးပဲ မာမီ့ချွေးမဖြစ်ရမယ်၊ မျိုးကောင်းရိုးကောင်း ဂုဏ်သရေရှိ မိန်းကလေးဖြစ်တဲ့ မွေးကို ပြစ်ပယ်ပြီး တခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ဆိုတာ မာမီ ဘယ်လိုမှ သဘောမတူဘူးကွယ်"

"ငွေလိုချင်ရင် ငွေပုံပေးလိုက်မယ်၊ မာမီ့သားကို လာမနှောင့်ယှက်ရင် တော်ပြီ"

"ဟာ"

မာမီ့စကားကြောင့် ဒေါက်တာမိုးနိုင် တကယ်လန့်သွားသည်။ မွေးစကားတွေကြောင့် မာမီက မြသွေးကို အထင်အမြင်လွဲပြီဟု သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသွေးက ငွေမက်သည့် မိန်းကလေးမဟုတ်။ အင်မတန် မြူးစင်ရိုးသားသည့် ကလေးမလေးမို့ မာမီစိတ်ကူးတည့်ရာ လျှောက်ပြောမှာကို စိုးရိမ်သွားသည်။

"ကျွန်တော်မသိဘဲနဲ့ ဘာမှလျှောက်မလုပ်နဲ့နော် မာမီ၊ မြသွေးက ဖွေးပြောသလို မဟုတ်ဘူး မာမီ"

"အိုကွယ်…ဘာပဲဖြစ်ဖြစ် မာမီသဘောမတူဘူးဆို မတူဘူးပဲ၊ ဖွေးနဲ့ အမြန်ဆုံးလက်ထပ်ဖို့ ပြင်ဆင်ပါ"

"မာမို့စကားကို နားမထောင်ဘဲ ဆန့်ကျင်လို့ကတော့ အဲဒီမိန်းကလေးကို လူချင်းတွေ့ပြီး အပြတ်ပြောပစ်လိုက်မယ်"

"မာမီ"

"မာမီ တကယ်ပြောနေတာသား၊ မာမို့စိတ်ကို သား အသိဆုံးပါ၊ ကဲ…သား နားချင်နားတော့၊ မာမီတော့ ဖွေးကို ဖုန်းဆက်လိုက်ဦးမယ်"

မာမီက ဖွေးဖုန်းကို လှမ်းခေါ်နေချိန်မှာ သူလည်း အပေါ် ထပ်က သူ့အခန်းထဲမှာ မှောက်ရက်ကြီး ထိုးအိပ်ပစ်လိုက်သည်။

မြသွေးနဲ့ပတ်သက်ပြီး ဖွေးက အပြတ်ပြောသွားတော့ မာမီ ကလည်း သူ့ကို အပြတ်ပြောနေပါလား။ ရုတ်တရက် သူလည်း ဘာလုပ်ရမှန်းမသိဘဲ ခေါင်းတွေပူလာသည်။

ဖွေးနဲ့ပတ်သက်ပြီး တစ်မျိုးတစ်ဖုံ အခြေအနေ ပြောင်းသွ





သွားမည်ကို သိသော်လည်း ဤမျှဆိုးလိမ့်မည်ဟု မထင်။ မြသွေး အပေါ်ထားသည့် အမုန်းနှင့် အညှိုးက ဖွေးထံမှာရှိနေသမျှ ဘယ် သောအခါမျှ မြသွေးအကြောင်း အကောင်းပြောတော့မည်မဟုတ်ဟု သူ့ဘာသာသူ သဘောပေါက်လိုက်ပြီး ဟင်းခနဲ သက်ပြင်းချလိုက် သံက တိတ်ဆိတ်နေသော ဝန်းကျင်မှာ ကျယ်လောင်စွာ ထွက်ပေါ် လာပါသည်။

"အခုပဲပြောပြီးပြီ သမီးရေ၊ သားအတွက် ဘာမှမပူနဲ့ သိလား၊ သားက သူ့အမေ စိတ်ဆင်းရဲအောင် ဘာမှမလုပ်ပါဘူး ကွယ်"

"စိတ်ချဟုတ်လား"

"အေးပါ…သမီးတို့မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ပါ့မယ်"

"အင်း…အင်း ဒါပဲနော် သမီးလေး"

"ဟေး"

တစ်ဖက်က ဖုန်းချသွားသည်နှင့် ဖွေးတစ်ယောက် ခမ်းသာအားရ အော်ဟစ်လိုက်သည်။ မြသွေးဆိုတဲ့မိန်းမ အခုတော့ ဘာတတ်နိုင်သနည်း။ ယောက္ခမလောင်းကြီးရှေ့မှာ အပြတ်ငိုပြ လိုက်သည်။ ပြီးတော့ မြသွေးဆိုသည့် မိန်းမအကြောင်းတွေ စိတ်ရှိ သည့်အတိုင်း ပြောပစ်လိုက်တော့ ကိုကို့မာမီခမျာ သားအတွက် ဆိတ်ပြာစိုးရိမ်ခြင်းတွေနဲ့ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

အခုတော့ ဖွေး မျှော်လင့်ထားသည့်အတိုင်း ကိုကိုနဲ့ ဖွေးတို့ မင်္ဂလာပွဲကို မကြာမီ ကျင်းပခွင့်ရတော့မည်။ မြသွေးဆိုသည့် မိန်းမကိုဖိတ်ပြီး ဖွေးနဲ့ကိုကိုတို့ရဲ့ ခမ်းနားကြီးကျယ်ခြင်းတွေ၊ ချမ်းသာကြွယ်ဝမှုတွေ ရင်သပ်ရှုမောဖြစ်အောင် ပြရမည်။

"ဟာ…ဟ"

အတွေးနှင့် ကျေနပ်သဘောကျစွာ ရယ်ပစ်လိုက်သည်။ ရုပ်ကလေးလှတာကို ဇာန်းပြပြီး ယောကျ်ားတွေကို ကြွေအောင် ခြွေနိုင်ပေမယ့် လူတိုင်း၏ သည်းခြေကြိုက်ဖြစ်သော ဂုဏ်တံတိုင်း၊ ငွေတံတိုင်းကို ဘာနှင့်မျှ ပိုင်းဖြတ်လို့မရ။

ငွေနှင့်ငွေပဲ တိုင်းတာပိုင်းဖြတ်မှ ရမည်။ ကိုကိုကတော့ အခုချိန်ဆို ဘယ်လောက်ဒေါသတွေ ဖြစ်နေမည်မသိ။ မြသွေး မကောင်းကြောင်းတွေပြောသည့် ဖွေးကို မုန်းနေမည်ထင်သည်။

မတတ်နိုင်။

နောက်မှပဲ ကိုကို့ကို တောင်းပန်ချော့မော့ရမည်။

"တူ…တူ…တူ…တူ"

"ဟဲလို"

"ဖွေး"

"ကိုကို"



တိုက်တိုက်ဆိုင်ဆိုင် ကိုကို့ဖုန်း ဖြစ်နေ၍ ဖွေး ရင်ခုန်သွားသည်။

"မင်းဘာတွေလျှောက်လုပ်နေတာလဲ ဖွေး၊ မာမီ့ကို မင်းဘာတွေပြောထားလဲ"

"ဖွေး ဘာပြောလို့လဲ ကိုကို"

မသိဟန်ဆောင်ပြီး ကိုကို့ကို ဖွေး ပြန်မေးပစ်လိုက်သည်။

"မာမီ့ကို မြသွေးအကြောင်း မင်းပြောထားတာမဟုတ်လား"

"ဒါကတော့ အမှန်တွေပဲကိုကို၊ အဲဒီမိန်းမ အကျင့်မကောင်းတာ မကောင်းဘူးလို့ ပြောပြရတာပေါ့"

"မင်းကွာ…မိန်းမသားချင်း နည်းနည်းမှ ကိုယ်ချင်းမစာနာပါလား၊ မြသွေးနေရာမှာ မင်းဆိုရင် ဘယ်လိုလုပ်မလဲ"

"ဒီမယ်ကိုကို…ဖွေးကို မင်း…မင်းလို့ မပြောပါနဲ့၊ အဲဒီမိန်းမနဲ့လည်း ဖွေးကို မနှိုင်းပါနဲ့၊ ဘာအဆင့်အတန်းမှ မရှိတဲ့ မိန်းမအတွက်နဲ့လည်း ကိုကိုနဲ့ပြိုင်ပြီး စကားများရန်မဖြစ်ချင်လို့ ဖုန်းချလိုက်ပါပြီ"

"ဖွေး"

"ဂျောက်"

ခံပြင်းဒေါသလေးတွေနှင့် ဖုန်းချပစ်လိုက်သူက ဖွေး။

www.burmeseclassic.com

www.burmeseclassic.com



မြသွေးဆိုသည့် မိန်းမကြောင့် ကဲကဲဆတ်နေသည့် ကိုကို့ပုံစံက ဟိုတုန်းက ကျော်နှင့် တစ်ထပ်တည်းမို့ ဖွေးမှာ အသည်းနာ၍မဆုံးပါ။

ကျော်ကိုတော့ မတတ်သာလို့ မြသွေးဆိုသည့် မိန်းမရှိရာကို လှတ်လိုက်ရဟာဖြစ်ပေမယ့် ဖွေးရင်ထဲမှာ မြသွေးအပေါ်ထားသည့် အမုန်းက ပြင်းထန်လှပါသည်။

ကိုကို့အမြင်မှာ မြသွေးဆိုသည့် မိန်းမနားမှာ ကျော်ရှိနေတာ သိစေချင်၍ပါ။ မြသွေးဆိုသည့်မိန်းမ မျက်နှာပြောင်တိုက်နိုင်တာကိုလည်း အံ့သြသည်။

ဖွေးနှင့်ကိုကို မကြာခင် လက်ထပ်ကြတော့မှာကို ကိုကို့မာမီကိုယ်တိုင် ပြောပြထားသလို ဖွေးလည်း ပြောထားသည့်ကြားမှ ကိုကို့ကို ဘယ်လိုမျက်နှာနှင့် ပြန်ချစ်ရဲသည်မသိ။

အိုလေ…ဒီလိုမိန်းမတွေက အစထဲက အရှက်ရှိကြသူတွေမှ မဟုတ်တာပဲ။ ဒါကြောင့်လည်း ဒီလောက်မျက်နှာပြောင်တိုက်ဝံ့တာဖြစ်သည်။

ဒီလိုမိန်းမတစ်ယောက်ကို ဖွေးက အလျှော့ပေးရလျှင် ရာဇဝင်ရိုင်းတော့မည်။

တွေ့ကြသေးတာပေါ့ မြသွေးရယ်။

အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တော့ တက်ပြရမည်။





ဖွေးကိုယ်ဖွေး မှန်တင်ခုံရှေ့မှာထိုင်ပြီး အလှဆုံးပြင်လိုက်သည်။

ကိုကိုနှင့် မြသွေး ရှိနေတဲ့ဆေးရုံကို သွားမည်။

ပြီးတော့ ကိုကို့ရဲ့ ဇနီးလောင်းအဖြစ် ဝင့်ဝင့်ကြွားကြွား ရှိသမျှ ဝန်ထမ်းတွေကို မှန့်ဝယ်ကျွေးမည်။ ဒါဆို မြသွေးဆိုသည့် မိန်းမ ဘာတတ်နိုင်မည်နည်း။

အားလုံးပြင်ဆင်ပြီး အပေါ်ထပ်က အဆင်းမှာ ကျော်နှင့်တွေ့သည်။

"ဘယ်သွားမလို့လဲ မမ"

"ဆေးရုံကို"

"ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"ဖွဟဲ့…လွဲပါစေ ကိုကို့ဆီသွားမှာသိလား"

"အဟုတ်…ဟား…ဟား"

"စောစောထဲက အဲဒီလိုပြောရောပေါ့ဗျာ"

အူမြူးနေသော မောင်ဖြစ်သူကို ကြည့်မရစွာ မျက်စောင်းထိုးလိုက်သည်။

"မမသွားရင် ကျော်ပါလိုက်ခဲ့မယ်၊ မြသွေးနဲ့မတွေ့တာကြာပြီဗျာ"

"အဲဒီမိန်းမနဲ့ အခုထဲက အဆက်ဖြတ်လိုက်တော့"

"ဘာဖြစ်လို့တုန်း…မမပဲ မြသွေးရှိတဲ့နေရာကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာမဟုတ်လားဗျာ"

"အေး...အဲဒီတုန်းက အကြံတစ်မျိုးပေါက်ခဲ့လို့ပေါ့၊ အခုတော့ အဲဒီမိန်းမက ကျော်ယောက်ဖလောင်းကို အစ်မလက်ထဲက ခပ်ပြောင်ပြောင်ပဲ လုယူလိုက်ပြီလေ"

"ဟင်"

"ကိုကိုနဲ့ မြသွေး ချစ်သူတွေဖြစ်သွားကြပြီသိလား"

ရင်နာနာဖြင့်ဆိုရင်း ဖွေးအသံတွေ တုန်ရီလာသည်။ ကျော် ကိုယ်တိုင်လည်း သူ့အစ်မစကားအဆုံးမှာ ငိုင်ကျသွားသည်။

မြသွေးကို ကျော်ကိုယ်တိုင် အခုချိန်ထိ မျှော်လင့်နေတုန်း ပါ။ လက်ရှိ ကျော်မှာ ရည်းစားတွေရှိသည်ဆိုပေမယ့် မြသွေးကို မြင်လိုက်ရတော့ ဟိုတုန်းကထက်ပင် ပိုလှနေသော မြသွေးအလှမှာ မျောနစ်ခဲ့ရသည်ကလည်း အမှန်ပင်။

"မမရင်ထဲ ဘယ်လောက်ခံစားရမယ်ဆိုတာ မင်းပဲ စဉ်းစားကြည့်စမ်းပါ ကျော်ရယ်၊ မြသွေးကို မမ သိပ်မုန်းတယ် သိလား"

"ဒါနဲ့များ ဘာဖြစ်လို့ ကျော့်ကို မြသွေးဆီ လွှတ်ရတာ လဲဗျာ"

"အဲဒီမိန်းမအသည်းကို ခွဲပစ်ချင်လို့ပေါ့ ကျော်ရယ်"

"အခု မမအသည်းတွေ ပြန်ကွဲရပြီမဟုတ်လား"



မောင်ဖြစ်သူစကားကြောင့် ဖွေးမျက်နှာလေး တင်းမာခက် ထန်သွားသည်။

"ဖွေးက ဘာလို့ အသည်းကွဲရမှာလဲ၊ အဲဒီမိန်းမအသည်း ကိုသာ ခွဲပစ်မှာသိလား၊ ကျော် စောင့်ကြည့်နေပါ၊ ဖွေး လုပ်ပြ မယ်"

"မမ ဘာတွေလျှောက်လုပ်ဦးမလို့လဲ"

ကျော်မေးတာကို ဖွေးက မဖြေ။ နေရာမှ ကားကို ဝေါခနဲ မောင်းထွက်သွားသည်။

ဒက်ဒီရော မာမီပါ နိုင်ငံခြားကို အလုပ်ကိစ္စဖြင့် သွားနေ ကြသဖြင့် အိမ်မှာ ဖွေး ဂရုစိုက်ရမည့်သူမရှိ။ မြသွေးနှင့် ကိုကို ချစ်သူတွေဆိုတာနှင့်ပင် ကျော်ရင်ထဲမှာ ဘယ်လိုတွေဖြစ်ကုန်မှန်း မသိ။

နီးရာခုံမှာ ကိုယ်ကိုပစ်လှဲရင်း မျက်ဝန်းအစုံကို မှိတ်ချ လိုက်တော့ ကျော့်မျက်ဝန်းထဲမှာ မြသွေးနှင့် ကိုကို့ကို မြင်ယောင် လာသည်။

သူ့မှာတော့ ဒီလိုတွေမသိလို့ မိတ်ဆက်စကားတွေပင် ဆိုခဲ့မိသည်။ ကျော့်အဖြစ်က ရယ်စရာမို့ ကွယ်ရာမှာ ဟားနေကြ မည်ထင်သည်။

မြသွေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကတော့ မင်းလေးအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ တန်ဖိုးထားခဲ့ရတဲ့သူဆိုတာ ယုံပါဗျာ။

အခုတော့ မြသွေးက ကိုကို့ချစ်သူဟု ဆိုသည်။ ကိုကို့အပေါ်မှာ မမဖွေး ဘယ်လောက်ချစ်သည်ဆိုတာကို သိနေတော့ သူတို့မောင်နှမနှစ်ယောက်စလုံး အတွက် စိတ်မကောင်းဖြစ်မိပေမယ့် မတတ်နိုင်။

ကိုကိုက အစထဲက မမဖွေးအပေါ်မှာ ညီမဆိုးလေး တစ်ယောက်ပမာ ပြောဆိုဆက်ဆံခဲ့တာ ကျော်လည်းသိသည်။ နှစ်ဖက်လူကြီးတွေ သဘောတူထားသူအဖြစ် အသိအမှတ်ပြုထားသည်ဆိုပေမယ့် တရားဝင်ကြီးတော့မဟုတ်ကြ။

သိပ်လှသည့် မြသွေးကို ကိုကိုက သူ့ချစ်သူအဖြစ် ရွေးချယ်လိုက်သည့်အပေါ်မှာလည်း အပြစ်တင်ရခက်၊ ဒေါသဖြစ်ရခက် ဖြစ်နေသည်။

ချစ်သူတစ်ယောက်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ကိုကို့မှာ ရှိသလို မြသွေးမှာလည်းရှိသည်။ ဒါကို အပြစ်လို့ ပြောနေ၍ မရ။

မမဖွေးကတော့ ခံပြင်းဒေါသတွေနှင့် ပွလောင်ပြီး အိမ်က ထွက်သွားသည်။ ဘာတွေဘယ်လို ဆက်ဖြစ်ကြဦးမည်မသိ။

အချစ်ဆိုတာ ဖွတ်အတင်းလုပ်ကြံဖန်တီးလို့မရကြောင်း



အစ်မဖြစ်သူကို ပြောပြချင်ပေမယ့် ကျော် ပြောတာကို လက်ခံမှာမဟုတ်မှန်းသိနေတော့ ခက်သည်။

ဩော် . . . မြသွေးရယ်။

ကျော်တို့မောင်နှမနဲ့ မြသွေးတို့မှာ ဘယ်လိုကံအကြောင်းတရားတွေ ပါလာတယ်မဆိုနိုင်ဘူး။

ကျော်နဲ့မြသွေးက နီးလျက်နဲ့ ဝေးနေရသလို မမဖွေးမှာလည်း မြသွေးနဲ့ပတ်သက်ပြီး အမြဲစိတ်ဆိုးဒေါသဖြစ်ရသည့် အဖြစ်တွေမို့ ဟင်းခနဲ သက်ပြင်းချလိုက်မိသည်မှအပ ကျော့်အနေနှင့် ဘာမှမတတ်နိုင်သည့် အဖြစ်ပါ။

× × × ×

www.burmeseclassic.com

## အခန်း (၁၆)

တစ်ရက်အတွင်းမှာပင် တစ်ဆေးရုံလုံး ဖွေးကို ဒေါက်တာဦးမိုးနိုင်၏ မကြာခင်လက်ထပ်တော့မည့် ချစ်သူဇနီးလောင်းအဖြစ် အားလုံးသိရှိသွားကြပါသည်။

မသိလို့လည်းမဖြစ်။

ဖွေးက ယောက္ခမလောင်းကြီးကိုပါ သူမနှင့်အတူ ဆေးရုံကိုခေါ်လာပြီး အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြနေသည်ဆိုတော့ အားလုံး မသိချင်မှအဆုံးဖြစ်သည်။

မြသွေးကို ဟန်မပျက် ပြောဆိုဆက်ဆံနေသည်ကိုပင် မိခင်ကြီးကို ကျေးဇူးတင်ရမလိုဖြစ်နေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မာမီရယ်၊ ဖွေးကို ကျွန်တော် လက်မထပ်နိုင်ပါဘူးလို့ မာမီကို ပြောပြီးပြီပဲ၊ ဘာဖြစ်လို့ ဆေးရုံ





အထိ လိုက်လာပြီး ပြဿနာရှာရတာလဲဗျာ"

"ပြဿနာရှာတာက မာမီတို့မဟုတ်ဘူးသား၊ သားကိုယ်တိုင်ရှာခဲ့တဲ့ ပြဿနာပါ"

"မာမီ"

"မာမီ သားကို ရှင်းရှင်းပဲပြောမယ်၊ မိန်းမတစ်ယောက်အတွက်နဲ့ သားက ကိုယ့်အမေကို အဆုံးရှုံးခံနိုင်ပြီလား"

"ဟင်"

"မြသွေးဆိုတဲ့ မိန်းကလေးနဲ့ သားကို မာမီ လုံးဝသဘောမတူနိုင်ဘူး၊ သူ့ကိုယူတဲ့နေ့ မာမီလည်း လူ့လောကကြီးကထွက်တဲ့နေ့ပဲဆိုတာ သား မှတ်ထားပါ"

ပြောပြီး နေရာက ချာခနဲ လှည့်ထွက်သွားသော မိခင်ကြီး၏ နောက်ကျောပြင်ကိုကြည့်ကာ ဒေါက်တာဦးမိုးနိုင် ခေါင်းငိုက်စိုက်ကျသွားသည်။

မာမီကတော့ သူ့သဘောထားကို အပြတ်ကြော်ငြာနေပါပြီကော။ သူ ဘာလုပ်ရမည်နည်း။ အခုချိန်လောက်ဆိုလျှင် မြသွေးတစ်ယောက်လည်း အဘယ်မျှ ထိခိုက်ခံစားနေရရှာမည်မသိပါ။

ဒါကြောင့် မြသွေးက သူ့ကိုမချစ်ပါရစေနဲ့ဟု ဆိုခဲ့သည်လား။ အခုတော့ မြသွေး ပြောသလိုဖြစ်နေပြီထင်သည်။

ဟုတ်…မောင့်မြသွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုးနိုင်ဘဝမှာ တစ်ခါမှ စိတ်မညစ်စဖူး စိတ်ညစ်သွားသည်။

မိခင်ဖြစ်သူဘက်က အပြတ်တင်းမာနေတော့ သူ့ဘက်က ဖွတ်အတင်း ရှေ့ဆက်တိုးဖို့ ခက်သွားသည်။ မြသွေးကို သူဘယ်လို မျက်နှာချင်းဆိုင်ရမှန်းမသိ။ ဖွေးနှင့် မာမီတို့ အပြုအမူတွေအတွက် အားနာမျက်နှာပူမိသည်။

နောက်ဆုံး ဘယ်လိုမှ ဆက်နေလို့မရသဖြင့် ညတွင်းချင်းပင် မြသွေးရှိရာသို့ ထွက်လာခဲ့သည်။

"တီ"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် မြသွေး စာဖတ်နေရာမှ လှမ်းကြည့်လိုက်တော့ အိမ်ရှေ့အမှောင်ရိပ်မှာ ရပ်ထားသည့် ကားကို မြင်လိုက်ရသဖြင့် ရင်မှာ ဒိတ်ခနဲဖြစ်သွား၏။

မောင်ပါလား။

ညကြီးမိုးချုပ် မောင်ရောက်လာသည်ဆိုတော့ နေ့လယ်က ကိစ္စပဲဆိုတာ ချက်ချင်းသိလိုက်သဖြင့် ငိုင်သွားသည်။ မောင့်မာမီနှင့် ဖွေးက သူတို့သဘောထားကို ဆေးရုံအထိ လာရောက်ကြော်ငြာသွားခဲ့ပြီဆိုတော့ မြသွေးက ဘယ်လိုမျက်နှာနှင့် မောင့်ကို ရင်ဆိုင်ရမည်မသိ။

နောက်ဆုံးတော့ မြသွေး မျှော်လင့်ခဲ့သည့်နေ့ကို ရောက်လာပြီဟု ဆိုရမည်။

"ကျွီး"

"မြသွေး"

"ကိစ္စရှိလို့လား မောင်"

ခြံတံခါးကိုဖွင့်လိုက်တော့ ခြံထဲကို ဒေါက်တာဦးမိုးနိုင် ရောက်လာသည်။

"ကိစ္စရှိမှ မောင်က လာရမယ်ပေါ့ဟုတ်လား"

"အိမ်မှာ မြသွေးတစ်ယောက်တည်းမို့ပါ မောင်"

"ပိုကောင်းတာပေါ့၊ ဒါမှ မြသွေးနဲ့ စကားလွတ်လွတ်လပ်လပ်ပြောရမှာ မဟုတ်လား"

"မာမီနဲ့ ဖွေးကိစ္စကို မြသွေးကို မောင်တောင်းပန်ချင်လို့ပါ၊ ဒီလိုဖြစ်လိမ့်မယ်လို့ ထင်မထားခဲ့ဘူး"

"မြသွေးကတော့ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကြိုသိနေခဲ့ပြီးသားပါမောင်"

"မောင့်ကို မုန်းသွားပြီလားဟင်"

အိမ်ရှေ့ဧည့်ခန်းမှာ အတူထိုင်မိကြစဉ် မောင်က မြသွေးကို မေးလိုက်ခြင်းဖြစ်သည်။ မြသွေးတို့ တစ်ဖက်နှစ်ထပ်တိုက်ဝါကြီးမှာ လူမနေသလို တစ်ဖက်ခြံလေးကပြန်တော့လည်း အသိုးကြီး အဘွားကြီးလင်မယားသာ ရှိသဖြင့် စောစောတံခါးပိတ် အိမ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြပြီဖြစ်သည်။

"မြသွေး ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး မောင်၊ မြသွေး ဘဝကို မြသွေး နားလည်ပါတယ်"

"မြသွေးရယ်"

"မြသွေးအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ မောင်၊ မြသွေး ခံနိုင်ရည်ရှိအောင် ကြိုးစားနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြသွေး မောင့်ကိုချစ်ခဲ့မိလို့ပါရှင်"

"မြသွေး...မောင့်အချစ်ရယ်"

မြသွေး အဖြေစကားကြောင့် နှလုံးသားတွေ နာကျင်သွားရသူက ဒေါက်တာဦးမိုးနိုင် ဖြစ်ပါသည်။

ချစ်သူကိုယ်လေးကို ရင်ခွင်မှာ အတင်းကျုပ်ဆုံး ပိုက်ထွေးလိုက်တော့ မြသွေး မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ ချက်ချင်းလို ပြည့်လျှံလာသည်။

မငိုဘူးဟု တင်းထားသည့်ကြားက မြသွေးပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။

"မြသွေးကို ခွင့်လွှတ်ပါမောင်ရယ်"

"မောင်ကသာ မြသွေးကို တောင်းပန်ရမှာပါဗျာ၊ မောင့်ကို ခွင့်လွှတ်ပါ"

"ဟင့်အင်း...မောင့်မှာ ဘာအပြစ်မှမရှိပါဘူးရှင်"



"မြသွေးရယ်"

မျက်ရည်တွေနှင့် ချစ်သူပါးပြင်ကို အနမ်းဖြင့် နှစ်သိမ့်ရင်း သူကိုယ်တိုင်လည်း ချစ်သူကိုယ်စား ရင်နင့်ထိမိုက်နေမိသည့် အဖြစ်ပါ။

အခုလိုအချိန်မှာ ချစ်သူဘက်က ရပ်တည်ပြီး တစ်ခုခု သူ့ဘက်က လုပ်ပြနိုင်ရမှာဖြစ်ပေမယ့် မာမီ့မျက်နှာကို ပြေးမြင်လိုက်တာနှင့် ဘယ်လိုမှ မလှုပ်နိုင်ဘဲ ဟင်းခနဲ သက်ပြင်းချလိုက်ရတာသာ တတ်နိုင်ပါသည်။

"မောင့်ကို မမုန်းလိုက်ပါနဲ့ အချစ်ရယ်"

"မမုန်းပါဘူး မောင်၊ ချစ်သူနဲ့ အမေကို ဒွန်ဆွဲခိုင်းတဲ့ မိုက်မဲတဲ့အလုပ်မျိုးလည်း မြသွေး မခိုင်းပါဘူးရှင်၊ တစ်ခုပဲ မောင့်ကို မြသွေး တောင်းဆိုပါရစေ"

"ဘာလဲဟင် မြသွေး"

ရုတ်တရက် မြသွေးထံမှ ဘာသံမျှ ထွက်မလာ။ ချစ်သူ မျက်နှာကို မော့ကြည့်နေရာမှ ဖြည်းဖြည်းချင်း မျက်လွှာချလိုက်ပုံလေးက ရင်နင့်စရာ။

"ကျေးဇူးပြုပြီး မြသွေးကို မောင့်ဘက်က မေ့လိုက်ဖို့ပါ"

"ဘာ"

"မြသွေးကို မောင်က မေ့ပြစ်ရမယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြင့် ခက်ထန်သွားသည့် မောင့်မျက်နှာကို မြသွေး ခန့်ခြင်ရက်ပါ။ မြသွေးစကားက မောင့်ရင်ကို အဘယ်မျှ ထိခိုက်ခံစားသွားစေသည်ဆိုတာ မြသွေး သိပေမယ့် မတတ်နိုင်။

မြသွေးကိုယ်တိုင်လည်း ခံစားချက်တွေနှင့် လူဆိုတာ မောင် မမေ့သင့်ပါ။

"မြသွေးတို့နှစ်ယောက်အတွက် အကောင်းဆုံးလမ်းက ဒါပဲမဟုတ်လားမောင်၊ ဒီထက်ပိုပြီး မြသွေး မခံစားရခင် ဒီလမ်းကို ကျေကျေနပ်နပ် ရွေးချယ်ပါရစေ"

"မောင့်ဘက်ကသာ ခွင့်ပြုပါ"

"သြော်…မောင်က ခွင့်ပြုတယ်ဆိုတာနဲ့တင် မြသွေးက မောင့်ကို မေ့ပစ်လိုက်နိုင်တယ်၊ မုန်းပစ်လိုက်နိုင်တယ်ပေါ့ ဟုတ်လား၊ မြသွေးအသည်းတွေ အဲဒီလောက်တောင် မာကျောအေးစက်နေလားဟင်"

ရင်နာသံဖြင့် ခံပြင်းစွာဆိုလာသူကို မြသွေးရင်ထဲက စိတ်ဆိုးဖွဲမယူရက်ပါ။ ရှေ့ဆက်ရမည့် အနာဂါတ်ခရီးမှာ ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲကို မောင့်ဘက်က ဘယ်လိုမှ ရင်ဆိုင်နိုင်မှာ မဟုတ်တာကို မြသွေးစိတ်က အလိုလိုသိနေသည်။

မောင့်မာမီ၏ ကျန်းမာရေးအခြေအနေက မောင့်ကို မလှုပ်နိုင်အောင် တင်းကျပ်စွာ ဖွဲ့နှောင်ထားမည့် အနှောင်အဖွဲ့မျှသာ။



ဖွေးကလည်း မောင့်ကို အလျှော့ပေးမည်မဟုတ်။

မြသွေးကသာ မြေနိမ့်ရာလှံစိုက်။ ကြားထဲမှာ မလူးသာ မလွန့်သာ သူများအထင်အမြင်သေး ဆက်ရပ်စရာဖြစ်ရမည်ကို မောင်မတွေးမိပြီလား။

"ဖြေလေ မြသွေး၊ မောင့်ကို မြသွေး နည်းနည်းမှမချစ်ဘူးလား၊ ဒီလောက်လေးမှ မြသွေးဘက်က မောင့်အတွက် သည်းခံမပေးနိုင်ဘူးလား"

"ဒီလောက်ကလေး ဟုတ်လား"

"ဟုတ်တယ်…မောင်သာ မြသွေးနေရာမှာဆို ကိုယ့်ချစ်သူ စိတ်ဆင်းရဲနေချိန်မှာ နောက်ထပ် ရင်နာရမယ့်စကားမျိုး ထပ်ဆိုမှာမဟုတ်ဘူး"

မောင့်မျက်နှာကို မျက်ရည်တွေကြားက အားယူစိုက်ကြည့်လိုက်သည်။ မောင်ကလည်း မြသွေးမျက်နှာကို စူးစိုက်ကြည့်ငေးနေပုံက မြသွေးစိတ်ကို လှမ်းမျှော်ကြည့်နေသလိုမို့ ချစ်သူအလိုကို လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ…မောင့်သဘောအတိုင်း ဖြစ်ရပါစေ့မယ်၊ ဒါဆို မြသွေးကို မောင်ကျေနပ်တယ် မဟုတ်လားမောင်"

"မောင့်ကို အချိန်နည်းနည်းပေးပါ၊ မြသွေး မောင်တို့ချစ်သူနှစ်ယောက်အတွက် အကောင်းဆုံးလမ်းတစ်ခုတော့ တွေ့မယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မောင်ယုံတယ်''

''ဘာကိုမှ လွယ်လွယ်နဲ့ အလျှော့ပေးဖို့ မစဉ်းစားဘဲ မောင်နဲ့အတူ တိုက်ပွဲဝင်ပါ့မယ်လို့ ကတိပေးပါ အချစ်ရယ်''

''ကတိပေးမယ် မဟုတ်လားဟင်''

''ပေးပါတယ် မောင်ရယ်၊ ပေးပါတယ်''

''မောင့်ရဲ့ မြသွေးရယ်''

မောင့်ကိုချစ်သည့်စိတ်၊ သနားစိတ်ဖြင့် ချစ်သူအလိုကျ မြသွေး ခေါင်းညိတ်လိုက်ပေမယ့် ရင်ထဲမှာ နာနေပါသည်။

ဖွေးက အလှူရှင်ဖြစ်ကြောင်း မောင့်မာမီကိုခေါ်ကာ အားလုံးသိအောင် ကြော်ငြာနိုင်ပေမယ့် မြသွေးကတော့ ခေါင်းငုံ့ကာ ဘာမှမဆိုင်သူလို နေပြခဲ့ရသည်။

စကားလုံးတွေ၊ အမူအရာတွေနှင့် ဖွေးက မြသွေးကို အပြတ်နှိမ်ချစော်ကားလျှောင်ပြောင်သွားတာကို မသိဟန်ဆောင်နေခဲ့ရပေမယ့် ရင်ထဲမှာ ခံစားရသူ ကာယကံရှင်က မောင်မဟုတ်။

လက်ရှိခံစားကြေကွဲရသူက မြသွေးသာဖြစ်သည်။ သို့သော် မောင့်အလိုကျ မြသွေး ခေါင်းညိတ်လိုက်သည်။

မောင်ပြန်သွားတော့ အိပ်ရာထဲမှာ ကျိတ်ငိုပစ်သည်။ အလုပ်က ခွင့်ယူရမည်လားဟု စဉ်းစားမိသေးသည်။ နောက်မှ ရှောင်နေလို့ ပြီးမှာမဟုတ်တာကို ပြန်တွေးမိသည်နှင့် ထိုအကြံ



အစည်ကို လက်လျှော့လိုက်သည်။

''မြသွေး''

''ဆေးရုံမှာကြားခဲ့ရတဲ့ သတင်းက တကယ်ပဲလား''

''အင်း''

နိုက်ဂျူတီမှ ပြန်လာလာခြင်း အနားမယူနိုင်ဘဲ မဦးက သူမသိချင်တာကို မေးလိုက်ခြင်းဖြစ်ရာ မြသွေးလည်း ဟုတ်မှန်သည့်အတိုင်း ခေါင်းကလေး ညိတ်ပြလိုက်တော့ မဦးမျက်နှာမှာ အလိုမကျခြင်းတွေနှင့် ပြည့်သွားသည်။

''ဆရာက ဒီကိစ္စကို ဘာမှမပြောဘူးလား''

''ပြောပါတယ်...မြသွေးက ဒီကိစ္စနဲ့ပတ်သက်ပြီး အဆက်ဖြတ်ဖို့ပြောတော့ ဆရာက မြသွေးကို စိတ်ဆိုးတယ်၊ ဒါနဲ့ မြသွေးလည်း ဆရာပြောသလို အချိန်နည်းနည်းထပ်စောင့်ဖို့ သဘောတူလိုက်ရတယ်''

''အချိန်နည်းနည်းဆိုတာ ဘယ်လောက်လဲ၊ တစ်လလား၊ တစ်နှစ်လား၊ ဘယ်အတိုင်းအတာကို ပြောတာလဲ''

''မြသွေးမသိဘူး မဦး၊ မေးလည်းမမေးချင်တော့ဘူး အစထဲက တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ မြသွေး သိသလို ဆရာလည်းသိနေမှာပါ''

''အေးလေ...မြသွေးတို့ချင်း အဆင်ပြေရင်ပြီးတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မဦးက မြသွေးအတွက်ပဲ စိုးရိမ်တာပါ''

''အလုပ်သွားတော့မလား မြသွေး''

''အင်း''

''သွားလေ…မူမူတို့လည်း မြသွေးနဲ့ဆရာအကြောင်း ဘယ်လိုသိသွားတယ် မပြောတတ်ဘူး မြသွေးအကြောင်း ပြောနေတာကြားရတယ်၊ သူ့ဘာသာ ဘာပြောပြော မြသွေးဘက်က မကြားသလို ဟန်ဆောင်နေလိုက်နော်''

''စိတ်ချပါ မြသွေးဘက်က အတတ်နိုင်ဆုံး ခေါင်းငုံ့ သည်းခံဖို့ ဆုံးဖြတ်ပြီးသားပါ၊ မြသွေး သွားတော့မယ်နော် မဦး''

တစ်လမ်းလုံး မြသွေးခေါင်းထဲမှာ အတွေးပေါင်းစုံနှင့် ရှုပ်ထွေးမှုလှည့်နေသည်။ မြသွေး ဂျူတီချိန်မှာ မမျှော်လင့်သော လူနာတစ်ယောက် ရောက်လာသည်။

ထိုသူက တခြားသူမဟုတ်။

မြသွေးတို့မြို့လေးက ဆီစက်ပိုင်ရှင်သူဌေး ကိုစိုးနောင် ကိုယ်တိုင်ဖြစ်နေသည်။ ရုတ်တရက် မြသွေးမှာ ကိုစိုးနောင်ကို မမှတ်မိပါ။ ငှက်ဖျားရောဂါဝေဒနာ၏ နှိပ်စက်ဖိစီးမှုကြောင့် ကိုစိုးနောင်၏ အခြေအနေမှာ ပိန်လှီဖြူဖျော့ရုံမက အဖျားကြီး၍ ကယောင်ချောက်ချားလည်း ဖြစ်နေပါသည်။

လူနာကို လိုက်ပို့သူမှာ ကိုစိုးနောင်၏မိခင်ကြီး ကိုယ်



တိုင်ဖြစ်ပြီး သား၏မျက်နှာကို တကြည့်ကြည့်နှင့် မျက်စိသူငယ် နားသူငယ်ဖြင့် ဘာကိုမှ မလုပ်တတ်မကိုင်တတ် ဖြစ်နေသည့် အတွက် မြသွေးကပဲ လိုအပ်တာအားလုံး ဦးဆောင်လုပ်ကိုင်ပေးနေရသည်။

''ကျေးဇူးတင်လိုက်တာ ဆရာမလေးရယ်၊ သားရဲ့တပည့် လေးတစ်ယောက် ပါလာပေမယ့် ကားမောင်းပို့ရုံကလွဲပြီး ဘာမှ မလုပ်တတ်တော့ အန်တီပဲ သားနားမှာနေရတာပေါ့ကွယ်''

''ဘယ့်နှယ့်လဲ…သားအခြေအနေက သိပ်ပြီးတော့များ စိုးရိမ်နေရပြီလား၊ အကောင်းဆုံးဆေးတွေနဲ့ ကုပေးပါကွယ်၊ ဘယ်လောက်ပဲကုန်ကုန် အန်တီ့သားလေးကို ဂရုစိုက်ပေးပါကွယ်''

မိခင်တို့၏ သဘာဝအတိုင်း ကိုစိုးနောင်၏အမေမှာ သားကိုချစ်သည့်စိတ်ဇောဖြင့် ပြာနေပါသည်။

''ဘာမှမစိုးရိမ်ပါနဲ့ အန်တီ၊ ရောဂါသိရင် ဆေးရှိရမှာပေါ့ ဒီမှာလည်း သိပ်တော်တဲ့ အထူးကုဆရာဝန်ကြီးတွေ ရှိနေတာပဲ၊ အန်တီ့သားရဲ့ရောဂါ မကြာခင်မှာ ပျောက်သွားမှာပါရှင်''

မြသွေးကပဲ ကိုစိုးနောင်၏ မိခင်ကြီးကို အားပေးနှစ်သိမ့်မှုတွေနှင့် စိတ်မပူအောင် ဆိုနေပါသည်။ အထူးကုဆရာဝန်ကြီး ဦးထွန်းလူကိုယ်တိုင် လူနာကို လိုအပ်သည်များ စစ်ဆေးလမ်းညွှန်မှုများ ပြုပါသည်။

www.burmeseclassic.com



လှနှာအတွက် သွေးသွင်းရမည်ဆိုတော့ သူတို့လိုချင်သော သွေးအမျိုးအစားကမရှိ။ အရေးပေါ်လိုအပ်သော သွေးအမျိုးအစားမှာ မြသွေး၏ သွေးအမျိုးအစားနှင့် အတူတူ အိုသွေးဖြစ်နေ၍ လှနှာအတွက် လိုအပ်သည့်သွေးကို မြသွေးကပဲ လှူဒါန်းလိုက်သည်။

လှနှာဖြစ်သော ကိုစိုးနောင်၏ ကိုယ်ထဲကို မြသွေး၏ နီရဲသောသွေးစက်တို့ တစ်ပေါက်ချင်း စီးဝင်သွားကြသည်။ ကိုစိုးနောင်မှာ ရောဂါဝေဒနာ ပြင်းထန်သဖြင့် မြသွေးကို မမှတ်မိသလို သူကိုယ်တိုင်လည်း ရောဂါဝေဒနာကို အတော်ခံစားနေရပါသည်။ ဆေးထိုး၊ သွေးပုလင်းများဖြင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး ရှုပ်ထွေးနေချိန်မှာ ကိုစိုးနောင်၏ မိခင်ကြီးက မြသွေးကို သူ့သား၏ အသက်သခင် ကျေးဇူးရှင်အဖြစ် တဖွဖွကျေးဇူးတင်၍မဆုံးပါ။

"သားအတွက် အရေးပေါ်လိုအပ်နေတဲ့ သွေးကို ဆရာမလေး အမြန်ထုတ်လှူလိုက်ပေလို့သာပေါ့ကွယ်၊ အန်တီတော့ ဆရာမကို ကျေးဇူးတင်လွန်းလို့ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး ဆရာမရယ်"

"ဒီကိစ္စအတွက် အန်တီ့စိတ်ထဲမှာ ဘာမှမထားပါနဲ့ရှင်၊ မြသွေးတို့ တစ်မြို့ထဲသားချင်းတွေမို့ အကြောင်းတိုက်ဆိုင်လို့ ကူညီခွင့်ရတုန်း ကူညီတာလို့ပဲ သဘောထားလိုက်ပါ"



"တစ်မြို့တည်းသားတွေ ဟုတ်လား၊ ဒါဖြင့် ဆရာမလေးက အန်တီတို့သားအမိကို သိတယ်ပေါ့ ဟုတ်လား၊ အန်တီဖြင့် ဆရာမကို မသိရပါလားကွယ်"

"ဘယ်သူ့သမီးလေးပါလိမ့်မလဲ"

ကိုစိုးနောင် မိခင်ကြီးမှာ လှပသော မြသွေးမျက်နှာလှလှလေးကို တစိမ့်စိမ့်ရှုးစိုက်ကြည့်ပြီး အဖြေရှာဟန် စဉ်းစားနေပုံကို ကြည့်ပြီး မြသွေးမှာ မေမေ့ကို သတိရစိတ်ဖြင့် ပြုံးရယ်လိုက်မိပါသည်။

ကိုစိုးနောင်၏ မိခင်ကြီးမှာ မြသွေးအမေအရွယ် ဖြစ်ကာ သားသမီးအပေါ် ချစ်ကြတာခြင်း အတူတူမို့လည်း မိခင်ချင်း စာနာမိသည့်အတွက် ကြင်နာစွာပင်...

"မြသွေးနာမည်ကို မကြားဘူးပေမယ့် မြသွေးမိဘတွေနာမည်ကိုကြားရင်တော့ အန်တီသိမှာပါရှင်၊ မြသွေးမိဘတွေက ဦးမြိုင်နဲ့ ဒေါ်ခင်ရီပါ"

"အရှေ့ပိုင်းက ဦးမြိုင်သမီးလေးလား၊ သမီးအမေ မခင်ရီဆိုတာ မိန်းမချောပဲ၊ ဒါကြောင့် ဆရာမမျက်နှာလေးကို တွေ့တွေ့ချင်း တစ်နေရာမှာ ရင်းရင်းနှီးနှီးမြင်ဘူးသလို ထင်နေမိတာ ဒါကြောင့်ကိုးကွဲ့"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ လူကြီးချင်း အခင်

www.burmeseclassic.com

www.burmeseclassic.com



အခင်ကြီးမဟုတ်ပေမယ့် တစ်မြို့ထဲနေသူချင်းတော့ သိနေကြတာပေါ့ဗျာ။ သူတို့မှာ သမီးချောချောလေးတစ်ယောက် ရှိတယ်ဆိုတာပဲသိတာ၊ တစ်ခါမှ မမြင်ဖူးခဲ့ဘူး၊ အခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတာကိုး''

''သား အိပ်ရာကနိုးလာမှပဲ ဒီအကြောင်းတွေ ပြောပြရမယ်''

အချိန်တိုလေးအတွင်းမှာပင် ကျွန်းသာယာ ဆီစက်ပိုင်ရှင် သူဌေး ကိုစိုးနောင်၏ မိခင်ကြီးမှာ မြသွေးကို သမီး သမီးနှင့် နှုတ်ဖျားကမချတော့သလို လုပချောမောသလောက် ဘာမာန်မာန မှမရှိဘဲ ဖြူစင်ရိုးသားလှသော မြသွေး မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ သားအတွက် ချွေးမကလေးမှာ မြသွေးဆိုသည့် ဆရာမလေးသာဖြစ်လျှင် အဘယ်မျှ ကျေနပ်ပျော်ရွှင်စရာ ကောင်းမလဲဟု စိတ်ကူးယဉ်လျက် ရှိနေ၏။

မြသွေးက ဒေါ်မာလာ၏ စိတ်ကူးကိုမသိသလို စိတ်လည်းမဝင်စားအား။ ဆရာ ဒေါက်တာဦးမိုးနိုင်နှင့် ဖွေး၊ မြသွေးတို့ သုံးဦးဇာတ်ရှုပ်ထဲမှာ မြေနိမ့်ရာလှံစိုက်ချင်နေကြသူများ မျက်စိအောက်တွင် ကိုယ့်ကိုယ်ကို ဣန္ဒြေမပျက်အောင် ကြိုးစားနေရပါသည်။ ဖွေးကို ဆေးရုံမှာ ထပ်တွေ့လိုက်ရသည့်အတွက် မျက်နှာမပျက်ဘဲ ပြုံးနေနိုင်သူအဖြစ် တမင်ဟန်လုပ်ပြနေရပေမယ့်



ဖွေး၏ စီလွှင်ကျယ်လောင်စွာ ရယ်မောသံက မြသွေးကို အနေရခက်အောင် လှောင်ပြောင်နေသလို ထင်မိသည်။

''ဟော···ကိုကိုလာပြီ''

''ဖွေး''

ဒေါက်တာဦးမိုးနိုင် ဆေးရုံထဲလှမ်းအဝင် သူ့အရင်ကြို ရောက်နေသူ ဖွေးက နှုတ်ဆက်လိုက်သဖြင့် မျက်နှာပျက်မသွားအောင် မနည်းသတိထားလိုက်ရသည်။

''ဒီကိုဘာလာလုပ်တာလဲ ဖွေး''

''လူနာလာမေးတာလေ၊ ကိုကိုသိတယ်မဟုတ်လား၊ ဖွေး သူငယ်ချင်း စန္ဒာဒက်ဒီ ဒီမှာဆေးရုံတက်နေတာလေ၊ ဖွေးလည်း အခုမှသိလို့ သတင်းလာမေးတော့ ဆင်းသွားပြီတဲ့''

''သြော်''

ဒေါက်တာဦးမိုးနိုင်ပုံစံက ဖွေးကို မကောင်းတတ်၍ ခေါ်ပြောသည်ဆိုရုံမျှသာမို့ ကိုကို့မျက်နှာကိုကြည့်ပြီး ဖွေးရင်ထဲ နင့်ခနဲဖြစ်သွားသည်။

ကိုကို့ပုံစံက ဖွေးကို စိတ်ကုန်နေသည့်ဟန်။

အယုံအကြည်မရှိတော့သလို အေးစက်စက်အကြည့်တွေက ဟိုတုန်းက ဖွေး ဆိုးနွဲ့သမျှ စိတ်ရှည်သည်းခံတတ်သော ကိုကို မဟုတ်တော့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဖွေးဟာ မိန်းမသားတစ်ယောက်ပါ ကိုကို ရယ်၊ ကိုကို့ကို သိပ်ချစ်လွန်းလို့ လက်လွှတ်အဆုံးရှုံးမခံရလို့ အခုလို ကိုယ်ဖြစ်ချင်တာမှန်သမျှ စိတ်လိုက်မာန်ပါ တဇွတ်ထိုးလုပ်နေမိ သေမယ့် ဖွေးမှာလည်း မာနနဲ့ အရှက်နဲ့ပါ ကိုကိုရယ်။

ဖွေးအပေါ် အဲဒီလောက်ကြီးလည်း အထင်သေးမထား လိုက်ပါနဲ့။

"ဖွေး ပြန်တော့မယ်ကိုကို"

"ကောင်းပြီ"

အပြန်လမ်းတစ်လျှောက်လုံး ဖွေး ပါးပြင်ပေါ်မှ မျက်ရည် ပေါက်တွေ မပြတ်စီးကျလာသည်။

ဖွေး သိပါတယ်ကိုကိုရယ်။

မြသွေးဆိုတဲ့ မိန်းမကြောင့် ဖွေးကို ကိုကို သိပ်မုန်းနေ ပြီမဟုတ်လား။

အဲဒီအတွက် ကိုကို့ကို ဖွေး အပြစ်မတင်ပါဘူး။

ကိုယ့်ကိုမချစ်တဲ့သူကိုမှ အမှတ်မရှိ၊ အနာမရှိ သိပ်ချစ် တတ်နေတဲ့ ဖွေး နှလုံးသားကိုသာ အပြစ်တင်နေပါမယ်ရှင်ရယ်။

ကိုကို့ကို ဖွေး ချစ်တယ်။

× × × ×

အခန်း (၁၇)

"သမီး"

"ဟင်…မေမေ"

မမျှော်လင့်ဘဲ မိခင်ဖြစ်သူကို ဖြုန်းစားကြီး တွေ့လိုက်ရ သဖြင့် အံ့သြခြင်းနှင့်အတူ ဝမ်းသာသွားရကာ ကလေးငယ် တစ်ယောက်လို မိခင်ကြီး၏ လက်မောင်းမှာ မျက်နှာအပ်ကာ ဘဝတောထဲမှာ မောနေအောင် ပြေးလွှားခဲ့ရသမျှ အားလျော့နွဲ့မှီ လိုက်မိသည်။

"မေမေရယ်…မြသွေး ဝမ်းသာလိုက်တာ"

"မေမေလည်း ဝမ်းသာတာပေါ့ကွယ်၊ မေမေ့သမီးလေး ကို ဘယ်လိုနေထိုင်စားသောက်လည်း သိချင်နေတာ၊ အခုမှပဲ မေမေ့ဆန္ဒ ပြည့်တော့တယ်"

"ကဲ…သမီးနဲ့အမေ အလွမ်းသယ်လိုက်ကြဦး၊ မဦးတော့ ပါလာတဲ့လက်ဆောင်ပစ္စည်းတွေ မီးဖိုထဲသိမ်းလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မဦးက မေမေယူလာသည့် ခြံထွက်ပန်းသီးနှင့် လက်ဆောင်ထုပ်များ ဆွဲယူပြီး အလိုက်သိစွာ ရှောင်ထွက်သွားပါသည်။ မြသွေးတို့ သားအမိသာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"သမီးလည်း နည်းနည်းပိန်သွားတယ်၊ အလုပ်က သိပ်ပင်ပန်းသလားကွယ်၊ သမီးလည်း ကိုယ့်ကျန်းမာရေးကိုယ်တော့ ဂရုစိုက်ရလိမ့်မယ်နော်"

"စိတ်ချပါ မေမေရဲ့၊ မြသွေး ဂရုစိုက်ပါတယ်၊ မေမေ ရော အခုတစ်ယောက်တည်းလာတာ ဘယ်သူလိုက်ပို့လဲ၊ ဦးလေး မြိုင်လား"

"သူပဲရှိတာ သူပဲလိုက်ပို့တာပေါ့ကွယ်၊ ကိစ္စတော့ အထွေအထူးမရှိပါဘူး၊ သမီးကိုသတိရလို့၊ ပြီးတော့ စိတ်လည်းမချလို့ဆိုပါတော့ကွယ်"

ရိုးသားအေးဆေးသော မေမေ့မျက်နှာကို အကဲခတ်သလို ကြည့်လိုက်တော့ အမေက မြသွေးအကြည့်ကို မခံနိုင်သလို သက်ပြင်းချပြီး အကြည့်လွှဲသွားပါသည်။

ဒီလောက်ဆို မြသွေး သဘောပေါက်ပါပြီ။ မေမေ့တွင် မြသွေးကို ပြောမပြနိုင်သည့် အကြောင်းအရာတစ်ခု ရှိနေသည်မှာ သေချာနေပါပြီ။ ဘာဟုသေချာရေရာစွာ မပြောနိုင်သော်လည်း မြသွေး၏ အတွင်းစိတ်ထဲမှာ ဒီလိုပဲခံစားနေရ၏။



"မေမေ"

"ဟင်"

"မြသွေးကို တခြားပြောစရာတစ်ခုခုများ ရှိနေမလား ဟင်"

"ဘာပြောရမှာလဲကွယ်...ပြောစရာမရှိပါဘူး"

ထိုအဖြေကို မေမေက မြသွေးမျက်နှာကို မကြည့်ဘဲ သူယူလာသည့် အဝတ်အိတ်ကိုဖွင့်ပြီး ပန်းသီးတွေကို ဟိုဒီရွှေ့ရင်းမှ ကျောခိုင်းအနေအထားနှင့် ဖြေနေခြင်းဖြစ်ရာ မြသွေးမှာ မိခင်ကြီး လုပ်နေပုံကိုကြည့်ပြီး သိချင်စိတ်တို့ အင်မတန်များပြားလာသည့် အတွက် စိတ်ထဲမှာ အားမလိုအားမရတွေ ဖြစ်လာ၏။

အကြောင်းကိစ္စ ကြီးငယ်မရှိဘဲ မြသွေးထံ မေမေ ရောက် မလာမှန်း သိနေသည့်အတွက် ပို၍စဉ်းစားရဖြစ်နေသည်။

"မေမေ သိပြီးပြီလား မသိဘူး၊ မြသွေးတို့ဆေးရုံမှာ ကျွန်းသာယာဆီစက်ပိုင်ရှင် သူဌေးကိုစိုးနောင် ဆေးရုံတက်နေတယ်၊ သူ့အမေလည်းပါတယ်"

"ဟုတ်လား...ကောင်လေးက အရွယ်ကောင်းလေးပါ၊ ဘာရောဂါများဖြစ်လို့ပါလိမ့်ကွယ်၊ မေမေတော့ သူတို့သားအမိ ဆေးရုံမှာရောက်နေတာ သမီးပြောပြလို့ အခုမှသိရတာပဲ၊ ဘယ်လို များဖြစ်လို့ပါလိမ့်ကွယ်"

"ရောဂါကတော့ ငှက်ဖျားရော အသားဝါရော မေမေ

www.burmeseclassic.com

www.burmeseclassic.com



လူနာအတွက် သွေးလိုလို့ သမီးတောင် ထုတ်လှူခဲ့သေးတယ်"

"အေးကွယ်...လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်၊ တစ်မြို့တည်းသားချင်းတွေဆိုတော့လည်း လူနာသတင်းမေး သွားဦးမှပါပဲ"

"မေမေသွားချင်ရင် မြသွေး လိုက်ပို့မှာပေါ့ မေမေရယ်၊ အခုတော့ မေမေ အရင်နားပါဦး၊-လူနာသတင်းမေးတာ ညနေမှ သွားလည်းရပါတယ်"

"ဟုတ်တယ် ဒေါ်ဒေါ်၊ မဉီးတော့ ဒီနေ့နားရက်မို့ စိတ်ကြိုက်ချက်ပြုတ် လက်စွမ်းပြထားတယ်၊ ရေချိုး ထမင်းစားပြီး အေးအေးဆေးဆေး နားပါဦးနော်"

မြသွေးက မိခင်ကြီးကို ရေချိုးဖို့ ပြင်ဆင်ပေးလိုက်ချိန် မဉီးက မီးဖိုထဲမှာ တရှဲရှဲဖြင့် ကြော်လှော်ချက်ပြုတ်နေတုန်းဖြစ်ပါသည်။

"ဦးလေးမြိုင်ရော မေမေ"

"သမီးပြန်အလာကို စောင့်နေသေးတယ်၊ နောက် ချိန်းထားတဲ့အလုပ်ကိစ္စလေးတွေလည်း ရှိတော့ ပြန်သွားရတာပေါ့ကွယ်"

သနပ်ခါးလူးရင်း မြသွေးအမေးကို ဖြေလိုက်သော မိခင်ကြီးကို မြသွေး ငေးငေးလေးကြည့်နေမိသည်။ တိုက်တိုက်ဆိုင်



ဆိုင် ဒီနေ့ သူငယ်ချင်းနှစ်ယောက်စလုံး နားရက်မို့ မေမေ့ကို ဘုရားပို့ဖို့ စီစဉ်ကြသည်။

စားသောက်ပြီး ဘုရားသွားဖို့ ပြင်နေတုန်း အိမ်ရှေ့ကို ကားတစ်စီးထိုးရပ်လာလို့ လှမ်းကြည့်လိုက်တော့ မြသွေးရင်ထဲဒိန်းခနဲဖြစ်သွားသည်။

"ဆရာပါလား၊ သွားလိုက်ဦးလေ မြသွေး"

မဉီးက နေရာမှာ ခပ်ကြောင်ကြောင်ရပ်နေသော မြသွေးကို သတိပေးလိုက်မှ မြသွေးလည်း ဆရာရှိရာ ခြံထဲသို့ဆင်းခဲ့သည်။

"ဒါက ဘယ်သွားကြမလို့လဲ မြသွေး"

အပြင်ထွက်မည့်ပုံ ဝတ်စားပြင်ဆင်ထားတာကို ကြည့်ပြီး မေးလိုက်ခြင်းဖြစ်ပါသည်။

"မေမေ့ကို ဘုရားလိုက်ပို့မလို့ပါ မောင်"

"ဟုတ်လား...ဒါဆို မောင့်ကားနဲ့ လိုက်ပို့ရမှာပေါ့၊ မောင့်ကို မြသွေးမေမေနဲ့ မိတ်ဆက်ပေးပါဦးဗျာ၊ သားမက်နဲ့ ယောက္ခမ အခုထဲက ရင်းရင်းနှီးနှီးနေမှ ဖြစ်မှာပေါ့ မဟုတ်ဘူးလား"

မောင်ကတော့ ဘာမှအပူအပင်မရှိသော ကလေးငယ်ပမာ ပြုံးရယ်နိုင်ပေမယ့် မြသွေးကတော့ မောင့်လိုမဟုတ်ပါ။ ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ပြီး မောင့်ရှေ့မှာ အပြုံးမပျက်နေနိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေရပေမယ့် ရင်ထဲမှာ နာကျင်မှုတွေနှင့် ပူလောင်နေရသူ ဖြစ်ပါသည်။

တကယ်တော့ မြသွေးဆိုတာ မောင့်လိုလူတစ်ယောက်နှင့် လိုက်ဖက်တင့်တယ်သော ဝန်းတစ်ပွင့်မဟုတ်မှန်း သိနေတာမို့ ပို၍ရင်မောရသူဖြစ်သည်။

"ထိုင်ပါ ဆရာ၊ ဒါ မြသွေးမေမေ ဒေါ်ခင်ရီပါ၊ မေမေ ဒါ မြသွေးတို့ဆရာ ဒေါက်တာမိုးနိုင်ပါ"

"ဒေါက်တာမိုးနိုင် ဟုတ်လား"

ဒေါ်ခင်ရီ နှုတ်ဖျားမှ အလန့်တကြား ထွက်လာခြင်းဖြစ်သည်။ ထို့နောက် သမီးဖြစ်သူနှင့် ဒေါက်တာမိုးနိုင်ဆိုသူကိုကြည့်ပြီး ဒေါ်ခင်ရီ မျက်နှာပျက်သွားသည်။

"ဟုတ်ပါတယ်ခင်ဗျာ···ကျွန်တော့်နာမည် မိုးနိုင်ပါ၊ မြသွေးရဲ့မေမေကို တွေ့ရတဲ့အတွက်လည်း ဝမ်းသာပါတယ်၊ ကျွန်တော့်ကို တူသားတစ်ယောက်လို သဘောထားပါ အန်တီ၊ အခုပဲ မြသွေးက အန်တီ့ကို ဘုရားလိုက်ပို့မယ်လို့ ပြောပါတယ်၊ ကျွန်တော့်ကားနဲ့ပဲ ဘုရားကို ကုသိုလ်ယူရင်း လိုက်ပို့ပါရစေခင်ဗျာ"

"နေပါစေကွယ်···အန်တီတို့ဘာသာပဲ သွားလိုက်ပါ့မယ်"

"ဟုတ်ပါတယ်ဆရာ၊ မြသွေးတို့ဘာသာပဲ သွားပါရစေ"



"ကိုယ်လိုက်ပို့ချင်လို့ပါ၊ ကျွန်တော့်ကို ကုသိုလ်ယူခွင့်ပေးပါ အန်တီ"

ဒေါက်တာဦးမိုးနိုင်ကလည်း အလျှော့မပေးသဖြင့် နောက်ဆုံးတော့ မြသွေးတို့ဘက်ကပဲ ဆရာ့ကို အလျှော့ပေးလိုက်ရသည်။

ဒေါ်ခင်ရီက တတ်နိုင်သမျှ ဒေါက်တာဦးမိုးနိုင်နှင့် ခပ်ကင်းကင်းနေပြီး စကားနည်းနှုတ်ဆိတ်စွာ လိုက်ပါလာရသော်လည်း စိတ်ထဲမှာ ကျဉ်းကျပ်လျက် အလိုမကျဖြစ်နေသည်။

ရုတ်တရက်ကြီး သမီးဖြစ်သူရှိရာသို့ ရောက်လာရသောကိစ္စမှာလည်း တခြားကိစ္စမဟုတ်။ ဒေါက်တာမိုးနိုင်၏ မိခင်ကြီးက လူကြုံနှင့်တစ်ဆင့် ပေးလိုက်သောစာကြောင့် သမီးဖြစ်သူထံ ရောက်လာရခြင်းဖြစ်သည်။

စာပါအကြောင်းအရာက အထူးအထွေမဟုတ်။ ချမ်းသာပြည့်စုံကြွယ်ဝသော ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းနှင့် ဆင်းရဲနွမ်းပါးသူတို့၏ ဖြစ်ရိုးဖြစ်စဉ် သူ့သားနှင့် ဒေါ်ခင်ရီသမီးကို လုံးဝသဘောမတူနိုင်ကြောင်း၊ ကိုယ့်သမီးကိုယ် တာဝန်ယူထိန်းသိမ်းရန်နှင့် သူ့သားမှာ မကြာခင် ၄င်းတို့သဘောတူသူနှင့် လက်ထပ်တော့မည်ဖြစ်ကြောင်းတို့ ဖြစ်သည်။

ဒေါ်ခင်ရီမှာ မိခင်တစ်ယောက်အနေနှင့် သမီးဘက်က ခံပြင်းဒေါသဖြစ်မိသော်လည်း တစ်ခဏအတွင်းမှာပင် ကိုယ့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



တိုယ် ကြိုးစားဖိနှိပ်မျိုသိပ်ချုပ်တည်းလိုက်သည်။

ဦးမြှင့်ကိုလည်း ထိုကိစ္စကို အသိပေးခြင်းမပြုဘဲ ဒေါ်ခင်ရီတစ်ယောက်တည်း သမီးရှိရာကို ထွက်လာခဲ့ရာ ရောက်မဆိုက်ဆိုသလိုပင် သမီးဖြစ်သူနှင့် ပတ်သက်နေသော ဒေါက်တာမိုးနိုင်ကို တွေ့ရခြင်းဖြစ်သည်။

ဒေါက်တာဦးမိုးနိုင်မှာလည်း ယောက္ခမလောင်းနှင့် အဆင်ပြေရန် အတတ်နိုင်ဆုံး ကြိုးစားသည့်အနေဖြင့် ဘုရားစုံလိုက်ပို့ကာ အအေးတိုက်ခြင်း၊ ညစာကျွေးခြင်းတို့ကိုပါ အားလုံးတားမြစ်နေသည့်ကြားမှ ဖွတ်အတင်း တာဝန်ယူလုပ်ဆောင်လျက်ရှိရာ ဒေါ်ခင်ရီ အပါအဝင် မြသွေးတို့ သူငယ်ချင်းနှစ်ယောက်ပါ ဆရာ့အပေါ်မှာ အားနာမဆုံး ဖြစ်နေကြရပါသည်။

"မြသွေးမေမေက အေးဟာယ်နော်၊ စကားလည်းသိပ်မပြောဘူး"

"မေမေက ဒီအကိုင်းပဲနေတတ်လို့ပါ မောင်"

"မြသွေးကို မောင်က အပြစ်တင်တာမဟုတ်ပါဘူးဗျာ၊ မောင့်ယောက္ခမကြီးကို သဘောကျလို့ပါ"

"သဘောကောင်းတဲ့ မောင့်ကို မေမေကလည်း သဘောကျနေပါတယ်ရှင်"

"အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲလေ၊ ဒါမှ သူ့သမီးနဲ့ မြန်မြန်နီးရမှာမဟုတ်လားဗျာ"



မောင့်စကားကို နားထောင်ပြီး မြသွေး ပြုံးနေလိုက်ပါသည်။ မောင်ပြန်သွားတော့ မိုးချုပ်နေပြီမို့ သားအမိနှစ်ယောက် ကောင်းစွာ စကားမပြောလိုက်ကြရပါ။ အိပ်ရာစောစီးစွာ ဝင်ကြသလို အတွေးကိုယ်စီကြောင့်လည်း ရုတ်တရက် အိပ်မပျော်ကြ။

ညဥ့်နက်မှ အိပ်ပျော်သွားကြသည်။ မနက် မဦးအလုပ်သွားတော့မှ မေမေက မြသွေးကို ဒေါက်တာမိုးနိုင်အကြောင်း၊ သူ့မိသားစုအကြောင်း မေးသည်။ တစ်ဦးတည်းသောသား ချမ်းသာပြည့်စုံကြွယ်ဝသူဖြစ်ကြောင်း ပြောပြတော့ မြသွေးကိုကြည့်ပြီး မိခင်ကြီးက သက်ပြင်းရှိုက်ပါသည်။

"သမီးတို့ချင်း မေတ္တာမျှနေကြပြီလား"

"ဟုတ်ကဲ့"

ဒေါ်ခင်ရီက သူသိချင်တာကို မေးသလို မြသွေးကလည်း အဖြစ်မှန်ကို မကွယ်ဝှက်ဘဲ ဖြေပါသည်။

"သမီးနဲ့ အဲဒီသူငယ်ကို သူ့မိဘတွေက သဘောတူမှာလားကွယ်"

"မတူပါဘူး မေမေ၊ မဖြစ်နိုင်မှန်းသိလို့ မြသွေးဘက်က နောက်ဆုတ်ဖို့ ကြိုးစားခဲ့ပေမယ့် ဆရာ့ကြောင့်ပဲ သူ့အချစ်ကို မြသွေး လက်ခံခဲ့ရတာပါ"

"အဲဒီတော့ သမီးပျော်လား"

မြသွေး မဖြေဘဲ ပြုံးနေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကို မြသွေးကိုယ်မြသွေး တစ်ခါမှ မေးမကြည့်ခဲ့ဘူးပါ။

"သားယောကျ်ားလေးရှင်ဘက်က မေမေ့သမီးလေးနဲ့ သူ့သားကို သဘောမတူဘူးလို့ အပြောခံရတော့ မေမေ့ရင်ထဲ ဘယ်လိုခံစားရမလဲဆိုတာ သမီးစဉ်းစားကြည့်စမ်းပါ၊ သူ့မှာ မိဘချင်းသဘောတူထားတဲ့ မိန်းကလေးရှိတယ်ဆို"

"မေမေ ဘယ်လိုသိလဲဟင်"

"သမီးကို မေမေ မညာချင်ဘူး၊ သမီးဆရာရဲ့ မာမီကိုယ်တိုင် မေမေ့ဆီကို စာရေးပြီး သူ့သားနဲ့ သမီးကို သဘောမတူပါဘူးလို့ ပြောခဲ့တာပဲ၊ ဒါကြောင့် မေမေလည်း သမီးဆီကို ရောက်လာခဲ့ရတာပါကွယ်"

"ဟာင်"

မေမေ့စကားအဆုံးမှာ မြသွေး ငိုင်တွေငေးသွားသည်။ မြသွေးကိစ္စကို မေမေ့ထံအရောက် ပေးပို့သည့်အထိ ဖြစ်ကုန်ကြပါရောလား။ မြသွေးကတော့ ဒါတွေ ဘာတစ်ခုမှမသိရ။ ဆရာလည်း သိမည်မထင်။

"သမီး ဘယ်လိုလုပ်ဖို့ ဆုံးဖြတ်ထားလဲ၊ မေမေ့ဘက်ကတော့ ဘယ်သူတွေဘာပြောပြော သမီးဘက်ကပဲ ရပ်တည်မှာပါကွယ်၊ ဒါပေမယ့် မေမေ့သမီးလေးဟာ သူတို့ပြောကြ ရေးကြသလို ဂုဏ်မက်၊ ငွေမက်သူ မဟုတ်ဘူးဆိုတာတော့ သူတို့ကိုသိစေချင်



တယ်"

"မြသွေးလည်း ဆရာ့ကို မေ့ဖို့ ကြိုးစားနေပါတယ် မေမေ"

တကယ်လည်း ဆရာ့ကို မြသွေး မေ့ပစ်ချင်နေသည်။ မြသွေးကိုယ်တိုင်လည်း ဆရာ့အသိုင်းအဝိုင်းက ရိုက်ခတ်သည့်ဒဏ်တွေကို ခံစားနာကျင်နေသည့်အဖြစ်မျိုးကို မလိုချင်။

ဖွေးနှင့် ဆရာ့မာမီတို့၏ ရင်ထဲက အမုန်းနှင့် မနှစ်မြို့မှုကို ဘယ်အတိုင်းအတာအထိ ခံစားနေရမည်မသိ။

"အေးလေ…မေမေ့သမီးလေးက မေမေ့ထက် ပညာတွေ အများကြီးတတ်ပါတယ်၊ သမီးဘဝအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်မယ့် အရာကိုပဲ ရွေးချယ်ပါလို့ မေမေပြောချင်တယ်"

မြသွေးသည် မေမေ့မျက်နှာကို အားကိုးရာမဲ့သော ကလေးငယ်တစ်ယောက်လို မော့ကြည့်လျက် တွေဝေငြိမ်သက်နေ၏။

ဆရာနှင့်ပတ်သက်ပြီး မြသွေး တစ်ခုခုကို တိကျခိုင်မာစွာ ဆုံးဖြတ်ချက်ချရမည်က အမှန်ဖြစ်သည်။ သို့သော်လည်း ထိုအတွက်အဖြေက မြသွေးထံတွင် မရှိ။ ဝေဝါးသောခံစားချက်များဖြင့် ဟင်းခနဲ သက်ပြင်းချသံသည်သာ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်ပေသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဆရာမ"

"ဩော်…ကိုစိုးနောင် ဒီနေ့တော့ နေသာတယ်မဟုတ်လားရှင်"

"နေသာပါတယ်ဗျာ…ဆရာမကို ကျေးဇူးတင်လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"မသိရင်လည်း ဘာမှမပြောနဲ့ပေါ့ရှင်"

ပြုံးရယ်လျက် ချစ်စဖွယ်ဆိုလိုက်သော မြသွေး၏ မျက်နှာလှလှလေးကို ငေးကြည့်နေမိသူကို စိုးနောင်ရင်မှာ ကြည်နူးခြင်းပီတိတွေနှင့် လှိုက်ဖြာနေပါသည်။ မြသွေးဆိုသည့် မိန်းမလှလေးနှင့် အခုလိုပြန်ဆုံရလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ။

အခုတော့ သူနေမကောင်းဖြစ်တာကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။ မြသွေးရှိနေသည့် ဆေးရုံကို ရောက်ခဲ့ရသည်





တင်မဟုတ်။ မြသွေး၏ ခန္ဓာကိုယ်ထဲက သွေးတွေက စိုးနောင်ခန္ဓာကိုယ်ထဲမှာ စီးဝင်လှည့်ပတ်နေသည့်အဖြစ်လေ။

မြသွေးဆိုသည့် မိန်းမလှလေးက စိုးနောင်၏ အသက်သခင် ကျေးဇူးရှင်မလေး ဖြစ်နေခဲ့ပါပြီကော။ မေမေကတော့ မြသွေးအမည်လေးကို နှုတ်ဖျားကမချတော့ပါ။ မြသွေးကြောင့် ဆေးရုံမှာလိုလေသေးမရှိ အဆင်ပြေပြေ နေထိုင်ခွင့်ရပုံနှင့် စိုးနောင်ကို မြသွေးကိုယ်တိုင် သွေးလှူပေးခဲ့ရုံမက အချိန်ပြည့် ဂရုတစိုက်ရှိနေတတ်ပုံများအဆုံး မြသွေးက မေမေ့နှုတ်ဖျားမှာပင် ပုံပြင်ထဲက မင်းသမီးလေးပမာ ဖြစ်နေပါသည်။

"တစ်ယောက်တည်းလားရှင့်…အန်တီရော"

"အခုလေးတင်ပဲ အပြင်သွားပါတယ်ဆရာမ"

"မြသွေးလို့ခေါ်ရင်လည်း ရပါတယ်ရှင်"

"ခေါ်ချင်ပါတယ်ဗျာ…ဆေးရုံမှာမို့ပါ၊ အန်တီရော ပြန်သွားပြီလားဟင်"

မြသွေးနှင့်အတူ လူနာသတင်းမေးလိုက်လာသော မြသွေးအမေကို မေးလိုက်ခြင်းဖြစ်ပါသည်။

"ပြန်သွားပြီရှင့်…ဟိုမှာကလည်း ကိုယ်ခွဲမရှိတော့ ဒီမှာကြာကြာနေလို့ စိတ်မချကြဘူးလေ၊ ကိုစိုးနောင်လည်း ရောဂါအတော်သက်သာနေပါပြီ၊ နောက်သုံးလေးရက်ဆို ဆေးရုံကဆင်းခွင့်ရမယ်ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ မြသွေးပေးတဲ့အသက်ပဲ ရှိတာပါဗျာ"

"မဟုတ်တာရှင်…မြသွေးက သွေးမလှူလည်း ကိုစိုးနောင်ကို တခြားတစ်ယောက်က သွေးလှူမှာပါပဲလေ၊ ဒါကို စိတ်ထဲမှာ ထားမနေပါနဲ့"

"ဒါက မြသွေးအပိုင်းပါလေ၊ ကျွန်တော့်အတွက်တော့ မြသွေးက ကျွန်တော့်ကျေးဇူးရှင်ပဲ"

"အဲဒီလိုလည်း မဟုတ်ပါဘူးရှင်"

"ဟုတ်ပါတယ်ဗျာ"

"သြော်…ကိုစိုးနောင်နဲ့တော့ ခက်နေပါပြီ"

"ကျွန်တော့်ကြောင့် ဘာမှမခက်ပါဘူးဗျာ၊ မြသွေးကြောင့်သာ ကျွန်တော့်မှာ ခက်နေရတာပါ"

"မြသွေးကြောင့် ဟုတ်လား၊ မြသွေးကြောင့် ဘာတွေများ ခက်နေရတာလဲရှင်"

"သြော်…ကိုယ့်ကျေးဇူးရှင်ဆိုတော့"

ထိုစကားနှင့်ပင် ကိုစိုးနောင်က သူ့ရင်ထဲကစကားတွေကို ရပ်တန့်ထားလိုက်သည်။ အမှန်အတိုင်းဝန်ခံရလျှင် မြသွေးကို သူချစ်မိပါပြီ။

ကားပေါ်မှာ စတွေ့ဆုံထဲက နူးညံ့သိမ်မွေ့၍ ချစ်စရာကောင်းလွန်းသော သူမအလှကို စွဲလမ်းခဲ့သည်။ သတိရတမ်းတခဲ့မိသည်။ အလှမ်းဝေးခဲ့ရသဖြင့် မဆုံခဲ့ရ။ ဖူးစာမှန်တော့ ကြံဖန်



ဆုံကြရသည်ဟု ဆိုရမည်ထင်သည်။

"ဆရာမ…လာပါဦး၊ ဒီမှာ အဖော်ဘာဖြစ်မှန်းမသိလို့"

"လာပြီ…လာပြီ"

တခြားလူနာရှင်တစ်ယောက်က လာခေါ်တာမို့ မြသွေးလည်း လူနာရှိရာကို အပြေးရောက်သွားပြီး လိုအပ်တာတွေ စစ်ဆေးလုပ်ကိုင်ပေးနေချိန်မှာ စိုးနောင်ကတော့ မြသွေးလှုပ်ရှားသမျှကို ရွှန်းရွှန်းစားစား မျက်ဝန်းများဖြင့် မျက်တောင်မခတ်စတမ်း လိုက်ကြည့်နေပါသည်။ လှပသော မျက်ဝန်းကြီးတွေ ဝင့်ခနဲ ဝင့်ခနဲ ကြည့်လိုက်ပုံကို လည်းကောင်း၊ နှင်းဆီဖူးနှုတ်ခမ်းလေး၏ အဖွင့်အပိတ်ကိုလည်းကောင်း စိတ်လှုပ်ရှားစွာငေးကြည့်ရင်း စိုးနောင်ရင်ခုန်သံတွေ တဒုတ်ဒုတ် ဖြစ်လာပါသည်။

ချစ်တယ် မြသွေးရယ်။

မြသွေးကို တို့ချစ်တယ်။

စိုးနောင်စိတ်ထဲက တိတ်ဆိတ်စွာ ဆိုညည်းလိုက်သံကို မြသွေး မကြားလိုက်ပါ။

"သား"

"သြော်…မေမေ ဘာတွေဝယ်လာတာလဲဗျာ"

"မြသွေးအတွက်လေ…ဆေးရုံကဆင်းတဲ့နေ့ကြရင် ပေးဖို့ လက်ဆောင်ဝယ်လာတာ၊ ဒီမှာကြည့်ပါဦး ကောင်းရဲ့လား"

ဒေါ်မာလာက သားဖြစ်သူကို မြသွေးအတွက်ဝယ်လာ

www.burmeseclassic.com



သည့် လက်ကိုင်အိတ်ကလေးကို ထုတ်ပြနေသည့် အချိန်မှာ မြသွေးက သူတို့လူနာဆောင်ထဲမှာ မရှိတော့ပါ။

"ဈေးအကြီးဆုံးထဲက ရွေးယူလာခဲ့တာပဲကွယ်၊ မြသွေးကြိုက်ပါ့မလားမသိဘူး"

"သူကတော့ လက်ခံမှာမဟုတ်ဘူးထင်တယ်"

"ဒီလိုပဲ ဖွတ်ပေးရမှာပေါ့ကွယ်၊ သားသဘောတူမယ်ဆိုရင် မေမေကတော့ မြသွေးလေးကိုပဲ ချွေးမတော်ချင်တာပဲ၊ သိပ်လိမ္မာယဉ်ကျေးတဲ့ ကလေးပဲကွယ်၊ လူကြီးမိဘအပေါ်မှာလည်း သိတတ်တယ်"

"သားရော မြသွေးကို သဘောမကျဘူးလား"

"သဘောကျရုံတင် ဘယ်ကမလဲ မေမေ၊ မြသွေးကို သိပ်ချစ်မိနေပြီ၊ မေမေလည်း သဘောတူတယ်ဆိုရင် အမြန်ဆုံးသာ လက်ထပ်ပါရစေတော့ဗျာ"

"အလိုလေးရှင်…ဖြစ်မယ့်ဖြစ်တော့လည်း တကယ့်ကို အသည်းအသန်ပါပဲလား သားရယ်"

မိခင်ဖြစ်သူစကားကြောင့် စိုးနောင် တစ်ချက်မျှ ရှက်ရယ်ရယ်လိုက်မိသည်။

"မေမေပဲ ကျွန်တော့်ကို မြန်မြန်အိမ်ထောင်ပြုစေချင်လှပြီဆို"

"ဟုတ်ပါသတဲ့ရှင်…ဟုတ်ပါသတဲ့၊ သားပြောတဲ့အတိုင်း



အမြန်ဆုံးဖြစ်အောင် လူကြီးချင်း သဘောထားမေးမြန်းပြီး အခမ်းနားဆုံး တောင်းရမ်းလက်ထပ်ပေးပါ့မယ်ကွယ်"

"မေမေ့သားလည်း စိတ်ချမ်းသာ၊ မေမေလည်း စိတ်ချမ်းသာဆိုရင် အကောင်းဆုံးပေါ့"

သားအမိနှစ်ယောက် ကျေနပ်အပြုံးတွေနှင့် ပီတိလွှမ်းနေချိန်မှာ မြသွေးတစ်ယောက်ကတော့ သတင်းစာထဲမှာ စာလုံးမည်းကြီးတွေနှင့် ပါလာသော ဒေါက်တာဦးမိုးနိုင်နှင့် ဖွေးတို့၏ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း မင်္ဂလာသတင်းကိုဖတ်ပြီး မျက်ဝန်းအိမ်မှာ ပြည့်အိုင်လာသော မျက်ရည်များကို စီးကျခွင့်မပြုဘဲ မျက်တောင်တဖျတ်ဖျတ်ခတ်၍ ကြိုးစားသိမ်းဆည်းနေမိပါသည်။

ဒေါက်တာဦးမိုးနိုင် ခွင့်ယူထားသဖြင့် ဆေးရုံမှာမရှိပါ။ ဆရာမာမီ နေမကောင်းသဖြင့် မိခင်ကြီးအနားမှာ နေပေးနေရသည့်အကြောင်း ဖုန်းနှင့် မြသွေးကို လှမ်းပြောထားပါသည်။ ထိုအတွက် ဖွေးနှင့် ဆရာတို့ မိခင်ကြီးကို အကြောင်းပြုပြီး စေ့စပ်လိုက်ကြရသည်လား ဆိုသည်ကိုတော့ ဆရာပဲသိမည်ထင်သည်။

"ကြည့်ပါဦး မူမူ၊ ဒီမှာ ဆရာဦးမိုးနိုင် စေ့စပ်လိုက်တဲ့သတင်းပါလာပြီ"

"အဲဒါ ဘာဖြစ်လဲ၊ ဆရာက သူနဲ့ ဂုဏ်ရည်တူချင်း စေ့စပ်တာ၊ လက်ထပ်တာ ဘာမှမဆန်းဘူး၊ သူလက်ထပ်မဲ့သူက

www.burmeseclassic.com

www.burmeseclassic.com



ဖွေးဆိုတာ အားလုံးသိနေကြတာပဲ၊ ဒီကြားထဲက ဆရာကို ရှုပ်က လေးဖန်းပြုပြီး အပိုင်ကြံဖို့ကြိုးစားချင်တဲ့သူတွေ ခံကြပေါ့"

"မူမူတို့ကတော့ အေးအေးဆေးဆေးပဲ"

မူမူက မှန်အကြည့်မပျက်၊ မိတ်ကပ်အရိုက်မပျက် မြသွေးကို စောင်းချိတ်ပြီး ပြောလိုက်မှန်း အားလုံးသိကြပါသည်။ ဆရာဦးမိုးနိုင်ကို ကျိတ်ပြီး ကြံစည်သူတွေထဲမှာ သူပင်မပါသလိုလို၊ ဘာလိုလိုမို့ အကြောင်းမသိရင် အထင်လွဲစရာပါ။

"မူမူကလည်း မြသွေးကို အဲဒီလိုကြီးမပြောပါနဲ့ သနားပါတယ်"

နော်စေးဖော်က မြသွေးလူမို့ အခုလို ချိုးချိုးနှိမ်နှိမ် အပြောခံရတော့ စိတ်မကောင်းစွာ ဟန့်တားစကား ဆိုလိုက်မိသည်။

"ဘာသနားစရာရှိလဲ နော်စေးဖောရဲ့၊ အခုပဲကြည့်လေ ဟိုသူဌေးဆိုတဲ့ လူနာနားမှာ တစ်ချိန်လုံး သူ့ကိုယ့်သူ အလှပြနေတာ မမြင်ဘူးလား၊ မိန်းမကိုက တစ်စက်မှကျက်သရေမရှိဘူး"

"ပိုက်ဆံရှိတဲ့သူဆို ဟိုလူလိုက်ရော ဒီလူလိုက်ရောနဲ့ မှန်းစရာပါဟာ"

"ကိုစိုးနောင်က သူတို့မြို့ကပါ မူမူရဲ့"

"ဘာဖြစ်ဖြစ်ပေါ့...တို့ကတော့ ဂရုမစိုက်ပါဘူး"

နော်စေးဖောက မူမူမမြင်အောင် နှုတ်ခမ်းလေးကို မဲ့လိုက်



သည်။ ပြောတော့ဖြင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး ဘာညာနဲ့ ပြီးတော့ သူပဲ မြသွေးကို တချိန်လုံး လိုက်ကြည့်ပြီး ဖြိုင်နေတာ အားလုံးသိနေသည်။ ဖြစ်ချင်တော့ မြသွေးကိုယ်တိုင် မူမူနှင့် နော်စေးဖောပြောနေတာကို ကြားလိုက်ရပေမယ့် ဘာမှမဖြစ်သလိုပင် သူတို့နားက ဖြတ်လျှောက်ခဲ့သည်။

"ဟင်...မြသွေးပါလား၊ စောစောက စေးဖောတို့ပြောနေတာတွေ ကြားသွားပြီထင်တယ် အားနာစရာဟယ်"

မြသွေးနောက်ကို နော်စေးဖော၏ အားတုန့်အားနာသံလေးပါလာပေမယ့် မူမူအသံကိုတော့ မကြားရ။ မြသွေးကွယ်ရာမှာတော့ မဲ့ရွဲ့ပြနေမည်ထင်သည်။ ရှိပါစေလေ။ မြသွေးအနေအထားက ဒီလိုပြောစရာဖြစ်နေမှကိုး။

"မြသွေး"

"ဟင်...မောင်"

"လာ...လိုက်ခဲ့"

"အို...မောင် ဒါက ဘယ်ကိုလဲ၊ မြသွေးမှာ အလုပ်ရှိသေးတယ်"

ဒေါက်တာမိုးနိုင်က မြသွေးထံမှ အလန့်တကြား အော်ဟစ်သံလေးကို ဂရုမစိုက်။ သူမလက်ကလေးတစ်ဖက်ကိုဆွဲကာ သူ့ကားပေါ်တက်စေပြီး နေရာမှ ကားကို ဝေါခနဲ မောင်းထွက်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်လမ်းလုံး မည်သည့်စကားမျှမဆိုဘဲ လူရှင်းတိတ်ဆိတ်သည့် ကန်တော်ကြီးစောင်းရောက်မှ ကားကို ထိုးရပ်လိုက်သည်။ တည်ကြည်ခန့်ညားသော မျက်နှာမှာ စိတ်ရှုပ်ထွေးသည့် အမူအရာများကို တွေ့မြင်ရသဖြင့် မြသွေးရင်မှာ နင့်ခနဲဖြစ်သွား၏။

"သတင်းစာကြော်ငြာကို ဖတ်ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့"

"မြသွေး"

"အို…မောင်"

မြသွေးရှိရာ ကားနောက်ခန်းထဲမှာ မောင်က ဂျိုက်မနိုင်ခဲမရဖြစ်နေသော သူ့စိတ်ကို ဖြေလျှော့မေးလိုက်ဟန်တူပါသည်။ မြသွေး မောင့်ရင်ခွင်ထဲမှာ ဘာစကားမှမဆိုနိုင်။

"သိပ်ချစ်တယ် မြသွေးရယ်၊ မာမီ့အလိုကျ မတတ်သာလို့ လိုက်လျောလိုက်ရပေမယ့် မောင်ချစ်တာ မြသွေးတစ်ယောက်တည်းဆိုတာ ယုံပါအချစ်ရယ်"

လှိုက်လှဲတုန်ရီသော မောင့်ချစ်စကားသံကို မြသွေး မည်သို့မျှ မတုံ့ပြန်လိုပါ။ မောင့်ရင်ခွင်မှာသာ ငြိမ်သက်ရှုတ်ဆိတ်နေသည်။ ဒါကိုပဲ မောင်က အားမလိုအားမရ ဖြစ်နေပုံဖြင့် မြသွေးမျက်နှာကို ခွတ်အတင်း တိုးဖွေရှိုက်ငင်ပြန်သည်။



"မောင့်ကို ဘာမှမပြောချင်တော့လောက်အောင် မုန်းသွားပြီလား အချစ်ရယ်"

"ပြောပါဦးဗျာ…ကိုယ့်ချစ်သူ ကိုယ်တောင် အကာအကွယ်မပေးနိုင်တဲ့သူကို မြသွေးစိတ်ထဲက မောင့်ကို အပြစ်တင်နေပြီမဟုတ်လား"

"မြသွေး မောင့်ကို နားလည်ပါတယ်မောင်"

"မြသွေးက မောင့်ကို နားလည်ပေးနိုင်သလောက် မောင်က မြသွေးဘက်ကို နားလည်မပေးနိုင်တာ မောင့်ရဲ့ အကြီးမားဆုံး အပြစ်ပဲမဟုတ်လား မြသွေးရယ်"

"မြသွေး မေမေ့ကို မောင်ဘယ်လိုမျက်နှာပြရမလဲ"

"ဘယ်တတ်နိုင်မလဲ မောင်ရယ်၊ အခြေအနေတွေက ရှောင်လွှဲနေလို့မှမရဘဲ"

ခံစားပေါက်ကွဲနေသော ချစ်သူကို စိတ်သက်သာအောင် ချော့မော့နှစ်သိမ့်နေသူရဲ့ ရင်ထဲကို ဝင်ကြည့်မည်ဆိုလျှင် မောင်နှင့် ထပ်တူမျှညီသော ခံစားချက်ဖြင့် ခံစားကြေကွဲနေသော မြသွေးနှလုံးသားကိုလည်း မောင်မြင်တွေ့ပေလိမ့်မည်။

"မောင်တို့ တရားရုံးမှာပဲ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြစို့နော်၊ မောင့်ကိုချစ်ရင် မောင့်ဆန္ဒကို လိုက်လျောပါအချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုချစ်တယ်မဟုတ်လားဟင်"

သူဖြစ်ချင်တာကို တစ်ဖက်သတ်တောင်းဆိုနေသော မောင့်မျက်နှာကို မြသွေး ငေးကြည့်နေမိသည်။

"ဒီလိုလုပ်လိုက်ရုံနဲ့ ဓာတ်လမ်းပြီးသွားမှာမို့လား မောင်ရယ်၊ မြသွေးဘက်ကိုလည်း စဉ်းစားပေးပါဦး"

"အခု မောင့်အလိုအတိုင်း ရုံးမှာ နှစ်ဦးသဘောတူလက်ထပ်လိုက်ပြီဆိုပါတော့ မောင်က မောင့်မာမီကို စွန့်လွှတ်ပြီး မြသွေးနဲ့အတူ နေရဲလို့လား၊ နေနိုင်လို့လားဟင်"

"မြသွေးရယ်...မောင်တော့ ရှုံးချင်နေပြီ၊ မွေးကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ဘူး၊ မာမီ့ကိုလည်း အဆုံးရှုံးမခံနိုင်ဘူး"

မောင့်ထံမှ အခက်အခဲကို မြသွေး နားလည်ပါသည်။ မောင့်မာမီက သူ၏ကျန်းမာရေးကို အကြောင်းပြပြီး မွေးကိုလက်ထပ်ခိုင်းနေပြီဟု သိလိုက်သည်။ မောင်ကလည်း ထိုသို့မလုပ်နိုင်။

မြသွေးရှေ့မှာ မောင် စိတ်မချမ်းမသာ ဖြစ်နေတာကိုမြင်ရတော့ မြသွေးနှလုံးသားတွေ နာကျင်လာသည်။

"မြသွေးတို့မှာ အဖြေတစ်ခုခုတော့ ရှိရမှာပေါ့မောင်၊ မောင်က မြသွေးကိုချစ်သလို မြသွေးကလည်း မောင့်ကိုသိပ်ချစ်တယ်ဆိုတာ မောင်ယုံတယ်မဟုတ်လားဟင်"





"ယုံပါတယ်အချစ်ရယ်...ယုံပါတယ်၊ မြသွေးကိုသိပ်ချစ်လွန်းလို့လည်း မောင် အခုလို ခံစားနေရတာပေါ့"

မြသွေးလည်း မောင့်စကားကို ယုံပါသည်။

"ဖူးစာမှန်ရင် ဆုံကြရမှာပေါ့မောင်ရယ်"

"မြသွေးရယ်"

မောင့်ရင်ခွင်မှာ မြသွေး ခေါင်းအပ်လျက် ငြိမ်သက်နေမိသည်။ ဖူးစာအမှန်တကယ်ရှိသည်လား။ မရှိဘူးလားဆိုသည်ကိုက မြသွေးကိုယ်တိုင်လည်း မသိသလို မောင်ကိုယ်တိုင်လည်း သိနိုင်မည်မဟုတ်။

အရာရာသည် ကံတရားအတိုင်းသာ ဖြစ်ရမည်ဟု စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်မှ မြသွေးရင်ထဲ နေသာသွားသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မြသွေးသည် မျက်စိတည်ရာမြင်ကွင်းကို မှိုင်းရီသော မျက်ဝန်းအစုံဖြင့် ငေးမောရူးစိုက်လျက် ငြိမ်သက်နေ၏။ လက်တွေ့ဘဝသည် တစ်ခါတစ်ရံ စိတ်ကူးယဉ်ထက် အဆပေါင်းများစွာ ပို၍ဆန်းကျယ်သည်က မြသွေးကိုယ်တွေ့ဖြစ်သည်။

နောက်ဆုံးတော့ မောင်သည်လည်းကောင်း၊ မြသွေးသည် လည်းကောင်း ကံဇာတ်ဆရာအလိုကျ ဆိုပြင်ပြရသူများသာတည်း။

"ဆရာမ...သွားလို့ရပါပြီဗျာ"

"သြော်...လာပါပြီရှင်"

မြသွေးသည် အတွေးပင်လယ်ကို ရပ်တန့်ကာ အသင့်ရပ်ထားသော ကားရှိရာသို့ လျှောက်လာခဲ့သည်။ ကားပေါ်တွင် မြသွေး၏ အဖော်မိန်းကလေး မတာမှာ ကြိုရောက်နေပြီမို့ သူမ ကားပေါ်တက်လိုက်သည်နှင့် စက်သံခပ်ကြမ်းကြမ်းဖြင့် နေရာမှ





ကားစထွက်ပါသည်။

"ကျေးဇူးအများကြီးတင်ပါတယ်နော် ဆရာမ"

"ရပါတယ်ရှင်...ကလေးရော လူကြီးရော ကျန်းမာတာကိုပဲ ဝမ်းသာလှပါပြီ"

အိမ်ရှင်မိသားစုမှာ ဝမ်းသာစိတ်ဖြင့် လက်ပြပြီး ကျန်ရစ်ခဲ့သလို မြသွေးမှာလည်း လက်ကလေးတပြပြနှင့် လှပသော မျက်နှာလေး ပြုံးမြနေပါသည်။

မြသွေးသည် သန့်စင်မွန်မြတ်လှသော အလုပ်ဖြင့် လူ့အသက်နှစ်ချောင်းကို ကယ်တင်ခွင့်ရသဖြင့် ကိုယ်တိုင်လည်း ကြည်နူးကျေနပ်လျက်ရှိသည်။

မြသွေးသည် အလယ်ရွာလေးသို့ ရောက်သည်မှာ မကြာသေးသော်လည်း ပျံ့မွှေးသော သူမသတင်းကတော့ ရွာနီးပတ်ဝန်းကျင်အထိ ပေါက်ရောက်လျက်ရှိသည်။ အထူးသဖြင့် ရုပ်ရည်လှပခြင်း၊ သဘောကောင်းခြင်း၊ ဆေးစွမ်းထက်ခြင်းများက လူပြောများစရာ သတင်းစကားဖြစ်နေ၏။

မြသွေးသည် သူမကို အလိုမရှိသော ပတ်ဝန်းကျင်မှ စွန့်ခွာထွက်ပြေးလာခဲ့သူဖြစ်သည်။ ထိုအတွက် မောင်က မြသွေးကို အသည်းမာသူ၊ ရက်စက်သူဟု ဆိုနိုင်သည်။ မြသွေးကိုယ်တိုင် အဘယ်မျှ ခံစားရသည်ကို မြသွေးပဲသိသည်။ ကာယကံရှင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော သူ့ထက် မည်သူမျှ ပိုသိနိုင်ကြမည်မဟုတ်သလို ပို၍ခံစားနိုင်မည်လည်းမဟုတ်ချေ။

မြသွေး ရုတ်တရက်ပျောက်သွား၍ မောင်တစ်ယောက် ဘည်းသာ ခံစားရသူဖြစ်ပြီး သူမကို နေရာအနှံ့ ရှာဖွေခဲ့သည်။ မဦးသည်လည်းကောင်း၊ မြသွေး၏မိခင်ကြီးသည်လည်းကောင်း မည်သူမျှ မြသွေးရှိသည့်နေရာကို ရုတ်တရက် ပြောမပြနိုင်ကြ။

မြသွေးကလည်း သူမရောက်ရှိနေသည့် နေရာကို မည်သူ့ကိုမျှ အသိမပေး။ နေရေးထိုင်ရေး အဆင်ပြေပါကြောင်း၊ ကျန်းမာချမ်းသာစွာရှိနေပါကြောင်း စိတ်မပူကြဖို့နှင့် စိုးရိမ်စရာမရှိပါကြောင်းမျှသာ အကြောင်းကြားခဲ့ရာ မြသွေးစာကို ထုတ်ပြရုံသာ တတ်နိုင်ကြပေသည်။

နောက်ဆုံး မောင် လက်လျှော့သွားသည်။

မိခင်ကြီး၏ဆန္ဒအတိုင်း ဖွေးကိုလက်ထပ်ဖို့ သဘောတူလိုက်ရသည်။ မောင့်မာမီ ပြန်ကျန်းမာလာသည်။ လက်ထပ်ပွဲကို အကြီးကျယ် အခမ်းနားဆုံးဖြစ်ရန် ပြောဆိုတိုင်ပင်ပြင်ဆင်ကြသည်ဟု ဆိုသည်။

မောင် လက်ထပ်မည့်ရက်မှာ မြသွေး ဒီရွာလေးမှာရောက်နေသည်။ ဘဝအသစ်ကို စိတ်သစ်လူသစ်နှင့် ပြန်စဖို့ ကြိုးစားသည်။ အလုပ်ထဲမှာ အာရုံကို နှစ်မြှုပ်ထားသည်။ အခုတော့ သူ





လည်း သူ့ဘဝနှင့်သူ။ မြသွေးလည်း ကိုယ့်ဘဝနှင့်ကိုယ် နေသားကျနိုင်အောင် နေတတ်ရပေတော့မည်။

ဒီကြားထဲ မဦးနှင့်မေမေ့ထံ စာများမပြတ် ရေးပို့သော်လည်း သူမရောက်ရှိနေသော နေရာကို လုံးဝအသိမပေးခဲ့ချေ။

"ရှေ့မှာ လူတစ်ယောက် ကားဘာဖြစ်လို့လဲမသိဘူး၊ ကားတားနေတယ် ရပ်ပေးလိုက်မယ်နော် ဆရာမ"

"ဟုတ်ကဲ့"

ကားမောင်းသူက မြသွေးထံမှာ ခွင့်တောင်းသလိုပြောပြီး သူ့ကားကို ဖူးကပ်နေသောကားနားတွင် အရှိန်လျှော့လျက် ထိုးရပ်ပေးလိုက်သည်။

"ဘာအကူအညီပေးရမလဲဗျာ"

"ကျွန်တော့်ကား…ဟာင်…မြသွေး"

"ကိုစိုးနောင်"

လုံးဝမျှော်လင့်ထားခြင်းမရှိသော နေရာမှာ လုံးဝထင်မှတ်မထားသူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဖော်မပြနိုင်လောက်အောင် အံ့သြဝမ်းသာပျော်ရွှင်သွားရသူက ကိုစိုးနောင်ဖြစ်ပါသည်။

သူ ဆေးရုံကမဆင်းခင်မှာပင် မြသွေးက သူ့မျက်စိရှေ့က ရုတ်တရက်ပျောက်သွားခဲ့ခြင်းကြောင့် စိုးနောင်ရော မိခင်ကြီးပါ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ကြသည်။ မြသွေးအပျောက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ပြီး ဝယ်ထားသော လက်ကိုင်အိတ်လေးကိုပင် ပေးခွင့်မရလိုက်သလို သူ့ရင်ထဲက ခံစားချက်တွေကိုလည်း ရင်ဖွင့်ခွင့်မရလိုက်ပါ။

မြသွေးအကြောင်း ဆေးရုံမှာမေးကြည့်တော့လည်း ခွင့်ရက်ရှည်ပဲ ယူသွားသလိုလို၊ အလုပ်ကပဲ ထွက်သွားသလိုလိုနှင့် တိကျရေရာသော အဖြေကို မရခဲ့။ နောက်ဆုံး သူတို့သားအမိ မြသွေးမိခင်ကြီးရှေ့ လက်ဆောင်ပစ္စည်းတွေနှင့် ရောက်ခဲ့ကြသည်။

မြသွေးမိခင်ကြီးထံ မြသွေးအကြောင်း မေးပြန်တော့လည်း အလုပ်ဖြင့် တစ်နေရာကို ပြောင်းသွားသည်ဟုပြောပြီး ဘယ်နေရာကိုဆိုသည်က အဖြေမရခဲ့။ သမီးက သူရှိနေတဲ့နေရာကို ဘယ်သူမှ မပြောရဘူးတဲ့ ကတိတောင်းထားလို့ပါဆိုသည့် စကားကြောင့် စိုးနောင်လည်း ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး ပြန်ခဲ့ရသည်။

မြသွေးကိုက တစ်နေ့မှမမေ့။

အကြောင်းတစ်ခုခုကြောင့် ဖြစ်မည်ဟု သိသော်လည်း ထိုအကြောင်းအရင်းကို စိုးနောင်ကိုယ်တိုင်လည်း သေချာမသိ။ မကျွမ်းခင်က လွမ်းနေရသော သူ့အဖြစ်က ဘယ်သူနှင့်မှမတူတာကိုပဲ အံ့သြနေကျင်နေမိသည်။

စိုးနောင်မိခင်ကြီးကိုယ်တိုင်က သားခံစားချက်ကို သိနေသဖြင့် လက်လှမ်းမှီသလောက် ချွေးမလောင်းအဖြစ် သတ်မှတ်ထားသော မြသွေးအကြောင်း ကျိတ်စုံစမ်းနေတာ သူသိပါသည်။



ဖြစ်ချင်တော့ မြသွေးဆိုသည့် ရွှေမင်းသမီးလေးက အလွမ်းမင်းသား စိုးနောင်ရှေ့ ကိုယ်ထင်ပြသလို ပြုံးခနဲရောက်လာတော့ စိုးနောင်မှာ စိတ်လှုပ်ရှားရလွန်းသဖြင့် ရင်တွေတဒိုင်းဒိုင်းဆောင့်ခုန်ရသည့်အထိ ဖြစ်ပါသည်။

“ရှာလိုက်ရတာ မြသွေးရယ်၊ တွေ့မယ့်တွေ့တော့လည်း ပြုံးစားကြီး ကျွန်တော့်ရှေ့ရောက်လာလာပဲလားဗျာ”

ဝမ်းသာခြင်းဖြင့် လှိုက်လှဲတုန်ရီသော အသံကြီးဖြင့် လှပသောမျက်နှာလေး သူ့မျက်စိရှေ့က ပြန်လည်ပျောက်ကွယ်သွားမှာစိုးသည့်အလား တစိမ့်စိမ့်ကြည့်ငေးရင်း ဆိုလာသူကြောင့် မြသွေးမှာ အနေရပင် ခက်သွားမိသည့်အထိ ဖြစ်ပါသည်။

“ရုတ်တရက်ကြီး ပြောင်းရွှေ့သွားရလို့ မြသွေးလည်း ကိုစိုးနောင်နဲ့ အန်တီကို နှုတ်မဆက်ခဲ့ရတာ ခွင့်လွှတ်ပါရှင်”

“ဆရာမတို့က မိတ်ဆွေတွေလား”

“ဟုတ်ကဲ့ခင်ဗျာ···မြသွေးနဲ့ ကျွန်တော်က တစ်မြို့တည်းသားတွေပါ၊ အခု ကျွန်တော်စီးလာတဲ့ကား ပျက်နေလို့ အလည်ရွာကို လမ်းကြုံရင် လိုက်ခဲ့ပါရစေ”

“လိုက်ခဲ့ပါဗျာ···ကျုပ်တို့ဆရာမကိုယ်တိုင်လည်း အလည်ရွာမှာနေတဲ့သူပါ”

“ဟုတ်ပါတယ် ကိုစိုးနောင်၊ အခု မြသွေး အလည်ရွာမှာ တာဝန်ကျနေပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"မြသွေးရယ်"

ကိုစိုးနောင်မှာ မြသွေးကို ပြောစရာစကားလုံးပေါင်း ထြောက်မြားစွာ ရှိနေသော်လည်း ပြောမဖြစ်၍ ပြန်လည်မျိုချလိုက်ရင်း ချစ်သူနှင့်အတူ ကားကြုံစီးရင်း အလည်ရွာသို့ သူမနှင့်အတူ ပါလာပါသည်။

ဒီတစ်ခါတော့ဖြင့် ဖြစ်လိုရာဖြစ်စေတော့။ မြသွေးဆိုသည့် ချစ်သူလေးကို ဘာအတွက်နှင့်မျှ မျက်စိအောက်က အပျောက်မခံနိုင်တော့ဟု ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချလိုက်သည်။

ကံတရားက ဆန်းကျယ်လှပေသည်။ ဥစ္စာရင်းမှန်၍ ပျောက်သောသူကို ပြန်ရှာတွေ့ရခြင်းမို့ အတွေးဖြင့် ကြည်နူးမဆုံးသလို တည်ကြည်ခန့်ညားသော စိုးနောင်နှုတ်ခမ်းအစုံမှာလည်း ပြုံးယောင်သန်းနေပါသည်။

တစ်လမ်းလုံးလည်း ချစ်သူမျက်နှာကို တစ်ချိန်လုံး ခိုးကြည့်လာရာ မြသွေးနှင့် မကြာခဏ အကြည့်ခြင်း ခလုတ်တိုက်မိသဖြင့် နောက်တော့ မြသွေးက သူ့ကို လုံးဝမကြည့်တော့ချေ။

ချစ်လိုက်ရတာ မြသွေးလေးရယ်။

မြသွေးကို ကိုယ်သိပ်ချစ်တယ်။

ရှိုက်လှဲသော မြတ်နိုးခြင်းများဖြင့် စိုးနောင်ရင်ထဲက တိုးတိတ်စွာ ဆိုလိုက်သံကို မြသွေး မကြားပါ။

"ဆရာကြီးကို ဘယ်အိမ်ပို့ပေးရမှာလဲဗျာ"



"ကျွန်တော့်ကို ဦးစိန်ခြိကို ပို့ပေးပါဦးကြီး၊ သူတို့အိမ်မှာ သစ်ခွဲစက်ရှိပါတယ်"

"သြော်...သိပြီ...သိပြီ ဒါဆို ဆရာမတို့ကို အရင်ဝင်ချပေးခဲ့ရမှာပဲ"

"ဟုတ်ကဲ့ပါဦးလေး အခုလိုလိုက်ပို့ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်ရှင်"

"ကျုပ်တို့ကသာ ဆရာမကို ကျေးဇူးတင်ရမှာပါဗျာ"

"ကဲ...ရောက်ပြီဗျား"

မြသွေးတို့ကို ရေနံချေးရောင်ဝနေသော နှစ်ထပ်အိမ်မြင့်ကြီးရှေ့မှာ ရပ်ပေးသဖြင့် မြသွေးနှင့် အဖော်မိန်းကလေးတို့ ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ကျွန်တော် သွားတော့မယ်နော် မြသွေး၊ နောက်နေ့မှ လာလည်မယ်"

"ကောင်းပါပြီရှင်"

ကိုစိုးနောင်ကို တင်ဆောင်သွားသော ကားလေး မြင်ကွင်းမှ ပျောက်သွားသည့်အထိ ငေးကြည့်ပြီးမှ အိမ်ကြီးပေါ်သို့ တက်ခဲ့သည်။ မမျှော်လင့်ဘဲ ကိုစိုးနောင်ဆိုသည့်လူနှင့် ပြန်တွေ့ရခြင်းအတွက် မြသွေးရင်မှာ ယန်းလှုသွားသည်။

မောင့်အတွက် နာကျင်နေခဲ့ရသော မြသွေး၏နှလုံးသားအထရာမှာ အနည်မကျနိုင်သေးသလို အနာလည်း မကျက်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် မြသွေးအနေနှင့် ကိုစိုးနောင်နှင့် ထပ်မဆုံလိုတော့ပါ။

သို့ပါသော်လည်း ကံတရား၏ တိုက်တွန်းပို့ဆောင်သည့်အတိုင်း မြသွေး မျက်စိရှေ့သို့ ကိုစိုးနောင်ရောက်လာခဲ့သည်ကို ဘယ်လိုမှမတတ်နိုင်။

သူ ဒီရွာလေးကို ဘာကိစ္စနှင့် ရောက်လာသည်ကိုက မြသွေး မသိ။ နောက်ရက်မှာ သူကတိအတိုင်း မြသွေးရှိရာကို ရောက်လာခဲ့ပါသည်။

"မြသွေး"

"လာ...ကိုစိုးနောင်၊ ဒီရွာကိုလာတာ ကိစ္စရှိလို့လားရှင်"

"အထူးအထွေတော့မရှိပါဘူး၊ ဦးစိန်ဆိုတာ ကျွန်တော့် ဘကြီးပါ"

"သော်"

"မရောက်တာကြာတာနဲ့ ဝင်လည်ရင်း မမျှော်လင့်ဘဲ မြသွေးနဲ့ ပြန်ဆုံရတော့ ကျွန်တော် ဘယ်လောက်ပျော်သွားတယ်ဆိုတာ ဖော်မပြနိုင်အောင်ပဲဗျာ၊ ကျွန်တော့်ရှေ့က မြသွေး ရုတ်တရက်ပျောက်သွားတည်းက နေ့တိုင်းသတိရနေတာ ဒီနေ့အထိပဲဆိုပါတော့"

"ကိုစိုးနောင်"

"ပြောလက်စနဲ့ ဆက်ပြောပါရစေ၊ မြသွေးကို ကျွန်တော် ချစ်တယ်"



"ဟင်"

"ဒီလိုပြောလို့ မြသွေးကို စော်ကားတယ်လို့ မထင်ပါနဲ့၊ ကျွန်တော့်မျက်စိရှေ့က မြသွေးကို နောက်တစ်ခါ ထပ်ပျောက်မသွားခင် ကျွန်တော့်ရင်ထဲရှိတာကို မြသွေးသိအောင် ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေလို့ပါ"

"မြသွေးကို ကျွန်တော်ချစ်တယ်၊ ကျွန်တော့်အချစ်ကို လက်ခံစဉ်းစားပေးပါ၊ မဖြစ်နိုင်ဘူးလို့တော့ မငြင်းလိုက်ပါနဲ့ဗျာ၊ မြသွေးဆီကအဖြေကို ဘယ်လောက်ပဲစောင့်ရစောင့်ရ ကျွန်တော် စောင့်နိုင်ပါတယ်"

သြော်...ကိုစိုးနောင်ဆိုတဲ့သူရယ်။ မြသွေးမျက်နှာကို တစ်ချက်မော့မကြည့်၊ သူပြောချင်ရာတွေကို တောက်လျှောက်ကြီး တဖွတ်ထိုးပြောချသွားတာကြောင့် မြသွေးမှာ ဘယ်လိုမှမဖြစ်နိုင်ပါကြောင်း ပြောဖို့စကားလေး နှုတ်တွန့်လို့သွားရပါသည်။

"ကိုစိုးနောင်ကို မြသွေး ပြောပါရစေဦးရှင်"

"ကျွန်တော့်ကို ငြင်းပယ်တဲ့စကားကလွဲရင် ကျန်တာကြိုက်သလောက်ပြောပါ မြသွေးရယ်၊ မြသွေးပြောသမျှ နားထောင်နေချင်တဲ့ စိုးနောင်ပါဗျာ"

"ကိုစိုးနောင်ရယ်"

"မြသွေးကို အဲဒီလိုစကားတွေ ချည်နှောင်ဖို့ မကြိုးစားပါနဲ့လားရှင်၊ တကယ်တော့ မြသွေးဆိုတာ နှလုံးသားမှာ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြည့်နေတဲ့သူပါ''

''မြသွေးအကြောင်းကို ကိုစိုးနောင် ဘယ်လောက်သိလို့လဲဟင်''

''ကျွန်တော် ဘာမှမသိဘူး၊ သိလည်းမသိချင်ဘူး မြသွေး၊ မြသွေး ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော် စိတ်မဝင်စားဘူး၊ အခုလက်ရှိ မြသွေးကိုပဲ ကျွန်တော်ချစ်တယ်၊ စိတ်ဝင်စားတယ်''

''ကျွန်တော့်ကို မြသွေးပြန်ချစ်ပါ၊ မြသွေးဆီက ချစ်ပါတယ်ဆိုတဲ့အဖြေဟာ ကျွန်တော့်ကိုရော ကျွန်တော့်အမေကိုပါ ဘယ်လောက်ပျော်ရွှင်စေတယ်ဆိုတာ မြသွေး သိမှာမဟုတ်ဘူး၊ မြသွေးကို ပြန်ရှာတွေ့ပြီဆိုတဲ့ သတင်းကြားတာနဲ့ မေမေကိုယ်တိုင် မြသွေးရှေ့ကို အပြေးရောက်လာမယ့်သူပါဗျာ''

''ကျွန်တော့်အတွက်ရော···ကျွန်တော့်အမေအတွက်ပါ လိုလားတောင့်တနေတဲ့ မိန်းကလေးဟာ မြသွေးတစ်ယောက်တည်းပါ မြသွေးရယ်''

ကိုစိုးနောင်က သူရော၊ သူ့မိခင်ကြီးပါ မြသွေးဆေးရုံက ရုတ်တရက်ပျောက်သွား၍ မြသွေးမိခင်ကြီးထံ ရောက်ခဲ့ပုံမှအစ မြသွေးကို တစ်ချိန်လုံး မေ့မရနိုင်အောင် တမ်းတလွမ်းဆွတ်သတိရနေရကြောင်း။ လိုက်လံရှာဖွေစုံစမ်းနေခဲ့ကြောင်း၊ မြသွေးမိခင်ကြီးမှ မြသွေးဘယ်မှာရှိမှန်း မသိကြောင်း ပြောပြပုံ အားလုံး မြသွေးကို ပြောပြနေရာ မြသွေးမှာ ကိုစိုးနောင်စကားဆုံးသည်နှင့် သက်ပြင်း





ကျယ်လောင်စွာ ချမိလေသည်။

မြသွေး၏ ကံတရားက ထူးခြားဆန်းကြယ်လှပေသည်။ တစ်ယောက်သောသူ ယောကျ်ားလေးရှင်ဘက်မှ မြသွေးကို ပစ်ပစ်ခါခါ လက်မခံနိုင်ပါကြောင်း ခါးခါးသီးသီး တုံ့ပြန်ချိန်မှာ တခြားတစ်ပါးသော ယောကျ်ားလေးရှင်ဘက်မှ မိခင်ကြီးကိုယ်တိုင် မြသွေးမှ မြသွေးဟု ယောကျ်ားလေးကိုယ်တိုင်က လိုလားတောင့်တနေသည်ဟု ဆိုပြန်သည်။

ထူးခြားသော ကံတရားက မြသွေးကို ဆန်းကြယ်စွာ လှောင်ပြောင်သရော်လိုက်ခြင်းမျှ ဖြစ်ပေသည်။

''မြသွေး''

''ရှင်···ကိုစိုးနောင်''

''ကျွန်တော့်ကို နည်းနည်းလေးမှ မေတ္တာမထားနိုင်ဘူးလားဗျာ''

''ချစ်ခြင်းမေတ္တာဆိုတာ ကုန်ပစ္စည်းရောင်းဝယ်သလို ဈေးအခင့်ဆိုပြီး ကိုယ်ပေးချင်တဲ့သူကို ပေးလို့ရတာမဟုတ်ဘူးဆိုတာ ကိုစိုးနောင်လည်း သိမှာပါရှင်''

''ဘာဖြစ်လို့ မြသွေးဆီက ချစ်မေတ္တာကို ဖွင့်အတင်းတောင်းခံချင်နေရတာလဲ''

''မြသွေးကို အဆုံးရှုံးမခံချင်လို့၊ မြသွေးကို သိပ်ချစ်နေလို့ဆိုရင် ကျွန်တော့်အဖြေ လုံလောက်ရဲ့လားဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးနောင်၏မျက်နှာကို မြသွေး ငေးခနဲကြည့်လိုက်မိသည်။ ချစ်ခြင်း၊ မြတ်နိုးခြင်းနှင့်အတူ မြသွေးကို စွန့်လွှတ်ဆုံးရှုံးရမှာ စိုးရိမ်ပူပန်နေသော ခံစားချက်များအားလုံး သူ့မျက်လုံးအစုံတွင် ထင်ဟပ်ပေါ်လွင်နေရာ စာနာစိတ်ဖြင့် ကိုစိုးနောင်အတွက် စိတ်မကောင်းဖြစ်သွားမိရုံမျှသာ တတ်နိုင်ပါသည်။

"အခုချိန်မှာ မြသွေးကိုယ်တိုင်လည်း အချစ်ရဲ့ ဆိုးဝါးတဲ့ ဝေဒနာကို ခံစားနေရတုန်းမို့ ကိုစိုးနောင်ကို စာနာနားလည်ပေးနိုင်ပါတယ်ရှင်၊ လောလောဆယ်မှာ ဒီအကြောင်းကို ဒါထက်ပိုပြီး မဆွေးနွေးနိုင်တာ မြသွေးကို ခွင့်လွှတ်ပါ"

"ဟိုမှာ လူနာတစ်ယောက်လာနေလို့ ဆေးကုသခွင့်ပြုပါ"

မြသွေးက ကိုစိုးနောင်အပါးမှ ယဉ်ကျေးသိမ်မွေ့စွာ လမ်းခွဲထွက်ခွာသွားပြီး သူမဆေးခန်းလေးမှာ လူမမာရောဂါသည်ကို စစ်ဆေးမေးမြန်းစမ်းသပ်ကုသနေတာကို ငေးငေးကြီးကြည့်ရင်း ကိုစိုးနောင်ရင်မှာ ချစ်ခြင်းမေတ္တာကို လှျံ့ယိုဖိတ်ကာ ရင်ဝယ်တသိမ့်သိမ့် လှိုက်ဖြာနေမိပါတော့သည်။

× × × ×



# အခန်း (၂၀)

အေးမြသော မြောက်ပြန်လေကြောင့် မြသွေး၏ ဆံပင်ရှည်များနှင့် အင်္ကျီလုံချည်စများမှာ လေနှင့်အတူ တဖျတ်ဖျတ် မျောလွင့်လှုပ်ခတ်နေ၏။

ဖြူနုဝင်းဝါသော မြသွေးကိုယ်ပေါ်တွင် မြစိမ်းရောင်ဝတ်စုံက မြသွေး၏အလှကို ပို၍ထင်းလင်းတောက်ပအောင် ကူညီဖြည့်စွမ်းပေးလျက်ရှိသည်။ ကိုစိုးနောင်သည် မြသွေးပြောပြ၍ ဒေါက်တာဦးမိုးနိုင်နှင့် မြသွေးတို့အကြောင်းကို ကြားသိပြီးနောက် ချစ်သူလေးကို သနားစိတ်ဖြင့် ပို၍ ကြင်နာမြတ်နိုးစိတ်တို့သာ သူ့တစ်ကိုယ်လုံး ကြီးစိုးမင်းမူနေပေသည်။

ချစ်သူအပေါ်မှာ နှိမ်ချမောက်မာစွာ ပြောဆိုဆက်ဆံကြသူများကို လက်စားချေတုံ့ပြန်ချင်စိတ်မှာ အဆိုးဆုံးဖြစ်သည်။ မြသွေးကို ယက်ထပ်ပြီးလျှင် သူတို့ထက် အကောင်းဆုံးထားမည်ဟု စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သောနှုတ်ထား၏။

မြသွေးက ကိုစိုးနောင် စိတ်ကူးနှင့် အတွေးအကြံအစည်ကို မသိ။ စိတ်လည်း ဝင်စားဟန်မတူ။ အဆုံးအစမရှိသော မိုးကောင်းကင်ကြီးသို့ ငေးမောကြည့်ကာ တွေဝေငြိမ်သက်လျက် အဖြူရောင်တိမ်တိုက်ကို စိတ်ကူးဖြင့် စီးမျောစေပြီး သူမစွန့်ခွာခဲ့ရသော ချစ်သူမောင်ထံ လိုက်ပါသွားနေ၏။

အခုချိန်ဆိုလျှင် ဖွေးနှင့်အတူ ပျော်ရွှင်စရာ ချစ်ကမ္ဘာလေးကို တည်ဆောက်နေမည်လော။ သို့တည်းမဟုတ် တခြားတစ်ပါးသော အကြောင်းအရာများဖြင့် မအားလပ်နိုင်အောင် အလုပ်များနေမည်လောဟုတွေးရင်း မြသွေးဆိုသည့် အညတြရ မိန်းကလေးတစ်ယောက်ကို သတိရနိုင်လိမ့်မည်မဟုတ်ဟု တွေးကာ ထိုနေရာမှပင် မြသွေး စိတ်ကူးဖြင့် မျှော်မှန်းကြည့်သော အတွေးကမ္ဘာမှာ ဝမ်းနည်းကြေကွဲဖွယ် ရပ်တန့်အဆုံးသတ်သွား၏။

"မြသွေး"

"ကိုစိုးနောင်"

သူမမျက်စိရှေ့တည့်တည့်သို့ မားမားကြီး ရပ်တန့်လာသူကြောင့် အတွေးကမ္ဘာမှ အလန့်တကြား နိုးထလာသော မြသွေးမှာ ကိုစိုးနောင်မျက်နှာကို အံ့ဩသလို မော့မော့လေး ကြည့်လိုက်မိသည်။

"တစ်ယောက်တည်း ငြိမ်ပြီးဘာတွေတွေးနေတာလဲဗျာ



ကျွန်တော်မေးတာကို မြသွေး မကြားလိုက်ဘူးမဟုတ်လား"

"ကိုစိုးနောင် ဘာမေးလိုက်တာလဲဟင်၊ မြသွေး သတိမထားလိုက်မိလို့ပါ"

မြသွေး အဖြေစကားကို သူ မြတ်နိုးစွာပြုံးလိုက်သည်။ လှပသော မြသွေးသည် သူမအပါးတွင် သူမအား ချစ်ခြင်း၊ မြတ်နိုးခြင်းဖြင့် သူမမေတ္တာကို စောင့်မျှော်သူတစ်ယောက် ရှိနေသည်ဟု အမှတ်ရဟန်မတူချေ။

"ကျွန်တော့်ကို မြသွေး ဘယ်တော့လက်ထပ်မလဲလို့ မေးနေတာပါဗျာ"

"မဖြစ်နိုင်တာရှင်...မြသွေးက ရှင့်ကို ဘာလို့လက်ထပ်ရမှာလဲ"

အံ့ဩမယုံနိုင်သော မျက်ဝန်းအစုံဖြင့် သူ့ကို စူးစမ်းအကဲခတ်သလို မော့ကြည့်လာပုံလေးက ကိုစိုးနောင်ရင့်ထဲက အချစ်စိတ်တွေကို လှုပ်နှိုးနေသကဲ့သို့ ဖြစ်ပါသည်။

"လက်ထပ်သင့်တဲ့ လူတစ်ယောက်မို့ လက်ထပ်ရမှာပေါ့ဗျာ၊ မြသွေးကို ဒီပုံစံအတိုင်း တစ်ယောက်တည်း မထားနိုင်တော့ဘူး"

မြသွေးက သူ့စကားအဆုံးမှာ ချစ်စရာကောင်းအောင်ပြုံးရယ်လိုက်ပါသည်။

"ဖြစ်မှဖြစ်ရလေရှင်...အခု မြသွေးက ဘာတွေများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေလို့လဲ''

''သိပ်လှနေလို့ . . . သိပ်ချစ်စရာကောင်းနေလို့ပါဗျာ၊ မြသွေးကို ကျွန်တော် စိတ်မချဘူး၊ တခြားသူတစ်ယောက် လက်ဦးသွားမှာထက်စာရင် ကျွန်တော်ကပဲ မြသွေးကို အရင်ဦးဆုံး ပိုင်ဆိုင်ချင်တယ်''

မရယ်မပြုံး ခပ်တည်တည်ကြီး စူးစိုက်ကြည့်ရင်း ပြောလာသည့် ကိုစိုးနောင်ပုံစံကြီးက အခုပဲ တစ်ခုခုထလုပ်တော့မည့်ပုံမျိုးမို့ ပြုံးနေသော မြသွေးနှုတ်ခမ်းပေါ်က အပြုံးတို့ ကွယ်ပျောက်သွားသည်။

''မြသွေး''

''အိုး . . . ကိုစိုးနောင်''

''ချစ်တယ် မြသွေးရယ်''

''သိပ်ချစ်တယ်''

''မြသွေးကို ဒီလိုဖွတ်မလုပ်ပါနဲ့ ကိုစိုးနောင်၊ မြသွေး မကြိုက်ဘူး''

''ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်းသတ်တော့ မြသွေး မြသွေးကို ကိုယ်ချစ်တယ်''

''ကိုစိုးနောင်''

''ရှင်နော်''

''အို''



သူသည် မြသွေးနှင့် ပြန်ဆုံတွေ့ပြီးနောက် သူမထံမှ တခြားတစ်ပါးသို့ ထွက်ခွာမသွားလိုသူဖြစ်သည်။ ထို့ကြောင့် မြသွေးရှိရာသို့ မြသွေးက နှင်ပြုပြုမပြုပြု သူက ရောက်အောင် လာခဲ့သူဖြစ်သည်။

သူ့စိတ်ထဲတွင် မြသွေးကို အဆုံးရှုံးမခံတော့ပြီဟု ပိုင်းဖြတ်ထားရာ မြသွေးက သူ့ကို ဂရုစိုက်လှပဟန်မပြဘဲ ဥပေက္ခာပြုလျှင် ဘယ်လိုမှ မခံမရပ်နိုင်သည့်အဆုံး အခုလိုဖြုန်းခနဲ ပေါက်ကွဲဖို့ ဖြစ်လာရခြင်းတည်း။

မြသွေးက ကိုစိုးနောင်ကို ဤမျှရမ်းကားလိမ့်မည်ဟု ထင်မထားခဲ့သူဖြစ်သည့်အတိုင်း သူမအပေါ် စိတ်ရှိတိုင်း ကြမ်းရမ်းသူကို ပြင်းထန်စွာ ရိုက်နှက်ခြင်းဖြင့် အဆုံးသတ်အပြစ်ပေးလိုက်၏။

အသားချင်းထိခတ်သံအဆုံးမှာ ကိုစိုးနောင်သည် မတုန်မလှုပ် အမူအရာဖြင့် မြသွေးရှေ့မှာ ရပ်နေမြဲဖြစ်သည်။

''ရှင်ထွက်သွား . . . ရှင့်မျက်နှာကို နောက်ဘယ်တော့မှ မမြင်ချင်ဘူး''

''ရှင့်ကို ကျွန်မမုန်းတယ် . . . သိပ်မုန်းတယ်သိလား''

ပြောရင်း မြသွေး ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်စီးကျလာ၏။ မြသွေးထံမှ စကားဆုံးလျှင် ထိန်းမရအောင် ပျက်သွားသော ကိုစိုးနောင်မျက်နှာကို စိတ်မသက်သာစွာ

www.burmeseclassic.com

www.burmeseclassic.com



တွေမြင်ရသော်လည်း မြသွေး မသနားမိချေ။

"မြသွေး"

"ရှင်…ကျွန်မနာမည်ကို မခေါ်ပါနဲ့၊ ရှင့်လိုလူနဲ့လည်း စကားမပြောချင်ဘူး၊ ရှင်…ရှင် အလကားလူသီလား"

"မငိုပါနဲ့ မြသွေးရယ်၊ မကျေနပ်ရင် ကိုယ့်ကိုထပ်ရိုက်ပါ"

"ရိုက်လေ"

"အို…ကျွန်မလက်ကိုလွှတ်"

"မလွှတ်ဘူး…မြသွေး ကိုယ့်ကိုမုန်းတယ်မဟုတ်လား၊ မြသွေးကို စိတ်ဆိုးအောင် မျက်ရည်ကျအောင် လုပ်မိတဲ့ ကိုယ့်ကို မြသွေး ကြိုက်သလိုအပြစ်ပေးပါ"

"ရိုက်လေ…ထပ်ရိုက်စမ်းပါ"

ကိုစိုးနောင်က မြသွေးလက်ကလေးတစ်ဖက်ကို ဆွဲယူပြီး သူ့ပါးကို အဆက်မပြတ် ရိုက်နှက်စေသော်လည်း မြသွေးက သူခိုင်းသလို မလုပ်ပါ။ သူမလက်ကလေးကိုသာ သူ့လက်ထဲက မျက်ရည်စက်လက်နှင့် ရုန်းယူဖို့ ကြိုးစားနေပါသည်။

"ရှင်…ကျွန်မလက်ကို လွှတ်နော်"

"လွှတ်ဆို"

"ကောင်းပြီ…ကိုယ့်ကို မြသွေး မရိုက်ရင် ကိုယ့်ကိုယ်ကိုပဲ အပြစ်ပေးမယ်"



"ကဲကွာ"

"အို…မလုပ်ပါနဲ့"

"ဒုန်း"

"အမလေး"

"ကဲ…ကဲ"

သစ်ပင်ကို လက်သီးဖြင့် တစ်အားထိုးချလိုက်ရာ မြသွေး ရှေ့မှာပင် ဆင့်ကာ ဆင့်ကာ ထပ်ထိုးနေသဖြင့် ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်ဘဲ မြသွေးကပဲ ဝင်ဆွဲရပါသည်။

"ရှင်…ရှင် ကျွန်မကို ဘယ်လိုအငြိုးနဲ့ ဒီလောက်နှိပ်စက်နေရတာလဲဟင်၊ ကျွန်မကြောင့် ရှင်တစ်ခုခုဖြစ်သွားရင် ကျွန်မ ဘယ်လိုလုပ်ရမှာလဲ"

"မြသွေးကြောင့် မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို အပြစ်ပေးတာပါ"

"ငိုပါနဲ့ဗျာ…မြသွေး မျက်ရည်တွေကို ကိုယ် ရင်မဆိုင်ပါရစေနဲ့"

သူ့ကြောင့် မြသွေး စိတ်ဆင်းရဲရသလို မြသွေးမျက်ရည်နှင့် အမုန်းစကားကလည်း ကိုစိုးနောင်၏ ရင်ကို နာကျင်ထိခိုက်စေသည့်အဖြစ်ကို မြသွေး နားလည်ချင်မှလည်း လည်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သိသာစွာ အိုမင်းရင့်ရော်သွားသည့် မျက်နှာနှင့် လက်မှာ သွေးထွက်နေသူကို မျက်ရည်တွေကြားက မြသွေး ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"အို"

ကိုစိုးနောင်မျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပါလား။ လက်ကဒဏ်ရာကပဲ နာလို့လား၊ မြသွေးစကားတွေကပဲ သူ့နှလုံးသားကို ထိခိုက်နာကျင်စေခြင်းလားဆိုတာ ခွဲခြားမသိပေမယ့် ဒီလို ဖွတ်တရွတ်လူမျိုးကိုတော့ မြသွေး မုန်းပါသည်။

"ရှင့်ကို သိပ်မုန်းတယ်သိလား"

"မြသွေး"

နောက်ပါးဆီမှ ခေါ်သံကို ကြားသော်လည်း မြသွေး လှည့်မကြည့်ဘဲ အိမ်ဘက်ကို တစ်အားစွတ်ပြေးထွက်ခဲ့ပါသည်။ သူလိုလူတစ်ယောက်ကို စိတ်ချယုံကြည်နေခဲ့မိခြင်းမှာ မြသွေး အမှားဖြစ်သည်။

အိမ်နားရောက်မှ ကိုယ်ရှိန်သတ်ပြီး သူမအခန်းထဲ ဝင်လှဲနေလိုက်သည်။ ကိုစိုးနောင်တစ်ယောက်တည်း ဘယ်လိုပုံစံဖြစ်ကျန်ခဲ့မည်ကို မြသွေး မစဉ်းစားတော့ပါ။

ဒီလိုပုံနှင့် ရှေ့ဆက် ဘယ်လိုစခန်းသွားရပါဟု သားတွေးနေမိသည်။ သူ့ပုံစံက အလွယ်နှင့် အလျှော့ပေးမည်မဟုတ်



မှန်းသိတော့ ခက်သည်။ ဒီနေရာက တခြားတစ်နေရာကို ပြောင်းပြေးရမည်လားဟု တွေးကြည့်သည်။

ဒီလိုသာဆိုလျှင် ခက်ရချည်ရဲ့ဟု ပြန်စဉ်းစားရင်း သူ့ကို ခပ်တည်တည်နေပြီး ခပ်ပြတ်ပြတ် ပြောဆိုဆက်ဆံတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဆရာမ"

"ဘာလဲ မတာ"

"အောက်မှာ လူနာရောက်နေတယ်၊ လက်မှာလည်း သွေးတွေနဲ့"

မတာစကားကြောင့် လက်မှာသွေးတွေနှင့် ကျန်ရစ်ခဲ့သော ကိုစိုးနောင်မျက်နှာကို ဖျတ်ခနဲ ပြေးမြင်ယောင်လိုက်ရင်း မြသွေးရင်မှာ ဒိန်းခနဲဖြစ်သွားသည်။

"လူနာက ဘယ်သူလဲ"

"ဆရာမရှည်းစားလေ"

"အို"

"ကျွန်မအရင်ဆင်းနှင့်မယ်နော်"

မတာက သူမပြောချင်ရာပြောပြီး မြသွေးအရင် ဆင်းသွားနှင့်တာမို့ မြသွေး နှုတ်ဆွံ့အပြီး ကျန်ရစ်ခဲ့သည်။ မြသွေးဆိုသည့် အပျိုမလှလှဆီ အမြဲလာနေသော လူပျိုချောချောကို ဤသို့ဆေးမြင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာလည်း သူတို့အပြစ်ဟုမဆိုသာ။

မျက်နှာချင်းမဆိုင်လိုသော်လည်း မတတ်နိုင်။ လေးကန်သော ခြေလှမ်းများဖြင့် အောက်ထပ်ကို ဆင်းခဲ့ရသည်။ ထင်သည့်အတိုင်းပင် မြသွေးအလာကို မျှော်ငေးနေသော မှိုင်းညို့သောမျက်ဝန်းအစုံက သူမမျက်နှာလေးကို မြင်သည်နှင့် ဝင်းလက်သွားတာကို မြင်လိုက်ရသည်။

ကိုစိုးနောင် စိတ်ထဲမှာ လာသာလာခဲ့ရသည်။ သူ့ကို မြသွေး ဆင်းတွေ့မည်မဟုတ်ဟုတွေးပြီး ရင်ပူစိုးထိတ်နေခဲ့ရသမျှ လှပသည့် ချစ်သူမျက်နှာလေးကို မြင်တွေ့ခွင့်ရသဖြင့် ရင်ထဲက အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။

တည်တင်းလှပသော မျက်နှာလေးဖြင့် မြသွေး သူ့ရှေ့ရောက်လာသည်။

ဆောင့်ဆောင့်စုစုလေးနှင့်ပင် သူ့လက်က အနာကို အရက်ပျံနှင့် သန့်ရှင်းရေးလုပ်ပြီး ဆေးထည့်ပတ်တီးစည်းပေးလိုက်ရပေမယ့် ပါးစပ်ကတော့ ဘာတစ်ခွန်းမှ မပြောမိ။

ကိုစိုးနောင်က လှပသော မြသွေးမျက်နှာပေါ်က အစိတ်အပိုင်းအားလုံးကို အနီးကပ်ရင်ခုန်စွာ လိုက်ကြည့်ရင်း စူကောက်ကောက်ဖြစ်နေသော နှုတ်ခမ်းရဲရဲလေးထံ အကြည့်အရောက်မှာ ရင်ထဲနွေးခနဲ ဖြစ်သွားသည်။



"ဆေးထိုးဦးမှာလားဟင် မြသွေး"

မြသွေးထံမှ ဘာသံမျှ ထွက်မလာဘဲ ဆေးတွေကို အိတ်ကလေးတစ်လုံးထဲ စုထည့်ပြီး သူ့ကို လှမ်းပေးသဖြင့် ယူထားလိုက်ရသည်။

"မနက်ဖြန်လာရဦးမှာလား"

"ဘယ်တော့မှမလာနဲ့"

"မြသွေးရယ်"

သူမစကားကြောင့် ချစ်စနိုးပြုံးရယ်မိတော့မည့် နှုတ်ခမ်းအစုံကို မနည်းဘရိတ်အုပ်လိုက်ရသည်။ မြသွေးက သူ့ကိုမကြည့်။ နေရာမှ ခပ်တည်တည်လေး ကျောခိုင်းထွက်ခွာသွားရာ သူလည်း ချစ်သူပေးသော ဆေးထုပ်ကလေးကို ကိုင်၍ ကြည်နူးကျေနပ်မြင်းတွေနှင့် မြတ်နိုးနှစ်သိမ့်စွာ ကျိတ်ပြုံးလိုက်မိရပါတော့သတည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မြသွေး"

"ဟင်…ရှင် ဒါကဘယ်လိုဖြစ်တာလဲ"

နှစ်ရက်တိတိ ပျောက်သွားပြီးမှ မြသွေးရှေ့ကို အနွေးထည်ကြီးဖြင့် အဖျားတက်ပြီး ရောက်လာသော ကိုစိုးနောင်ကြောင့် မြသွေးမှာ မျက်နှာလေးပျက်သွားရပါသည်။

လက်ကအနာကို ကြည့်လိုက်တော့လည်း မန်းဝင်ပြီးယောင်နေသည်။ အဖျားကို တိုင်းကြည့်လိုက်တော့လည်း မျက်လုံးလေးပိုင်းသွားရသူက မြသွေးဖြစ်သည်။ လူနာဖြစ်တဲ့ သူ့ကိုကြည့်လိုက်တော့ မြသွေး အခုလိုဖြစ်နေတာလေးကိုပဲ သူ့မျက်နှာက ကျေနပ်နေသလိုလို ပျော်နေသလိုမို့ မြသွေးမှာ ကလေးမဟုတ်ဘာမဟုတ် တမင်ပေကတ်ပြီး ဆိုးနေတာကို ဘယ်လိုအပြစ်ပေး



မှန်းမသိ ဖြစ်နေသည်။

"ရှင်…မှန်မှန်ပြောစမ်း၊ ကျွန်မပေးလိုက်တဲ့ဆေးတွေ မသောက်ဘူးမဟုတ်လား"

"အင်း"

"ဟင်"

"ရှင့်ကိုယ်ရှင် မဖျားဖျားအောင်လုပ်ပြီး ကျွန်မဆီကို လာတာပေါ့လေ"

"ဒီအတိုင်းလာရင် မြသွေးက ကိုယ့်ကို ပိုမုန်းမှာမဟုတ်လား၊ ဒါကြောင့် လူနာအဖြစ်ဆေးလာကုတာပါ"

ဒေါသဖြစ်လွန်း၍ မြသွေးမှာ စိတ်ရှိသလောက် အော်ဟစ်ပေါက်ကွဲခွင့်မရတိုင်း နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်ရင်း သူမရှေ့မှ လူနာကို အပြင်းအထန် စိတ်ဆိုးဒေါသဖြစ်နေပါသည်။

ထို့ကြောင့် ကိုစိုးနောင်မျက်နှာကို တင်းမာခက်ထန်သော မျက်ဝန်းအစုံဖြင့် မျတ်ခနဲ စူးစိုက်ကြည့်ပစ်လိုက်တော့ သူမကို ဘယ်အချိန်ထဲက ကြည့်ငေးနေမှန်းမသိသော မျက်ဝန်းများကြောင့် မြသွေးမှာ ပို၍ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

"ဒီမယ်"

"ပြောပါ မြသွေး၊ ကိုယ်နားထောင်နေပါတယ်"

"ရှင့်လိုလူကို ကျွန်မ ဆေးခန်းက ဆေးကုမပေးနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ရှင့်၊ တခြားတစ်နေရာကို သွားပြပါ”

“ကျွန်မသွားမယ်”

“မြသွေး”

“အို…ဒါဘာလုပ်တာလဲ၊ ဖယ်ပါ”

မြသွေး သွားမည့်လမ်းရှေ့က ဗြုန်းခနဲ ဝင်ရောက်လိုက်တာမို့ မြသွေးမှာ သူ့ရင်ခွင်ထဲ တိုးဝင်မိလုမတတ် အနေအထားမှ အချိန်မီ ရပ်တန့်လိုက်ရသည်။

“ကိုယ်တောင်းပန်ပါတယ် မြသွေးရယ်၊ ကိုယ့်ကို မမုန်းပါနဲ့၊ မြသွေးဆီက အမုန်းနဲ့ ဥပေက္ခာပြု စိမ်းကားတဲ့ဒဏ်ကို ကိုယ် မခံစားနိုင်ဘူး”

“အိုး…အဲဒါကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ၊ ဘယ်သူက အရင်စိတ်ဆိုးအောင် လုပ်တာလဲဆိုတာ ကိုယ့်ဘာသာသိမှာပေါ့”

“အဲဒီအတွက် မြသွေးကို ကိုယ်တောင်းပန်နေပြီပဲဗျာ ကိုယ့်ကို အခုလိုကြီး စိမ်းစိမ်းကားကား မဆက်ဆံပါနဲ့၊ ကိုယ့်ကို ကြိုက်သလောက် ရိုက်ချင်ရိုက်ပါ၊ ကိုယ်ခံပါ့မယ်”

“အခုလိုတော့ မစိမ်းကားပါနဲ့လားဗျာ”

“အပိုတွေပြောမနေပါနဲ့ရှင်…ကျွန်မရှေ့က အခုဖယ်ပါ”

“မဖယ်ဘူး”

“ဟင်”



“မြသွေး ကြိုက်သလိုလုပ်၊ ဆေးမကုချင်လည်းနေ၊ ကိုယ် မြသွေးကို သိပ်ချစ်တယ်”

“ရှင်နော်”

“မြသွေး”

“အို”

“လွှတ်စမ်း”

“ဟင့်အင်း”

“သိပ်ချစ်တယ် မြသွေးရယ်”

ခြစ်ခြစ်တောက် ပူနေသော အဖျားရောဂါကို ဂရုမစိုက်။ လက်ကအနာကို စိတ်မဝင်စား။ မြသွေးတစ်ယောက်တည်း ညဘက်ဆေးခန်းမှာရှိနေချိန် ရောက်လာသောလူရမ်းကားကို အပြစ်တင်စကားဆိုချင်ပေမယ့် သူက ခွင့်မပြု။

“မြသွေး”

“မခေါ်နဲ့ ရှင့်အသံကိုမကြားချင်ဘူး”

“မြသွေးရယ့်”

ပါးပြင်ပေါ်စီးကျလာသော မျက်ရည်တွေကို လက်ဖဝါးအုပ်သုတ်ရင်း သူမရှေ့တည့်တည့်ကလူကို လက်သီးဆုပ်လေးများဖြင့် မရပ်မနား ထုရိုက်မိသည်။

သူက မနာကျင်တတ်သော လူတစ်ယောက်လို မြသွေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်တော့နုပ်သည်အထိ ကျိတ်ခံနေသည်ကို မြသွေးမှာ ပို၍ဒေါသဖြစ်ရပါသည်။

"သိပ်ချစ်နေပြီ မြသွေးရယ်၊ ကိုယ့်ကို မမုန်းပါနဲ့ဗျာ"

"မုန်းတယ်ရှင့် မုန်းတယ်၊ လူကိုအနိုင်ကျင့်နေတဲ့ ရှင့်ကိုပဲ ကျွန်မချစ်ရဦးမှာလား"

"အဲဒါ မြသွေးကိုချစ်လို့၊ ကိုယ့်ချစ်သူကို ဘယ်တော့မှ အနိုင်မကျင့်ဘူး"

"အို…တော်ပြီ…တော်ပြီ၊ ရှင်နဲ့ ဘာမှပြိုင်မပြောချင်ဘူး"

"ဆရာမ"

"ဟော…မတာ ပြန်လာပြီထင်တယ်၊ မျက်ရည်တွေ သုတ်လိုက်ပါဦး မြသွေးရယ်"

ပါးပေါ်က မျက်ရည်တွေကို ကမန်းကတန်း ဖယ်ရှား သုတ်နေချိန်မှာ ကိုစိုးနောင်က လူနာခုတင်ပေါ်မှာ လဲလျောင်းငြိမ်သက်နေပါသည်။

"ကြည့်ပါဦး ဆရာမရယ်၊ ဒီမှာလေ ဆရာမအတွက်ဆိုပြီး အမေပေးလိုက်တဲ့ လက်ဆောင်တွေ"

"ဪ…လူနာလည်းရှိနေတာကိုး၊ ကျွန်မ ပစ္စည်းတွေ သွားသိမ်းလိုက်ဦးမယ်နော် ဆရာမ"



"အေး…အေး"

မတာက မြသွေးနှင့် ကိုစိုးနောင်ကို အဓိပ္ပါယ်ပါပါ ကြည့်ရင်း ပြုံးစိစိအမူအရာနှင့် အလိုက်တသိပင် ရှောင်ထွက်သွားရာ မြသွေးမှာ အောင့်သက်သက်နှင့်ပင် ခုတင်ပေါ်က လူမမာဆိုသူကို လိုအပ်သည့် စစ်ဆေးမှုတွေပြုပြီး ဆေးကုသလိုက်ရပါသည်။

"ဒီဆေးကို သုံးရက်သောက်ပါ၊ ရောဂါပျောက်သွားရင်လည်း နောက်ထပ်လာဖို့မလိုတော့ပါဘူး"

"ဆေးဖိုးဘယ်လောက်ကျလဲဟင် မြသွေး"

"တစ်ထောင်"

"တစ်ထောင့်ငါးရာပေးလို့ မရဘူးလားဗျာ"

"ရှင်…ဘာပြောလိုလဲဟင်"

စကားမပြောချင်ပါဘူးဆိုလည်း မရ။

မြသွေးကို ဒေါသမဖြစ်ဖြစ်အောင် ပြောနေတော့ မြသွေးလည်း တိုးတိုးကျိတ်ကျိတ် ရန်တွေ့စကားဆိုမိသည်။

"မြသွေးကို သိပ်ချစ်နေတဲ့လူပါဗျာ၊ ကိုယ်ပေးတဲ့ တစ်ထောင့်ငါးရာကို ယူပါနော်"

"ရော့…ဟောဒီမှာ"

"အို"

ဒီလူနှင့်တော့ မလွယ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဗွတ်တရွတ် သူထင်ရာတွေ လျှောက်လုပ်နေသည်။ ဆေးထိုးပြီး သောက်ဆေးပေးလိုက်လို့လည်း မြသွေးစကားကို နားထောင်ပြီး မြသွေး ဆေးခန်းကို မလာဘဲနေမည်မဟုတ်။

အကြောင်းပြချက်တစ်မျိုးမျိုးနှင့် ရောက်အောင်လာမှာ သေချာသည်။ သူ့ဘာသာ ထင်ရာမြင်ရာလုပ်နေတာက အရေးမကြီး။ ပတ်ဝန်းကျင်က ရှိသေးသည်။ အခုပဲ မတာက သူနဲ့မြသွေးကို သမီးရည်းစားချစ်သူစုံတွဲဟု ထင်နေသည်။ တခြားသူတွေကိုလည်း ဒီလိုပဲလျှောက်ပြောနေမှ ခက်မည်။

မြသွေးက မဟုတ်ဘူးလို့ ရှင်းပြလည်း ယုံမည်မဟုတ်။ သူပေးခဲ့သည့် ငွေစက္ကူတွေကို နီးရာအိတ်ထဲ ထည့်ထားလိုက်ပြီး တစ်ယောက်တည်း စိတ်ညစ်နေမိသည်။

"ဆရာမ…ထမင်းစားတော့မလားဟင်၊ ကျွန်မတော့ ဗိုက်ဆာနေပြီ၊ ထမင်းပွဲပြင်လိုက်တော့မယ်နော်"

"အင်း…အင်း ပြင်လိုက်လေ မြသွေးလည်း ဆာနေပါပြီ"

စကားကို အလိုက်သင့် ပြန်ပြောလိုက်ရပေမယ့် ထမင်းတကယ်ဆာနေတာမဟုတ်။ ကိုစိုးနောင်ကြောင့် စိတ်တွေလှုပ်ရှားပြီး ရင်တွေတုန်နေတာပဲသိသည်။ မတာက ထမင်းပွဲကို စုံလင်မြိုင်ဆိုင်စွာ ပြင်ဆင်ထားသည်။





ဆိတ်သားနှပ်၊ ပဲကြီးနှင့် ဆူးပုပ်ညွန့်ဟင်းရည်ပူပူ၊ သရက်သီးပိုးတီသုပ်၊ ပုဇွန်ခြောက်ငံပြာရည်ကြော်၊ သရက်ကင်းတို့စရာ အစုံအလင်နှင့် ဟင်းလျာစုံကြော်တစ်ပွဲ ဖြစ်သည်။

ထမင်းပူပူ၊ ဟင်းပူပူပေမယ့် ထမင်းကောင်းစွာ စားမဝင်နိုင်။ မတာကတော့ မြသွေးနှင့် ဆန့်ကျင်ဘက် ထမင်းတစ်ပန်းကန် ပြိုက်ခနဲ ကုန်သွားသည်။

"စားလေ ဆရာမရဲ့၊ စားမကောင်းဘူးလား"

"ကောင်းပါတယ် မတာရဲ့၊ ကော်ဖီတွေသောက်တာများပြီး ရင်ခံနေလို့ပါ"

ထမင်းတစ်ပန်းကန် ကုန်အောင်စားပြီး ထမင်းပွဲကို လက်စသတ်လိုက်သည်။

"ဆရာမ…ဆရာမ"

"လာပါပြီရှင်…ဘာကိစ္စရှိလို့ပါလဲ"

ဈေးကြီးသုတ်ပြာနှင့် ရောက်လာသော လူတစ်စုကြောင့် မြသွေး မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော့်မိန်းမ မီးမဖွားနိုင်လို့ လိုက်ခဲ့ပေးပါ"

"ကျွန်မက ဘယ်ကိုလိုက်ရမှာလဲရှင့်"

"တံငါတဲကိုပါ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ချောင်းမကြီးနားမှာ ကျွန်တော်တို့တဲလေးတွေ ရှိပါတယ်၊ အဲဒီမှာ ကျွန်တော့်မိန်းမရှိနေပါတယ်ဗျာ"

ငိုတော့မလိုပုံစံနှင့် တုန်တုန်ရီရီ ပြောနေသော ဆင်းရဲနွမ်းပါးသော လူကြီးနှင့် တခြားအဖော်များ မျက်စိမျက်နှာပျက်နေတာကိုကြည့်ပြီး မြသွေး ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း မတာ ရောက်လာသည်။

"ဦးထွန်းအုံတို့ပါလား"

"ဟုတ်ပါတယ်ဗျာ…မအေးကျင်ခများ လူးလိမ့်နေလို့ ဆရာမကို လာခေါ်တာပါ"

ဦးထွန်းအုံဆိုသည့် လူကြီးမှာ သူ့ကိုသိသူရှိသဖြင့် ဝမ်းသာအားတက်သွားရှာပါသည်။

"မတာ သူတို့ကိုသိရင် မြသွေးတို့ အခုပဲလိုက်သွားကြရအောင်၊ လိုအပ်တဲ့ပစ္စည်းတွေ အသင့်ပြင်လိုက်ပါ"

"ဟုတ်ကဲ့ဆရာမ"

ဆေးအိတ်ကိုဆွဲပြီး လာခေါ်သည့်လူစုနှင့်အတူ မြသွေးတို့ အတူလိုက်ပါခဲ့သည်။ ခြေလျင်ခရီးမို့ ခရီးက နှင်သလောက်မတွင်။

"ဝူး"

"ကျိုး"

"မြသွေးတို့ဘယ်လဲ"



ကားတစ်စီးထိုးရပ်ပြီး မေးလာသူကို မော့ကြည့်လိုက်တော့ ကိုစိုးနောင်ကို အနွေးထည်ထူကြီးဝတ်လျက်သား တွေ့လိုက်ရသဖြင့် မျက်ခုံးလေးတွန့်သွားသည်။

ဒီလောက်ဖျားနေလျက်နှင့် ကားတစ်စီးဖြင့် ဘယ်ကိုသွားဦးမည်မသိ။ ပြီးလျှင် ရောဂါမပျောက်လို့ဟုဆိုကာ မြသွေးထံလာဦးမည်။

"အတော်ပဲ…ကျွန်မတို့ကို ချောင်းမကြီးက တံငါတဲကို လိုက်ပို့ပေးပါ ဆရာကြီး၊ အခုပဲ အဲဒီကို လူနာသွားကြည့်မလို့ပါ"

"ဒါဖြင့် ကားပေါ်တက်ကြလေ၊ ကျွန်တော်လိုက်ပို့မယ်၊ လာကြ…လာကြ"

"မြသွေးလည်းတက်လေ"

လူနာက အရေးကြီးနေသည်မို့ မြသွေးလည်း မငြင်းနိုင်။ အားလုံးကားပေါ်ရောက်သည်နှင့် ကားက နေရာမှ ဝေါခနဲပြေးထွက်သွားသည်။

တစ်လမ်းလုံး မည်သူမျှ စကားမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြသည်။ တံငါတဲစုမှာ ကိုစိုးနောင် သူစီးလာသည့်ဂျစ်ကားကို ထိုးရပ်ပေးလိုက်ရာ လူနာရှင်မှာ တဲအိမ်လေးတစ်ခုရှိရာသို့ သုတ်ခြေတင်ပြေးဝင်သွားရာ မြသွေးတို့လည်း ဆေးအိတ်ကိုဆွဲပြီး အပြေးလိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးကြင်…ဆရာမလိုက်လာပြီ၊ ဘာမှအားမငယ်နဲ့ သိလား"

"အင်း…ဟင်း…ဟင်း"

"ဖယ်…ဖယ် လူနာကို ကျွန်မကြည့်မယ်၊ ရှင်တို့ အပြင်ထွက်ကြပါ"

တစ်ခဏအတွင်းမှာ လိုအပ်တာတွေ ပြင်ဆင်ပြီး ကလေးရောမိခင်ကိုပါ အန္တရာယ်မရှိအောင် မွေးဖွားပေးလိုက်သည်။ ရေနွေးအဆင်သင့် ဆေးဝါးအဆင်သင့်မို့ အောင်မြင်စွာပင် သားယောကျ်ားလေးတစ်ယောက် လူ့လောကထဲ ရောက်လာသည်။

လူမမာ အပါအဝင် အားလုံး၏မျက်နှာမှာ အပြုံးကိုယ်စီဖြင့် ပင်ပန်းရသမျှ အမောပြေသွားကြသည်။ လူနာရှင်က ကျစ်ကျစ်ပါအောင် ထုတ်ထားသော ငွေစက္ကူတစ်ထပ်ကို တုန်ရီဝမ်းသာသော မျက်နှာဖြင့် မြသွေးကို ရှိရှိသေသေပေးပါသည်။

မြသွေးက ဆေးဖိုးအတိအကျယူကာ ပိုငွေများကို ဦးထွန်းအုံလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

"ယူပါ ဆရာမရယ်၊ ကျုပ်ကို ပြန်မပေးပါနဲ့၊ ဆရာမကို ကျေးဇူးတင်လွန်းလို့ပါ"

"ကျွန်မအတွက် ဆေးဖိုးယူပြီးပါပြီရှင်၊ ကျန်တဲ့ငွေနဲ့ ကလေးကိုရော မိခင်ကိုပါ ကောင်းကောင်းပြုစုစောင့်ရှောက်လိုက်ပါ"



"ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

အားလုံးကို နှုတ်ဆက်ပြီး သူမတို့ကို အသင့်စောင့်ကြိုနေသော ကိုစိုးနောင်ကားပေါ်တက်ကာ ထွက်ခဲ့ကြသည်။ လှပသောမျက်နှာလေး ပင်ပန်းနွမ်းနယ်နေပေမယ့် ပြုံးနေတာကို တွေ့ရတော့ ကိုစိုးနောင်ကိုယ်တိုင် မြသွေးကို မြတ်နိုးခြင်းဖြင့် ပို၍ချစ်မဝနိုင်အောင် ဖြစ်ရသည်။

သဘောဖြူအုစင်း ချစ်သူလှလှလေးကို သူသာ ထာဝရပိုင်ဆိုင်ရမည်ဆိုလျှင် အဘယ်မျှ ပျော်စရာကောင်းလိုက်မည်နည်း။ စိတ်ကူးအတွေးနှင့်ပင် သူ့ရင်မှာ တလှပ်လှပ် ကြည်နူးပီတိတွေ လှိုက်ဖြာလာမိသည်။

မြသွေးသည် သူ့အတွေးနှင့်သူ ငြိမ်နေရာမှ အနွေးထည်ထူကြီးနှင့် ကားမောင်းသူရှိရာဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

"ဒီမှာ…ရှင်ကရော နေမကောင်းဖြစ်နေရက်နဲ့ ကားမောင်းပြီး ဘယ်ကိုသွားမလို့တုန်း"

"ကိုယ့်အတွက် စိတ်မပူပါနဲ့ဗျာ၊ ကိစ္စလေးရှိလို့ သွားပြီးပြန်လာတာပါ"

"ရှင့်အတွက်စိတ်ပူလို့ ပြောနေတာမဟုတ်ဘူးရှင့်၊ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ခုဖြစ်ရင် ကျွန်မဆီမလာနဲ့လို့ ပြောမလို့''

''သြော် . . မြသွေးရယ်ဗျာ''

နှုတ်ခမ်းကိုဖွင့်လျက် တိုးဖွကြည်နူးစွာ သူရယ်မိတော့ မြသွေးက သူ့ကို မျက်ခုံးတွန့်ကြည့်ပါသည်။ အပေါ်ယံမှာ ဘယ်လောက်ပဲ တင်းမာပေမယ့် နူးညံ့သိမ်မွေ့သော မြသွေးနှလုံးသားကို သူမြင်တွေ့ခဲ့ပါပြီ။

သူ့အပေါ် မြသွေး အဘယ်မျှ ရက်စက်နိုင်မည်နည်း။ ကားကို မြသွေးအိမ်ရှေ့မှာ ရပ်တန့်ပေးလိုက်တော့ ကားပေါ်မှ မြသွေး ဆင်းလိုက်သည်။

''မနက်ဖြန် လက်ကအနာကို ဆေးလာထည့်မယ်နော် မြသွေး''

''ရှင့်လိုလူကို ဆေးကုမပေးဘူး ကျွန်မဆီမလာပါနဲ့''

ဟုပြောလျှင် မတာထံမှ ခစ်ခနဲရယ်သံကို ကြားလိုက်ရသည့်အတွက် မြသွေးပါးလေးတွေ ရဲခနဲဖြစ်ကာ နေရာမှ ချာခနဲ လှည့်ထွက်ခဲ့လိုက်ပါတော့သည်။

× × × ×



## အခန်း (၂၂)

မြသွေးသည် ရေချိုးခေါင်းလျှော်ထားသဖြင့် ဖားလျားခနေသော ဆံပင်ရှည်ကြီးဖြင့် သနပ်ခါးမွှန်မွှန် လိမ်းချယ်ထားပုံမှာ မြင်ရသူရင်ကို အေးမြသောအလှဖြင့် ငြိမ်းချမ်းမှုပေးနိုင်သူ ဖြစ်လေသည်။

မေမေ့ဆီမှ လူကြုံဖြင့် ရောက်လာသောစာကိုဖတ်ပြီး အတွေးများ ပုံ့လွှင့်မဆုံးနိုင်သဖြင့် သူမအိပ်ခန်းလေးမှ မြင်တွေ့နေရသော မိုးကောင်းကင်ကြီးကို မျှော်ငေးလျက်ကြည့်နေမိ၏။

မြသွေးကို မေမေက ကိုစိုးနောင်နှင့် သဘောတူကြောင်း၊ ကိုစိုးနောင်အပါအဝင် သူ၏မိခင်ကြီးကိုယ်တိုင်က မြသွေးကို အင်မတန်လိုလားနှစ်သက်ပါကြောင်း သမီးဆန္ဒရှိလျှင် မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်လိုပါကြောင်းဖြင့် ရေးဖွဲ့ထားသောစာမှာ ကျေနပ်ခြင်းတိ



www.burmeseclassic.com

www.burmeseclassic.com



တို့ ထုံဖွန်းလျက်ရှိနေပေသည်။

ကိုစိုးနောင်သည် ဘယ်အချိန်က မြသွေးမိခင်ကြီးကို သွားရောက်တွေ့ဆုံခဲ့သည်မသိ။ မြသွေး သိအောင်လည်း တစ်စုံတစ်ရာ ဖွင့်ပြောခြင်းမရှိ။ သူဖြစ်ချင်တာကိုသာ သူ့ဘာသာ ကျိတ်စီမံနေပုံရသဖြင့် မြသွေးသာလျှင် ဝေခွဲရခက်စွာ သက်ပြင်းချမိသူဖြစ်လေသည်။

အခုချိန်ဆိုလျှင် မောင်လည်း သူ့အိမ်ထောင်နှင့်သူ အတည်တကျဖြစ်နေပြီမို့ ဖွေးကို ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ အိမ်ထောင်ဦးစီး ယောကျ်ားကောင်းတစ်ယောက်ပီသစွာ သူတည်ထောင်ခဲ့သော အိမ်ထောင်ကို ဖြိုကွဲခံမည်မဟုတ်ချေ။ မောင်တို့ အသိုင်းအဝိုင်း ဝန်းကျင်မှာ ဂုဏ်သိက္ခာကို အထူးတန်ဖိုးထားကြသူများဖြစ်ရာ ဘာအတွက်နှင့်မျှ သူတို့ဂုဏ်သိက္ခာကို အထိခိုက်ခံကြမည်မထင်။

မြသွေးသည်သာ သူမ လျှောက်လှမ်းရမည့် ဘဝခရီးလမ်းကို ပြတ်သားစွာ ရွေးချယ်ရပေလိမ့်မည်။ အိမ်ထောင်ဘက်တစ်ယောက်အနေနှင့် ကိုစိုးနောင်လို လူတစ်ယောက်ကို လက်ခံစဉ်းစားသင့်သော်လည်း မြသွေးရင်ထဲက အငွေ့မသေနိုင်သေးသော နှလုံးသားခံစားချက်တို့က သူမကိုယ်တိုင်ပင် ရပ်တန့်အဆုံးမသတ်နိုင်သေးသဖြင့် လက်ရှိအနေအထားကို ရင်မဆိုင်ဝံ့ပဲ ဖြစ်နေသည်။



မောင်…။

မြသွေးသည် တစ်ချိန်က ချစ်သူအမည်ကို တိုးတိုးလေး ရွတ်ဆိုကြည့်မိသည်။ တစ်ပြိုင်နက်ထဲမှာပင် ဒါတွေဟာ အိပ်မက်ပဲဟု သူမစိတ်ကို သူမ ဆုံးမရင်း နာကျင်ကြေမွစွာ ပြုံးလိုက်သည်။

မေမေသဘောတူသည့် ကိုစိုးနောင်ကို လက်ထပ်ဖို့ စဉ်းစားကြည့်မိသည်။ လောကကြီး၏ အလိုအရ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်ရခြင်းကပင် ဘဝဟုဆိုရမည်ထင်သည်။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းမကျနိုင်တာကို မြသွေးကိုယ်တိုင် ခံစားနားလည်ခဲ့ရပြီးပြီမို့ မြသွေးအပေါ်မှာ လိုက်လှဲသော မေတ္တာဖြင့် ချစ်ခင်မြတ်နိုးသူကို ရွေးချယ်ခြင်းသည်သာ သူမအတွက် အကောင်းဆုံးဟု စဉ်းစားနေမိသည်။

ကိုစိုးနောင်အပေါ်မှာ မောင့်ကိုချစ်မိသလိုမျိုး မချစ်မိသော်လည်း သံယောဇဉ်ဖြင့် စိတ်မှာ ကျွမ်းဝင်ခင်မင်ရင်းနှီးနေမိသည်ကတော့ အမှန်ဖြစ်သည်။

ပြီးတော့ မြသွေးကို အနိုင်ကျင့်ဗိုလ်ကျသဖြင့် မုန်းသည်။ သူ့ချစ်သူလည်းမဟုတ်ဘဲနှင့် မြသွေးကို သူက တရားဝင်ချစ်သူတစ်ယောက်ပမာ ပြောဆိုပြုမူတာကို ခံပြင်းဒေါသအဖြစ်ရဆုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

မြသွေးဒေါသကို သူကဲ ဂရုမစိုက်။

မြသွေး၏အမုန်းက သူ့အတွက် ဖန်နှင့်ပေါက်သလိုရှိရော ထင်။ အမှတ်မရှိ အနာမရှိ မြသွေးထံ အကြောင်းမရှိ အကြောင်းရှာပြီး ရောက်လာကာ ချစ်သမျှ၊ လွမ်းသမျှတွေပဲ တမ်းတမှုတွေ ပြချင်ရာသည်။

အခုလည်း ဘယ်လိုပုံစံနှင့် မြသွေးရှိရာကို ရောက်လာဦးမည်မသိ။ ဒီတစ်ခါတော့ သူ့ကို မြသွေးအပေါ် ဗိုလ်မကျဘဲ မှတ်သားသွားအောင် တစ်ခုခုလုပ်ပြချင်နေသည်။ ဘယ်လိုလုပ်ရမည်ဆိုသည်ကိုက စဉ်းစားမရ။

"ကျွီး"

"ဟော"

မြသွေး ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ အိမ်ရှေ့မှာ ကားတစ်စီးရပ်သံကို ကြားလိုက်ရတာမို့ သူ့အကြောင်းတွေးနေတုန်း ကိုစိုးနောင် ရောက်လာပြီဟု သိလိုက်သည်။ သူလာလျှင် လက်ကအနာကို ဆေးထည့်ပေးရဦးမည်။ ပြီးတော့ သူ့ထံမှ ဘာတစ်ခုမှ သည်းကဲနေခွင့်မရှိအောင် အနားမှာ မတာကို ခေါ်ထားမည်ဟု တစ်ဆက်တည်းတွေးရင်း ကိုယ့်အတွေးနှင့်ကိုယ် မြသွေး ကျေနပ်သွားသည်။



အောက်ထပ်မှာ စကားပြောဆိုနေသံသဲ့သဲ့ကို ကြားရသည်။ ကိုစိုးနောင်နှင့် မတာတို့ မြသွေးအကြောင်း မေးတာဖြစ်မည်။ မှန်ရှေ့မှာရပ်ပြီး သူ့မျက်နှာလေးကို တစ်ချက်မျှကြည့်လိုက်ပြီး အခန်းထဲကအထွက်မှာ အိမ်ပေါ်ထပ်ကို လူတစ်ယောက်တက်လာတာ မြင်ရသဖြင့် မြသွေး ပါးလေးတွေရဲသွားသည်။

ကြည့်စမ်း…။

အောက်ထပ်မှာ မတာတစ်ယောက်လုံး ရှိနေပါလျက်နှင့် မြသွေးရှိရာ အိမ်ပေါ်ထပ်အထိ ရဲတင်းပွံ့စားစွာ တက်လာရအောင် သူ့တွင် ဘယ်လိုအားမာန်သတ္တိတွေ ရှိနေသနည်း။

ဒီတစ်ခါတော့ မြသွေး ခွင့်မလွှတ်။

ဤမျှရဲတင်းသူကို အပြတ်ပြောမည်ဟု မျက်နှာလေးကို ပင့်ချီလိုက်ပြီး သူ့မခြေလှမ်းတွေကို စအရှေ့မှာ လှေကားထိပ်တွင် လူတစ်ယောက် ဘွားခနဲပေါ်လာသည်။

"မြသွေး"

"ဟင်"

တည်ကြည်ခန့်ညားသော ဥပမိရပ်နှင့် မြသွေး၏မျက်နှာလှလှလေးကို တမ်းတမ်းတတ စူးစူးငေးငေးကြီး ရပ်တန့်စိုက်ငေးကြည့်နေသူက မြသွေး မျှော်လင့်ထားသလို ကိုစိုးနောင်မဟုတ်။

မြသွေး လုံးဝမျှော်လင့်ထားခြင်းမရှိသော ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးမိုးနိုင် ဖြစ်နေခြင်းက မြသွေးတစ်ကိုယ်လုံးကို နေရာမှ မလှုပ်မရှေ့နိုင်အောင် ဖြစ်သွားသည်။

"မြသွေး"

"မောင့်ရဲ့အသက်ရယ်"

"အို"

အံ့ဩမှင်သက်လျက် နေရာမှာ မလှုပ်မယှက်ရပ်နေသူလေးရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားပြီး ချစ်သူကိုယ်လေးကို ရင်ခွင်ထဲနစ်နေအောင် ဆွဲယူပွေ့ဖက်လိုက်သူက ဒေါက်တာဦးမိုးနိုင် ဖြစ်ပါသည်။

တမ်းတခဲ့ရသည့်အချိန်တွေ၊ လွမ်းခဲ့ရသည့်နေ့ရက်များစွာအတွက် ပြောစရာစကားလုံးပေါင်း မြောက်မြားစွာ ရှိနေသော်လည်း ဘာတစ်ခုမှ ပြောမထွက်နိုင်ဘဲ ရင်ခွင်ထဲက ချစ်သူမျက်နှာလေးကို ပင့်မော့ဆွဲယူရင်း မျက်ရည်ကြည်တို့ ပြည့်လျှံနေသော မျက်ဝန်းပြာကြီးတွေထဲကို နင့်မောစူးရဲစွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

"မောင့်အပေါ်မှာ ဘာလို့ ဒီလောက်ရက်စက်စိမ်းကားရတာလဲ အချစ်ရယ်၊ မောင် ဘယ်လောက်ခံစားနာကျင်ရမယ်ဆိုတာ မြသွေး မတွေးမိဘူးလားဟင်"

လိုက်လှဲတုန်ရီစွာ မေးလာသည့် မောင့်စကားများကို မြသွေး မည်သို့မျှ မတုန့်ပြန်နိုင်ပါ။ မြသွေးကိုယ်တိုင် အဘယ်မျှ





ခံစားကြေကွဲနာကျင်ရသည်ဆိုတာ မောင်မသိနိုင်ခြင်းကိုသာ အံ့ဩဝမ်းနည်းချင်မိသည်။

"မြသွေး"

"ကျွန်မကို လွှတ်ပါဆရာ၊ စကားကို အေးအေးဆေးဆေး ပြောလည်းရပါဘာယ်"

"မြသွေးရယ်"

"အို…ဆရာ"

စိမ်းကားအေးစက်လွန်းသော အမူအရာက သူ့နှလုံးသားကို အဘယ်မျှ အခံရခက်စေသလဲဆိုတာကို ဒေါက်တာဦးမိုးနိုင် နှုတ်ဖြင့်ပြောဆိုပြစ်တင်ခြင်းပင် မပြုနိုင်တော့ပါ။ ပြင်းထန်သော ပေါက်ကွဲလိုသော နာကျင်နေသည့် နှလုံးသားကို အနမ်းဖြင့် ဖြေသိမ့်ခြင်းဖြင့်သာလျှင် ဖော်ပြမိသည်။

အချစ်သူရဲကောင်းမလေးအဖြစ် မြသွေးက သူ့ကို စွန့်လွှတ်ထားရစ်ခဲ့တော့ အရူးတစ်ယောက်လို ဆောက်တည်ရာမဲ့ခဲ့ရတာကို သူမသိမည်မဟုတ်။ မြသွေးကို တွေ့နိုင်မည်ထင်သော နေရာအနှံ့ကို အပြေးအလွှား ရှာဖွေခဲ့ပေမယ့် ရှောင်ပုန်းသူက သူ့ကို လမ်းစတွေ ဖျောက်ခဲ့သည်။

နောက်ဆုံးတော့ ရောဂါသည်မိခင်ကြီးကြောင့် ဖေ့နှင့် လက်ထပ်ဖို့ သဘောတူခွင့်ပြုလိုက်၏။ ဖွေးဖျော့သလောက် သူ့နှလုံးသားတွေ မွမွကြေပါသည်။ ဖွေးအပေါ်မှာ ဆက်ဆံရေးတွေ

www.burmeseclassic.com



ပြောင်းလဲသွားသည်။

ဖွေးကို နာကြည်းသည့် အမူအရာ အပြောအဆိုတွေကို ဖွေး မခံနိုင်။ သူကလည်း ပေါက်ကွဲသည်။ ဖွေးကလည်း ကြေကွဲသည်။ မင်္ဂလာပွဲကျင်းပမည့်ရက်အတွင်းမှာပင် တစ်ယောက်ရင်ကိုတစ်ယောက် ရက်စက်စွာခွဲနေသော ပွဲဖြစ်လာသည်။

မင်္ဂလာရက် သတ်မှတ်ပြီးပြီ။

ဖိတ်စာတွေလည်း ဝေပြီးချိန်မှာ ဖွေးက သူ့ကို လက်မထပ်နိုင်ပါဟု ပြတ်သားစွာပြောခဲ့သလို မာမီရောဂါသည်းသဖြင့် ညတွင်းချင်း ဆေးရုံကို တင်ပို့လိုက်ရသည်။ တိုညမှာပဲ မာမီဆုံးသည်။

ဖွေးနှင့်လည်း မင်္ဂလာပွဲပျက်သွားသည်။

ဖွေးလည်း နိုင်ငံခြားကို အပြီးထွက်သွားသည်။ မြသွေးက ပြန်ရှာ၍မတွေ့။ မဦးရော မြသွေးအမေကပါ သူ့ကိုနာကြည်းနေတာမို့ မြသွေးအကြောင်း ထပ်မေးလို့မရတော့မှန်း သူသိသဖြင့် မသွားတော့။

ကိုယ့်ဘာသာ ကျိတ်စုံစမ်းရင်း မြသွေးကို သူ့အဖေသဘောတူသည့်လူတစ်ယောက်နှင့် လက်ထပ်ပေးစားတော့မည်ဆိုသော သတင်းသဲ့သဲ့ ကြားလျှင် ဖြစ်ရာဖြစ်စေတော့ဟု သဘောထားကာ မဦးထံပြေးသည်။

မြသွေးရှိနေသည့်နေရာကို ဖွတ်မေးရသည်။ အခြေအနေ

အဖြစ်မှန်တွေကို သူတို့မသိသဖြင့် မရည်းရှင်းပြရသည်။ နောက်ဆုံး မြသွေးရှိရာကို သူရောက်လာခဲ့တော့ ချစ်သူက သူ့ကို စိမ်းကားစွာ ကြိုဆိုသဖြင့် မခံနိုင်ဘဲ ရင်ဖွင့်ပေါက်ကွဲမိခြင်းဖြစ်သည်။

"ကျွန်မကို လွှတ်ပါဦးဆရာ၊ အောက်ထပ်မှာလည်း မတာရှိနေသေးတယ်မဟုတ်လား၊ ဒီပေါ်မှာ နှစ်ယောက်တည်း မသင့်တော်ပါဘူးဆရာရယ်"

"မောင် ဘယ်သူ့မှ ဂရုမစိုက်ဘူး"

"ဟင်"

"မောင့်ရင်တွေ ဘယ်လောက်ခံစားရတယ်ဆိုတာ မင်းသိလား"

မြသွေးမှာ ချစ်သူမျက်နှာကို အလန့်တကြားလေး မော့ကြည့်ရင်း သက်ပြင်းကျိတ်ရှိုက်လိုက်သည်။ ခံစားနာကျင်နေသော ချစ်သူ့ပုံစံကို သူမနားမလည်နိုင်ပေမယ့် မောင့်လက်များကို ဖယ်ရှားပြီး သူ့ရင်ခွင်ထဲက အသာအယာ ရုန်းထွက်လိုက်သည်။

"မြသွေး"

"ဖွေးရော နေကောင်းတယ်မဟုတ်လားဆရာ"

"သူ့ဘာသာဘာဖြစ်ဖြစ် မောင် စိတ်မဝင်စားဘူး၊ သူ့ကိုလည်း မောင် လက်မထပ်ခဲ့ဘူး၊ မောင်သိချင်တာ မြသွေး မောင့်ကို ဟိုတုန်းကလို ချစ်မချစ် သိချင်တာ"

"ပြောစမ်းပါဦး မောင့်ကို အရင်လိုချစ်သေးရဲ့လား"

www.burmeseclassic.com



“ဆရာ”

“မောင်လို့ခေါ်”

“အို”

ဖွေးနှင့်လက်မထပ်ဖြစ်ဘူးဆို၍ မြသွေးမှာ မောင့်မျက်နှာချောချောကိုကြည့်ပြီး မယုံကြည်နိုင်အောင် ဖြစ်နေမိပါသည်။ ဒါကိုသူကလည်း သိပါသည်။

“ဆရာတို့ မင်္ဂလာဖိတ်စာ မြသွေးမှာရှိပါတယ်”

“အဲဒါဘာဖြစ်လဲ”

“ဟာင်”

မရယ်မပြုံးမျက်နှာဖြင့် မြသွေး မျက်နှာလှလှလေးကိုစိုက်ကြည့်နေသူကို ဘာပြောရမှန်းမသိ ဖြစ်နေမိပေမယ့် မြသွေးရင်တွေ တဒုန်းဒုန်းလှုပ်ခုန်နေပါသည်။

“ဖွေးနဲ့လက်မထပ်ဖြစ်ဘူးဆိုတာကို မယုံဘူးပေါ့ ဟုတ်လား”

မြသွေး မဖြေ။

သူ့ကိုသာ မျက်ဝန်းပြာကြီးတွေနှင့် မော့မော့လေးကြည့်နေတာကို အသည်းယားနေမိသည်။

“မောင့် မာမီရော”

“ဆုံးသွားပြီ”

“ရှင်”





“အားလုံးသိချင်ရင် ဒီစာကိုဖတ်ကြည့်၊ အဲဒါ ခင်ဗျားသူငယ်ချင်း မဦးကိုယ်တိုင် ရေးပေးလိုက်တာ”

မြသွေးလက်ထဲကို အဖြူရောင်စာအိတ်လေးတစ်လုံးရောက်လာသည်။ မဦးက ဒေါက်တာဦးမိုးနိုင်နှင့် ပတ်သက်သမျှအားလုံး ရှင်းလင်းပြောပြထားသည်။ စာအဆုံးသတ်မှာ ချစ်သူနှစ်ဦး ပြန်လည်ဆုံစည်းနိုင်သဖြင့် ပျော်ရွှင်ပါကြောင်း ဆုတောင်းထားသည်။

“ယုံပြီလား”

“ရှင်”

“လူကိုမယုံသလိုလို…မသင်္ကာသလိုလို လုပ်နေလို့မေးတာ၊ ပဇ္ဇည်းတွေသိမ်း တစ်ခါတည်း ဒီကပြန်မယ်”

“အို…ကြာပါတယ်၊ အရေးကြီးတဲ့ မှတ်ပုံတင်နဲ့ အသုံးလိုမယ်ထင်တာလေးတွေပဲ ယူခဲ့၊ ဒီနေရာက အခုပဲသွားကြမယ်”

“အို…မောင်”

ပြောပြောဆိုဆို မြသွေးလက်တစ်ဖက်ကို ဆွဲပြီး စိတ်မြန်လက်မြန် အိမ်ပေါ်ကဆင်းမည်ပြုနေတာကြောင့် သူမလက်လေးကိုမောင့်လက်ထဲက ဆွဲယူရင်း အလန့်တကြားလေးဆိုလိုက်တော့မောင်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး လှည့်ကြည့်သည်။

“ဒီလို ဇွတ်တရွတ်မလုပ်ပါနဲ့မောင်ရယ်၊ လူတွေမြသွေးကို ဘယ်လိုပြောကြမလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှပြောစရာမရှိဘူး…လက်ထပ်ပြီးတာနဲ့ ဒီကိုပြန်လာရင် ပြီးပြီမဟုတ်လား၊ နောက်မှ ထွက်စာတင်"

"မနက်ဖြန်မှာပဲ သွားကြရင်မဖြစ်ဘူးလားဟင်"

ဈေးဆစ်သလို ပြောနေသော မြသွေးကို မောင်က ခပ်တည်တည်စိုက်ကြည့်သည်။

"သတ္တိရှိရင်နေကြည့်လေ"

"ဟင်"

"ဆရာမ…ဆရာမ ဒီမှာ လူနာရောက်နေပါတယ်"

"ဟော…အောက်မှာခေါ်နေပြီ၊ ခဏလေးနော် မောင်"

ချစ်သူထံမှ ဘာအဖြေမှမရခင် မြသွေး အပေါ်ထပ်က ပြေးဆင်းခဲ့သည်။ ကလေးတစ်ယောက် သံစူးသဖြင့် သွေးထွက်နေသည့်ဒဏ်ရာကို ဆေးထည့်ပေးပြီး မေးခိုင်ကာကွယ်ဆေးထိုးပေးရင်း မောင် ရုတ်ရက် မြန်းစားကြီးရောက်လာပုံကိုတွေးပြီး ရင်တွေခုန်နေမိသည်။

လူနာကို ဆေးကုပြီး အပေါ်ကို ပြန်မတက်နိုင်ဘဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ မွတာကိုလည်း မောင်က ဘယ်လိုပြောထားသည်မသိ။ ခရီးပန်းလာသမျှ မောင့်ပုံစံက နွမ်းနယ်နေသည်က အမှန်ဖြစ်သည်။

မြို့ကြီးသား မောင့်လိုလူတစ်ယောက်အတွက် မြသွေးကို ချစ်လွန်း၍ ဤခရီးကို စွန့်စားပြီးလာရခြင်းဟု သိလိုက်ရခြင်းကြောင့် မြသွေးရင်မှာ တသိမ့်သိမ့်ကြည်နူးရသော်လည်း မောင် ပြောသလို သူနှင့်ချက်ချင်းပြန်လိုက်သွားရမည်လား၊ မနက်ကြမှ ပြန်ရမည်လား ဝေခွဲရခက်နေသည်။ ရွာရှိလူကြီးများကိုတော့ အကျိုးအကြောင်း သင့်အောင် ရှင်းပြပြီးမှ မောင့်နောက်ကို လိုက်မှ ဖြစ်မည်ဟု တွေးရင်း မောင့်အတွက် ရေချိုးဖို့ ထမင်းစားဖို့ မတာကို ပြင်ဆင်ခိုင်းရသည်။

အပေါ်ထပ်ကို မြသွေး ပြန်တက်ခဲ့တော့ မောင့်ကိုမတွေ့ရသဖြင့် နေရာအနှံ့လိုက်ရှာမိသည်။

"ဟောတော့"

မြသွေး နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားသည့်အသံကြောင့် မောင်က မြသွေး အိပ်ရာပေါ်မှ သူမကို လှမ်းကြည့်သည်။

"ဒီမှာ ညအိပ်ရမှာဆိုရင် မောင်က ဘယ်မှာအိပ်ရမှာလဲ"

မောင့်ဆိုလိုရင်းကို သိသဖြင့် မြသွေး စိတ်ထဲက ကျိတ်ပြုံးလိုက်သည်။

"လူကြီးအိမ်မှာအိပ်ပေါ့"

"မရဘူး…မောင်ကတော့ ဒီမှာပဲအိပ်မယ်၊ အိမ်ရှင်က နှင်ထုတ်လည်း မဆင်းဘူး"

ကလေးဆိုးကြီးလို ပြောနေသော မောင့်ကို မြသွေး ပြုံးကြည့်နေမိသည်။ မကြာခင် မိုးချုပ်တော့မည်။ နေဝင်ချိန် ဒီမှာက





www.burmeseclassic.com

www.burmeseclassic.com



အေးသည်။

"မောင် ခရီးပန်းလာတယ်မဟုတ်လား၊ ရေချိုးပြီးရင် ထမင်းအတူစားကြမယ်လေ"

"ရေဘယ်မှာချိုးရမှာလဲ"

"ခြံထဲက ရေတွင်းမှာပါ"

"မောင့်မှာ အဝတ်ပိုပါမလာဘူး"

"သိပါတယ်၊ မတာကို ဝယ်ခိုင်းထားတယ်၊ ဒီမှာ ရော့"

"ဒီကိုလာပေးလေ"

မောင်က သူ့ရှိရာ လှမ်းခေါ်တာမို့ မြသွေးက ပုဆိုးသစ်နှစ်ထည်နှင့် တီရှပ်နှစ်ထည်ကို စားပွဲပေါ်လှမ်းတင်လိုက်တော့ သူက မြသွေးနားကို ပြုံးခနဲရောက်လာသည်။

"မြသွေး"

"မောင်နော်"

ချစ်မျက်စောင်းထိုးလိုက်သော မြသွေးကိုကြည့်ပြီး သူက ရယ်သည်။

"ဘာလုပ်ရသေးလို့လဲဗျာ…မောင့်ကိုချစ်တယ်လို့ ပြောစမ်းပါ၊ မောင်ကြားချင်လို့"

"မပြောပါဘူး"

"ဘာဖြစ်လို့လဲ"

"ချစ်မှမချစ်တဲ့ဥစ္စာ"



ပြုံးလျက် သူ့ကို မြသွေး စလိုက်တော့ မောင်က မရယ်ပါ။ လှပသော မြသွေး မျက်နှာလေးကို အဖြေရှာသလို စူးစိုက်ကြည့်နေပါသည်။

"တကယ်လား"

"အင်း"

"အသစ်တွေ့နေပြီပေါ့လေ"

"ဟုတ်တယ်…အသစ်တွေ့နေပြီ"

ခပ်တည်တည်မျက်နှာလေးနှင့် ဆိုလိုက်တော့ မောင့်မျက်နှာပျက်သွားသည်။

"ဘယ်သူလဲ…ဘယ်ကလဲ"

"ဒီကပဲလေ"

"နာမည်ကရော"

"မောင်တဲ့"

"မြသွေးရယ်"

မြသွေး စနောက်နေမှန်းသိမှ ပြုံးကြည်လာသော မျက်နှာဖြင့် ရယ်မောသလို မြသွေးလည်း မောင်နှင့်အတူ ရောပြီးရယ်လိုက်သံ ဆိတ်ငြိမ်သော ခန်းကျဉ်မှာ ကြည်နူးဆွတ်ပျံ့ဖွယ် ပျံ့လွင့်သွားသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ရွှန်းမြမြသာနေသော လရောင်က မြသွေးတို့ချစ်သူနှစ်ယောက်အပေါ်တွင် ဖြာကျနေ၏။ လွမ်းခဲ့ရသမျှ အတိုးချလျက် ချစ်သူမျက်နှာလှလှလေးကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေသူကြောင့် ကြာတော့ မြသွေး အနေခက်လာ၏။

ထို့ကြောင့် သူမ မျက်နှာလှလှလေးကို ဆံပင်ရှည်နှင့် အုပ်ကွယ်လိုက်တော့ မောင်က ရယ်ပါသည်။

"အဟွန်း…ဟွန်း…ဟွန်း"

"လူကိုဘာရယ်တာလဲ"

"ချစ်လို့"

"ပြောစမ်း…ဘာလို့ ဒီလောက်ချစ်စရာကောင်းနေတာလဲ"

"မောင်လည်း အတူတူပဲ"





"ဘာပြောတယ်"

"မောင်လည်း မြသွေးလိုပဲလို့ ပြောတာ"

"ချစ်တယ်ပေါ့"

"အင်း"

"ပါးစပ်ကဖြေလေ"

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"မောင့်ကိုပေါ့"

"မောင်ကရော"

"ဟင်"

"မြသွေးကိုလေ"

ချစ်သူ့မျက်နှာကို မော့မော့လေးကြည့်တော့ မောင်က မြသွေးကို ငုံ့ကြည့်သည်။

"ဘယ်လိုဖြေရမှန်းမသိဘူး"

အကြာကြီး ငြိမ်နေပြီးမှ ခပ်တိုးတိုးဆိုလာသော မောင့်ကို မြသွေး မျက်စောင်းရွယ်မိသည်။ သူမအလှည့်တုန်းကတော့ မောင်မေးတာကို ချက်ချင်းဖြေရသည်။ မောင့်အလှည့်ကြတော့ ကိုယ့်ချစ်သူကို ချစ်တယ်လို့ပြောဖို့ရာ ဒီလောက်ဝန်လေး တုန့်နှေးနေရအောင် ဘာတွေစဉ်းစားနေသည်မသိ။

အတွေးနှင့် မြသွေး စိတ်ကောက်ချင်နေပါပြီ။ ဒါကို မောင်က သိပုံရသည်။ မြသွေး ဆံနွယ်တွေကို ဖွဖွရှိုက်နမ်းရင်း…

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကောက်ချင်မနေနဲ့ဗျာ…မောင်က သိပ်ချစ်လွန်းလို့ ဘယ်လိုဖြေရမလဲ စဉ်းစားနေတာ"

"ဒါများ…စဉ်းစားစရာလား"

"စဉ်းစားစရာပေါ့၊ အဖြေမတတ်ရင် မောင့်ကို မြသွေးပဲ စိတ်ဆိုးမှာမဟုတ်လား"

"မဆိုးပါဘူး…ကိုယ့်ချစ်သူကို ချစ်တယ်ပြောတာပဲ၊ ဘယ်လိုပြောပြောပေါ့"

"တကယ်လား"

"မေးတာပဲဖြေပါ"

စိတ်မရှည်သလို သူမဆိုလိုက်တော့ မြသွေးကို မောင်က စိုက်ကြည့်သည်။

"ကြိုက်သလိုဖြေဆို"

"အင်းလေ"

"ဒါဆို…မြသွေးကို မောင်ဘယ်လောက်ချစ်သလဲဆိုတာ ဒီလိုဖြေမယ်"

"ဟိတ်"

"မောင်နော်"

"အို…အိုး"

လမင်းက တိမ်ညိုထဲက ပြေးဝင်ကွယ်ဝှက်လျှက် အရှက်သည်းစွာ ပုန်းကွယ်လျှင် ချစ်သူနှစ်ယောက် အဖြစ်သည်းနေပုံကို လေပြေညှင်းက တီးတိုးရယ်ပါသည်။



ရှည်ကြာသိပ်သည်းသော ပန်းပွင့်ကမ္ဘာမြေပေါ် လှပစွာကြွေဆင်းလာကြ၏။ မြသွေးသည် မောင့်ကိုယ်ကြီးကို ရှက်စနိုးထုရိုက်လျှင် မောင်က သူမလက်သီးဆုပ်လေးများကို ချစ်စနိုးဖမ်းယူဆုပ်ကိုင်ရှိုက်နမ်းရင်း ကြည်မွေ့စွာရယ်ပါသည်။

"သိပ်ချစ်တာပဲ မြသွေးရယ်"

"သွားပါ…မောင်သိပ်ဆိုးတယ်သိလား"

"ချစ်တာကိုးဗျာ"

"မချစ်နဲ့"

"အဟွန်း…ဟွန်း…ဟွန်း"

"စောစောတုန်းကတော့ မြသွေးကို မောင်က မချစ်ဘူးထင်လို့ စိတ်ကောက်မလို့မဟုတ်လား"

"ကောက်ပါဘူး"

"ဒါဖြင့် တွေးထားပေါ့"

"အခုမှ တကယ်ကောက်မှာသိလား"

"ကောက်ရင်…မောင်က အချစ်ကိုဖြောင့်ပေးမှာပေါ့"

"တော်တော်ရှုံမြူးနေသိလား၊ သွားပါတော့ အောက်ထပ်မှာ မောင့်အတွက် အိပ်ရာပြင်ပေးထားတာ သွားအိပ်တော့ တော်ကြာမတာတက်လာလို့ တွေ့သွားရင်မကောင်းဘူး"

ချစ်သူရင်ခွင်က ရုန်းထွက်ရင်း ဆိုလိုက်တော့ မောင်က မလွှတ်ချင်လွှတ်ချင်နှင့် မြသွေးပါးလေးကို တစ်ချက်ရှိုက်နမ်းပြီး အသာဖြေလွှတ်ပေးလိုက်သည်။

"မတာက ဘယ်မှာအိပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဖက်ခန်းမှာလေ"

မျက်ခုံးတစ်ချက်ပင့်ပြီး မောင်က မတာအိပ်မည့်အခန်းရှိရာကို လှမ်းကြည့်ကာ ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"ဂွတ်နိုက် ဆွီ"

"ဂွတ်နိုက်"

မြသွေးကို အနမ်းနှင့် နှုတ်ဆက်ပြီး အပေါ်ထပ်က ဆင်းသွားသော မောင့်နောက်ကျောပြင်ကို ကြည့်ကာ မြသွေးရင်ထဲမှာ နွေးသွေးသည်။ မနက်ဖြန်ဆို မောင်နှင့်အတူ ပြန်ရတော့မည်။

အတွေးနှင့် မြသွေး ရင်တွေခုန်လာသည်။

ဖူးစာမှန်လို့ မောင်နှင့် ပြန်ဆုံခွင့်ပေးသော ကံကြမ္မာကို ကျေးဇူးတင်လိုက်သည်။ အခုတော့ မြသွေးရင်မှာ အချစ်ကြောင့် နာကျင်ခြင်းဝေဒနာတွေ မရှိတော့ပါလား။

"ဆရာမ…အောက်မှာ ကိုစိုးနောင်ရောက်နေပါတယ်"

"ဟင်"

မတာအသံကြားမှ မြသွေးကိုယ်လေး ဆတ်ခနဲဖြစ်သွားပြီး ကိုစိုးနောင်ကို သတိရသွားသည်။ မောင့်ကို မမျှော်လင့်ဘဲ ပြန်တွေ့ရသဖြင့် ကိုစိုးနောင်ကို မေ့သွားခဲ့သည်။

အောက်မှာ မောင်လည်းရှိနေသည်ဆိုတော့ ကိုစိုးနောင်ကို မောင်လည်း တွေ့မှာဖြစ်သလို ကိုစိုးနောင်ကလည်း မောင့်ကို တွေ့မှာ သေချာသည်။

"ကျွန်မ အခုပဲဆင်းလာခဲ့မယ် မတာ"



"ဟုတ်ကဲ့ဆရာမ"

ကိုယ့်ကိုယ်ကို မှန်ရှေ့မှာ သပ်ရပ်အောင် ပြုပြင်ပြီး ဆင်းလာတော့ အောက်ထပ်မှာ ကိုစိုးနောင်တစ်ယောက်တည်း ထိုင်နေတာကို တွေ့လိုက်ရသည်။

"ဧည့်သည်ရော မတာ"

"စောစောကပဲ အပြင်ကိုထွက်သွားတယ်ဆရာ"

"ဪ"

မောင် မရှိသဖြင့် ကိုစိုးနောင်နှင့် မဆုံလိုက်မှန်းသိလိုက်သည်။

"ဧည့်သည်ရောက်နေလား မြသွေး"

"ဟုတ်ကဲ့"

ခါတိုင်းလို မြသွေးက သူ့ကိုဆူအောင် ရန်တွေ့မနေဘဲ ယဉ်ကျေးပြေလည်စွာ ပြောတာကိုကြည့်ပြီး ကိုစိုးနောင် အံ့သြနေသည်။

ပြီးတော့ မြသွေးတို့ အိမ်ရှေ့မှာရပ်ထားသည့် နောက်ဆုံးပေါ်အကွာရာနံပါတ်နှင့် ကားအကောင်းစားကြီးကြောင့် မြသွေးထံရောက်နေသောဧည့်သည်မှာ တော်ရုံဧည့်သည်မဟုတ်မှန်း သိလိုက်သည်။

"အနှာဆေးလာထည့်တာလား"

"အဲဒီလို ပြောရင်းလည်းရပါတယ်၊ အဓိကကတော့ မြသွေး မျက်နှာလေးကိုတွေ့ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို"

မြသွေးမျက်နှာလေး ပျက်သွားပြီး ခြံပေါက်ဝဘက်ကို လှမ်းကြည့်လိုက်ပုံလေးက မလုံမလဲမို့ ကိုစိုးနောင် စိတ်ထဲမှာ ထင့်ခဲ ဖြစ်သွားသည်။

"မြသွေး"

"ရှင်"

"မြသွေးဆီ အခုရောက်နေတဲ့ ညှို့သည်က ဘယ်သူလဲ ဟင်၊ မြသွေး ချစ်သူလား"

"ဟုတ်ကဲ့"

"ဟင်"

လုံးဝထင်မှတ်မထားသည့် အဖြေကြောင့် ကိုစိုးနောင် ထိုင်ရာမှ ဝုန်းခနဲထလိုက်မိသည့်အထိ မူပျက်သွားသည်။

"ကိုစိုးနောင်"

"မြသွေးကို ခွင့်လွှတ်ပါရှင်၊ မနက်ဖြန်ပဲ မြသွေး သူနဲ့ လိုက်သွားတော့မှာပါ"

"ဩော်... မြသွေးကတော့ ဘာခံစားချက်မှမရှိတဲ့လူဆို တော့ အပြတ်ပြောနိုင်ပါပြီပေါ့ ဟုတ်လား၊ ကိုယ့်ရင်ထဲမှာ မြသွေး ကြောင့် ဘယ်လိုခံစားပြီး ကျန်ရစ်ခဲ့မယ်ဆိုတာရော မြသွေး တွေးမိ ရဲ့လားဟင်"

"မင်း သိပ်ရက်စက်တယ်၊ သိပ်ရက်စက်တယ်သိလား၊ မင်းကို ကိုယ်မခွဲနိုင်ဘူး၊ အခုပဲ မြသွေး ကိုယ်နဲ့လိုက်ခဲ့ပါ"



"ကိုယ်... မြသွေးကို ကိုယ်အဆုံးရှုံးမခံနိုင်ဘူး၊ မြသွေး ကို ကိုယ်ချစ်တယ်"

"သိပ်ချစ်တယ် မြသွေး၊ လာပါ ကိုယ်နဲ့လိုက်ခဲ့ပါ"

"အို... ကိုစိုးနောင်"

မြသွေးလက်ကို သူ့လက်များဖြင့် တင်းကျပ်စွာ ဆုပ်ကိုင် လာသော ကိုစိုးနောင်လက်များက အဖျားရှိန်ဖြင့် ပူနွေးလျက်ရှိသ ဖြင့် မြသွေးမှာ ကိုစိုးနောင်၏ ထိခိုက်ခံစားကြေကွဲတုန်လှုပ်နေပုံကို ကြည့်ကာ မြသွေးရင်မှာ စာနာစိတ်ဖြင့် စာနာသနားသွားရပါသည်။

"ဒီလို ဇွတ်တရွတ်မလုပ်ပါနဲ့ ကိုစိုးနောင်ရယ်၊ မြသွေး တောင်းပန်ပါတယ်"

"တောင်းပန်ရုံနဲ့ ပြီးသွားမှာမို့လား၊ မြသွေး ကိုယ့်ကို ပဲ လက်ထပ်ပါ"

"မြသွေး"

"မြသွေးရယ်"

"အိုး"

"ဆရာမ ညှို့သည်ပြန်လာပြီ"

"ကိုယ့်ကို ခွင့်လွှတ်ပါမြသွေး၊ အရှုံးသမားတစ်ယောက် အနေနဲ့ ဒီလောက်တော့ နှုတ်ဆက်ခွင့်ရှိတယ်လို့ ထင်ပါတယ်"

"ကိုယ်သွားမယ်"

ကိုစိုးနောင်ဟု မြသွေးစိတ်ထဲက လှမ်းခေါ်လိုက်သော သည်း အပြင်မှာတော့ မြသွေး နှုတ်ခမ်းအစုံကို တင်းကျပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



စေ့ပိတ်ထားလိုက်ပါသည်။

မြသွေးကြောင့် ထိခိုက်ခံစားသွားရသော ကိုစိုးနောင်ကို အမှောင်ထုထဲမှာ ခေါင်းငိုက်စိုက်ဖြင့် ဝင်ရောက် ပျောက်ကွယ်သွားတာကို ကြည့်ပြီး မြသွေးရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဆစ်ခနဲ ခံစားနာကျင်သွားမိသည်။

မတာက မြသွေးတို့အခြေအနေကို ရိပ်စားမိပုံဖြင့် သက်ပြင်းကျိတ်ရှိုက်လိုက်သံကို ကြားလိုက်ရသည်။ ခြံပေါက်ဝ မီးလင်းရောင်အောက်သို့ ဒေါက်တာဦးမိုးနိုင် ဝင်လာတာကို မြင်လိုက်ရသည်။

အဝင်နှင့်အထွက် တွေ့လွဲလွဲသွားတာမို့ ကိုစိုးနောင်နှင့် ဒေါက်တာဦးမိုးနိုင်တို့ မဆုံလိုက်ကြရပါ။

"ခုန ဒီခြံထဲက ထွက်သွားတာ ဘယ်သူလဲဟင် မြသွေး"

"လူနာပါဆရာ"

"ဪ"

မြသွေးက ဆေးပုလင်းတွေကို ဟိုဒီရွှေ့ရင်း ဒေါက်တာဦးမိုးနိုင်ကို လှည့်မကြည့်ဘဲ ဖြေလိုက်ခြင်းဖြစ်ပါသည်။

"ခြံတံခါးပိတ်လိုက်တော့ မတာ၊ ကျွန်မတို့ ဒီနေ့ စောစောအိပ်ရာဝင်ကြမယ်"

"ဟုတ်ကဲ့ ဆရာမ"

ကိုစိုးနောင်အတွက် စိတ်မကောင်းဖြစ်နေမိသဖြင့်



ဒေါက်တာဦးမိုးနိုင်ကို နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့ကြသည်။

ဪ…ကိုစိုးနောင် ဆိုတဲ့သူရယ်။ အိပ်ရာထဲမှာ လှူကငြိမ်နေပေမယ့် အိပ်မပျော်။ ကိုစိုးနောင်၏ ခံစားကြေကွဲသွားသော မျက်နှာကိုသာ မြင်ယောင်ရင်း သက်ပြင်းကျိတ်ချနေမိသည်။

အချိန်တွေ မည်မျှကြာသွားသည်မသိ။ မတာအခန်းမှာ ယောက်သံသဲ့သဲ့နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသံကို ကြားနေရသည်။

ကိုစိုးနောင်အတွက် စိတ်မကောင်းပေမယ့် ဘယ်လိုမှ မတတ်နိုင်။ အတွေးသံသရာမှာ လှည့်လည်ရင်း ညဉ့်နက်မှ အိပ်ပျော်သွားသော်လည်း မနက်အစောကြီး နိုးနေပါသည်။

မနက်အဖြစ် မောင့်အတွက် နွားနို့ပူပူ၊ ကြက်ဥပြုတ်၊ ပေါင်မုန့်၊ ငှက်ပျောသီးတို့ကို ပြင်ဆင်ကျွေးမွေးပြီး မြသွေးကိုယ်တိုင်လည်း မောင်နှင့်အတူ စားသောက်လိုက်သည်။

မတာကို နှုတ်ဆက်ပြီး မောင့်ကားကို နေရာမှစအထွက်မှာ မြသွေးကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်နေမိသည်။

"သွားတော့မယ်နော် မတာ"

"ပြန်လာမှာမဟုတ်လားဟင် ဆရာမ"

"ပြန်လာမှာပေါ့ကွယ် သွားပြီနော်"

လက်ကလေးတပြပြနှင့် ကျန်ရစ်ခဲ့သော မတာကိုကြည့်ပြီး မြသွေး ကိုယ်တိုင်လည်း မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝေသီနေပါသည်။

www.burmeseclassic.com



"ဆရာမ…ဆရာမ"

ကလေးငယ်တစ်ယောက်၏ အော်သံနှင့် ကားနောက်မှ ပြေးလိုက်လာခြင်းကြောင့် ဒေါက်တာမိုးနိုင်က သူ့ကားကို ရပ်ပေးလိုက်ပါသည်။

"ဘာလဲကလေး"

"ဒီမှာ ဆရာမအတွက် ပေးခိုင်းလိုက်လို့ပါ"

"အို"

ကလေးက မြသွေးလက်ထဲကို အဖြူရောင်နှင်းဆီပန်းစည်းလေးကို ထည့်ပေးပြီး နေရာက ချာခနဲပြန်လှည့်ပြေးသွားသဖြင့် အံ့သြပြီး ထိုကလေးငယ်ဝင်သွားရာ ခြံကျယ်ကြီးကို လှမ်းကြည့်လိုက်တော့ သစ်ပင်ကွယ်တစ်ခုမှာရပ်ပြီး မြသွေးတို့ရှိရာ လှမ်းကြည့်နေသည့် မှိုင်းညို့ရီဝေသော မျက်ဝန်းညိုတစ်စုံဖြင့် ရင်ဆိုင်တိုးမိပါသည်။

ထိုမျက်ဝန်းပိုင်ရှင်က တခြားသူမဟုတ်။ မြသွေးအချစ်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့် အချစ်ရှုံးသမား ကိုစိုးနောင်။

မြသွေး ရင်ထဲမှာ နင့်ခနဲဖြစ်သွားပြီး လက်ထဲက ပန်းစည်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

ကိုစိုးနောင်ရယ်။

"ဘယ်သူပေးတဲ့ ပန်းစည်းလဲဟင်မြသွေး"

"မြသွေး မသိဘူးမောင်"

တုန်ရီစိုးနင့်စွာ ပြန်ဖြေရင်း မြသွေး ပါးပြင်ပေါ် စီးကျ



လာသည့်မျက်ရည်တွေမှာ ဘာကြောင့်ဟု သူမကိုယ်တိုင်လည်း မခွဲခြားတတ်ပါပြီ။

"မငိုပါနဲ့ မြသွေးရယ်၊ လက်ထပ်ပြီးရင် ဒီနေရာလေးကို အမှတ်တရ ပြန်လာကြည့်လို့ရတာပဲ၊ မြသွေးကို မောင်လိုက်ပို့မှာပေါ့"

"ကြည့်ပါဦး…မြသွေးလက်ထဲက ပန်းတွေက လှလိုက်တာ၊ သူ့သခင်မအတိုင်းပဲ၊ ပန်းလက်ဆောင်ပေးတဲ့လူ စိတ်ချမ်းသာအောင် ပန်းသခင်မလေးကလည်း ပြုံးဦးမှပေါ့ဗျာ"

"မြသွေး ငိုလို့ ပန်းလေးတွေကလည်း ဝမ်းနည်းနေပြီ"

"မောင်ရယ်"

ပြုံးနေသော မောင့်မျက်နှာကို မျက်ရည်တွေကြားက မော့ကြည့်လိုက်သည်။ မောင်က မြသွေး ဝမ်းနည်းနေတာကို စကားလမ်းကြောင်း ပြောင်းပြီး ချော့မော့နှစ်သိမ့်ဖို့ ကြိုးစားနေတာကို သိပါသည်။ သို့ပါသော်လည်း တိုက်ဆိုင်စွာပင် ပန်း၏သခင်မှာ ကိုစိုးနောင်ဖြစ်နေသဖြင့် မြသွေး ဝမ်းနည်းနေသလို ပန်းကလေးတွေလည်း သူ့သခင်နှယ် အမှန်တကယ် ဝမ်းနည်းနေမည့်အကြောင်းကိုက မောင်သိမည်မဟုတ်ပါ။

မြသွေးတို့ စီးလာသော ကားလေးသည် တဖြည်းဖြည်းနှင့် ကိုစိုးနောင် ရှိရာရွာလေးကို ထားရစ်ခဲ့ပြီဖြစ်သလို မြသွေးကိုယ်တိုင်သည် ချစ်သူနှင့်အတူ လှပသော အနာဂါတ်ခရီးသစ်ကို ကြိုဆိုရန် ပိုမိုနီးကပ်လာပြီ ဖြစ်ပါသည်။

www.burmeseclassic.com



သို့ပါသော်လည်း ရင်ထဲမှာ ဖော်မပြနိုင်သော ခံစားချက်များဖြင့် လက်ထဲမှ အဖြူရောင်နှင်းဆီပန်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်၍ မောင့်ပခုံးပေါ် နှဲ့မှီလိုက်မိ၏။ မောင်က မြသွေးလက်ကလေးတစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်လျှင် ဝမ်းနည်းကြေကွဲမှုများအစား မြသွေးခန္ဓာကိုယ်အနှံ့ အားမာန်သတ္တိများ အသစ်တစ်ဖန် မွေးဖွားရှင်သန်လာရပါတော့သတည်း။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ

ချစ်ခြင်းမေတ္တာအားဖြင့်

မြပုလဲသွယ်

BURMESE CLASSIC

www.burmeseclassic.com